# သန္တိသုခသို့

# လှေခါးခုနစ်သွယ်

မဟာသဒ္ဓမ္မဇောတိကဓဇ

## တက္ကသိုလ် သျှင်သီရိ

(ဓမ္မာစရိယ ဘီ-အေ)



(တတိယအကြိမ်)

Design KO SAW

# သန္တာသုခသို့ ...

# လောကားညွှန်စိဘွယ်


မဟာသဒ္ဓမ္မဇောတိကဓဇ

တက္ကသိုလ်

**သျှင်သီရိ** (ဓမ္မာစရိယဘီ - အေ)

ပုံနှိပ်ခြင်း - ပထမအကြိမ်
၂၀၁၅-ဖေဖော်ဝါရီ
အုပ်ရေ (၃၀၀၀)
မျက်နှာဖုံးဒီဇိုင်း - ကိုဇော

ထုတ်ဝေသူ - ဦးကိုကိုမြင့် (မြ-၀၄၈၉၉)
'ဆွေသဟာ'စာပေ
စ၊၅၅၊သုနန္ဒာ(၃)လမ်း၊
မြောက်ဥက္ကလာပမြို့နယ်
ပုံနှိပ်သူ - ဒေါ်လှမူသိန်း
ဂုဏ်လင်းကျော်ပုံနှိပ်တိုက်
၂၄၊ဗဟိုလမ်း၊အလုံမြို့နယ်
တန်ဖိုး -

၂၉၄.၃

သျှင်သီရိ၊ တက္ကသိုလ်
သန္တိသုခသို့ လှေကားခုနစ်သွယ်/ တက္ကသိုလ်သျှင်သီရိ-ရန်ကုန်၊
ဆွေသဟာစာပေ၊ ၂၀၁၅။
၂၁၇-စာ၊ ၁၀ . ၅ x ၁၇ . ၅ စင်တီ။
(၁)သန္တိသုခသို့ လှေကားခုနစ်သွယ်။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | အမှာစာ. . . . | က |
| | **အခန်း(၁)** | |
| | **လူသားသဘာဝနှင့်ဓမ္မသဘာဝ** | |
| | - အဝိဇ္ဇာ၊ တဏှာ၊ ကံဓါတ်သားသမီးများသာ | ၁ |
| | - လူဟူသည်အဘယ်နည်း | ၃ |
| | - ဘဝကိုဓမ္မနှင့်အခြေခံပါမှ | ၅ |
| | - ဓမ္မနည်းလမ်းကို နည်းပေါင်းများစွာဖြင့်သင်ယူခြင်း | ၉ |
| | - ဓမ္မဂုဏ်တော်(သို့)ဓမ္မသဘာဝ | ၁၂ |
| | **အခန်း(၂)** | |
| | **တရားအားထုတ်တော့မည်ဆိုလျှင်** | |
| | - အထူးစင်ကြယ်မှု(ဝိသုဒ္ဓိ)ဟူသည် | ၂၄ |
| | - တရားအားထုတ်သူတို့အတွက်ဆရာကောင်းဆရာမှန် | ၃၀ |
| | - ဆရာကောင်းသည် မိတ်ဆွေကောင်းဖြစ်သည် | ၃၁ |
| | - ယောဂီ(သို့)တရားအားထုတ်သူ | ၃၄ |
| | - အမိဋ္ဌာန်ဆောက်တည်ရမည် | ၃၆ |

- တရားမထိုင်မီ ပရိကံ ၃၈
- တရားစခန်းဦးကျင့်ရမည့်ကျင့်ဝတ်များ ၄၀


## အခန်း(၃)

## သန္တိသုခသို့ လှေကားခုနစ်သွယ်

- ပထမလှေကား-အကျင့်စင်ကြယ်မှု(သီလဝိသုဒ္ဓိ) ၄၃
- သီလအမျိုးအစားများ ၄၄
- ရဟန်းသာမဏေတို့အသုံးအဆောင်
  ပရိဘောဂ(၄)ပါး ၅၄
- ရဟန်းသာမဏေတို့၏ကာလိက(၄)ပါး ၅၅
- ရဟန်းသာမဏေတို့မရှာမှီးအပ်သော
  ပစ္စည်း(၂၁)မျိုး ၅၆
- ဓုတင်(၁၃)ပါးအကျင့် ၆၀
- ဓုတင်ဆောက်တည်ခြင်းအကျိုး ၆၃
- သီလနှင့်ကျန်းမာရေး ၆၄
- ရဟန်းများသီလစင်ကြယ်အောင်ပြုလုပ်နည်း ၆၅
- ရဟန်းသာမဏေတို့ကြောက်ဖွယ်(၆)ရပ် ၆၆
- တရားအားထုတ်သူ လူတို့၏သီလစင်ကြယ်မှု ၆၈
- သီလပျက်စီးကြောင်းများ ၆၉
- သီလညစ်နွမ်းဖွယ်ရာများ ၇၀
- သီလစင်ကြယ်မှု၏ကောင်းကျိုးများ ၇၂

- ဒုတိယလေ့ကား-စိတ်စင်ကြယ်မှု(စိတ္တဝိသုဒ္ဓိ) ၇၄
- ရုပ်ကိုအမှီပြုနေသောစိတ် ၇၇
- စိတ်ကိုခြယ်လှယ်နေသူများ ၇၈
- စိတ်ကိုခြယ်လှယ်သောစေတသိက်များ ၇၉
- စိတ်အညစ်အကြေးများ ၈၃
- စိတ်စင်ကြယ်စေမှု-အာနာပါနရှု ၈၆
- အာနာပါနအားထုတ်နည်း ၈၇
- သတိပြုဖွယ် နိမိတ်အာရုံနယ် ၉၈
- တတိယလေ့ကား-အမြင်စင်ကြယ်မှု(ဒိဋ္ဌိဝိသုဒ္ဓိ) ၁၀၄
- ငါလို့ထင်သော(အတ္တမည ဒိဋ္ဌိ)ဖြုတ်နည်း ၁၀၈
- မြင်မှုစိတ်နှင့်အားထုတ်နည်း ၁၀၉
- ပညတ်နှင့်ပရမတ်သိထားရန် ၁၁၅
- စိတ်နှင့်ပညာ ၁၁၇
- စတုတ္ထလေ့ကား-ယုံမှားမှုကင်းစင်ကြယ်မှု
(သင်္ခါရဝိတရဏဝိသုဒ္ဓိ) ၁၂၇
- ရုပ်နာမ်သဘာဝဖြစ်လာမှု ၁၃၀
- ဘဝမျိုးစေ့ဖြစ်ပေါ်မှုတရားခံ ၁၃၄
- ပဥ္စမလေ့ကား-လမ်းမှန်လမ်းမှားဉာဏ်အမြင်
(မဂ္ဂါ-မဂ္ဂဉာဏဒဿနဝိသုဒ္ဓိ) ၁၄၁
- သုံးသပ်ဆင်ခြင်နည်းများ ၁၄၄
- ခန္ဓာငါးပါးကို လက္ခဏာသုံးပါးဖြင့်ရှုနည်း ၁၄၆

- ဝိပဿနာဉာဏ်ညှုးကြောင်း ဖြစ်ပေါ်လာပုံ ၁၅၃
- ဆဋ္ဌမလော့ကား - အကျုံ့ဉာဏ်ကိုးပါးစဉ်ကြယ်ခြင်း
(ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ) ၁၆၅
- ဉာဏ်စဉ်(၉)ပါး ၁၆၆
- နိဗ္ဗာန်မြင်ရန် ရှုနည်း(၂၆)ကွက် ၁၈၀
- သတ္တမလော့ကား - မဂ်ဉာဏ်လေးပါး
(ဉာဏဒဿနဝိသုဒ္ဓိ) ၁၈၉
- ပထမဉာဏ်(သောတာပတ္တိ)စိတ်ဆိုက်ပုံ ၁၉၁
- သောတာပတ္တိမဂ်ဖော်အကျိုး ၁၉၄
- အထင်မှားမှု(၁၂)မျိုး ၁၉၅
- သောတာပန်ဖြစ်ကြောင်းအင်္ဂါ(၄)ပါး ၁၉၈
- ပဋိသမ္ဘိဒါ(၄)မျိုး ၂၀၀
- သံသရာဒုက္ခသမုဒ္ဒရာကြီးခန်းခြောက်လေပြီ ၂၀၁
- ဒုတိယမဂ်ဉာဏ်(သကဒါဂါမိမဂ်ဉာဏ်)ဆိုက်ပုံ ၂၀၄
- သကဒါဂါမိပုဂ္ဂိုလ်အမျိုးအစား ၂၀၆
- အနာဂါမိပုဂ္ဂိုလ်(၅)မျိုး ၂၀၉
- ရဟန္တာနှင့်သန္တိသုခနိဗ္ဗာန် ၂[illegible]
- ယောဂီတို့အားတိုက်တွန်းနှိုးဆော်ချက် ၂၁၄

# အမှာစာ

ကျွန်တော်သည် ၁၆-၈-၂၀၁၃ ခုနှစ်တွင် သာသနာရေး ဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၏ ဒုတိယညွှန်ကြားရေးမှူး တာဝန်မှ အငြိမ်းစားယူခဲ့ရပါသည်။

အငြိမ်းစားယူစဉ် ဘဝသက်တမ်းကို စဉ်းစားဆင်ခြင်မိပါသည်။ ယခု လူ့ဘဝသက်တမ်းသည် ကလိယုဂ်ဆုတ်ကပ်ကာလသက်တမ်းဖြစ်သည်။ ဘုရားရှင်ပွင့်စဉ်က လူ၏သက်တမ်းသည် အနှစ်(၁၀၀)အပြည့်ရှိသည်ဟု ဆိုပါသည်။

ကလိယုဂ်ဆုတ်ကပ်ကာလ၏ လူ့သက်တမ်းဆုတ်ယုတ်မှုဟူသည် အနှစ်(၁၀၀)ပြည့်တိုင်း (၁)နှစ် ဆုတ်ယုတ်သည်ဟု ဆိုပါသည်။ ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်သည်မှာ နှစ်ပေါင်း (၂၅၄၆)ခုနှစ် ရှိပြီးဖြစ်၍ လူ့သက်တမ်းသည် (၂၅)နှစ်ကျော်

(၂၆)နှစ်နီးပါး ဆုတ်ယုတ်ခဲ့ပြီးဖြစ်သောကြောင့် လူ၏သက်တမ်းသည် (၇၅)နှစ်သက်တမ်းမျှသာ ရှိတော့မည်ဖြစ်ပါသည်။

ယခုမိမိသည် အသက်(၆၀)ပြည့်ပြီးဖြစ်၍ လူ့သက်တမ်းစေ့အရ နေရမည်ဆိုလျှင် နောက်ထပ်နေရန် (၁၅)နှစ်သာ ရှိပါတော့မည်။

ရက်,လ,နှစ်တို့ဟူသည်ကလည်း တစ်စက္ကန့်ပြီး တစ်စက္ကန့် ကုန်နေလိုက်သည်မှာ သာမန်ကြည့်ပါက ကြာသည်ဟု ထင်ရသော်လည်း တရားသဘောနှင့်ကြည့်သော် အမှန်လျင်မြန်စွာ ဖြစ်ပျက်ကုန်ဆုံးနေသည်ကို တွေ့ရပါသည်။

ဘဝတစ်လျှောက်လုံး မိမိဘဝကို ပြန်လည်စဉ်းစားကြည့်တော့လည်း မိမိဘဝသည် ရခဲသောလူ့ဘဝကိုရသည်က မှန်ပါ၏၊ ကြုံကြိုက်ခဲလှသော ဘုရားရှင်၏ သာသနာတော်နှင့်ကြုံတွေ့ရသည်ကလည်း မှန်ပါ၏။ နာကြားခဲလှသော သူတော်ကောင်းတရားတို့ကိုလည်း နာသင့်သမျှ နာကြားမှတ်သားခဲ့ရပါ၏။

သို့သော် သံသရာဝဋ်ဆင်းရဲကြီးကို ဖြတ်နိုင်စွမ်းသည့် နည်းလမ်းအကျင့်ဖြစ်သော သမထဝိပဿနာအကျင့်ကိုကား မိမိဘဝသက်တမ်းတစ်လျှောက် အားထုတ်မှုနည်းခဲ့ပါသည်။ သို့အတွက် မိမိဘဝကို ပြန်လည်သုံးသပ်ဆင်ခြင်ကြည့်ရာတွင်-

"မဏိပံ ဂေါပဿန္တိ၊
တိဏံ ခါဒံ ဝဇ္ဇတိ။
လဒ္ဓကာ လော ဒုပ္ပဇ္ဇောဝိ၊
ကာမံဘုဉ္ဇံ ဂစ္ဆာတိ"။

''သမင်သည် ပတ္တမြားကို တွေ့မြင်သော်လည်း မြက်ကိုသာ စားစပြီး လိုရာကိုသာ သွားသကဲ့သို့ ရခဲလှသော လူ့ဘဝကို ရနေသော်လည်း ကာမဂုဏ်ကို ခံစားပြီး အပါယ်လေးပါးသို့ သွားဖို့သာ လုပ်နေသည်'' ဟု ဘုရားရှင်ဟောသည့်အတိုင်းပင် မိမိဘဝသည် စားဝတ်နေရေး၊ သားရေးသမီးရေး၊ ကိုင်းရေးပြည်ရေး တာဝန်တို့ဖြင့် အချိန်ကုန်ခဲ့ပြီး ဘဝသက်တမ်း၏ သုံးပုံနှစ်ပုံကို စွန့်လွှတ်ခဲ့ရပါပြီ။

ယခု မိမိဘဝ ပင်စင်ယူပြီးချိန်၌ ဘဝကိုပြန်၍ စဉ်းစားသောအခါ လယ်တီဆရာတော်ဘုရားကြီး၏ အောက်ပါ တေးထပ်ကို သတိရမိပါသည်-

ငါးအာရုံအင်အစု၊ ခင်မှုနဲ့နေ့ကုန်
နင်ယခုမေ့ပုံလို၊ တွေ့မကြုံစခန်း။
ပါယ်လေးဝသောကဘုံမှာ၊ မျောရရုံရှိတော့ကမန်း။
အောက်ငီစီသောင်းအငှမှာ၊ ခေါင်းမပြူစတမ်း။
နှစ်အရှည်နှစ်မည့်လမ်းကိုလ၊ နင်မျှော်စမ်းနင့်ကိုယ်။
ဒေသနာထင်အလင်းရယ်နှင့်၊ နင်အဖျင်းပိုထက်သာပို။
သည်လောဘဝစရိုက်အိုကို၊ မလိုက်လိုရှောင်ပစ်လို့
နောင်အသစ်တကယ်ပြင်လျှင်၊ ကောင်းဖို့အစဉ်။
ခွင့်ဘာခိုက်ကာမှမလိုက်ချင်လျှင်
အမိုက်နင့်ပြင်ရသေးလေလိမ့်လား။
ခွင့်သာဆဲကာမှမခဲချင်လျှင်၊
အလွဲနင့်ပြင်ရှိသေးလိမ့်လား။

ခွင့်သာတုန်းမှ မရှုန်းချင်လျှင်၊

အရှုံးနှင့်ပြင်ရှိသေးလေလိမ့်မလားဟု ဆိုသည့်အတိုင်း မိမိဘဝပြီးခဲ့တာတွေ ပြီးစေတော့၊ ယခု ကျန်သောအခွင့်ရခိုက်၊ အခွင့်သာဆဲ၊ အခွင့်သာတုန်းတွင် တရားနောက်သို့ မလိုက်ချင်လျှင်၊ တရားအလုပ်ကို မလုပ်ခဲ့လျှင်၊ တရားအတွက် မရှုန်းကန်လျှင် မိမိဘဝ အရှုံးသာ ရင်ဆိုင်ရတော့မည်။

မဟာစည်ဆရာတော်ကြီး ဟောပြောခဲ့သော ပုံပြင်တစ်ခု တွင် လူတစ်ယောက်ကို ဆင်ဆိုးကြီးတစ်ကောင်က လိုက်သဖြင့် လူသယ်းသည် ကြောက်အားလန့်အားနှင့်ပြေးပြီး ရေတွင်းပျက် ထဲသို့ ခုန်ချခဲ့သည်၊ ရေတွင်းထဲမှာလည်း နဂါးကြီး တစ်ကောင်က ရှိ၍ ပေါက်သတ်မည်လုပ်နေသည်၊ ထိုအေးကိုကြောက်၍ ရေတွင်းထဲသို့ ကျနေသောနွယ်ပင်ကို ဖက်တက်သည်။ နွယ်တွင် ပျားရေတွေက စီးဆင်းနေကြသည်၊ ထိုနွယ်ကို ကြွက်ဖြူ၊ ကြွက်မည်းနှစ်ကောင်က ကိုက်ဖြတ်နေသည်။ လူသားသည် နွယ်ကစီးကျလာသော ပျားရည်ကို အရသာခံပြီး လျက်နေမိသည်။ ရေတွင်းပေါ်မှ လူတစ်ယောက်က သူ့ကိုကယ်ဖို့ခေါ်နေသည်။ သူက ခဏနေပါဦး၊ ပျားရည်ကလေး သောက်ပါရစေ၊ စောင့်ပါ ဦး ဟု ဆိုကာ ကယ်မည့်သူခေါ်ရာသို့ မလိုက်ခဲ့။

ဤပုံပြင်တွင် -

ဆင်ဆိုးဆိုသည်မှာ "အိုနာသေးဖြစ်သည်"။

ရေတွင်းပျက်ဆိုသည်မှာ "ဤသံသရာဒုက္ခကြီးဖြစ်သည်"။

နဂါးကြီးဆိုသည်မှာ "သေမင်းဖြစ်သည်"။

ကြွက်မြူ၊ ကြွက်မည်းနှစ်ကောင်ဆိုသည်မှာ "နေ့နှင့်ည ဖြစ်သည်"။

နွယ်ဆိုသည်မှာ "ဘဝတဏှာဖြစ်သည်"။

ပျားရည်ဆိုသည်မှာ "ကာမဂုဏ်အာရုံငါးပါးဖြစ်သည်"။

ကယ်မည့်သူမှာ "သမထဝိပဿနာကျင့်စဉ်တရား ဖြစ်သည်"။

မိမိအပါအဝင် ယနေ့လူသားတို့သည် ဤပုံပြင်ထဲက လူသားအတိုင်း ဖြစ်နေကြရပါသည်။

သို့အတွက် မိမိအပါအဝင် ဘဝနေဝင်ခါနီးသူများ နောင်ဘဝကို မှချကူးကြရမည်ဖြစ်သည့်အတွက် မိမိတို့သည် ဘုရားရှင်၏ သာသနာဝယ် နိဗ္ဗာန်နန်းသို့သွားရန် လမ်းပေးထား သော မဂ္ဂင်တရားကျင့်စဉ်၊ တရားအမှန်ကျင့်ပြီး ငြိမ်းအေးသော သန္တိသုခနိဗ္ဗာန်နန်းသို့ တက်လှမ်းနိုင်ကြရန်၊ ယိုသို့ မတက်လှမ်း နိုင်ပါကလည်း ထိုအတွက် ပါရမီဖြစ်စေရန်နှင့် နောက်ဘဝ မိမိ အတွက် အပါယ်လေးပါးတံခါးပိတ်နိုင်ရန် ရည်ရွယ်ပြီး စာရေးသူ သည်ဤမည်သော "သန္တိသုခသို့ လှေကားခုနစ်သွယ်" ဟူသော ကျင့်စဉ်စာအုပ်ကို ရေးသားပြုစုထုတ်ဝေလိုက်ရပါသည်။

ဤစာမူဖြစ်မြောက်ရေးအတွက် မိမိဘဝကို တရား အားထုတ်နိုင်ရေးအတွက် နည်းလမ်းပေးခဲ့ကြသော မြောက်ဥက္က လာပမြို့နယ်၊ ဓမ္မာရုံအေးကျောင်းတိုက်မှ ပညာမဏ္ဍိုင်ဆရာတော် ဦးပညာဝံသနှင့် ရှုဋ္ဌသောတာပန်အောင်တန်းနည်းပြ ဆရာဖြစ်သော

ဆရာဦးကျော်လွင်(နှစ်ဘက်လှ)တို့အား ဦးစွာပထမရှိခိုးပူဇော်အပ်ပါသည်။

အများဝေနေယျတို့ကို သိစေ၊ မှတ်စေ၊ ကျင့်စေနိုင်အောင် ထိုမှတစ်ဆင့် အပါယ်တံခါးပိတ်ကြစေရန်၊ ထိုမှတစ်ဆင့် **သန္တိသုခနိဗ္ဗာန်နန်း**သို့ တက်လှမ်းစေရန် ရည်သန်သောမေတ္တာဖြင့် ထုတ်ဝေကြသော ထုတ်ဝေသူအား အထူး ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

ဦးကိုကိုမြိုင်
အမှတ်(၅၅)၊ သုနန္ဒာ(၃)လမ်း၊
စ/ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်။
ဖုန်း-၀၁-၉၆၉၀၃၂၄
၀၉၄၂၁၀၁၆၈၇၈

မဟာသဒ္ဓမ္မဇောတိကဓဇ
တက္ကသိုလ်သျှင်သီရိ
(ဓမ္မာစရိယ-ဘီအေ)

# အခန်း(၁)

# လူ့သားသဘာဝနှင့်ဓမ္မသဘာဝ

## အဝိဇ္ဇာ၊ တဏှာ၊ ထံမြဲထားသမီးများသာ

ဤသံသရာကြီးထဲ၌ လူစသော သက်ရှိသတ္တဝါတို့၏ တစ်ဘဝ၊ တစ်ခန္ဓာပျက်၍ နောက်ဘဝ၊ နောက်ခန္ဓာဆက်ပြီး ဖြစ်ရသည်ကား အဝိဇ္ဇာကခြံရံ၊ တဏှာက အရင်းခံရှိသော စေတနာကံ၏ လက်ချက်သာဖြစ်ပါသည်၊ လောကသဘာ ဥပမာ ပြုရလျှင် -

အဝိဇ္ဇာနှင့် တဏှာကား "**အမိနှင့်တူသည်**"။
ကံကား "**အဖနှင့်တူသည်**"။
ဘဝသစ်ဖြစ်ပေါ်ရခြင်းကား "**ဝိပါကဝဋ်အကျိုးဆက်ဖြစ်သည်**"။

**အဝိဇ္ဇာ**ကဖုံးနေ၍ ဘဝသစ်၏ အပြစ်ကိုမမြင်၊ ဒုက္ခဖြစ်ကို မမြင်ကြ၍ ဘဝသစ်ကို နှစ်သက်တွယ်တာသော တဏှာဖြစ်ရ

သည်။ သို့အတွက် မိမိပြုထားသော ကံတစ်ခုက ဘဝသစ်၌ ပဋိသန္ဓေမျိုးစေ့ကို ကျစေပါတော့သည်။

ပုဂ္ဂိုလ်တစ်ဦးကို လေ့လာမည်ဆိုပါက ယခုလက်ရှိဘဝနှင့် ကပ်နေသော ဘဝဟောင်းက သေခဲ့ပြီးဖြစ်သည်။ ယခုဘဝသစ်၌ ဖြစ်လာရသည်။ ဘဝဟောင်းက ရုပ်နာမ်တစ်စုံတစ်ချုံမှ ဤဘဝ သို့ လိုက်ပါမလာပါ၊ အတိတ်ဘဝမှာပင် ကျန်ရစ်ခဲ့ပြီးဖြစ်သည်။

သို့သော် ထိုအတိတ်ဘဝ၌ပြုခဲ့သော အဝိဇ္ဇာ၊ တဏှာတို့၏ အကူအညီဖြင့် ကံတစ်ခုက ဤဘဝသစ်ဖြစ်ဖို့ အမိဝမ်း၌ ပဋိသန္ဓေ စွဲယူတည်လာစေပါသည်။

ပဋိသန္ဓေစွဲယူတည်နေသောအခါ ထိုပဋိသန္ဓေသည် အမေသစ်ဝမ်းမှ အပူအအေး(ဥတု)တစ်ခုရလာသည်။ အမေသစ် ထံမှ အာဟာရအသစ်ဓာတ် ရလာသည်။ အာဟာရက ကိုယ်ခန္ဓာ ဖြစ်ထွန်းလာစေပါသည်။

- သန္ဓေသားလေး၏ "အဝိဇ္ဇာနှင့်တဏှာ"၊
 အမေသစ်ကား
- အမေကား "ကံ"၊
- အာဟာရကား "သန္ဓေသားကလေး ကြီးထွားအောင် စောင့်ရှောက်ပေးရသော အထိန်းတော်"

နှင့် တူနေသည်။

အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံဟူသော အခြေခံ အကြောင်းတရားလေးပါးတို့ကြောင့် ဘဝသစ်၌ သန္ဓေဖြစ်လာ သောအခါ ထိုပဋိသန္ဓေကလေး၏ ကံ၊ စိတ်၊ ဥတု၊ အာဟာရတို့ ကြောင့် ရုပ်သစ်များကိုးပွားလာရပါသည်။

ထိုသို့ တိုးပွားပြီး ကိုးပလွယ်၊ ဆယ်လပြည့်သောအခါ ဤဘဝသံသရာထဲသို့ လူသားအဖြစ် မွေးဖွားလာရပြန်သည်။

## လူဟူသည် အထယ်နည်း

ပါဠိဝေါဟာရ မနုဿ၊ မြန်မာဝေါဟာရ လူ ဟူသည်

ပါပံ ပုညံ မနုတိဇာနာတိတိမနုဿ

အတ္ထနတ္ထံ မနုတိဇာနာတိတိမနုဿော

ဟူသော ဝိဂြိုဟ်အရ မကောင်းမှု၊ ကောင်းမှုကိုခွဲခြားသိသော ကြောင့် လူ-အကြောင်းအကျိုး အကောင်းအဆိုးကို ခွဲခြားသိသော ကြောင့် လူ ဟု အမိပ္ပါယ်ရပါသည်။

ထိုလူ၏ သဘောသဘာဝသည် လူဖြစ်လာကတည်းက လောဘ၊ ဒေါသ၊ မောဟ၊ ဣဿာ-မစ္ဆရိယများခြံရံပြီး ဖြစ်လာ သည့်အတွက်-

ကာမံ - မိဘဆွေမျိုး၊ ဇနီး၊ ခင်ပွန်း၊ သားသမီး ခြွေရံ သင်းပင်းများနှင့် သိုက်သိုက်ဝန်းဝန်းနေလိုသည်။

အတ္တ - ကြီးပွားချမ်းသာလိုကြသည်။ ဘုန်းတန်ခိုး အာဏာကြီးလိုကြသည်။ ထိုအရာများရရှိရေး အတွက် တရားသည် ဖြစ်စေ၊ မတရားသည် ဖြစ်စေ ရအောင် ရှာကြံလုပ်ကိုင်ကြလေ့ ရှိသည်။

ခမ္ဘ - မိမိကြီးပွားချမ်းသာလာသောအခါ တန်ခိုးကြီးမား အာဏာရလာသောအခါ ရန်သူမျိုးငါးပါး

ကင်းရှင်းစွာနှင့် အေးချမ်းစွာ နေရလိုကြသည်။ မိမိရှာခဲ့စဉ်က မတရားသဖြင့် ရှာခဲ့သော်လည်း မိမိရလာသောအခါ မိမိအပေါ် မတရားလုပ်လာမည်ကို စိုးရိမ်နေတတ်သည်။

**မောက္ခ** - အားလုံးပြီးပြည့်စုံသော်လည်း နောက်ဆုံးဘဝ လွတ်မြောက်မှု၊ နောက်ဘဝ ကောင်းရာမွန်ရာ ဘဝသို့ ရောက်ရှိမှုတို့ကို အလိုရှိကြပြန်သည်။

ဤလောကရှိ လူသားတို့သည် လူဖြစ်လာကတည်းက ဤဆန္ဒလေးမျိုးဖြင့်သာ သံသရာခရီးကို ဖြတ်သန်းနေကြလေ့ရှိပါသည်။

ဤလူသားတို့သည် ပဋိသန္ဓေနေလာကထဲက သေဖို့ရာကို သွားနေသည်ကို သတိမထားမိကြ၊ သတိထားမိသူများကလည်း ထိုသေမျိုးကင်းရာ ဒုက္ခကင်းရာ နိဗ္ဗာန်ရောက်ရေးကို အလေးနက် အဓိကမထားကြ၊ မကျင့်ကြပေ။

ဤလူ့ဘဝသည် ဖြစ်လာလျှင် ပျက်မည်မှာ ဓမ္မတာဖြစ်သည်။ သို့အတွက် ပဋိသန္ဓေတည်လာပြီး လူဖြစ်လာရသောလူသည် နောက်ဆုံးသေရမည်က အမှန်ပင်ဖြစ်သည်။

လူသား၏ ကိုယ်တွင်းကိုယ်ပတွင် သေမင်းစစ်သည် လက်နက်တို့သည် မရေမတွက်နိုင်အောင် များပြားကုန်ပါသည်။ ထိုသေမင်းစစ်သည်လက်နက်ကို နှိပ်စက်သဖြင့် ယနေ့ မနက်ဖြန် ကေန်သေကြရမည်ကား အမှန်ပင်ဖြစ်ပါသည်။

ဤလောကဝယ် သတ္တဝါတို့၏ အသက်ကို မသတ် မသေ အမြဲနေရအောင် ကြံဆောင်ပြုပြင်နိုင်သော အင်းအိုင် **မန္တရား**၊

ဆေးဝါးပယောဂ လုံ့လပညာတို့သည်လည်းကောင်း၊ သေမင်းနှင့် သေမင်းစစ်သည်တို့ကို လက်ဆောင်ထိုး၍ အသက်ရှင်ရေးကို ဆောင်ရွက်မှုတို့သည်လည်းကောင်း၊ ဤလောက၌ လုံးဝမရှိ။

မှည့်ကုန်သောသစ်သီးများသည် နံနက်အခါ ကြွေကျရသလို မွေးဖွားလာသောလူမှန်သမျှ သေခြင်းကား မလွှတ်မယွင်းနိုင်မြဲလှပါသည်။

ငယ်သောသူ၊ ကြီးသောသူ၊ မိုက်သောသူ၊ ပညာရှိသောသူတို့အားလုံးသည်လည်း သေမင်းနိုင်ငံသို့ မငြင်းဆန်နိုင်ဘဲ လိုက်ပါရသည်သာဖြစ်သည်။

## ဘဝတိုစမ္မနှင့်အခြေခံဝါမှ

သို့အတွက် သေမျိုးဖြစ်သောလူသားတိုင်းသည် အခြေခံအကောင်း အဆိုး၊ အကြောင်းအကျိုးတို့ကို အကျိုးရှိ/မရှိ ဘဝအခြေခံလောက် အနည်းဆုံးနားလည်ထားပါမှ ဘဝအဓိပ္ပာယ်ပြည့်စုံကြပါမည်။

လူ့ဘဝအဓိပ္ပာယ်ပြည့်စုံရေးအတွက် အခြေခံအသိကို အမှန်တကယ်ပေးသည်မှာ ဓမ္မဟူသောအဆုံးအမဖြစ်ပါသည်။

ဘုရားရှင်သည် ဒုက္ကရစရိယ(၆)နှစ် ကျင့်ပြီးနောက် ဓမ္မဉာဏ်အလုံးစုံကို အကုန်အစင်သိမြင်ပြီး ဘုရားအဖြစ်သို့ ရောက်ရှိခဲ့သည်၊ ဘုရားအဖြစ်သို့ ရောက်ရှိပြီးနောက် မိမိသိရှိခဲ့သော ဓမ္မအနှစ်တို့ကို သတ္တဝါအားလုံးအတွက် စတင်ဟောကြားပေးခဲ့ပါသည်။

ဘုရားရှင်၏ တရားဦးဟုဆိုသော ဓမ္မစကြာတွင် ဘုရားရှင်က ဓမ္မ၏သဘာဝကို လမ်းညွှန်ဟောကြားထားခဲ့ပါသည်။

ဘုရားရှင်၏ဓမ္မသဘာဝသည်-

-အစွန်းနှစ်ဘက်လွတ်အောင် သွားလာနေထိုင်ကျင့်သုံးရေး၊

-ကိုယ်၊နှုတ်ကို စည်းကမ်းတကျ ထိန်းချုပ်ရေး၊

-စိတ်ကိုငြိမ်သက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

-ဘဝ၏အရှိနှင့်အမှန်ကို အရှိ အရှိအတိုင်း၊ အမှန် အမှန်အတိုင်း ပွင့်လင်းဖြောင့်မတ်စွာ သိမြင်နားလည်ရေး ဟူသော အချက်များ အဓိပပါဝင်ပါသည်။

မြတ်စွာဘုရားရှင်သည် (၄၅)ဝါတို့ပတ်လုံး လူ၊နတ်၊ ဗြဟ္မာ၊သတ္တဝါတို့အတွက် မရပ်မနား မောပန်းမှုကို ပဓာန မထားဘဲ ဒေသအနှံ့သို့ လှည့်လည်ကြွရောက်ဟော ဓမ္မများကို လမ်းညွှန်ဟောကြားခဲ့ပါသည်။

- လောကကလူသားတို့ကို သီလဖြင့် စည်းကမ်းရှိသော လူသားဖြစ်ဖို့၊
- သမာဓိဖြင့် စိတ်ချမ်းသာသော၊ အေးချမ်းသော လူသား ဘဝ ရရှိခံစားဖို့၊
- ပညာဖြင့် အရှိနှင့်အမှန်ကို နားလည်သိမြင်ပြီး လူသားတို့ အသိကို တစ်ဆင့်ပြီးတစ်ဆင့်မြှင့်ဖို့၊
- နောက်ဆုံးအမြိုက် နိဗ္ဗာန်အရသာကို ရရှိခံစားသွားဖို့ ဟူသော မဟာကရုဏာမေတ္တာတော်တို့ဖြင့် ထိုဓမ္မတို့ကို လမ်းညွှန် ဟောကြားပြခဲ့ပါသည်။

မြတ်စွာဘုရားရှင်သည် စစ်မှန်ကန်သော သုခ၏ဓမ္မကို တတ်သိနားလည်အောင် သင်ယူဖို့၊ သိပြီးက ကျင့်ကြံအားထုတ်ဖို့၊ ကျင့်ကြံအားထုတ်က ဘဝချမ်းသာကို ဤပစ္စုပ္ပန်ဘဝမှာပင် ရရှိခံစားနိုင်ဖို့ ဦးစားပေးကာ လမ်းညွှန်ပြသခဲ့ပါသည်။

အခြားဘာသာများကဲ့သို့ ယုံကြည်ဖို့၊ ကိုးကွယ်ဖို့၊ ဆုတောင်းဖို့ကို လမ်းမညွှန်ပါ။

မည်သည့်ပုဂ္ဂိုလ်မဆို မည်သည့်ယုံကြည်ချက်၊ မည်သည့်ကိုးကွယ်မှုပဲရှိရှိ၊ စစ်မှန်သော ဓမ္မကိုသာသိ၍ ကျင့်စေခြင်းဖြင့် လူ့ဘဝ၏ အဆင့်အတန်းကို မြင့်မားတိုးတက်သွားစေလိုပါသည်။ နောက်ဆုံး ဤ(၃၁)ဘုံမှ လွတ်မြောက်ရာ နိဗ္ဗာန်အရသာကို ရရှိခံစားသွားသေလိုပါသည်။

ဤဇမ္ဗူဒိပ်ကျွန်းရှိ ဟိမဝန္တာအလယ်တွင် ရေအိုင်ကြီး (၇)အိုင်တည်ရှိရာ အနောတတ္တရေအိုင်သည် အလွန်ပင်အရေးပါသောအိုင်ကြီးဖြစ်သည်။ ထိုအိုင်တွင် ဘုရား၊ ပစ္စေကဗုဒ္ဓ၊ ရဟန္တာတို့ သီတင်းသုံးလေ့ရှိသည်။

ထိုရေအိုင်ကြီးကို သုဒဿန၊ စိတြ၊ ကာဠ၊ ကေလာသ၊ ဂန္ဓမာဒန ဟူသော တောင်ထွဋ်ကြီး(၅)ခုက ခြံရံနေပြီး ထိုတောင်ထွဋ်မှ ကျသောရေများက ထာဝရစီးဝင်နေသည်။ ထိုအိုင်တွင် ရေထွက်ပေါက်ကြီး(၄)ခုရှိပြီး ထိုရေထွက်ပေါက်ကြီး တစ်ခုစီ၌ ဆင်၊ မြင်း၊ နွား၊ ခြင်္သေ့ဟူသော သတ္တဝါလေးမျိုးတို့ အသီးသီးနေထိုင်ကြသည်ဟု ဆိုပါသည်။

အနောတတ္တအိုင်သည် ဆီးနှင်းများ အရောင်ဟပ်သဖြင့် အစဉ်ထာဝရဖြူဖွေးသန့်စင် ကြည်လင်တောက်ပပြီး ရေသည်

အေးမြကြည်လင်သည်။ ရောဂါခပ်သိမ်းတို့ ပျောက်ကင်းစေသော အစွမ်းသတ္တိရှိသည်။ စာပေတွင် အရှင်အနုရုဒ္ဓါ လေနာရောဂါဖြစ်သောအခါ သုမနသာမဏေယူပေးသော အနောတတ္တရေဖြင့် ပျောက်ကင်းဖူးသည်ဟု ဆိုထားပါသည်။

ဘုရားရှင်၏ ဓမ္မများသည် အနောတတ္တအိုင်မှ ရေကဲ့သို့ပင် ဖြစ်ပါသည်။ ဓမ္မသည် အမြဲသန့်ရှင်းကြည်လင်နေပြီး ထိုဓမ္မကို ကျင့်သုံးဆောက်တည်ခြင်းဟူသော သောက်သုံးမှုပြုပါက ခန္ဓာအတွင်းမှာ အေးချမ်းသည်။ ဓမ္မကိုဆောင်ထားလျှင် ဘဝတစ်ခုလုံး မှာ ရန့်မွှေးထုံသင်းပျံ့နေပါမည်။

အနောတတ္တအိုင်လေးဘက်လေးတန်တွင်ရှိသော နွားလားဥသဘ၊ မြင်း၊ ဆင်၊ ခြင်္သေ့ဟူသော သတ္တဝါလေးမျိုးတို့တွင်-

- နွားလားဥသဘသည် သည်းခံအားကောင်းသည်၊ အများတာဝန်ကို ထမ်းဆောင်နိုင်သော သတ္တိရှိသည်။
- မြင်းသည် လျင်မြန်ခြင်း၊ လုံ့လဝီရိယရှိခြင်းနှင့် ပြည့်စုံသည်။ သူတစ်ပါးဝန်ကို ထမ်းဆောင်နိုင်သောသတ္တိရှိသည်။
- ဆင်သည် ခိုင်မာသန်စွမ်းသော အစွမ်းသတ္တိရှိသည်။ သူတစ်ပါးဝန်ကို ထမ်းဆောင်တတ်သည်။
- ခြင်္သေ့သည် ရဲရင့်သောသတ္တိရှိသည်။ စည်းကမ်းစနစ်ကောင်း၏၊ လုံ့လဝီရိယရှိ၏၊ လျင်မြန်၏၊ သတိ အသိအမြဲရှိ၏။

အလားတူ လူသားတို့သည် အနောတတ္တရေတည်းဟူသော ဘုရားရှင်၏ ဓမ္မကို-

-နွားလားဥသဘကဲ့သို့ သည်းခံသောစိတ်ဓာတ်ဖြင့် ကျင့်ကြံအားထုတ်နိုင်ရပါမည်။
-မြင်းကဲ့သို့ လျင်သောလုံ့လဝီရိယဖြင့် အားထုတ်နိုင်ရပါမည်။
-ဆင်ကဲ့သို့ ခိုင်မာသော အကျင့်သိက္ခာခွန်အားဖြင့် အားထုတ်နိုင်ရပါမည်။
-ခြင်္သေ့ကဲ့သို့ သတ္တိ သတိထက်မြက်စွာဖြင့် ကျင့်ကြံအားထုတ်နိုင်ရပါမည်။

မြတ်စွာဘုရားရှင်သည် သံသရာဝဲဩဃတွင် နစ်မြုပ်နေကြသော သတ္တဝါတို့ကို မဟာကရုဏာဖြင့် သနားတော်မူလှသဖြင့် သံသရာတစ်ဖက်ကမ်း နိဗ္ဗာန်နန်းသို့ ပို့ဆောင်လိုသောဆန္ဒဖြင့် ဤဓမ္မတို့ကို လမ်းညွှန်ခဲ့ပါသည်။

သံသရာတစ်ဖက်ကမ်း နိဗ္ဗာန်နန်းသို့ ရောက်စေသော စင်ကြယ်သောလမ်းသွယ်(၇)ခုကို ဘုရားရှင်က ဟောကြားခဲ့ပါသည်။

## ဓမ္မနည်းလမ်းကို နည်းပေါင်းများစွာဖြင့် သင်ယူခြင်း

ဓမ္မနည်းလမ်းကို နည်းပေါင်းများစွာဖြင့် သင်ယူနိုင်ပါသည်။ သမထကိုသိခြင်း၊ ကျင့်ခြင်း (လောကီ)၊ ဝိပဿနာကို ကျင့်ခြင်း(လောကုတ္တရာ)၊ ယနေ့ သင်၏ပတ်ဝန်းကျင်တွင် ဓမ္မနှင့် ပတ်သက်သော စာအုပ်များစွာ ရှိပါသည်။ သင်သည် စာအုပ်များအတိုင်း လေ့လာသင်ယူရန် တာဝန်ရှိ၏။ လူသည် လေ့လာစူးစမ်း

သောစိတ်ရှိပြီး အားထုတ်ပါက သင့်တော်သောအချိန်နှင့် စာအုပ်များအတိုင်း လေ့လာနိုင်ပါသည်။

မိမိတွင် မိသားစုလုပ်ငန်းများရှိနေပြီး သင့်တော်သောအလုပ်အကိုင်ရှိနေသော်လည်း လေ့လာနိုင်သည်။ မိမိသည် အစိုးရဝန်ထမ်းဖြစ်နေပါကလည်း ၎င်းနှင့်သင့်တော်သော စာအုပ်များအတိုင်း လေ့လာနိုင်ပါသည်။

ထိုသို့မဟုတ်သိသောသူကို ချဉ်းကပ်၍ သိသူကဖတ်စာအုပ်ပါနည်းလမ်းများကို သင်ပေးမည်ဖြစ်၏။ ဤသို့ပြုလုပ်ခြင်းဖြင့် ကျေနပ်နိုင်မည်ဖြစ်ပါသည်။

ယနေ့ လူသားတို့ သနားဖို့ကောင်းသည်မှ သင်ယူရန်အားကောင်းနေသော်လည်း ဤသို့ လုပ်နိုင်၊ ကိုင်နိုင်၊ လေ့လာနိုင်မှုကို အခြားအကျိုးမရှိသော နေရာများတွင်သုံး၍ ကုန်ဆုံးစေခြင်း၊ ဗုဒ္ဓသာသနာကို သေချာစွာမလေ့လာပေ။ စာအုပ်များ၊ ဂါထာများကို ဖတ်ပြီး ရလိုစိတ်သာရှိ၏။ မိမိတို့ နှပ်ျမှုကို အခြားမဟုတ်သော နေရာတွင် အကျိုးမဲ့သုံးနေကြပါသည်။ နှပ်ျမှု၊ စိတ်၏ရင့်ကျက်မှုကို ပဋိပတ်ကိုလေ့လာအားထုတ်ရာတွင် အမှန်တကယ် ကျင့်သုံးရန်လို၏။ ဤအရာသည်ပင် ဗုဒ္ဓသာသနာ၏ အရေးကြီးထူးခြားသောအကြောင်းအချက်ဖြစ်၏။

ဘုရားရှင်၏ ဓမ္မကို ရရှိခံစားနိုင်ဖို့အတွက် မိမိ၏စိတ်ကိုတည်ငြိမ်အောင် လုပ်နိုင်ရန် လိုပါသည်။ စိတ်ကိုငြိမ်အောင်ပြုနိုင်ပါမှ ဓမ္မအနှစ်သာရ တွေ့မည်။

ဓမ္မနည်းလမ်းကို လေ့လာရာတွင် လောကုတ္တရာမားဖြင့်ရေတွင်းရေကန် တူးသကဲ့သို့ပင်ဖြစ်၏။ ရေနက်နက် မတူးပါက

ရေကြောသို့ မရောက်နိုင်ပေ၊ ရေကြောမတွေ့ပါက ရေကောင်း ကောင်းမရနိုင်ပေ။ ရေကြောရောက်မှသာ ရေကောင်းကောင်း ရမည်ဖြစ်၏။ အကယ်၍ မဂ်ဖိုလ်သို့ရောက်လိုပါက သင်ကြီးမား အားထုတ်ရမည်သာဖြစ်၏။ ဟိုရောက်ဒီရောက်နှင့် စိတ်မပါ လက်မပါလေ့လာပါက တရားထူးတရားမြတ် ရနိုင်မည် မဟုတ် ပေ။ ထိုအခါ မာရ်နတ်၏ အဖျက်အဆီးကိုသာ ခံနေရပါမည်။

(က) မိမိကိုယ်ခန္ဓာတွင် စိတ်ကိုထားပြီး သမာဓိကိုတစ်ဆင့်ပြီး တစ်ဆင့်မြင့်အောင် အဆက်မပြတ်ရှုမှတ်သွားရှုနေရန် လိုပါသည်။

(ခ) သမာဓိရရှိနေပါက ပဗ္ဗတမိုးစွန်သို့ ရောက်နိုင်ခြင်းဖြစ်၏။ နိဗ္ဗာန်ပြီး နိဗ္ဗာန်သို့ တစ်ဆင့်ပြီးတစ်ဆင့်ရောက်အောင် ကြိုးစားရမည်သာဖြစ်၏။

(ဂ) ဓမ္မအနှစ်သာရတွင်လည်း ရောက်ရှိပြီးကို မရပ်ဘဲ ဓမ္မ အနှစ်သာရတစ်ခုပြီးတစ်ခု အနှစ်တော်ရောက်ရှိအောင် မှတ်သားရမည်ဖြစ်၏။

"မနက်ပါက ရေသို့မရောက်နိုင်" ဤဥပမာ စကား သည် ဓမ္မရှာဖွေသူ လူအားလုံးအတွက် မှန်၏။ အဓိပ္ပါယ်မှာ ဤနည်းလမ်းကို အနှစ်တော်လေ့လာအားထုတ်မှသာ မဂ်ဖိုလ်သို့ ရောက်ရှိမည် ဖြစ်၏။

## ဓမ္မဝုဏ်တော် (သို့) ဓမ္မသတ္တာဝ

ဤလောကဝယ် ပွင့်တော်မူပြီးကြသော ဘုရားရှင် အဆူဆူတို့သည် ဘုရားလောင်းဘဝတွင် ပွင့်တော်မူပြီးသော ဘုရားအသီးသီးထံ၌-

- ဘုရားဆုကို ပန်ဆင်ရခြင်း၊
- ဆုပန်ပြီးနောက် ပါရမီဆယ်ပါးကိုဖြည့်ကျင့် ရခြင်း၊
- စွန့်ခြင်းကြီးငါးပါးကို စွန့်ရခြင်း၊
- စရိယသုံးပါးကို ဖြည့်ကျင့်ရခြင်းတို့ကို ပြုလုပ်

ရသည်မှာ ဓမ္မသဘောပင် ဖြစ်ပါသည်။ ဘုရား ဖြစ်တော့မည့် နောက်ဆုံးဘဝကာလ၌လည်း-

- ပဋိသန္ဓေနေရခြင်း၊
- တောထွက်၍ ဒုက္ကရစရိယကျင့်ရခြင်း၊
- ဗောဓိပင်နှင့် ရွှေပလ္လင်၌ မာရ်ငါးပါးကို အောင်ပြီး ဘုရားဖြစ်ရခြင်း၊
- ဓမ္မစကြာတရားဟောကြားရခြင်း စသည်

ရှေးရှေးသော ဘုရားရှင်များ ကျင့်ကြံအားထုတ်ဆောင်ရွက်သွားသည့်အတိုင်းသာ ကျင့်ကြံပြုမူ၍ ဟောကြားကြပါသည်။

တစ်စုံတစ်ရာ အသစ်အဆန်းတီထွင်လာသည့် သဘောမျိုးမရှိချေ၊ သို့အတွက် ဘုရားရှင်များကို တထာဂတ ရှေးအစဉ်အလာအတိုင်း ကြွလာသူဟူ၍ ခေါ်ဆိုလေသည်။

ဗုဒ္ဓ၏တရားတော်များသည်လည်း မည်သည့်ခေတ်၊ မည်သည့်နှစ်ကပေါ်ခဲ့သည်ဟူ၍ နှစ်ကာလအချိန် သတ်မှတ်၍ မရပေ၊ ထိုသို့ ပြောရန်လည်း မသင့်ပါချေ။

ဘုရားရှင်၏ တရားတော်ဟူသမျှသည် အစ၊အလယ်၊ အဆုံး သုံးပါးသောကောင်းခြင်းနှင့် ပြည့်စုံတော်မူသလို သဒ္ဒါ အနက်ကောင်းခြင်းနှင့်လည်း ပြည့်စုံတော်မူလေသည်။

တရားတော်သည် အစ၏ ကောင်းခြင်းဂုဏ်၊ အလယ်၏ ကောင်းခြင်းဂုဏ်၊ အဆုံး၏ ကောင်းခြင်းဂုဏ်ဟူ၍ အပိုင်း (၃)ပိုင်းရှိပါသည်။

- **အစ၏ ကောင်းခြင်းဂုဏ်(ကြည်ရွှမှတ်သားနာယူရခြင်း)**
- **အလယ်၏ ကောင်းခြင်းဂုဏ်(ကျင့်ကြံအားထုတ်ရခြင်း)**
- **အဆုံး၏ ကောင်းခြင်းဂုဏ်(အကျိုးရရှိခံစားရခြင်း)**

တို့ဖြစ်ကြသည်။

ဘုရားရှင်၏ တရားတော်ကို ပထမဦးဆုံး နာရ၊ သင်ယူ ကြည့်ရှုကြလျှင်ပင် တရား၏အနက်အဓိပ္ပါယ်ကို သိရသဖြင့် နှစ်သက်ရွှင်လန်း ဝမ်းမြောက်ကြည်နူးမှုများ ခံစားရပါသည်။

- ကြည်ရှုကြားနာရုံမျှဖြင့် သောကပရိဒေဝ စသော အပူအပင်များ ကင်းစင်ရပါသည်။
- ရာဂ၊ ဒေါသ စသော အညစ်အကြေးများလည်း ကင်းစင်ရပါသည်။
- အပူအပင် အညစ်အကြေးကင်းသဖြင့်လည်း စိတ် တည်ငြိမ်အေးချမ်းမှု၊ နှစ်သက်ရွှင်လန်းဝမ်းမြောက်မှု များကို ရရှိစေနိုင်ပါသည်။

စဉ်းစားဝေဖန်တတ်သော လူသားတစ်ယောက်အတွက် မလွဲချော်နိုင်သောအခွင့်အလမ်းများ၊ ကြောင်းကျိုးဆီလျော်သော ယုံကြည်အားထားဖွယ်များ၊ အားတက်ဖွယ်များကို အနည်းဆုံး ရရှိနိုင်ပါသည်။

ဤသည်မှာ အစ၏ ကောင်းခြင်းဂုဏ်ဖြစ်ပါသည်။

ဗုဒ္ဓ၏ တရားတော်များသည် အတွေးအခေါ်သက်သက် မဟုတ်၊ လက်တွေ့ကျင့်သုံးဆောက်တည်ရသော တရားတော်များ ဖြစ်သည့်အတိုင်း လက်တွေ့ကျကျ ကျင့်သုံးလိုက်နာရသောအခါ ကောင်းခြင်းဂုဏ်များသည် ပို၍ လက်တွေ့ဖြစ်လာရပါသည်။

အကျင့်သီလတစ်ခုခု လုံခြုံမှုဖြင့်ပင် မိမိရောသူတစ်ပါးပါ ဘေးရန်ကင်းရှင်း၍ ကိုယ်စိတ်နှစ်ဖြာချမ်းသာရသည်မှာ ထင်ရှား လှပါသည်။

ထိုထက် သမထဝိပဿနာတရားများကို လက်တွေ့ အားထုတ်ကြသောအခါ ရရှိလာသော နှစ်သက်ရွှင်လန်း ဝမ်းမြောက် ငြိမ်းအေးမှုများ ခံစားကြရသည်မှာလည်း ထင်ရှားလှ ပါသည်။

ဤသည်မှာ အလယ်၏ကောင်းခြင်းဂုဏ်ဖြစ်ပါသည်။

တရားအသိအမြင်ရှင်း၍ မဂ်ဖိုလ်ဉာဏ်အရေးကိုရသော အခါ၌ကား ဖော်မပြနိုင်သော ဝမ်းသာခြင်း၊ ချမ်းသာခြင်းကို ရရှိပါသည်။ ထိုနှစ်တစ်ပြိုင်တည်း "**ဒုက္ခခပ်သိမ်း၊ ချုပ်ငြိမ်းရာ နိဗ္ဗာန်တည်း**"ဟူသော အတုမရှိငြိမ်းအေးချမ်းသာမှုကို ပိုင်ဆိုင် ခံစားကြရသောအခါ၌ကား ဆိုဖွယ်ရာမရှိ ကောင်းသဖြင့် အထွဋ် အထိပ်သို့ ရောက်ရှိပါတော့သည်။

ဤသည်မှာ အဆုံး၏ ကောင်းခြင်းဂုဏ်ဖြစ်ပါသည်။

ဘုရားရှင်ဟောကြားအပ်သော တရားတော်များ၏ ကောင်းစွာ ဟောကြားပုံ ဂုဏ်ဖြစ်ပုံကိုကြည့်လျှင် အောက်ပါ ဂုဏ်တို့နှင့် ပြည့်စုံနေသည်ကို တွေ့ရပါသည်-

-တရားတော်များကို ဟောကြားရာ၌ မည်သူအား မည်သည့်ဒေသ၌ မည်သို့သောအကျိုးကျေးဇူး ဖြစ်ထွန်း ရရှိသွားသည် စသည်ဖြင့် အကြောင်းဖြစ်ရပ်များကို တိကျသေချာစွာ ဟောကြားထားခြင်း၊

-ဟောကြားထားသော စကားဝါကျတိုင်းတွင် အသုံး အနှုန်းဝေါဟာရ ပြည့်စုံကျစ်လျစ်တိကျပြေပြစ်ပြီး တိုးတက် ချမ်းသာရေး၊ လွတ်မြောက်ရေး ဟူသော လေးနက်သေချာစွာ သဘောတရား အသီးအနှစ်များချည်းသာဖြစ်ခြင်း၊

-ကျောင့်မှု၊ ဆောင်မှု၊ ပညတ်ချက်ကျင့်စဉ်နှင့်စပ်၍သော် လည်းကောင်း၊ ရရှိမည့်အကျိုးတရားများနှင့်စပ်၍လည်းကောင်း၊

(ဥပမာ-မဂ်၊ နိဗ္ဗာန်၊ သီလ၊ သမာဓိ၊ ပညာ၊ ဝိမုတ္တိ၊ ဝိမုတ္တိဉာဏဒဿန) မည်သည့်အရာလိုသေးသည်၊ မည်သည့် အရာပိုသွားသည်ဟု ဆိုဖွယ်မရှိ၊ အပိုအလိုဖြည့်စွက်ရန် မရှိ၊ တစ်ဖန် အပြစ်ဟူ၍လည်းကောင်း၊ အကျိုးရှိသည်ဟူ၍ လည်းကောင်း၊ ဟောထားသောတရားများ ဟောသည့်အတိုင်း ဖြစ်မလာဘဲ ကြောင်းကျိုးမဆီမလျော် လွဲချော်သွားသည်ဟူ၍ မရှိ၊ နတ်နှင့်တကွသော သုံးလောက၌ မည်သည့်ပညာရှိမျှ မငြင်းဆန် မတော်လှန်နိုင်အောင် ကြွင်းမဲ့ပြည့်စုံခြင်း၊

-သာသနာပြင်ပမှ အယူဝါဒများကဲ့သို့ ငါ့အယူသာ မှန်သည်၊ ငါ့တရားမှ တရားဟူသော တဏှာ၊ မာန၊ ဒိဋ္ဌိစွဲမပါ၊ တစ်စုံတစ်ရာ (လာဘ်လာဘကျော်စောမှု) စသော လောကီ အကျိုးကို မျှော်ကိုးခြင်း မရှိ၊ ငရဲဘုံနှင့်ခြောက်၊ ကောင်းကင် ဘုံနှင့်မြှောက်၍ မဟော၊ သဘောထားရည်ရွယ်ချက် စင်ကြယ်ခြင်း၊

ဤသို့သော ဂုဏ်များနှင့်ပြည့်စုံအောင် ကောင်းစွာဟော ကြားထားခြင်း ဖြစ်ပါသည်။

တစ်ပါးသူတို့၏ အပြောဖြင့် မှန်းဆ၍ ယုံကြည်လက်ခံ ရသည့် တရားမဟုတ်ပေ၊ ကိုယ်တွေ့ဒိဋ္ဌလက်တွေ့ကျကျ သိမြင် နိုင်သော တရားများသာ ဖြစ်ပါသည်။ ထိုတရားတို့ကား မုချ အားဖြင့် မဂ်ဖိုလ်နိဗ္ဗာန်တရားများသာ ဖြစ်ကြပါသည်။

နိဗ္ဗာန်ကို မျက်မှောက်မပြုစေကာမူ ဘုရားရှင်၏ တရားတော်ကို စတင်ကျင့်သည့်အချိန်မှစ၍ နိဗ္ဗာန်ရောက်သည် အထိ ကျင့်ကြံအားထုတ်သောပုဂ္ဂိုလ်တိုင်း ကျင့်ကြံမှုအတိုင်းအတာ အလိုက် ကိုယ်တိုင်သိနိုင်သော တရားချည်းသာဖြစ်သည်။ ကျင့်ဆဲ အခါတွင်လည်း သမာဓိတည်၍ ပီတိသုခဖြစ်ပုံနှင့် ရုပ်နာမ်တို့၏ ဖြစ်ပျက်ပုံကို သူပြောငါပြောမဟုတ်ဘဲ ကိုယ်တိုင်ပိုင်းပိုင်းခြားခြား ကွဲပြားစွာ သိမြင်လာရ၏။

ကျင့်ကြံပြီး၍ မဂ်ဖိုလ်သို့ရောက်သောအခါတွင်မူ နိဗ္ဗာန်ကို ကိုယ်တိုင်ကိုယ်ကျ သိရှိခံစားနိုင်တော့သည်။

ထို့ကြောင့် ဘုရားရှင်၏ တရားတော်သည် မည်ကဲ့သို့ ကိုယ်စိတ်ဆင်းရဲကင်း၍ ချမ်းသာမှုအဆင့်ဆင့် ခံစားရပုံကို ကိုယ်တိုင်သိမြင်ခံစားရသော တရားစစ်၊ တရားမှန် ဖြစ်ပါသည်။

အလှူဒါနပြုရာ၌ မိမိလှူသောဒါနကို အလှူခံပုဂ္ဂိုလ်များ နှစ်သက်ဝမ်းမြောက်စွာ သုံးဆောင်ခံစားသည်ကို တွေ့မြင်ရသည့် ခဏဝယ် အလှူရှင်ပုဂ္ဂိုလ်သန္တာန်၌ ရွှင်လန်းဝမ်းမြောက်မှု၊ အားရ နှစ်သက်ကြည်နူးမှုများ ဖြစ်ပေါ်လာသည်ကို ကိုယ်တိုင်ပင် သိရှိ ခံစားရ၏။

ထိုမျှမက အလှူရဲ၍ မဖွဲ့နိုင်သည့်အပြင် လှူလေ၊ တိုးလေ၊ အကျိုးပေးပုံဖြစ်ပုံကို ယခုဘဝ၌ပင် လက်တွေ့သိမြင် ခံစားကြရ၏။

ဤကား ဒါန၏ လက်တွေ့အကျိုးဂုဏ်ဖြစ်ပါသည်။

သီလစောင့်ထိန်းသည့်အခါ၌လည်း မိမိသီလမကျိုး မပေါက်မပျက်ရလေအောင် သတိ၊ ဝီရိယ၊ ပညာတရားများ လက်ကိုင်ထား၍ စောင့်ထိန်းထားသဖြင့် လောဘ၊ ဒေါသ၊ မောဟ တရားများဖြစ်ပေါ်မှုနည်းကာ စိတ်တည်ကြည်မှု၊ ချမ်းသာမှု၊ သောက စသော တရားများ ကင်းဝေးမှု စသည်တို့ကို ကိုယ်တိုင် တွေ့ကြုံခံစားရသည်။

တရားတော်၏ လက်တွေ့အကျိုးဂုဏ်သည် ကိုယ်တိုင် သိမြင်နိုင်သော တရားဟူသောအဓိပ္ပါယ်ဖြင့် ဆင်းရဲကင်းစွာ ချမ်းသာလိုသူတိုင်း မမြင် မြင်အောင်ရှုထိုက်သော ကြိုးကြိုးစားစား အားထုတ်ယူသင့်သောတရားဟူ၍ အဓိပ္ပါယ်ဖွင့်ဆိုထားသည့် အတိုင်း တကယ်လုပ်လျှင် အဟုတ်ဖြစ်သော တရားဖြစ်သည်။

ဤအချက်ကပင် ဗုဒ္ဓတရားသည် အတွေးအခေါ် ဆင်ခြင်မှုတရားဖြင့် ချဉ်းကပ်ရသော တရားမဟုတ်၊ ကိုယ်တိုင် လေ့လာကျင့်ကြံ ကြိုးစားအားထုတ်မှသာရသော တရားဖြစ်ကြောင်း ထင်ရှားပါသည်။

အချိန်မရွေး အကျိုးပေးသောတရားဆိုသည်မှာ အခါမလင့် ကာလမခြား ချက်ချင်းအကျိုးပေးတတ်သောတရားဟု ဆိုပါသည်။ တိုက်ရိုက်မှုချအားဖြင့် မဂ်လေးပါးတရားနှင့်ဆိုင်ပါသည်။

မဂ်လေးပါးကိုဖြစ်ပြီးလျှင်ပြီးချင်း အချိန်ကာလအားဖြင့် ဆိုင်းငံ့ကွာခြားမနေဘဲ ချက်ချင်းတဆက်တည်း "ဖိုလ်"တည်း ဟူသော အကျိုးကိုပေးသည်။ "မဂ်"ကားအကြောင်း ကုသိုလ် ဖြစ်၍ "ဖိုလ်ကား"အကျိုးဝိပါက်ဖြစ်သည်။ "မဂ်"ကိလေသာ များကို သတ်ပေး၍ "ဖိုလ်"က ကိလေသာငြိမ်းအေးခြင်းသုခကို ခံစားရသည်။

ဒါနမှု၊ သီလမှု၊ ဘာဝနာမှုများကို လက်တွေ့အားထုတ် ကြည့်လျှင် အချိန်ကာလအားဖြင့် ကွာခြားကြန့်ကြာမှုမရှိဘဲ ပြုလုပ် ကျင့်ကြံဆဲတစ်ခဏမှာပင်-

-လောဘ၊ ဒေါသ၊ မောဟတရားနည်းပါးမှု

-ကိလေသာနည်းပါး၍ ကိုယ်စိတ်နှစ်ဖြာချမ်းသာကြည်နူးမှု

-ရတနာသုံးပါး၌ ရှိသေမြတ်နိုးမှု စသည်များကို ချက်ချင်း လက်ငင်း ခံစားရပါသည်။

ဤသည်ကား အချိန်မရွေး အကျိုးပေးသော ဂုဏ်တော်၏ အကျိုးပင်ဖြစ်သည်။

ဤဂုဏ်တော်ဖြင့် ဗုဒ္ဓဝါဒပန်းတိုင်ဖြစ်သော နိဗ္ဗာန် ချမ်းသာသည် အခြားဘာသာအယူဝါဒများကဲ့သို့ သေပြီးနောက်မှ တစ်စုံတစ်ဦးသောတန်ခိုးရှင်၏ အဆုံးအဖြတ်ကိုခံယူပြီးမှ ရရှိသော ချမ်းသာမှုမျိုးမဟုတ်ပေ။

ယခု လက်ရှိဘဝမှာပင်လျှင် အချိန်မရွေး ရရှိနိုင်သော အတုမရှိ ချမ်းသာကြီးဖြစ်ကြောင်း အတိအလင်း အာမခံထားပါသည်။

ဘုရားရှင်၏ တရားတော်သည်-

-အမှန်တကယ် အထင်အရှားရှိသောတရား

-အလွန်ပင် သန့်ရှင်းစင်ကြယ်၍ အပြစ်ကင်းစင်သော တရားဖြစ်သောကြောင့် လာခဲ့စမ်းပါ၊ ကျင့်ကြံလှည့်စမ်းပါ၊ မြည်းကြည့်စမ်းပါဟု ရဲတင်းစွာ အာမခံ၍ ဖိတ်ခေါ်ပြထိုက်သော တရား၊ ဖိတ်ခေါ်ရဲသောတရား ဖြစ်ပါသည်။

ဂုဏ်တော်ဖြင့် အခြားအယူဝါဒများကဲ့သို့ မျက်စိမှိတ်ပြီး အတင်းအဓမ္မစွတ်မယုံခိုင်းပါ၊ လက်တွေ့စမ်းသပ်ဖြစ်အောင် စမ်းသပ်ကြည့်ဖို့သာ ဖိတ်ခေါ်တိုက်တွန်းထားပါသည်။

လူ့လောက၊ လူ့ဘဝတွင် အထူးအဆန်း မြင်တွေ့ သိရှိပါက မိမိမြင်ရကြည့်ရရုံနှင့် အားမရတတ်ကြပေ၊ အခြားမိမိနှင့် ရင်းနှီးသူများကိုလည်း ပြလို၊ မြင်လိုသည်မှာ ဓမ္မတာဖြစ်ပါသည်။

အခြားသောဒါန၊ သီလ စသော ကုသိုလ်တရားများမှာ ဘဝအဆိုဆိုက ကြိမ်ဖန်များစွာ လှူဒိုင်းရခဲ့ဖူးသည်ဖြစ်၍ ထူးဆန်းအံ့သြမှု၊ နှစ်သက်မှု၊ ဝမ်းမြောက်မှုများ ခံစားရပါသည်။

ထိုအခါ မိမိနှင့် ရင်းရင်းနှီးနှီးဖြစ်သူများအား ရစေလိုသည်။ ပြောကြားတိုက်တွန်းလိုသော စိတ်ဆန္ဒများတဖွားဖွား ပေါ်ပေါက်လာတတ်သည်။ ပြောဆိုတိုက်တွန်းသည့်အတိုင်း ကျင့်ကြံသူသည် မလွဲအသွေ ရရှိခံစားရမည်သာဖြစ်သည်။

လာလှည့်၊ ကျင့်ကြံလှည့်ဟူသော သဘောဖြင့် ဟောကြားသော တရားတော်များလည်း အများအပြား ရှိပါသည်။

ဥပမာ-မဟာသတိပဋ္ဌာန်၌ (၇)ရက်၊ (၇)လ၊ အလွန်ဆုံး (၇)နှစ် အားထုတ်လျှင် အနာဂါမိရဟန္တာ ဖြစ်နိုင်သည်ဟူ၍ လည်းကောင်း၊

မဇ္ဈိမနိကာယဗောဓိရာဇကုမာရသုတ်၌ ရင့်ကျက်သူများ ဖြစ်လျှင် ညနေ တရားအားထုတ်၊ နံနက် တရားထူးရနိုင်သည်။ နံနက်တရားအားထုတ်၊ ညနေတရားထူးရနိုင်သည်ဟူ၍လည်းကောင်း၊

မဟာဝဂ္ဂဝံယုတ် မေတ္တာသဟဂတသုတ်၌ ဗြဟ္မဝိဟာရ တရားကျင့်စဉ်သည် သာသနာပြင်ပ အယူဝါဒ၌ မရှိ၊ ဤ သာသနာ၌သာ ရှိသည်ဟူ၍လည်းကောင်း၊

မဟာပရိနိဗ္ဗာနသုတ်၌ ကိလေသာငြိမ်းသူ(သမဏ) လွတ်မြောက်သူသည် လွတ်မြောက်ကြောင်းကျင့်စဉ်(မဂ္ဂရှစ်ပါး) ရှိရာ ဤသာသနာတော်၌သာရှိ၍ သာသနာပြင်ပ အယူဝါဒ၌ ကိလေသာကျင့်စဉ် တစ်စိတ်တစ်ဒေသမျှပင် မရှိဟူ၍လည်းကောင်း အတိအလင်းဟောကြားထားသော တရားများသည် တရားတော်၏ ဂုဏ်တော်ကို ဖော်ပြနေခြင်းပင် ဖြစ်ပါသည်။

မိမိစိတ်သန္တာန်အစဉ်သို့ မရောက် ရောက်အောင် ကပ်၍ ယူဆောင်ထားလိုက်သော တရား မရ,ရအောင်ယူဆောင်ထား လိုက်သော တရားဖြစ်ပါသည်။

မဂ်၊ ဖိုလ်၊ နိဗ္ဗာန်တရားများကား ဒုက္ခခပ်သိမ်းချုပ်ငြိမ်း ချမ်းသာလှသဖြင့် ထိုတရားများထက် သာလွန်ကောင်းမြတ်သော တရားများမရှိပါ။ ထိုထက်သာလွန်သော ချမ်းသာမှုလည်း မရှိပါ။

သုတသနစာကြည့်တိုက်
…ပြန့်ပွားရေးဦးစီးဌာန
ကမ္ဘာအေး၊ ရန်ကုန်



ထို့ကြောင့်ပင် ဘုရားရှင်က ထိုတရားများကို မရ,ရအောင် ကျင့်ကြံကြိုးကုတ်အားထုတ်ရန် အမြဲတိုက်တွန်း ဟောကြားခဲ့ပါသည်။

မဂ်၊ ဖိုလ်၊ နိဗ္ဗာန်တရားများကား ပုထုဇဉ်မှန်သမျှ မည်သည့် ပုထုဇဉ်သန္တာန်၌မျှ မဖြစ်ပေါ်ခဲ့စဖူးပေ။

တစ်ကြိမ်တစ်ခါမျှဖြစ်ပေါ်ခဲ့သော် အပါယ်လေးပါး ကျရောက်ခံစားရမည့် ဆင်းရဲဒုက္ခမီးများ တစ်ခါတည်း ငြိမ်းပါတော့သည်။

ထို့ကြောင့် ရင်ဝလှံစူး၊ ဦးခေါင်းမီးလောင်ခံရသူသည် ထိုဆင်းရဲမှုကို အလေးမမူ၊ လျစ်လျူရှု၍ တရားကိုသာရအောင် ကြိုးစားအားထုတ်သင့်ပါသည်။

ရင်ဝလှံစူး၊ ဦးခေါင်းမီးလောင်မှုသည်ကား ယခုဘဝ၌သာ ခံစားရသည့် ဒုက္ခမီးမျှသာဖြစ်သည်။ အတွင်းသန္တာန်၌ စူးဝင်နေသော ကိလေသာမီးလျှံကား အခွင့်သာလှသော ယခုလက်ရှိ ဘဝမျိုးတွင်မှ မငြိမ်းသက်နိုင်ပါလျှင် နောင်ဘဝများစွာ သံသရာတစ်လျှောက် အစူးခံ၊ အလောင်ခံ၍ မဆုံးနိုင်တော့ပေ။

သို့အတွက် ဘုရားရှင်ကား ''**သက္ကာယဒိဋ္ဌိ**''ကို ပယ်သတ်နိုင်ရန် အားထုတ်သင့်ကြောင်း အကြိမ်ကြိမ်ဟောကြားခဲ့ပါသည်။

သတ္တဝါမှန်သမျှ ဘဝခန္ဓာစကတည်းက လောဘစသော အကုသိုလ်တရားများ ကပ်ပါလာပါသည်။ ဤတရားများကင်းရန်ကား ဒါန၊ သီလ၊ ဘာဝနာတရားများကို မပြတ်အားထုတ်ကြရပါမည်။ ထိုတရားများ မိမိစိတ်၌ ပြတ်လပ်မှုမရှိအောင် ကပ်၍ဆောင်ထားရပါမည်။

၁၀၃၉၇

စွဲစွဲမြဲမြဲပြုလုပ်နေခြင်းအားဖြင့် ကပ်၍ဆောင်ထားပါက အကုသိုလ်တရားများ ဖြစ်ခွင့်မရ၊ ပြည့်စုံရင့်ကျက်သောအခါ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ကို ဆိုက်ရောက်နိုင်သဖြင့် ဒါန၊ သီလ၊ ဘာဝနာတရားများသည် မိမိ၌ ကပ်၍ဆောင်ထားသော တရားများဖြစ်ကြသည်ဟု ဆိုရပါမည်။

အထူးသဖြင့် ဝိပဿနာတရားအားထုတ်သူများသည် အားမထုတ်ဘဲနေလို့မရအောင် စိတ်၌ စွဲလမ်းနေတတ်သည်။ ချမ်းသာနေတတ်ကြသည်။ ထိုအခြေအနေသည်ပင် ဝိပဿနာ တရား၏ ဂုဏ်ဖြစ်သည်။

အရိယာပညာရှိဖြစ်သော သူတော်ကောင်းများသာ အသီးသီး ကိုယ်စီကိုယ်၄ မိမိသန္တာန်၌ သိအပ်၊ ခံစားအပ်သော တရားဖြစ်၏။

ထိုအရိယာသူတော်ကောင်းများသည် -

- ပစ္စဝေက္ခဏာဉာဏ်ဖြင့် မိမိတို့သန္တာန်၌ မဂ်၊ ဖိုလ် တရားများ ဖြစ်ခဲ့သည်ကိုလည်း သိကြ၏။
- နိဗ္ဗာန်မျက်မှောက်ပြုသည်ကိုလည်း သိကြ၏။
- ဖလသမာပတ်ဖြင့် နိဗ္ဗာန်ဓာတ်ကို မျက်မှောက် ထိတွေ့ကာ ထူးမြတ်သောအေးငြိမ်းသည့် အရသာကိုလည်း ခံစားကြရ၏။

ထိုတရားများကား ရရှိသောသူတို့သာလျှင် ကိုယ်တိုင် သိအပ်၊ ခံစားအပ်သောတရားများသာ ဖြစ်ပါသည်။ သူတစ်ပါးကို မျှဝေခံစား၍ မရပါ။

-ဆရာ၏ဖလသမာပတ်ဖြင့် တပည့်မှာ ချမ်းသာစွာမနေနိုင်။
-ဆရာ၏ ကိုယ်တွေ့မျက်မှောက်ပြုထားသော နိဗ္ဗာန်ကို တပည့် မျက်မှောက်မပြုနိုင်။
-သူတစ်ဖက်သားအား မရေမရာအားကိုးမှီခိုနေရခြင်းမရှိ၊ မိမိအကျင့်မှန် လမ်းမှန်ဖြင့် ရရှိသောချမ်းသာကို မိမိကိုယ်တိုင်လက်တွေ့ သိရှိခံစားနိုင်သော တရားစစ်ဖြစ်သည်။

ဒါန၊ သီလ၊ ဘာဝနာပြုကြရာ၌ ကံသဘောအရ ကိုယ်တိုင်ပြုကြရသည်။ ဒါန၊ သီလ၊ ဘာဝနာအကျိုးကို သိရှိခံစားလိုက ကိုယ်တိုင်ကိုယ်ကျ ပြုလုပ်ကြရသည်။

ကိုယ်လုပ်မှကိုယ်သိ၏၊ ကိုယ်ခံစားရ၏၊ ကိုယ်စီကိုယ်ငှ ခံစားရသည်ဆိုရာဝယ် မိမိတို့အခြေအနေအဆင့်အတန်းအားလျော်စွာ သိရှိခံစားရသည်ကို ဆိုလိုပါသည်။

ဥပမာ-စားကောင်းသောက်ဖွယ်များကို အတူတကွ တည်ခင်းကျွေးမွေးသော်လည်း ကလေးကလည်း ကလေးအလိုက်၊ လူကြီးကလည်း လူကြီးအလိုက် ကိုယ်စီကိုယ်ငှ အားရတင်းတိမ်အောင် ခံစားရသကဲ့သို့ ဖြစ်ပါသည်။

# အခန်း(၂)

# တရားအားထုတ်တော့မည်ဆိုလျှင်

## အထူးစင်ကြယ်မှု(ဝိသုဒ္ဓိ)တူသည်

ဒီဃနိကာယ်သုတ်မဟာဝါ၊ မဇ္ဈိမနိကာယ် မူလပဏ္ဏာသပါဠိတော်တို့တွင် ဘုရားရှင်ဟောကြားထားသော မဟာသတိပဋ္ဌာနသုတ်တော်သည် သမထဝိပဿနာကမ္မဋ္ဌာန်း အားထုတ်နည်းသန့်သန့်ကို ဖြောင့်ဖြောင့်တန်းတန်း ချမှတ်ဟောကြားထားသောသုတ်တော်ဖြစ်သည်။ ထိုသတိပဋ္ဌာန်အကျင့်လမ်းသည် သတ္တဝါတို့သည် ကိလေသာဟူသမျှမှ သန့်ရှင်းစင်ကြယ်ဖို့ တစ်ကြောင်းတည်းသောလမ်းဟူ၍လည်းကောင်း၊ ဤသတိပဋ္ဌာန်တရားကို အနည်းဆုံး (၇)ရက်၊ အများဆုံး (၇)နှစ် အားထုတ်လျှင် ဤဘဝမှာပင် အနာဂါမ်အရိယာ (သို့မဟုတ်) ရဟန္တာဖြစ်နိုင်သည်ဟူ၍လည်းကောင်း ဘုရားရှင်က လမ်းညွှန်ဟောကြားခဲ့ပါသည်။

ထို့ကြောင့် မိမိတွင် မပြတ်မစဲဖြစ်နေသော ကိလေသာ အညစ်အကြေးများ ကင်းဝေစင်ကြယ်သွားစေရန်အတွက် သမထ ဝိပဿနာတို့ကို ကြိုးပမ်းအားထုတ်လိုသူတိုင်း ဤသတိပဋ္ဌာန်နည်း အတိုင်း အားထုတ်သွားရမည်ဖြစ်ပါသည်။

မဟာသတိပဋ္ဌာနသုတ်တော်လာ ဘုရားရှင်၏စကားများကို နှောင်းလူတို့ သဘောပေါက်အောင် ရှင်မဟာဗုဒ္ဓဃောသသည် အခြားဘုရားဟောပါဠိတော်များစွာတို့မှ သမထဝိပဿနာကျင့်လမ်း ကြောင်းဆိုင်ရာတို့ကို ပြည့်ပြည့်စုံစုံထည့်သွင်း၍ "ဝိသုဒ္ဓိမဂ္ဂ" ဟူသောကျမ်းဖြင့် ပြမ်းထိုးပေးခဲ့ပါသည်။ ဤဝိသုဒ္ဓိမဂ်ကျမ်းသည် ထေရဝါဒဗုဒ္ဓဘာသာဆိုင်ရာ ဗဟုသုတမျိုးစုံပါဝင်၍ ထေရဝါဒ စွယ်စုံကျမ်းကြီးဟူ၍လည်း ခေါ်ဆိုထိုက်လှပါသည်။

**"ဧကာယနော အယံဘိက္ခဝေ မဂ္ဂေါသတ္တာနံဝိသုဒ္ဓိယာ"** ဟူသော ဘုရားရှင်၏ မဟာသတိပဋ္ဌာနသုတ်တော်လာစကားကို ဦးထိပ်ပန်ဆင်ပြီး ရှင်မဟာဗုဒ္ဓဃောသသည် မိမိပြုစုသောကျမ်းကို **"ဝိသုဒ္ဓိမဂ္ဂ"** ဟူ၍ အမည်ပေးထားခဲ့ပါသည်။

**"ဝိသုဒ္ဓိ"** ဟူသော ဝေါဟာရအဓိပ္ပါယ်မှာ အထူးစင်ကြယ်ခြင်း (ဝါ) လုံးဝဥဿုံအကုန်စင်ကြယ်ခြင်း၊ မြင့်မြတ်ခြင်းနိဗ္ဗာန် ဟူ၍ ဖြစ်ပါသည်။

ဤလောကရှိသတ္တဝါတို့သည် တဏှာကိလေသာမျိုးစုံ တို့ဖြင့် ရှုပ်ထွေးပွေလီနေကြ၍ မသန့်ရှင်းမစင်ကြယ်ကြသော တဏှာအရင်းခံ ကိလေသာအညစ်အကြေးများ ပေရေနေသည်။ ညစ်ပတ်နေကြပါသည်။ ထိုကိလေသာအညစ်အကြေးများ ညစ်ပေ မစင်ကြယ်မှုကြောင့် ဆင်းရဲမျိုးစုံကြုံတွေ့နေကြရသည်။

ဘဝမျိုးစုံ ကျင်လည်သွားလာနေကြရသည်။ ငြိမ်းချမ်းသောဘဝ၊ အငြိမ်းဓာတ်ဘဝကို မရရှိနိုင်ကြ။

သို့ဖြစ်၍ ကိလေသာအညစ်အကြေးတို့မှ ကင်းဝေး စင်ကြယ်ရေးအတွက် စင်ကြယ်မှုဝိသုဒ္ဓိသို့ သွားရောက်ရာ လမ်းကောင်းလမ်းမှန်၊ အထူးသန့်ရှင်းစင်ကြယ်သော အကျင့်လမ်း (ဝိသုဒ္ဓိမဂ္ဂ)ကို ဖောက်ပေးပါသည်။

ဘုရားရှင်သည် မဟာသတိပဋ္ဌာနသုတ်တော်ကို ဟောကြား လမ်းညွှန်၍ စင်ကြယ်သောလမ်းကို ဖောက်ပေးခဲ့သည်။ ရှင်မဟာ ဗုဒ္ဓဃောသသည် ထိုလမ်းကို လွယ်ကူစွာနားလည်သဘောပေါက်ပြီး ဆက်လျှောက်လှမ်းလိုသော စိတ်ဖြစ်အောင် မွမ်းမံပြထားပါသည်။

ရှင်မဟာဗုဒ္ဓဃောသသည် စင်ကြယ်သောဘဝလမ်းသို့ တက်လှမ်းနိုင်ရန် လှေကားထစ်(၇)ထစ်ပါသော ဓမ္မလှေကားကြီး ကို ထောင်ပေးထားခဲ့ပါသည်။

ထိုလှေကားထစ်(၇)ထစ်မှာ-

၁။ **သီလဝိသုဒ္ဓိ- သီလအထူးသင်ကြယ်ခြင်း**

တရားအားထုတ်သူ၏ ကာယကံ၊ ဝစီကံများ အကုသိုလ်မဖြစ်စေဘဲ၊ အကုသိုလ်ဒုစရိုက် များမှ သန့်ရှင်းစင်ကြယ်စေမှု ဖြစ်ပါသည်။

၂။ **စိတ္တဝိသုဒ္ဓိ -စိတ်အထူးစင်ကြယ်ခြင်း**

တရားအားထုတ်သူသည် နီဝရဏခေါ် ကိလေသာအညစ်အကြေးတို့မှ ကင်းဝေး စင်ကြယ်မှု ဖြစ်ပါသည်။ နီဝရဏကင်း သောစိတ်သည်ကား တည်ကြည်သန့်ရှင်း

သည်။ ဤသီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိနှစ်ပါး
သည် ဝိပဿနာ၏ အခြေခံဖြစ်သည်။

၃။ **ဒိဋ္ဌိဝိသုဒ္ဓိ**- အမြင်များမှ အထူးစင်ကြယ်ခြင်း
တရားအားထုတ်သူ၏စိတ်၌ အတ္တစွဲ၊ သက္ကာယစွဲ စသော အဆောင်လွဲ၊ အမြင်လွဲ အမြင်မှားများမှ ကင်းရှင်းစေမှု ဖြစ်ပါသည်။

၄။ **ကင်္ခါဝိတရဏဝိသုဒ္ဓိ**-ယုံမှားမှု အထူးစင်ကြယ်ခြင်း
တရားအားထုတ်သူသည် မိမိဘဝခန္ဓာ နှင့်ပတ်သက်၍ အတိတ်ဘဝ ရှိ/မရှိ၊ အနာဂါတ်ဘဝ ဖြစ်/မဖြစ်၊ ပစ္စုပ္ပန် ဤဘဝ ဟုတ်/မဟုတ် စသော ယုံမှား မှုမျိုးမရှိတော့ဘဲ ကင်းစင်သွားပါသည်။

[တရားအားထုတ်သူတို့သည် ဤလေးဆင့်ရပြီးလျှင် အငယ်စားသောတာပန် (စူဠသောတာပန်)အဆင့်ရောက်ပြီးဟု မှတ်ယူရပါမည်]

၅။ **မဂ္ဂါမဂ္ဂဉာဏ ဒဿနဝိသုဒ္ဓိ** -မဂ်ဟုတ်-မဟုတ် အသိအမြင်အထူး စင်ကြယ်ခြင်း။
စူဠသောတာပန်မှတစ်ဆင့်တက်၍ အားထုတ် သောအခါ ဝိပဿနာအလုပ်ကို ညစ်ညူး စေသည်။ မမှန်သဘာဝ အထူးအဆန်းများ ပေါ်လာတတ်ပါသည်။ ထိုဖြစ်ရပ်တို့ကို စိစစ်ပြီး မဂ် မဟုတ် ဟု ဆုံးဖြတ်ကာ ရှေ့သို့ဆက်၍ တရားအားထုတ်ရန် ဖြစ်ပါ သည်။

၆။ ပဋိပဒါဉာဏဒဿန -အကျင့်ဉာဏ်အထူးစင်ကြယ်ခြင်း။
ဝိသုဒ္ဓိ
မဂ်ဖိုလ်ရဖို့တရားအားထုတ်ရာတွင် အနိစ္စသဘော စသည်ကိုသိရာ၌ သာမန်မဟုတ်၊ ပကတိမျက်စိဖြင့် မြင်ရသလို သိမြင်ခြင်းသည် ကိလေသာတို့မှ အထူးစင်ကြယ်စေမှု ဖြစ်သည်။

၇။ ဉာဏဒဿနဝိသုဒ္ဓိ -မဂ်ဉာဏ်အမြင်စင်ကြယ်ခြင်း။
သစ္စာလေးပါးကို မှချသိမြင်ပြီး ကိလေသာအညစ်အကြေးတို့မှ စင်ကြယ်စေမှု ဖြစ်ပါသည်။ သောတာပန်ဖြစ်လျှင် ဒိဋ္ဌိဝိစိကိစ္ဆာ ဟူသော ကိလေသာအညစ်အကြေးတို့ကို အရှင်းပြတ်သန့်ရှင်းစင်ကြယ်သွားစေပါသည်။

တရားအားထုတ်သူသည် ဤသုံးဆင့်တွင် မဂ္ဂါမဂ္ဂနှင့် ပဋိပဒါနှစ်ပါးကို ရှုဋ္ဌသောတာပန်အဆင့်မှ ဒိဋ္ဌိနှင့်ကင်္ခါဝိတရဏဝိသုဒ္ဓိနှစ်ပါး ပြန်ဆက်ပြီး ဝိသုဒ္ဓိလှေကား၏ အလယ်အဆင့်အဖြစ် သတ်မှတ်ပါသည်။

ဉာဏဒဿနဝိသုဒ္ဓိအဆင့်သို့ရောက်သော် ထိပ်ဆုံးလှေကားသို့ရောက်ပြီဟု သတ်မှတ်ရပါသည်။

ဤဝိသုဒ္ဓိခုနစ်ပါးကို လောကရှိဉပမာနှင့်နှိုင်းယှဉ်ပြရလျှင်-
-သီလ၊ စိတ္တဝိသုဒ္ဓိနှစ်ပါးသည် ခြေထောက်နှင့်တူပါသည်။
-ဒိဋ္ဌိ၊ ကင်္ခါ၊ မဂ္ဂါမဂ္ဂ၊ ပဋိပဒါဝိသုဒ္ဓိလေးမျိုးသည် ကိုယ်ပိုင်းနှင့်တူသည်။

-ဉာဏဒဿနဝိသုဒ္ဓိသည် ဦးခေါင်းပိုင်းနှင့်တူသည်။

ဤ(၃)ဆင့်ရလျှင် မဟာသောတာပန်အဆင့်ဟုခေါ်ပြီး ဤ(၃)ဆင့်တွင် နောက်ဆုံးဉာဏဒဿနဝိသုဒ္ဓိသည် မဂ်ဉာဏ်ပင်ဖြစ်ပါသည်။

မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိနှင့် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိအဆင့်တွင် ဉာဏ်စဉ်(၁၀)ပါးသည် ပါဝင်လာပါသည်။

မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိအဆင့်တွင်-

(၁) **သမ္မာသနဉာဏ်** -ရုပ်နာမ်တရားကို လက္ခဏာသုံးပါး၌တင်၍ ဆင်ခြင်သုံးသပ်သော ဉာဏ်

(၂) **ဥဒယဗ္ဗယဉာဏ်** -ရုပ်နာမ်တရားဖြစ်ပျက်လာမှုကို ရှုသော(ရှေ့ပိုင်း)ဉာဏ်

(၃) **ဘင်္ဂဉာဏ်** -ရုပ်နာမ်တရားအပျက်ကိုရှုသောဉာဏ်

(၄) **ဘယဉာဏ်** -ရုပ်နာမ်တို့၏ ကြောက်မက်ဖွယ်ဘေးကိုရှုသောဉာဏ်

(၅) **အာဒီနဝဉာဏ်** -ရုပ်နာမ်တို့၏ အပြစ်ကိုရှုသော ဉာဏ်

(၆) **နိဗ္ဗိဒါဉာဏ်** -ရုပ်နာမ်တို့၌ ငြီးငွေ့သောဉာဏ်

(၇) **မုဉ္စိတုကမျတာဉာဏ်** -ပြုပြင်မှု(သင်္ခါရ)တို့မှလွတ်မြောက်လိုသောဉာဏ်

(၈) **ပဋိသင်္ခါဉာဏ်** -သင်္ခါရတို့၌ အနိစ္စ၊ဒုက္ခ၊အနတ္တ ဟု ထပ်မံရှုသောဉာဏ်

(၉) **သင်္ခါရုပေက္ခာဉာဏ်** -သင်္ခါရတို့၌ လျစ်လျူရှုသောဉာဏ်

(၁၀) **အနုလောမဉာဏ်** -ဆိုခဲ့ပြီးသော ဉာဏ်စဉ်များမှ မဂ် ဖိုလ်တရားတို့ကို ပေါင်းကူးပမာ လျော်စွာပြုသောဉာဏ်

အနုလောမဟူသည် မဂ္ဂဝီထိ၌ပါသော ဉာဏ်ဖြစ်သည်။ သခါရုပေက္ခာဉာဏ်မှ ရှေ့သို့တက်ပြီးဆိုက အနုလောမဉာဏ်နှင့် ရှေ့စိတ်တစ်ချက်ဂေါတြဘုဉာဏ်)ဖြစ်ပြီး မဂ်ဉာဏ်ရတော့သည်။ မဂ်ဉာဏ်ဖြစ်ချုပ်ပြီးသည်နှင့် ဖိုလ်ဉာဏ်ဆက်ဖြစ်ပြီး သောတာပန် အပြည့်ဖြစ်ပါသည်။

## တရားအားထုတ်သူတို့အတွက် ဆရာကောင်းဆရာမှန်

မဂ်ဖိုလ်နိဗ္ဗာန်ကို ရလို၍ သမထဝိပဿနာတရား အားထုတ်လိုသောပုဂ္ဂိုလ်သည် ကမ္မဋ္ဌာန်းဆရာကောင်း ဆရာမှန်ကို ရှာဖွေမှီဝဲဆည်းကပ်ရန်လိုပါမည်၊ သို့မှသာ မိမိရည်မှန်းချက် အောင်မြင်ပြီးမြောက်သော ဓမ္မရသကို ရရှိခံစားကြရမည် ဖြစ်ပါ သည်။

ဆရာမှားသွားပါက မိမိ၏ ဘဝသံသရာခရီးလမ်းသည်ပင် တိမ်းစောင်းသွားနိုင်ပါမည်၊ အဇာတသတ်၊ ရှင်ဒေဝဒတ် တို့သည် ဝဋ္ဋကမ္ဘာဒါလောင်းပါရမီရှင်ပြီးများ ဖြစ်ခဲ့ကြသော်လည်း ဆရာမှား အတွေးခေါ်မှားခဲ့ကြ၍ ငရဲ၌ကျခံရသည်ကို သတိပြုကြပါ။

အကောင်းဆုံးဆရာသည်ကား မြတ်စွာဘုရားပင် ဖြစ်ပါ သည်။ ယခုအခါ ဘုရားမရှိတော့သော်လည်း ဘုရားရှင်က မဟာ ပရိနိဗ္ဗာနသုတ်၌-

**"ချစ်သား၊ သုဘဒ္ဒ… ဤရဟန်းတို့သည်လည်း ကောင်းစွာနေကြကုန်ငြားအံ့၊ လောကသည် ရဟန္တာတို့နှင့် မဆိတ်သုဉ်းသည်သာ ဖြစ်ရာ၏"**

သုက်မဟာဝါအဋ္ဌကထာ၌-

"သောတာပတ္တိမဂ်ကိုရရှိရန်အကျိုးငှာ ကိုယ်တိုင်တရား အားထုတ်နေသောသူသည် မိမိလေ့ကျင့်အားထုတ်လျက်ရှိသော ကမ္မဋ္ဌာန်းကျင့်စဉ်ကို ဟောကြားနည်းပေး၍ သူတစ်ပါးကိုလည်း သောတာပတ္တိမဂ်ရစေခြင်းငှာ အားထုတ်နိုင်းသည်ရှိသော် ကောင်းစွာ နေရာရောက်ပေ၏"

ဟူ၍ ဟောတော်မူခဲ့သော တရားတော်အရ မိမိလည်း တရားအား ထုတ်၍ ရဟန္တာဖြစ်သူ (သို့မဟုတ်) အနာဂါမ်၊ သကဒါဂါမ်၊ သောတာပန်အဆင့်ရှိသော အရိယာပုဂ္ဂိုလ်များကို ကမ္မဋ္ဌာန်းဆရာ အဖြစ် မှီဝဲဆည်းကပ်နည်းယူရပါမည်။

ဘုရားရှင်သည် မိမိကိုယ်စား ပရိယတ္တိသာသနာကို ထားခဲ့တော်မူသောကြောင့် ပရိယတ်တတ်မြောက်သော ဆရာ သည် ဘုရားရှင်ကိုယ်စား မှန်ကန်သောကမ္မဋ္ဌာန်းနည်းသမ်းကို ပေးနိုင်သောဆရာတစ်ဆူ ဖြစ်ပါသည်။

## ဆရာကောင်းသည် မိတ်ဆွေကောင်းဖြစ်သည်

**"ကောင်းမြတ်သော မိတ်ဆွေနှင့်တွေ့ကြုံဆုံရပါက မဂ်ဖိုလ်ရရန် တစ်ဝက်ကိုစွပြီးသည်ဟု ထင်ပါကြောင်း"**

ရှင်အာနန္ဒက ဘုရားရှင်ကို ဤသို့လျှောက်ထားခဲ့ သည်။ ဘုရားရှင်က အာနန္ဒာစကားကို ပယ်မြစ်တားတော် မူပြီးလျှင် -

"ချစ်သားအာနန္ဒာ… ကောင်းမြတ်သောမိတ်ဆွေကို မှီဝဲဆည်းကပ်ရပါက မဂ်ဖိုလ်ရဖို့ ထက်ဝက်မကပါ၊ အပြည့်အစုံအကုန်လုံးပြီးစီးနိုင်ပါသည်၊ မိတ်ဆွေကောင်းဟူသည် ဆရာကောင်းရှိသူသည် ဂေဝင်ရှစ်ပါး ပွားလတ္တံ့၊ ကြိမ်ဖန်များစွာ ပြုလတ္တံ့." ဟု သံယုတ္တနိကာယ်ကလျာဏမိတ္တသုတ်၌ ဘုရားရှင်ကဟောကြားခဲ့ပါသည်၊ တစ်ဖန် သံယုတ္တနိကာယ်ကိဒ္ဒသုတ်၌-

-အစားအစာကိုပေးလှူခြင်းသည် ခွန်အားကိုလှူသည် မည်၏၊

-အဝတ်ကိုပေးလှူခြင်းသည် အဆင်းကိုလှူသည် မည်၏၊

-ယဉ်ကိုလှူခြင်းသည် သုခချမ်းသာကိုလှူသည် မည်၏၊

-ဆီမီးကိုလှူခြင်းသည် မျက်စိအမြင်ကိုလှူသည် မည်၏၊

-မှီနေရာ(ကျောင်းဇရပ်)လှူခြင်းသည် အားလုံးကို လှူရာရောက်၏၊

-အကြင်သူသည် မြတ်စွာဘုရားရှင်၏ တရားတော်ကို တရားအားလျော်စွာ အစဉ်ဆုံးမမှုပေးသည်။ ထိုသူသည် အမြိုက်အမတကို ပေးလှူမှုမည်၏။

ဟု ဟောကြားတော်မူသောကြောင့် ကမ္မဋ္ဌာန်းနည်းပြဆရာများသည် မိတ်ကောင်း ဆွေကောင်းများ ဖြစ်ကြ၍ အမတအမြိုက်ကို ပေးလှူသူများလည်း ဖြစ်ပါသည်။

ထိုဆရာကောင်းနှင့်ပတ်သက်၍ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ အရည်အချင်း(၇)ချက် ဖော်ပြထားသည်ကို တွေ့ရပါသည်။

ကမ္မဋ္ဌာန်းဆရာဟူသော မိတ်ဆွေကောင်းသည်-

၁။ ချစ်အပ်သူ (ဝါ) သီလရှိသူဖြစ်ရမည်။(ပိယော)

၂။ အလေးအမြတ်ပြုအပ်သူ (ဝါ)သမာဓိကြီးသူ ဖြစ်ရမည်၊(ဂရု)
၃။ တရားအားထုတ်သူများကို စိတ်အားတက်ကြွအောင် ဆွဲဆောင်နိုင်သူ (ဝါ) တရားအားထုတ်သူများ၏ စိတ်နှလုံးကို ပွားစေသူ ဖြစ်ရပါမည်။(ဘာဝနီယော)
၄။ အပြစ်တွေမြင်လျှင် အားမနာတမ်း၊ မသိမဝှက်ပြောဆို ဆုံးမတတ်သူ ဖြစ်ရပါမည်။(ဝတ္တာ)
၅။ သူတစ်ပါးဝေဖန်မှုကို သည်းခံနိုင်သူ ဖြစ်ရပါမည်။(ဝစနက္ခမော)
၆။ တရားစကားကို နက်နဲစွာ ဟောပြောတတ်ရမည်။ (ဂမ္ဘီရဥ္စ ကထံကတ္တာ)
၇။ မကောင်းတာကို တားမြစ်၍ အကြောင်းမှန်တရားမှန်၌ ကျင့်ကြံ လိုက်နာစေရမည်။ အပါယ်ကျစေတတ်သော လမ်းကြောင်း၌ မယှဉ်စေအပ်။(နောစဋ္ဌာနေနိယောဇယေ)

ဤဂုဏ်အင်္ဂါ(၇)ချက်နှင့်ညီသော ပြည့်စုံသောဆရာသည် ကမ္မဋ္ဌာန်းအားထုတ်သူတို့အတွက် ကမ္မဋ္ဌာန်းဆရာကောင်းပင် ဖြစ်ပါတော့သည်။ ကောင်းမြတ်သောမိတ်ဆွေကောင်းလည်း ဖြစ်ပါသည်။

ဝိသုဒ္ဓိမဂ်(၇)ပါးကို အခြေခံ၍ (ဝါ) စင်ကြယ်မှုလှေကား ခုနစ်သွယ်ကို တစ်ဆင့်ပြီးတစ်ဆင့် တစ်တစ်ပြီးတစ်ထစ် နည်းပေးလမ်းပြသော ဆရာကောင်းဟူသော မိတ်ဆွေကောင်းကမ္မဋ္ဌာန်းနည်းပြဆရာကို မိမိတို့ကို အမတအမြိုက် အရသာကိုပေးနေသူဟူ၍ မှတ်ပါလေ။

## ယောဂီ(သို့မဟုတ်)တရားအားထုတ်သူ

"ကမ္မဋ္ဌာနဘာဝနာယယုတ္တပ္ပယုတ္တောယောဂီ"

"ကမ္မဋ္ဌာန်းဘာဝနာအားထုတ်သူ၊ အလွန်အားထုတ်သူ၊ အားထုတ်လေ့ရှိသူ၊ အားထုတ်နေသူကို ယောဂီ"(နေတ္တိအဋ္ဌကထာ)

တရားအားထုတ်သူယောဂီသည် အောက်ပါသူတော်ကောင်းလက္ခဏာခုနစ်ဖြာနှင့် ပြည့်စုံရန်လိုအပ်ပါမည်-

သဒ္ဓါ - ရတနာသုံးပါးနှင့် ကံ၊ ကံ၏အကျိုးကိုယုံကြည်ခြင်း၊
သီလ - ငါးပါး၊ ရှစ်ပါး စသော သီလမြဲခြင်း၊
သုတ - အကြားအမြင်များခြင်း၊
စာဂ - စွန့်ကြဲပေးကမ်းလှူဒါန်းခြင်း၊
ပညာ - အသိအလိမ္မာဉာဏ်ပညာရှိခြင်း၊
ဟိရီ - မကောင်းမှု၌ ရှက်ခြင်း၊
ဩတ္တပ္ပ - မကောင်းမှု၌ ကြောက်ခြင်း

တရားအားထုတ်သူ(ယောဂီ)၏ အရည်အချင်းအင်္ဂါနှင့်ပတ်သက်၍ အင်္ဂုတ္တရနိကာယ် ဒုကနိပါတသေနာသနသုတ်၌ -

၁။ မြတ်စွာဘုရားကို ယုံကြည်ခြင်း
(ရတနာသုံးပါးကို ယုံကြည်ခြင်းရှိရမည်)

၂။ အနာရောဂါကင်းခြင်း
(ကျန်းမာမှတရား အားထုတ်နိုင်မည်)

၃။ မစဉ်းလဲမကောက်ကျစ်ခြင်း
(မိမိကိုယ်ကို အမှန်တရား၌ ရပ်တည်မှုရှိရမည်)

၄။ ခွဲလုံ့လရှိခြင်း (ဘုသိုလ်ရမှုအတွက် ခွဲလုံ့လရှိရမည်)

၅။ ပညာရှိခြင်း
(ဖြစ်ပျက်မှုသိသောပညာ၊ ကိလေသာကို နှိမ်နိုင်သော ပညာရှိရမည်)

ဟူ၍ ဟောထားသည်ကို တွေ့ရပါသည်။

ဤအင်္ဂါငါးပါးနှင့်ပြည့်စုံသော ယောဂီပုဂ္ဂိုလ်သည် အရဟတ္တဖိုလ်သို့ မျက်မှောက်ပြုနိုင်ကြောင်း ဘုရားရှင်က ဟောကြားခဲ့ပါသည်။

ပရိတ်ကြီးလာမေတ္တာသုတ်၌ တရားအားထုတ်မည့်ပုဂ္ဂိုလ်တို့ လိုက်နာကျင့်သုံးရမည့် အချက်(၁၄)ချက်ရှိပါသည်-

၁။ **သက္ကော** -တရားအားထုတ်နိုင်သောလုံ့လရှိရမည်၊
၂။ **ဥဇူ** -ကိုယ်၊ နှုတ်နှစ်ပါး ဖြောင့်မတ်ရသည်၊
၃။ **သုဟုဇူ** -စိတ်ထားဖြောင့်မတ်ရပါမည်၊ မလိမ်ရပါ၊
၄။ **သုဝစော** -ဆရာစကားကို လိုက်နာတတ်ရမည်၊
၅။ **မုဒု** -ကိုယ်နှုတ်အမူအယာ ယဉ်ကျေးသိမ်မွေ့ရပါမည်။
၆။ **အနတိမာနီ** -မာန်ကင်းရပါမည်၊
၇။ **သန္တုဿကော** -ရှိသမျှနှင့် ရောင့်ရဲလွယ်ရပါမည်၊
၈။ **သုဘရော** -မွေးမြူလွယ်ရပါမည်၊
၉။ **အပ္ပကိစ္စော** -အလုပ်ကိစ္စ နည်းရပါမည်၊
၁၀။ **သလ္လဟုကဝုတ္တိ**-အသက်မွေးမှု ပေါ့ပါးစေရပါမည်၊
(ပန်းကန်ခွက်ယောက်များ မရှုပ်ရပါ၊ငှက်ကဲ့သို့ လိုရာအရပ်မရွေး ပျံနိုင်သော သဘောရှိရပါမည်)

၁၁။ **သန္တိန္ဒြိယော** -မျက်စိ စသည် ငြိမ်သက်သော ဣန္ဒြေရှိရပါမည်၊
၁၂။ **နိပကော** -ပြောပြလျှင် နားလည်လွယ်သော သဘောရှိရမည်။
၁၃။ **အပ္ပဂဗ္ဘော** -ကိုယ်နှုတ်စိတ်ကြမ်းမရှိရပါ၊ လိုချင်မှု နှိပ်စက်လိုမှု စိတ်ထားလုံးဝမရှိရပါ။
၁၄။ ကုလေသွနနုဂိဒ္ဓေါ -မိမိကို ယုံကြည်မှုထောက်ပံ့သူတို့၌ နှစ်သက်စွဲလမ်းခြင်း မရှိစေရ။

## အဓိဋ္ဌာန်ဆောက်တည်ရမည်

ပါရမီဆယ်ပါးတွင် အဓိဋ္ဌာန်ပါရမီ ပါဝင်ပါသည်။ မည်သည့်အလုပ်ကိုလုပ်လုပ် အဓိဋ္ဌာန်ပြီးလုပ်မှ အောင်မြင်သည်။ ထို့ကြောင့် တရားအားထုတ်သောပုဂ္ဂိုလ်သည် အဓိဋ္ဌာန်ဝင်၍ တရားအားထုတ်ရပါမည်။

အဓိဋ္ဌာန်ဆောက်တည်၍ တရားအားထုတ်သော ယောဂီသည် ဘုရားရှင်၏ ဥပရိပဏ္ဏာသပါဠိတော် ဝိဘင်္ဂဝဂ်၌လာသော-

**"ချစ်သားတို့...အတိတ်ခန္ဓာသို့လည်း အစဉ်မလိုက်ရာ၊ အနာဂတ်ခန္ဓာကိုလည်း မတောင့်တရာ၊ အတိတ်ခန္ဓာချုပ်ငြိမ်းပြီး အနာဂတ်ခန္ဓာသည် မရောက်လာသေး၊ ပစ္စုပ္ပန်ဖြစ်သော သဘောတရားကို ထိုထိုဖြစ်ဆဲခဏ၌သာလျှင် ဝိပဿနာရှုသောပုဂ္ဂိုလ်သည် တွန့်တိုခြင်း၊ ပျက်စီးခြင်းမရှိသော ဝိပဿနာရှုမှုကို အဖန်ဖန် ပွားများရာ၏။**

မိမိသည် ယနေ့မသေ၊ နက်ဖြန်ကျမှသေမည်ဟု မိမိကိုယ်ကို မိမိလည်းမသိနိုင်၊ ဘယ်သူကမှလည်းမသိနိုင်၊ အချိန်မရွေး သေနိုင်သည်။

ထို့ကြောင့် အားထုတ်သင့်သော ကုသိုလ်အလုပ်ကို ယနေ့ပင်လျှင် ပြုအပ်၏။ မိမိတို့သည် စစ်သည်ဗိုလ်ပါများစွာလှသော သေမင်းနှင့်သေရမည့်နေ့၊ သေရမည့်အချိန်ကို ချိန်းချက်ထားမှု မရှိပါ။

သို့ဖြစ်၍ သေခြင်းသဘောကို နားလည်ပြီး အတိတ်၊ အနာဂတ်ကို လွှတ်၍ ပစ္စုပ္ပန်ကျကျရှုမှတ်နေလေ့ရှိသော နေ့ညပတ်လုံး မပျင်းမရိလွန်စွာ အားထုတ်ခြင်းရှိသောပုဂ္ဂိုလ်ကို ကောင်းသောညဥ့်တစ်ညဥ့်ရှိသောပုဂ္ဂိုလ်(ဘဒ္ဒေကရတ္တ)ပုဂ္ဂိုလ်" ဟူ၍ ဘုရားရှင်က ဟောကြားခဲ့ပါသည်။

ဤတရားတော်အရ တရားအားထုတ်သူသည် အတိတ်၊ အနာဂတ်ကိုလွှတ်ပြီး မိမိခန္ဓာရှိပစ္စုပ္ပန်ထင်ရှားရှိသော တရားတို့ကို ဉာဏ်အမြင်အလင်းရအောင် အားထုတ်ရမည် ဖြစ်ပါသည်။

ထိုသို့ အားထုတ်ရာတွင် ဓမ္မပဒအဋ္ဌကထာ၌ လမ်းညွှန်ထားသည့်အတိုင်း-

| | |
|---|---|
| မြင်တိုင်းလည်း | - မကြည့်ရပါ၊ |
| ကြားတိုင်းလည်း | - နားမထောင်ရပါ၊ |
| သွားချင်တိုင်းလည်း | - မသွားရပါ၊ |
| စားချင်တိုင်လည်း | - မစားရပါ၊ |
| အိမ်ချင်တိုင်းလည်း | - မအိမ်ရပါ၊ |
| ပြောချင်တိုင်းလည်း | - မပြောရပါ၊ |
| မအပါဘဲ | - အ,ချင်ယောင် ဆောင်ရပါမည်၊ |

မကန်းပါဘဲ - ကန်းချင်ယောင်ဆောင်ရပါမည်၊
နားမထိုင်းပါဘဲ - နားထိုင်းအောင် ဆောင်ရပါမည်၊
မိမိစိတ်၌ သတိအမြဲရှိနေရပါမည်။

## တရားဓထိုင်ဝီ ဝရိတံ

တရားအားထုတ်လိုသောပုဂ္ဂိုလ်သည်-

၁။ **အတာပီနော** -မိမိကိုယ်၌ အရိုးအကြောအရေသာ ကျန်ပါစေ၊ အသားတွေအသွေးတွေ ခန်းခြောက်ပိန်ချုံးကျသွားပါစေ၊ မပေါ့မလျော့သော ခွဲစိတ်ဖြင့် မပြတ်အားထုတ်ပါမည်။

၂။ **သမ္ပဇာနော** -ဆင်ကန်းတောကိုး ကျင့်ကြံသည်မဟုတ်၊ သတိသမ္ပဇဉ်ဉာဏ်ယှဉ်ပြီး အသိပါပါ၊ဉာဏ်ရှိရှိ ဆရာနည်းလမ်းပြသောနည်းအတိုင်း အသိမှန် အမြင်မှန်ဖြင့် အားထုတ်ရပါမည်။ ပညာဉာဏ်ကို အသုံးပြုဖန်များလာလျှင် နက်နဲသော ရုပ်နာမ်သဘာဝကို ထိုးထွင်းသိလာသည်။ ရှုမှတ်သောအာရုံ၌ ပို၍ ကြည်လင်လာသည်။ တွေဝေမှုကင်းလာသည်။ ဤသည်မှာ သမ္ပဇဉ်ပညာဖြင့် အားထုတ်ခြင်းဖြစ်ပါသည်။

၃။ **သတိမာ** -သတိသည် ရှုမှတ်ပွားများသော ကမ္မဋ္ဌာန်းအာရုံ၌ ခိုင်မြဲခြင်းလက္ခဏာရှိသည်၊ ထိုအာရုံကို မပျောက်ပျက်စေဘဲ စောင့်ရှောက်ထိန်း

ထားသောသဘောရှိသည်။ အမှတ်မြဲလေ
သတိရှိလေဖြစ်သည်၊ ထို့ကြောင့် သတိသည်
အရေးကြီးသည်။

ဤတရားများအရ သတိရှိရှိ ပညာအဆင်အခြင်ဖြင့် မပြတ် နှလုံးသွင်းရှုမြင်လျက် ကြိုးကြိုးစားစားအားထုတ်ရမည် ဟူ၍ လမ်းညွှန်ထားပါသည်။

တရားအားထုတ်သော ပုဂ္ဂိုလ်အတွက် မရှိရမည့် အချက်များကိုလည်း သိထားရပါမည်။

"မိမိ၏ လက်ရှိခန္ဓာနှင့် မိမိခန္ဓာနှင့်ပတ်သက်သော ကာမဂုဏ်ကို စူးစိုက်ကြံစည်မှု၊ အထူးလိုချင်မှု၊ စိတ်ချမ်းသာမှု၊ စိတ်ဆုတ်နစ်မှုများကို ပယ်ပစ်နိုင်ရမည်။

သတိဝိရိယနိုင်မာစွာထားပြီး တရားအားထုတ်သောအခါ မိမိအာရုံပြုနေသော တရားအားရုံ၌ စိတ်တည်လာသည်။ အာရုံ တစ်ခု၌ စိတ်စွဲတည်လာ၍ သမာဓိရလာပါသည်။

သမာဓိရလာလျှင် စိတ်မပျံ့လွင့်တော့ပေ၊ လိုချင်မှု စိတ်ပျက်မှုများ မဖြစ်တော့ပေ၊ အာရုံ၌စိတ်သည် စည်းလုံးမိလာ သည်။ ကိုယ်စိတ်နှစ်ပါးလည်း ငြိမ်းအေးလာပါတော့သည်။ လေငြိမ်ငြိမ်၌ ထွန်းထားသောမီးတိုင်ကဲ့သို့ ငြိမ်ငြိမ်ပြီးနေပါလိမ့်မည်။ ထိုအခါ စိတ်လည်းချမ်းသာ၊ ကိုယ်လည်းချမ်းသာလာပါတော့သည်။

# တရားစခန်း၌ ကျင့်ရမည့်ကျင့်ဝတ်များ

တရားအားထုတ်လို၍ တရားစခန်းဝင်သော ယောဂီပုဂ္ဂိုလ်သည်-

၁။ မြက်ခင်း၊ သစ်ရွက်ခင်း၊ ပျဉ်ခင်းမြေညီထပ်ပေါ် သင့်လျော်ရာနေရာ၌ အိပ်နိုင်ရမည်။

၂။ ဘုရားဝေယျာဝစ္စ၊ ဆရာဝေယျာဝစ္စ စသည်တို့ကို ပြုလုပ်ပြီး သင့်လျော်သည့်အချိန်၌ ဆိတ်ငြိမ်ရာနေရာယူရမည်။

၃။ အိပ်ရာထပြီးလျှင် တံမြက်လှည်းခြင်း၊ သောက်ရေသုံးရေခပ်ခြင်း စသော ဝေယျာဝစ္စပြုပြီး ကိုယ်လက်သုတ်သင်ပြီးနောက် ဘုရားရှိခိုးကာ ဆိတ်ငြိမ်ရာသို့ ဝင်ရမည်။

၄။ အစားအစာစားသောအခါ ပစ္စဝေက္ခဏာဆင်ခြင်၍ စားရမည်။

၅။ တပ်မက်ဖွယ်အာရုံတို့ကို မမြင်-မကြားမိအောင် ကန်းသကဲ့သို့၊ အ,သကဲ့သို့၊ နားထိုင်းသကဲ့သို့ ကျင့်တတ်ရပါမည်။ တရားအားထုတ်ရာတွင် ဆိတ်ငြိမ်သောအရပ်သို့ ချဉ်းကပ်ရပါမည်။ (သို့မဟုတ်) လူခြေတိတ်သော ညဉ့်အချိန်၌ တရားအားထုတ်ရပါမည်။

တရားထိုင်သောအခါ **နိသီဒတိပလ္လင်္ကံအာဘုဇိတွာ** ဟူသော စကားအရ တင်ပလ္လင်ခွေထိုင်ပြီး ကိုယ်ကိုမတ်မတ်ထားရပါမည်။

တင်ပလ္လင်ခွေထိုင်ပုံနှင့်ပတ်သက်၍-

၁။ **ပဒုမာသနထိုင်နည်း=(ဘုရားထိုင်နည်း)**

ခြေနှစ်ဘက်ကိုပေါင်ခွင်ထဲသို့ ဝှက်၊ ဘယ်ခြေဖမိုးကို ညာပေါင်ပေါ်တင်၊ ညာခြေသလုံးကို ဘယ်ခြေသလုံးပေါ်ထပ်၊ ညာခြေဖမိုးသည် ဘယ်ဘက်ပေါင်ပေါ် ထင်နေရမည်။

(ဤထိုင်နည်းသည် ကျန်းမာရေးကောင်းသူများ ထိုင်နိုင်ပါသည်)

၂။ **အဍ္ဍပဒုမာသန= (ထက်ဝက်ခွေထိုင်နည်း)**

ထက်ဝက်ပလ္လင်ထိုင်နည်းဖြစ်သည်။ ခြေသလုံးချင်းမထပ်၊ ပေါင်ပေါ်မတင်စေဘဲ ခပ်လျော့လျော့ထိုင်ခြင်း ဖြစ်သည်။

အမျိုးသမီးများသည် တင်ပလ္လင်ခွေထိုင်နည်းဖြင့် ထိုင်နိုင်၏၊ ပုဆစ်ထုပ်၍လည်း ထိုင်နိုင်ပါသည်။ အမျိုးသားများလည်း ပုဆစ်တုပ်ထိုင်နိုင်ပါသည်။ မိမိတို့အကျင့်အရ ကြာကြာထိုင်နိုင်သော ထိုင်နည်းဖြင့်ထိုင်ရန် ဖြစ်ပါသည်။

တရားအားထုတ်လိုသောပုဂ္ဂိုလ်သည် တရားမထိုင်မီ အောက်ပါလုပ်ငန်းများကို လုပ်ကိုင်ရန် လိုအပ်လှပါသည်-

၁။ သီလဆောက်တည်ရမည်၊

၂။ ခန္ဓာငါးပါးရုပ်နာမ်တရားတို့ကို ဘုရား (သို့မဟုတ်) ဆရာထံ အပ်နှံရပါမည်၊

၃။ မိမိထက်အသက်ဂုဏ်ကြီးသောပုဂ္ဂိုလ်များ၌ ပြစ်မှားမှုရှိက အပြစ်ကင်းအောင်၊ ကျေအေးအောင် တောင်းပန်ကန်တော့ပါ၊

၄။ ဝေနေယျတို့ကို မေတ္တာပို့ပါ၊

၅။ မရဏာနုဿာတိဆင်ခြင်ပါ (ငါသည် မုချသေရမည်)

၆။ အစမထင်သံသရာကဆည်းပူးခဲ့သော ဒါန စသော ပါရမီ အစုစုတို့သည် ယခုအားထုတ်ဆဲခဏ၌ ပဌာန်းပစ္စည်းဖြင့် ကျေးဇူးပြု၍ ဤဘဝမှာပင် မဂ်ဉာဏ် ဖိုလ် ဉာဏ်ရနိုင်သည်ဖြစ်ပါစေ။

## အခန်း ( ၃ )

# သန္တိသုခသို့ လျှောက်ကြောင်းရွှေလမ်း

### (က) ပထမလှေကား - အကျင့်စင်ကြယ်မှု (သီလဝိသုဒ္ဓိ)

တရားအားထုတ်လိုသော လူ၊ သာမဏေ၊ ရဟန်း ပုဂ္ဂိုလ်တို့သည် ဆိုင်ရာဆိုင်ရာ အကျင့်သီလစင်ကြယ်ရမည်။ ထိုသို့ စင်ကြယ်ပါမှ မိမိတို့လိုလားသောတရားအဆင့် ရရှိပါမည်။

ထိုသို့ ဆိုင်ရာအကျင့်သီလစင်ကြယ်ခြင်းကိုပင် ပထမလှေကားသီလစင်ကြယ်မှု (သီလဝိသုဒ္ဓိ) ဟူ၍ပါသည်။

ဗုဒ္ဓသာသနာတွင် အနှစ်သာရသုံးပါး ရှိပါသည်။ ယင်းကား သီလ၊ သမာဓိ၊ ပညာတို့ဖြစ်ပါသည်။

သီလ၊ သမာဓိ၊ ပညာဟူသောစကားသည် အများဆိုင် သာမန်ခေါ်ဝေါ်ခြင်းဖြစ်ပါသည်။ တရားအားထုတ်လိုသောသူတို့ အတွက်မှု အရိယာသီလ၊ အရိယာသမာဓိ၊ အရိယာပညာဖြစ်ရန် လိုပါသည်။

အရိယာဆိုသည်မှာ မြတ်သောပိုသောဟု အနက်အဓိပ္ပါယ် ရပါသည်။

သာသနာပကာလတွင်လည်း သီလရှိပါသည်။ ထိုသီလသည်ကား သာမန်ရိုးရိုးသီလ ဖြစ်ပါသည်။ ဤဘုရားရှင်သာသနာ၌ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရေးအတွက် ဦးတည်ချက်ဖြင့် ထိန်းသိမ်းစောင့်ရှောက်သော သီလမှာသာပိုသော၊ မြတ်သောအရိယာသီလ ဖြစ်ပါသည်။

သီလဆိုသည်မှာ မိမိ၏ ကိုယ်အပြုအမူ (ကာယကံ)၊ နှုတ်၏ ပြောဆိုမှု (ဝစီကံ)တို့ကို ကောင်းစွာထားခြင်း၊ မကောင်းသော အပြုအမူအပြောအဆိုတို့ မဖြစ်ရလေအောင် စောင့်ထိန်းသိမ်းခြင်းသည် သီလမည်ပါသည်။

မင်္ဂလာတရားတော်၌ မိမိကိုယ်ကိုကောင်းစွာထားခြင်း (အတ္တသမ္မာပဏိဓိ)ဆိုသည်မှာ ဤသီလကို ရည်ညွှန်းထားခြင်း ဖြစ်ပါသည်။

လူသည် သီလစောင့်လျှင် အပြစ်ကင်းသည်။ စင်ကြယ်သန့်ရှင်းသည်။ သီလကို အရှက်အကြောက်ရှိသော သူတို့သာ ထိန်းသိမ်းစောင့်ရှောက်နိုင်သည်။

## သီလအမျိုးအစားများ

### စာရိတ္တသီလ

မိမိတို့လူမျိုးဓလေ့၊ ဘာသာဓလေ့အရ လိုက်နာပြုကျင့်ခြင်း၊ ဥပမာ- ဗုဒ္ဓဘာသာဝင်တို့ မိဘကျင့်ဝတ်၊ ဆရာ့ကျင့်ဝတ်၊ တပည့်ကျင့်ဝတ်တို့ကို လိုက်နာကျင့်သုံးခြင်းမျိုးသည်။

(အခြေခံကျင့်ဝတ်မဖြည့်ဆည်းသူသည် သီလမပြည့်နိုင်ဟူ၍ ဟောထားသောကြောင့် အခြေခံသီလစာရိတ္တသီလ မပြည့်စုံလျှင် အထက်သီလများ မပြည့်မီနိုင်ပါ။ ထို့ကြောင့် စာရိတ္တသီလကို လုံ့လပြု၍ စောင့်ရှောက်ရမည် ဖြစ်ပါသည်။)

**ဝါရိတ္တသီလ**

ဘုရားအစရှိသော သူတော်ကောင်းများက မလုပ်ကောင်းဟူ၍ တားမြစ်ထားသောကျင့်ဝတ်တို့ကို လိုက်နာပြုကျင့်ခြင်း၊ ဥပမာ-ငါးပါး၊ ရှစ်ပါး စသည့် သီလများဖြစ်သည်။

(ဤဝါရိတ္တသီလကို သဒ္ဓါယုံကြည်ချက်ဖြင့် စောင့်စည်းရပါမည်။)

**ဝိရတီသီလ**

သီလသိက္ခာပုဒ်ကို ကြိုတင်ဆောက်တည်ထားခြင်းလည်း မရှိ၊ ဒုစရိုက်မှုနှင့် ပက်ပင်းကြုံတွေ့လေသော် မကျူးလွန်ဘဲ လက်တွေ့ရှောင်ကြဉ်ခြင်းမျိုး ဖြစ်သည်။

(သိက္ခာပုဒ်ဆောက်တည်ထားခြင်းကား ကျူးလွန်စရာတွေ့သည်ဖြစ်စေ၊ မတွေ့သည်ဖြစ်စေ၊ ဆောက်တည်ခြင်းစေတနာအတွက် ကုသိုလ်ရပါသည်။ ကြုံတွေ့လာသော် ရှောင်နိုင်လိုက်ပါက သူ၏သီလသည် ဆောက်တည်သောသီလအဆင့်မှ ဝိရတီသီလအဆင့်သို့ ပြောင်းသွားသည်။ မရှောင်နိုင်က ဆောက်တည်သော သီလပျက်၏၊ ကျိုး၏။)

**အရှိုန်ပိုင်းသီလ**

ရှစ်ပါး၊ ကိုးပါးသီလများကို ကာလပိုင်းခြား၍လည်းကောင်း၊ နာရီပိုင်းခြား၍လည်းကောင်း၊ ဆောက်တည်ခြင်းဖြစ်သည်။

(လူတို့အတွက် ငါးပါးသီလ၊ သာမဏေတို့အတွက် ဆယ်ပါးသီလကို အသက်ထက်ဆုံးအစဉ် ဆောက်တည်ရပါမည်။)

**ဥပုသ်သီလ**

ဥပုသ်နေ့များတွင် ရှစ်ပါးသီလကို စောင့်ထိန်းခြင်း ဖြစ်သည်။ ရှစ်ပါးတွင် မေတ္တာကို့ထဲက (၉)ပါးသီလဖြစ်သည်။ ယင်းသီလကိုလည်း ဥပုသ်နေ့တွင် စောင့်ကောင်းသည်။

**ယောဂီသီလ(တရားအားထုတ်သူသီလ)**

တရားအားထုတ်သောယောဂီများသည် အာဇီဝဋ္ဌမက သီလကို စောင့်ထိန်းရပါသည်။ အာဇီဝဋ္ဌမကသီလဆိုသည်မှာ ကာယကံသုံးပါး၊ ဝစီကံလေးပါးနှင့် ထိုကာယ၊ ဝစီဒုစရိုက်တို့ကို ပြုလုပ်ပြောဆိုပြီး အသက်မွေးဝမ်းကြောင်းမှု မပြုခြင်းတို့ ဖြစ်ပါသည်။

(ဤသီလသည် မြတ်သောမဂ်ကိုရအောင် ကျင့်သော အကျင့်ဖြစ်၍ မဂ်အကျင့်၏ ရှေ့ပြေးသီလဟူ၍လည်းခေါ်၏။ ရဟန်းတို့အတွက် အာဇီဝပါရိ သုဒ္ဓိသီလဟုခေါ်သည်။)

**မြတ်သောသီလ**

တစ်စုံတစ်ရာရယူလိုမှုဟူသော တဏှာကိုအခြေခံပြီး သီလစောင့်ခြင်း၊ ငါသီလဆောက်တည်သည်ဟု အမှုအထင်ဖြင့် သီလစောင့်ခြင်း၊ ဤတဏှာမည်သောသီလ၊ ဒိဋ္ဌိမည်သော သီလသည် မမြတ်လှ၊ လောကုတ္တရာမဂ်ဖိုလ်အကျိုးငှာသာ စောင့်ထိန်းသောသီလသည်သာ မြတ်သောသီလဖြစ်ပါသည်။

## မဟာဒါနသီလ

အလေးအမြတ်ပြုအပ်၊ စောင့်အပ်သော ငါးပါးသီလ ဖြစ်သည်။ သူ့အသက်ကို မသတ်ခြင်း စသော ငါးပါးသီလကို စောင့်ထိန်းသူသည်-

- သတ္တဝါများကို ဘေးမရှိခြင်းကို ပေးလှူရာရောက်သည်၊
- ရန်မရှိခြင်းကို ပေးလှူရာရောက်သည်၊
- ဆင်းရဲမရှိခြင်းကို ပေးလှူရာရောက်သည်၊

သတ္တဝါတို့အား ဘေးမရှိ၊ ရန်မရှိ၊ ဆင်းရဲခြင်းကင်းရာ အလှူကိုပေးလှူရာရောက်သောကြောင့် မိမိအားလည်း ထိုအဖို့စုကို ရရှိသည်။ ဤမဟာဒါနသီလသည် ချမ်းသာကို ဆောင်တတ်သည်။ နတ်ပြည်သို့ ရောက်စေတတ်သည်။

မဟာဒါနကုသိုလ်ရှင်အား နှစ်သက်မှု၊ ဝမ်းမြောက်မှုတို့ကို ဖြစ်စေ၏၊ တိုးပွားစေ၏။ (အင်္ဂုတ္တိုရ်-၂-အဘိသန္ဒသုတ်)

ငါးပါးသီလကို စောင့်ထိန်းခြင်းသည် မြတ်သောအလှူကြီးငါးမျိုးကို ပေးလှူရာ၍ သူတစ်ပါးရောမိမိပါ နှစ်ဦးနှစ်ဘက် ချမ်းသာရ၏။

## ထုံးစွန်းပွတ်သီလ

ငါသည် အသက်ရှည်လို၏-မသေလို၊ ချမ်းသာလို၏-ဆင်းရဲခြင်းကို မနှစ်သက်၊ တစ်ဖုံတစ်ယောက်သောသူက ငါ့ကို သတ်လျှင် ငါမနှစ်သက်နိုင်သလို သူတစ်ပါးကို ငါသတ်ကလည်း သူကနှစ်သက်နိုင်မည်မဟုတ်။

ငါလည်းမနှစ်သက် သူလည်းမနှစ်သက်သော အလုပ်ကို ငါမလုပ်၊ သင်-ဤသို့စဉ်းစားပြီး သူတစ်ပါးအသက်သတ်ခြင်း

စသော အမှုတို့ကို မိမိလည်းမပြု၊ သူတစ်ပါးကိုလည်း မပြုစေ၊ သူ့အသက်သတ်ခြင်း စသော အမှုကိုရှောင်ကြဉ်မှုကို ချီးမွမ်း၏။

ဤသို့ ကာယကံကောင်းစွာပြုကျင့်ခြင်းသည် သုံးစွန်းလွတ်သော သီလမည်ပါသည်။

## ယုတ်-လတ်-မြတ်သီလ

သီလစောင့်ထိန်းသူသည်-

(၁) ထိန်းသိမ်းလိုသောဆန္ဒ၊

(၂) ကြိုးစားထိန်းသိမ်းမှုဝီရိယ၊

(၃) စောင့်ထိန်းလိုသောစိတ္တ၊

(၄) အကျိုးကိုကောင်းစွာမြင်သောပညာ၊

ဤလေးချက်ရှိရပါမည်။ ဤအရည်အချင်းလေးရပ် ညံ့လျှင်လည်းကောင်း၊ ငါသီလစောင့်ထိန်းသည်ဟု ကြွားဝါးလျှင်လည်းကောင်း ထိုသူ၏သီလသည် ယုတ်သည်။

သီလစောင့်ရာ၌ ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ပညာ အလတ်စားဖြစ်ပြီး ကောင်းမှုမြတ်နိုးသော စိတ်ဖြင့်စောင့်၏။ လောဘ၊ ဒေါသ စသော ညစ်နွမ်းမှုကင်း၏၊ ဆင်းရဲဒုက္ခမှလွတ်မြောက်လိုသော စိတ်ရှိ၏။

ဤသူ၏ သီလသည် အလတ်စားဖြစ်၏။

သီလစောင့်ရာ၌ ဆန္ဒပြင်းပြ၏၊ လုံ့လထက်သန်၏၊ စိတ်ပါ၏၊ ပညာဉာဏ်ရှုးရှ၏။

ဤအကျင့်ကား မဂ်ဉာဏ်ဖိုလ်ဉာဏ်ရလိုသူတို့၏ အကျင့်ဟု မြင်၏။

ဤသီလကုသိုလ်ကြောင့် ဇောစိတ်ဉာဏ်ကို ရည်သန်၏။ ဤသူ၏ သီလသည် မြတ်သောသီလဖြစ်သည်။

**ဝိဝဿနာအခြေခံသီလကြီး(၄)မျိုး (စတုပါရိသုဒ္ဓိသီလ)**

တရားအားထုတ်ကြရာတွင် သီလဝိသုဒ္ဓိဖြစ်စေရန် အခြေခံသီလကြီး (၄)ပါးကို အဓိကထား၍ စောင့်စည်းထိန်းသိမ်းရပါသည်။

**(က) ပါတိမောက္ခသံဝရသီလ**

သီလစောင့်ထိန်းသူကို အပါယ်ဒုက္ခ စသည်မှလည်းကောင်း၊ မိမိကိုယ်ကိုမိမိ ပြန်လည်အပြစ်တင်စွပ်စွဲသည့်ဘေး စသည်တို့မှလည်းကောင်း လွတ်မြောက်စေတတ်သောကြောင့် ပါတိမောက်ခေါ်ပါသည်။ ထိုပါတိမောက်ခေါ်သီလကို စောင့်စည်းထိန်းသိမ်းခြင်းသည် ပါတိမောက္ခသံဝရသီလဟု မည်ပါသည်။

ထိုပါတိမောက္ခသံဝရသီလသည် ဝိနည်းတော်လာ (၂၂၇) သွယ်သော သိက္ခာပုဒ်များနှင့် အာပတ်(၇)ပုံကို မကျူးမပေါက်အောင် စောင့်ရှောက်ထိန်းသိမ်းသော သီလကျင့်စဉ်များ ဖြစ်ပါသည်။

ရဟန်းများအတွက် (၂၂၇)သွယ်သော သိက္ခာပုဒ်ကို လုံခြုံအောင်ကျင့်သုံးလျှင် ပါတိမောက္ခသံဝရသီလနှင့် ပြည့်စုံပါသည်။ အငယ်စားသိက္ခာပုဒ်တစ်ခုခုကို ကျူးလွန်မိပါက ဒေသနာကြားလျှင် သီလဝိသုဒ္ဓိဖြစ်ပါသည်။

ပါရာဇိကအာပတ်(၄) သံဃာဒိသိသ်အာပတ် (၁၃)ပါးတို့သည် ကြီးလေးသော (ဂရုက)အာပတ်ဖြစ်၍ ဒေသနာကြား

ကုစား၍မရပါ၊ ပါစိတ်အာပတ် (၁၂၂)ပါး၊ ပါဋိဒေသနီအာပတ် ထုလ္လစ္စဥ်းအာပတ်၊ ဒုက္ကဋ်အာပတ်၊ ဒုဗ္ဘာသိအာပတ်တို့သည် ပေါ့သော(လဟုက)အာပတ်ဖြစ်၍ ဒေသနာကုစား၍ ရပါသည်။

(ထို့ကြောင့် ရဟန်းများသည် တရားအားထုတ်မည့်အချိန် အတိုင်း ကြိုတင်၍ ဒေသနာကြားရပါမည်။)

သာမဏေများသည် လိင်(၁၀)ပါး၊ ဒဏ်(၁၀)ပါး ပစ္စဝေက္ခဏာ၊ သေခိယကျင့်ဝတ်၊ စုဒ္ဒသခန္ဓကဝတ်တို့ကို မချွတ် မယွင်းအောင် စောင့်စည်းထိန်းသိမ်းရပါသည်။

သာမဏေများသည် နံနက်၊ နေ့လယ်၊ ညနေအားဖြင့် တစ်နေ့သုံးကြိမ်၊ မိမိ၏ သီလကို စစ်ဆေးကြရမည်။ ဣန္ဒြိယ သံဝရသီလ၊ အာဇီဝပါရိသုဒ္ဓိသီလ၊ ပစ္စယသန္နိဿိတသီလတို့ကို စောင့်ရှောက်ရမည်။

တိစီဝရိတ်မှတစ်ပါး ခုတင်(၁၂)ပါးကို တတ်စွမ်းသမျှ ဆောက်တည်ရသည်။

ဤသို့ဆိုပါက သာမဏေများ၏ သီလစင်ကြယ်မှု (သီလ ဝိသုဒ္ဓိ) ဖြစ်ပါသည်။

လူဝတ်ကြောင်းများအတွက်မူ ငါးပါးသီလသည် အပါယ် စသော ဆင်းရဲဒုက္ခဘေးမှ လွတ်မြောက်စေနိုင်သောကြောင့် လူပါတိမောက်ဟု ဆိုပါသည်။ ထိုသီလသည် အလေးအမြတ် ပြုအပ်သော သီလအရိယာပုဂ္ဂိုလ်တို့နှစ်သက်သော သီလဖြစ်ပါ သည်။

အထူးသဖြင့် ရှစ်ပါးသီလသည် ငါးပါးသီလအကျုံးဝင် ခြင်း၊ နေ့လွဲညစာရှောင်ခြင်း၊ ကခြင်း၊ သီဆိုခြင်း စသည်ရှောင်

ခြင်း၊ မြင့်မြတ်သောနေရာပယ်ခြင်းတို့ကြောင့် တရားအားထုတ်သောလုပ်ငန်းအတွက် သင့်လျော်သောသီလဖြစ်၍ လူဝတ်ကြောင်များအတွက် ရှစ်ပါးသီလသည် အသင့်လျော်ဆုံး ဖြစ်ပါသည်။ ရှစ်ပါးသီလလုံခြုံအောင်စောင့်ထိန်းလျှင် အခြေခံပါတိမောက္ခသံဝရသီလပြည့်စုံသည်ဟု ဆိုရပါမည်။

ပါတိမောက္ခသံဝရသီလကို လုံခြုံအောင် သဒ္ဓါတရားဖြင့် စောင့်ထိန်းရပါသည်။

ဘုရားရှင်၏အဆုံးအမကို အလွန်သက်ဝင်ယုံကြည်မြတ်နိုးသောစိတ်ရှိပါမှ ဝိနည်းကိုလေးစားသည်။ သီလကိုဂရုပြုသည်။ သဒ္ဓါတရားနည်းပါးလျှင် အကျင့်လျော့သည်။ ပေါ့ပျက်သည်။ သို့အတွက် သီလဝိသုဒ္ဓိဖြစ်ရန် သဒ္ဓါအားမွေးရသည်။

## (၂) ဣန္ဒြိယသံဝရသီလ

မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်ဟူသော ဣန္ဒြေခြောက်ပါးတို့ကို စောင့်စည်းရခြင်း၊ လေးတောင်ခန့်မျှကြည့်၍ မြင်ရာ၊ ကြားရာ၊ နံသောက်စရာ၊ အနံ့ရရာ၊ တွေ့ထိစရာ၊ ကြံစည်စရာတို့၌ သာယာနှစ်သက်ခြင်း၊ လောဘမဖြစ်ရလေအောင် အထူးသတိထား၍ လုံခြုံစွာစောင့်စည်းခြင်း ဖြစ်ပါသည်။

သံသရာဘေးကိုးကြောက်၍ တရားအားထုတ်လိုသော ပုဂ္ဂိုလ်များသည် ဤဣန္ဒြိယသံဝရသီလကို စောင့်ထိန်းခြင်းအားဖြင့် အကုသိုလ်မတိုးပွားခြင်းဟာ အကျိုးတရားအားထုတ်မှုကို တိုးတက်စေခြင်း အကျိုးရှိပါသည်။

ဣန္ဒြိယသံဝရသီလစောင့်ထိန်းပုံနှင့်ပတ်သက်၍ သာဓကဖလသုတ်၌ ဘုရားရှင်က-

"မင်းကြီး…ငါဘုရားရှင်သာသနာ၌ အကျင့်မြတ်ကို ကျင့်သောသူသည် မျက်စိဖြင့် အဆင်းကိုမြင်သည်ရှိသော် ယူလေ့မရှိ၊ ထိုမြင်ရသော သက်ရှိသက်မဲ့ဒြပ်ဝတ္ထု၏ အသေးစိတ် ဂုဏ်အရည်အချင်းဖြစ်သော ဝခြင်း၊ လှခြင်း စသည် (အနုဗျဉ္ဇန)ကို ယူလေ့မရှိဖြစ်၏။

မျက်စိကို မစောင့်စည်းသောသူတို့သည် မစောင့်စည်းမှုကြောင့် အဘိဇ္ဈာ၊ ဒေါမနဿ စသော ယုတ်မာသောအကုသိုလ်တရားတို့ကို ပွားကုန်၏"

ဟူ၍ ဟောတော်မူ၏။

မျက်စိကို စောင့်စည်းနည်းမှာ မမြင်အောင်နေရန် ဖြစ်ပါသည်။ တမင်မကြည့်ဘဲနေရန်ဖြစ်သည်။ သွားလာလျှင် ထမ်းပိုးတစ်ပြန်၊ လေးတောင့်ခန့်သာ ရှေ့သို့ကြည့်ရသည်။ မျက်လွှာချထားရသည်။ မြင်မိပါက လူ၊ ခွေး၊ နွား စသည်ဖြင့် နိမိတ်မယူရ၊ ဝသည်၊ လှသည် စသည်ဖြင့် (အနုဗျဉ္ဇန)မယူရပါ၊

ဤကဲ့သို့ မယူပါက အကုသိုလ်တရားများ မဖြစ်ပွားတော့ပါ။ အလားတူ အသံ၊ **အနံ့**၊ **အရသာ**၊ အတွေ့အထိ၊ အကြံအစည်တို့၌လည်း စောင့်စည်း**ရန် ဖြစ်ပါသည်**။

ဤဣန္ဒြိယသံဝရ**သီလကို** သတိဖြင့်လုံခြုံအောင် ထိန်းသိမ်းရပါမည်။ သတိရှိသူ၊ သတိပြုသူမှ ဤသီလလုံခြုံပါမည်။

ဝိသုဒ္ဓိအဋ္ဌကထာတွင် စည်းရိုးမရှိလျှင် ကောက်ပင်မလုံခြုံ၊ တံခါးပွင့်နေလျှင် အိမ်မလုံခြုံ၊ အမိုးမလုံလျှင် အိမ်မလုံ ဟူ၍ နှိုင်းယှဉ်ပြပြီး သတိမရှိလျှင် ဣန္ဒြိယသံဝရသီလမလုံခြုံနိုင်ဟု ဆိုပါသည်။

လှေတွင်ရေဝင်လာ၍ ပက်မထုတ်ပါက လှေနစ်မြုပ်မည် ဖြစ်သကဲ့သို့ မျက်စိစသော ဒွါရခြောက်ပါးမှဝင်လာသည့် အကုသိုလ်တို့ကို မစောင့်စည်းလျှင် အပါယ်သို့ကျပါမည်။

ထို့ကြောင့် ဣန္ဒြိယသံဝရသီလ စင်ကြယ်စေရန်-

မြင်ရာ - မကြည့်နဲ့
ကြားရာ - နားမထောင်နဲ့
နံရာ - မနမ်းနဲ့
စားစရာ - အရသာမခံစားနဲ့
ထိရာ - မသိုနဲ့
သိရာ - မကြံနဲ့

သတိနှင့်အရှိန်သတ်

တဏှာကိုဖြတ်-စောင့်အပ်ဣန္ဒြေဟူ၍ ဆရာတို့က ဆိုဆုံးမထားပါသည်။

သဒ္ဓါအား၊ ဝီရိယအား၊ သတိအား၊ သမာဓိအား၊ ဉာဏ် အားဟူသော အားငါးပါးဖြင့် ဣန္ဒြိယသံဝရသီလကို စောင့်ထိန်း နိုင်လျှင် နိဗ္ဗာန်ရောက်မည်သာ ဖြစ်ပါသည်။

## (၃) အာဇီဝပါရိသုဒ္ဓိသီလ

အသက်မွေးဝမ်းကြောင်း သီလစင်ကြယ်မှုဖြစ်ပါသည်။ ရဟန်းတော်များသည် ပစ္စည်းလေးပါးနှင့်စပ်၍ မရှာမှီးအပ်သော အမျိုးတို့၌ သဒ္ဓါတရားကို ဖျက်ဆီးခြင်းဟုဆိုအပ်သော၊ မှားသော အသက်မွေးမှု (ကုလဒူသကအနေသနမိစ္ဆာဇီဝ) အမှုတို့ကို ရှောင်ကြဉ်၍ ဘုရားရှင်ခွင့်ပြုတော်မူအပ်သော၊ တရားသဖြင့်

ရအပ်သော၊ စင်ကြယ်သောပစ္စည်းဝတ္ထုတို့ကိုသာ သုံးဆောင်အသက်မွေးခြင်း ဖြစ်ပါသည်။

**ရဟန်းသာမဏေတို့ အသုံးအဆောင်(ပရိဘောဂ) ၄ – ပါး**

**(၁) ထေယျပရိဘောဂ**

သီလမရှိသော ရဟန်းသာမဏေသည် သီလရှိယောင်ဆောင်ပြီး ပစ္စည်းလေးပါးကို အလှူခံ၍ သုံးဆောင်ခြင်းသည် ခိုးသူသုံးဆောင်ခြင်းနှင့် တူသည်။

**(၂) ဣဏပရိဘောဂ**

သီလရှိသောပုဂ္ဂိုလ်သည် တရားသဖြင့်ရသော ပစ္စည်းလေးပါးကို ပစ္စဝေက္ခဏာမဆင်ခြင်ဘဲ သုံးဆောင်ခြင်းသည် သူတစ်ပါးကြွေးမြီကိုယူ၍ သုံးဆောင်ခြင်းနှင့်တူသည်။

(ရဟန်းသာမဏေများသည် သင်္ကန်းဝတ်ရုံတိုင်း၊ ဆွမ်းစားတိုင်း၊ ကျောင်းအိပ်ရာနေရာဝင်တိုင်း၊ ဆေးသုံးစွဲတိုင်း ပစ္စဝေက္ခဏာ ဆင်ခြင်ရမည်)

ပစ္စည်းကို သုံးဆောင်တိုင်းဖြစ်စေ၊ ခံယူသောအခါဖြစ်စေ သတိကပ် အမြဲထားပြီး ပစ္စဝေက္ခဏာထင်ထားလျှင် အာပါတ်မသင့်နိုင်ပါ။

ပစ္စဝေက္ခဏာထိုက်သောပစ္စည်းကို ပစ္စဝေက္ခဏာမတင်ဘဲ မဆင်ခြင်ဘဲသုံးဆောင်လျှင် ရဟန်းတို့အား ဒုက္ကဋ် အာပတ်သင့်ပါသည်။

**(၃) ဒါယဇ္ဇဝရီဘောဝ**

သေက္ခပုဂ္ဂိုလ်ခုနစ်ယောက်တို့သည် အဘ၏ ဥစ္စာ့ကို သားသမီးတို့သာ အမွေခံထိုက်သကဲ့သို့ ဘုရားရှင်၏ ဥစ္စာဖြစ်သော ပစ္စည်းလေးပါးကို အမွေခံအဖြစ် သုံးဆောင်ထိုက်သည်။

**(၄) သာမိစိဝရီဘောဝ**

ရဟန္တာအရှင်မြတ်တို့သည် တဏှာ၏ကျွန်ဘဝမှ လွတ်မြောက်ပြီးဖြစ်၍ အရှင်သခင်အဖြစ် သုံးဆောင်ထိုက်သည်။

**ရဟန်းသာမဏေတို့၏ ကာလိက(၄)ပါး**

(၁) ယာဝကာလိက -ဘောဇဉ်ခဲဖွယ်တို့သည် အရုဏ်တက်မှ နေမွန်းတည့်သည်အထိ စားသုံးကောင်းသည်။

(၂) ယာမကာလိက -အဖျော်ရှစ်ပါးသည် အရုဏ်တက်မှ နောက်အရုဏ်တက်အထိ ဆာလောင်မွတ်သိပ်လာသောအခါ သုံးဆောင်ကောင်းသည်။

(၃) သတ္တာဟကာလိက -ထောပတ်၊ ဆီဦး၊ ပျားရည်၊ ဆီ၊ တင်လဲ ဤငါးပါးသည်ဆေးအတွက် အကပ်ခံရသော နေ့ခုနစ်ရက်တိုင်အောင် သုံးဆောင်ကောင်းသည်။

(၄) ယာဝဇီဝက -ဆေးဝါးဟူသမျှတို့သည် အနာဟူသော အကြောင်းရှိလျှင် အသက်ထက်ဆုံး သုံးဆောင်ကောင်းသည်။

(ရဟန်းသာမဏေတို့သည် ပရိဘောဂလေးပါး၊ ပစ္စဝေက္ခဏာလေးပါး၊ ကာလိကလေးပါးတို့ကို လုံခြုံစွာ စောင့်စည်းထိန်းသိမ်းရမည်။)

**ရဟန်းသာမဏေတို့ ရှောင်ကြဉ်အပ်သော ဝစ္စည်း(၂၀)မျိုး**

(၁) သစ်ဝါးပေးခြင်း၊
(၂) ပန်းပေးခြင်း၊
(၃) တံပူပေးခြင်း၊
(၄) သစ်ရွက်ပေးခြင်း၊
(၅) သစ်သီးပေးခြင်း၊
(၆) မျက်နှာသစ်ရေပေးခြင်း၊
(၇) တရော်ကင်ပွန်းပေးခြင်း၊
(၈) ကသယ်မှုန့်ပေးခြင်း၊
(၉) မြေဖြူမြေနီပေးခြင်း၊
(၁၀) ဆေးကုသပေးခြင်း၊
(၁၁) **လာဘ်ကိုငဲ့၍** ချစ်ဖွယ်စကားပြောခြင်း၊
(၁၂) **လာဘ်ကိုငဲ့၍** အကျွမ်းဝင်လို၍ မမှန်တစ်ချက်၊ **မှန်တစ်ချက်**ပြောဆိုခြင်း၊
(၁၃) ကလေးသူငယ်ကို ချီပိုးသုတ်သင်ပေးခြင်း၊
(၁၄) ဒါယကာတို့ အစေအပါးခံခြင်း၊
(၁၅) တမန်သွားခြင်း၊
(၁၆) အပသို့အစေအပါးခံခြင်း၊
(၁၇) ဆွမ်းကိုဆွမ်းတုံ့ပေးခြင်း၊

(၁၈) လာဘ်ကိုသာယာ၍ တံစိုးပေးခြင်း၊
(၁၉) နက္ခတ်ကြည့်ပေး၊ ကြားပေးခြင်း၊
(၂၀) ကြန်အင်လက္ခဏာဖတ်ကြားပေးခြင်း၊
(၂၁) အိပ်ရာစသောလူတို့အခမ်းအနားကိုညွှန်၍ ဟောကြားခြင်း၊

ဤ(၂၁)ပါးသောအကြောင်းဖြင့်ရသော ပစ္စည်းကိုမှီ၍ အသက်မွေးရသော ရဟန်းသည်-

-ပစ္စည်းမစင်ကြယ်သောကြောင့် အာဇီဝပါရိသုဒ္ဓိသီလ ပျက်သည်၊
-ဣန္ဒြေမစောင့်စည်းခြင်းကြောင့် ဣန္ဒြိယသံဝရသီလ ပျက်သည်၊
-ရသောပစ္စည်းပစ္စဝေက္ခဏာမထိုက်သောကြောင့် ပစ္စယသန္နိဿိတသီလပျက်သည်။

သို့သော် ပါရာဇိကအာပတ်မရောက်ခြင်းကြောင့် ဤသီလလေးပါးပျက်သည်နှင့် ဒုဿီလဟူ၍ မသတ်မှတ်ရပါ။

ဤသီလလေးပါးတွင် အာဇီဝပါရိသုဒ္ဓိသီလသည် ဤသီလသုံးပါးတို့၏ အဓိကအခြေခံဖြစ်နေ၍ သတိရှိစွာနှင့် ခြိုးခြံစွာဆင်ခြင်၍ ကျင့်အပ်သင့်ပါသည်။

## (၄) ပစ္စယသန္နိဿိတသီလ

ဆွမ်း၊ သင်္ကန်း၊ ကျောင်းဆေး ဟု ဆိုအပ်သော ဘုရားရှင် ခွင့်ပြုတော်မူအပ်သော ပစ္စည်းလေးပါးအပေါ်၌ ပညာဖြင့်ဆင်ခြင်၍ သုံးဆောင်သော သီလဖြစ်ပါသည်။

ရဟန်းသာမဏေများအဖို့ ပစ္စည်းလေးပါးကို သုံးဆောင်ရာတွင် အမှတ်တမဲ့ မသုံးဆောင်ရပါ၊ ပညာဖြင့် ဆင်ခြင်၍ သုံးဆောင်ရပါသည်။ ပညာဖြင့် ဆင်ခြင်ပုံမှာ-

၁။ သင်္ကန်း -အချမ်း၊ အပူကို ကာကွယ်ရန်၊ မှက်၊ ခြင်၊ ယင်၊ လေ၊ နေပူ၊ မြွေ၊ ပျား၊ ကင်း၊ သန်းဘေးတို့မှ ကာကွယ်ရန် ခန္ဓာကိုယ်အရှက်အကြောက်ကို လုံခြုံစေရန် ဤသင်္ကန်းကို ငါဝတ်ဆင်ပါ၏။

၂။ ကျောင်း -ဥတုသီဥတုဒဏ်နှင့် ပိုးမွှားဒဏ်ကာကွယ်ရန် စိတ်တည်ကြည်မှု သမာဓိရစေရန် ဤကျောင်းမှာ ငါ နေပါ၏။

၃။ ဆေး -ဖြစ်ပြီး၊ဖြစ်ဆဲ ရောဂါဝေဒနာပျောက်ရန်၊ ရောဂါသစ်များ မဖြစ်ပေါ်လာစေရန် ဤဆေးကို ငါမှီဝဲသုံးဆောင်ပါ၏။

၄။ ဆွမ်း- (က) ဤသည်စားဖွယ်အမယ်မယ်ကို၊ မြူးရယ်မန်ကြွ၊ လှပ်ရေးဆင်း၊ ပြည့်ဖြိုးခြင်းငှာ၊ မသုံးဆောင်ပါဘူး။

(ခ) လေးဖြာခတ်ဆောင်၊ ဤကိုယ်ကောင်သည်၊ ရှည်အောင်တည်လျက်၊ အသက်မျှတမ်း၊ မမောပန်းငြား၊ ဘုရားသာသနာ၊ ကျင့်နှစ်ဖြာကို ကျင့်နိုင်ပါစေ၊ ဝေဒနာဟောင်းသစ် မဖြစ်စေရ။

(ဂ) ပဘာဂိုဏ်မှုလောဘ၊ ခပ်သိမ်းပြစ်ကို၊ မဖြစ်စေသော၊ ချမ်းမြေ့အောင်ဟု သုံးဆောင်မှီဝဲပါသတည်း။

ဤဆင်ခြင်မှုတွင် -

(၁) ဖော်ပြပါအတိုင်း မဆင်ခြင်က မိမိရုပ်ခန္ဓာလှပစေအောင်၊ ဝအောင်၊ ပြည့်ဖြိုးအောင် သုံးဆောင်ရာရောက်၍ ကာမသုခလ္လိကာနုယောဂလမ်းစဉ် ကို သက်ဝင်ပါ၏။

(၂) ဖော်ပြပါအတိုင်း ဆင်ခြင်စားပါက အစာမစား၊ မဝရေစာ စားပြီး ခန္ဓာကိုယ်ညှင်းဆဲသောအကျင့်ကို ကျင့်ရာ မရောက်၊ မသေအောင်၊ မပင်ပန်းအောင် ဘုရားသာသနာ ကိုကျင့်နိုင်အောင် စားပါသည်ဟု နှလုံးသွင်းထားသော ကြောင့် အတ္တကိလမထာနုယောဂကျင့်စဉ်မှလွတ်ပါသည်။

(၃) ဖော်ပြပါအတိုင်း ဆင်ခြင်ပါက အတ္တ(ကာမ) အစွန်း နှစ်ပါးမှလွတ်၍ မဇ္ဈိမပဋိပဒါဘောင်အတွင်း ဝင်ပါသည်။

ရဟန်းဖြစ်စေ၊ လူဖြစ်စေ၊ ဤသီလကို ပညာဖြင့်ဆင်ခြင်၍ ဖြည့်ဆည်းရပါမည်။ ပစ္စဝေက္ခဏာဆင်ခြင်ရာတွင် သုံးဆောင်ခိုက်မှာ ဆင်ခြင်ရပါမည်။ သုံးဆောင်ခိုက် မဆင်ခြင်မိလျှင် နောက်နေ့အရုဏ်မတက်မီ ဆင်ခြင်ရပါမည်၊ တစ်နေ့လုံးတစ်ချိန် တစ်ခါမျှ မဆင်ခြင်လျှင် ရဟန်းများအဖို့ ကြွေးတင်(ဣဏပရိဘောဂ) သွားပြီးဖြစ်ပါမည်။ ကြွေးဘန်းလန်းနှင့်သေလျှင် အပါယ်ကျပါမည်။

လူများအဖို့မူ သီလဝိသုဒ္ဓိမဖြစ်၍ ဥပသာနာအခြေခံပျက်ပါသည်။

ဤသီလကြီးလေးပါးနှင့် ပတ်သက်၍ အချုပ်မှတ်ရန်မှာ-

ပါတိမောက္ခသံဝရသီလကို - သဒ္ဓါစိတ်ဖြင့်
ဣန္ဒြိယသံဝရသီလကို - သတိတရားဖြင့်
အာဇီဝပါရိသုဒ္ဓိသီလကို - ဝီရိယဖြင့်
ပစ္စယသန္နိဿိတသီလကို - ပညာဖြင့် ကြိုးစားစောင့် ထိန်းကြရပါမည်။

## ဓုတင်(၁၃)ပါးအကျဉ်း

ရဟန်းသာမဏေများသည် ဤသီလကြီးလေးပါးကို လုံခြုံဖွာထိန်းသိမ်းစောင့်ရှောက်ပြီးလျှင် ဓုတင်(၁၃)ပါးကိုလည်း မိမိတို့ တက်စွမ်းသမျှ ဆောက်တည်သင့်ပါသည်။

ဓုတင်ဆိုသည်မှာ-

-အဝတ်အစားတွင်ကပ်နေသော ဖုန်မှုန့်စသည်တို့ကို ခါထုတ်သကဲ့သို့ ကိလေသာကို ခွာထုတ်ပစ်ခြင်းကို ဓုတင် ဟု ခေါ်ပါသည်။

-ကိလေသာကို ခါထုတ်သော အသိဉာဏ်ကို ဓုတ ဟု ခေါ်သည်။ ဥပါဒါန်စသော အကုသိုလ်တရားဆိုးတို့ကို ဓုတင်ဆောက်တည်ကျင့်သုံးသော စေတနာဖြင့် တဒင်္ဂ ထုတ်ပစ်သည်။ ထို့ကြောင့် ထိုစေတနာသည် ဓုတင် ပုဂ္ဂိုလ်ဖြစ်ကြောင်း အင်္ဂါ မည်ပါသည်။

ဓုတင်၏လက္ခဏာမှာ-

-ဓုတင်၏လက္ခဏာကား စေတနာပင် ဖြစ်ပါသည်။ ဓုတင်သည် တဏှာကို ဖျက်ခြင်းကိစ္စရှိ၏။ ဓုတင်သည် ကိလေသာတို့ကို ဝေးစွာခွာ၏။ ဓုတင် ဆောက်တည်သူ

သည် လျှပ်ပေါ်လော်လီခြင်း မရှိ၊ အလိုရမွက်နည်းသူ ဖြစ်သည်။

(၁) **ပံသုကူခုတင်**

ဒါယကာတို့လှူသော သင်္ကန်းကို စွန့်ပါ၏။ အမှိုက်ပုံ သုသာန် စသည်တို့၌ စွန့်ပစ်ထားအပ်သော ပံသုကူသင်္ကန်းကို ဆောက်တည်ပါ၏။

(၂) **တိစီဝရိက်ခုတင်**

လေးထည်မြောက်သော သင်္ကန်းကို စွန့်ပါ၏။ ဒုကုဋ်၊ ကိုယ်ရုံ၊ သင်းပိုင်ဟူသည့် သင်္ကန်းသုံးထည်သော သင်္ကန်းကိုသာ ဆောက်တည်ပါ၏။

(၃) **ပဏ္ဍိပါတ်ခုတင်**

လာဘ်ပိုလာဘ်လှူဖို့ ပယ်ပါ၏။ ဆွမ်းခံ၍ ရသမျှကိုသာ သုံးဆောင်ပါ၏။

(၄) **သပဒါနခုတင်**

လျှပ်ပေါ်လော်လည် အိမ်စဉ်ကျော်၍ဆွမ်းခံခြင်းကို ပယ်ပါ၏။ အိမ်စဉ်အတိုင်း ရပ်သောဆွမ်းကို ဆောက်တည်ပါ၏။

(၅) **ဧကာသနိက်ခုတင်**

နေရာအထူးထူး၌ စားခြင်းကို ပယ်ပါ၏။ တစ်ထိုင်တစ်နေရာ တည်း စားခြင်းကို ဆောက်တည်ပါ၏။

(၆) **ပတ္တပိဏ္ဍိကခုတင်**

နှစ်ခွက်မြောက်သော ဆွမ်းဟင်းကို ပယ်ပါ၏။ တစ်ခွက် တည်း၌ရှိသော ဆွမ်းဘောဇဉ်ကို ဆောက်တည်ပါ၏။

(၇) ခလုပဗ္ဗာဘာက္ခိဓုတင်
တံရိုက်ပိနည်းကဲ့သို့မ်းကို ပယ်ပါ၏။ ခလုပစ္ဆာဓုတင်ကို ဆောက်တည်ပါ၏။
(၈) အရညကဓုတင်
ရွာကျောင်း၌နေခြင်းကို ပယ်ပါ၏။ သစ်ပင်ရင်း၌နေခြင်းကို ဆောက်တည်ပါ၏။
(၉) ရုက္ခမူဓုတင်
မိုးအကာရှိသော ကျောင်းကိုပယ်ပါ၏။ သစ်ပင်ရင်း၌ နေခြင်းကို ဆောက်တည်ပါ၏။
(၁၀) အဗ္ဘောကာသိကဓုတင်
အမိုးအကာရှိသော ကျောင်းနှင့် သစ်ရပ်ဝါးရိပ်တို့ကို ပယ်ပါ၏။ လွင်တီးခေါင်ပြင်၌နေခြင်းကို ဆောက်တည်ပါ၏။
(၁၁) သုသာနဓုတင်
သုသာန်မဟုတ်သောနေရာကို ပယ်ပါ၏။ မိမိကျရာ နေရာ မျိုး၌သာ နေထိုင်မှုကို ဆောက်တည်ပါ၏။
(၁၂) နေသဇ္ဇိကဓုတင်
အိပ်ခြင်းကို ပယ်ပါ၏။ ထခြင်း၊ ထိုင်ခြင်း၊ စင်္ကြံသွားခြင်းကို ဆောက်တည်ပါ၏။

လူဝတ်ကြောင်များသည် ဧကာသနိကဓုတင်၊ ပတ္တပိဏ္ဍိက ဓုတင်၊ နေသဇ္ဇိကဓုတင်ဟူသော ဓုတင်(၃)ပါးကို ဆောက်တည် ကောင်းပါသည်။ ရုက္ခမူဓုတင်၊ သုသာနဓုတင်တို့ကို အမျိုးသမီး များ၍ မဆောက်တည်သင့်ဟု ဆိုပါသည်။

## ဓုတင်ဆောက်တည်ခြင်းအကျိုး

- အသက်မွေးမှု စင်ကြယ်ခြင်း၊
- ချမ်းသာအကျိုးရှိခြင်း၊
- အပြစ်မရှိ၊
- သူတစ်ပါးတို့အား ဒုက္ခမပေး၊
- ဘေးမရှိ၊
- သူတစ်ပါးတို့ကို မနှိပ်စက်၊
- အမှန်ကြီးပွား၏၊
- ကုသိုလ်တရား မဆုတ်ယုတ်၊
- မာယာစဉ်းလဲခြင်းမရှိ၊
- သေခြင်းကို စောင့်တတ်၏၊
- တောင့်တတိုင်း ပေးတတ်၏၊
- သတ္တဝါအားလုံးကို ဆုံးမတတ်၏၊
- စောင့်စည်းသော အကျိုးရှိ၏၊
- လျှောက်ပတ်သော အကျင့်ဖြစ်၏၊
- ကိလေသာတို့ မမှီမကပ်နိုင်၊
- ကိလေသာမှ လွတ်၏၊
- ရာဂကုန်၏၊
- ဒေါသကုန်၏၊
- မောဟကုန်၏၊
- မာန်ဟက်မှုကို ပယ်၏၊

- **ယုံမှားမှု ကင်း၏၊**
- **အမျှင်းကို ပယ်ဖျောက်၏၊**
- **သည်းခံတတ်၏၊**
- အာဘုမရှိ၊ မြတ်သောအကျင့်ဖြစ်၏၊
- မမွေ့လျော်ခြင်းကို ပယ်ဖျောက်၏၊
- မနိုင်းယှဉ်အပ်သောဂုဏ်ရှိ၏၊
- နိဗ္ဗာန်သို့ရောက်၏။

## သီလနှင့်ကျန်းမာရေး

ကျန်းမာမှ တရားအားထုတ်နိုင်၊ သီလဆောက်တည်နိုင်ပါမည်။ ကျန်းမာရေးနှင့်ပတ်သက်၍ ဘုရားရှင် ဟောထားသောကျင့်စဉ်များ ရှိပါသည်။

၁။ မျှတသော အစားအစာကို စားရမည်၊

၂။ မတည့်တာ မစားရ၊ တည့်တာကို စားရမည်၊

၃။ ကြေကျက်လွယ်သော အစားအစာကို စား ရမည်၊

၄။ အစာ၏အတိုင်းအရှည်ကို သိရမည်၊

၅။ ကိုယ်ကျင့်သီလ ရှိရမည်၊

၆။ မိတ်ကောင်းဆွေကောင်း ရှိရမည်၊

၇။ ကာလဒေသအလိုက် ရေပြောင်းရာသီပြောင်း သတိရှိရမည်၊

၈။ မြတ်သောအကျင့်ကို ကျင့်ရမည်၊ မေထုန်အမှု၌ ခေါင်းပါးစေရမည်။

# ရဟန်းများ သီလစင်ကြယ်အောင်ပြုလုပ်နည်း

**ရဟန်းများ** မိမိတို့ သီလစင်ကြယ်စေရန်-

၁။ **ဒေသနာသုဒ္ဓိ** - သင့်ရောက်အာပတ်ကို **ဒေသနာကြား၍** စင်ကြယ်စေရမည်၊

၂။ **သံဝရသုဒ္ဓိ** - မျက်စိ စသော ဣန္ဒြေပျက်စီးမှုကို တစ်ဖန် မပြုပြီဟု ဣန္ဒြေကို စောင့်စည်း အဓိဋ္ဌာန်ထားသဖြင့် စင်ကြယ်စေရမည်၊

၃။ **ပရိယေဋ္ဌိသုဒ္ဓိ** - တရားတော်နှင့်အညီ ပစ္စည်းရှာမှီးသဖြင့် စင်ကြယ်စေရမည်၊

၄။ ပစ္စဝေက္ခဏာသုဒ္ဓိ - သုံးဆောင်ထားသော ပစ္စည်းလေးပါးကို ပစ္စဝေက္ခဏာဆင်ခြင်သဖြင့် စင်ကြယ်စေရမည်၊

(ဤနေရာတွင် မအပ်သောရှာမှီးခြင်းဖြင့်ရသော ပစ္စည်းလေးပါးကို ပစ္စဝေက္ခဏာဆင်ခြင်က အကျိုးထူးမည် မဟုတ်ပါ၊ ယင်းပစ္စည်းတို့ကိုစွန့်၍ တရားနှင့်အညီရသော ပစ္စည်းတို့ကို ပစ္စဝေက္ခဏာဆင်ခြင်ပါမှသာ အကျိုးရှိရမည် ဖြစ်ပါသည်။)

ရဟန်းတော်များသည်-အာပတ်(၇)သွယ်သင့်ခြင်း **ကင်းမှ** သာလျှင် သီလစင်ကြယ်နိုင်ပါသည်။

သို့အတွက် ရဟန်းသည် ပါရာဇိကလေးပါးတွင် **တစ်ပါး** ပါးကျူးလွန်မိ၍ သီလစင်ကြယ်လိုသူ လူထွက်(ပရိသုဒ္ဓ)ပြုလိုက် လျှင် သီလစင်ကြယ်သွားပါမည်။

သံဃာဒိသိက်ကဲ့သို့သော ကြီးလေးသော (ဂရုက) အာပတ် သင့်ရောက်လျှင် သီလပျက်ပါသည်။ သီလတည်ပြန်လိုသော် ဝိနည်းဓမ္မကံနှင့်အညီ ပရိဝါသ်ဆောက်တည်ခြင်း၊ မာနတ် ခြောက် ညဥ့်ကျင့်ခြင်း အဗ္ဘာန္ဒကံဆောင်ခြင်းပြုလိုက်ပါက သီလ ပြန်၍ စင်ကြယ်ပါသည်။

ဤသံဃာဒိသိက်အာပတ်သည် သံဃာနှင့်ဆက်စပ်ပြုလုပ်မှ ပြီးစီးအောင်မြင်နိုင်သော အာပတ်ဖြစ်၍ အလွန်ဝန်လေးလှသော အာပတ်ဖြစ်၍ ဤအာပတ်မသင့်အောင် ရဟန်းတော်များ အထူးထိန်းသိမ်းစောင့်ရှောက်ကြရပါသည်။

နိဿဂ္ဂိယအာပတ်ရှိမူ ဝိနည်းဓမ္မကံနှင့်အညီ ပစ္စည်းကို စွန့်ပြီးလျှင် ဒေသနာကြားက သီလစင်ကြယ်ပါသည်။

ကျန်သောအာပတ်များသည် တရားအားမထုတ်မီတွင် အိမ်လုံး၊ ကျောင်းလုံး၊ တောလုံး၊ တောင်လုံးသင့်ထားပါသော်လည်း တရားအားမထုတ်မီရှေ့အဖို့တွင် ရဟန်းနှစ်ပါးထိုင်၍ ဒေသနာကြားလိုက်ပါက အာပတ်သင့်မှုပျောက်ကာ သီလ စင်ကြယ်သွား၍ တရားအားထုတ်ရာတွင် မဂ်ဖိုလ်ဆိုက် ရောက်နိုင် ပါသည်။

## ရဟန်းသာမဏေတို့ကြောက်ဖွယ်(၆)ရပ်

ရဟန်းသာမဏေများသည် မိမိတို့၏ သီလကို ကောင်းစွာ မစောင့်ရှောက်ဘဲ ဒါယကာတို့လှူသော ပစ္စည်းလေးပါးကို ပျော်ပါးစားသောက်သုံးဆောင်ကာ မေ့မေ့လျော့လျော့နေပါက အဂ္ဂိခန္ဓောပမသုတ်၌ ဘုရားရှင်ဟောကြားခဲ့သည့်အတိုင်း ကြောက်လန့်ဖွယ်အတိ ဖြစ်ပါမည်။

ရဟန်းသာမဏေတို့သည် သီလမရှိ၊ မစင်ကြယ်ဘဲ ဒါယကာတို့၏ ရှိခိုးဦးချခြင်းကို ခံရခြင်းထက် ထက်မြက်သော သားမြီးကြိုးနှင့် အရေ၊အသား အကြော၊ အရိုးတွေ စုတ်ပြတ်သွားအောင် ခြေသလုံးကို အရိုက်ခံလိုက်ရခြင်းက မြတ်ပါသေးသည်။ ဦးချခံရမှုက မိမိအတွက် အလွန်ယုတ်ညံ့လှပါသည်။

သီလမရှိ၊ မစင်ကြယ်ဘဲ ဒါယကာတို့၏ လက်အုပ်ချီခြင်းကို ခံရသည်ထက် ထက်မြက်စူးရှသော လှံမကြီးဖြင့် ရင်ဝကို ထိုးခံရခြင်းက မြတ်သေးသည်။

သီလမရှိ၊ မစင်ကြယ်ဘဲ ဒါယကာတို့ သဒ္ဒါကြည်ညို၍ လှူအပ်သော သင်္ကန်းကို ဝတ်ရုံရခြင်းထက် မီးရဲတောက်သော သံပြားကြီးဖြင့် ကိုယ်ကိုပတ်ထားသည်က မြတ်သေးသည်။

သီလမရှိ၊ မစင်ကြယ်ဘဲ လူဒါယကာတို့ လှူဒါန်းအပ်သော ကျောင်းပေါ်၌နေရ၊ အိပ်ရခြင်းထက် မီးရဲရဲတောက်သော လောင်နေသောသံခဲကို မျိုချရခြင်းက မြတ်သေးသည်။

သီလမရှိ၊ မစင်ကြယ်ဘဲ လူဒါယကာတို့ လှူဒါန်းအပ်သော ကုတင်ညောင်စောင်းပေါ်၌ အိပ်ရ၊နေရခြင်းထက် မီးရဲရဲတောက်သော သံကုတင်ပေါ်၌ အိပ်နေရခြင်းက မြတ်သေးသည်။

ထိုရဟန်းသာမဏေများသည် သေလွန်သော် ငရဲအိုး၌ ကျရောက်ရသည်။

ဂေါတမဘုရားရှင် [illegible] ဂိဇ္ဈကုတ်တောင်ခြေ၌ သင်္ကန်း၊ ခါးပန်းကြိုး၊ [illegible] မီးဟုန်းဟုန်းတောက်လောင်လျက် ဟစ်အော်ငိုကြွေးခြင်း[illegible]နေသော ရဟန်းပြိတ္တာ၊ [illegible] ပြိတ္တာများအကြောင်းကို ဘုရားရှင်က ထုတ်ဖော်ဟောထားသည်ကို သတိရကြ၍ သီလကိုအထူးစင်ကြယ်ကြရန် သတိပြုကြရပါမည်။

## တရားအားထုတ်သူလူတို့၏ သီလစင်ကြယ်မှု

လူတို့သည်ကား သူ့အသက်သတ်ခြင်းစသော ကာယဒုစရိုက်မှု၊ လိမ်ညာပြောဆိုခြင်းစသော ဝစီဒုစရိုက်မှုတို့ဖြင့် အသက်မွေးဝမ်းကျောင်းပြုက မိစ္ဆာဇီဝဖြစ်၍ အာဇီဝသုဒ္ဓိ (အသက်မွေးစင်ကြယ်မှု) မဖြစ်ပေ။

ကာယဒုစရိုက်၊ ဝစီဒုစရိုက်မှုတို့မှ ကင်းလွတ်သော လုပ်ငန်းမှရသောပစ္စည်းကို သုံးစွဲစားသောက်အသက်မွေးမှ အသက်မွေးမှုစင်ကြယ်၍ သီလဝိသုဒ္ဓိဖြစ်ပါမည်။

သမ္မာအာဇီဝဖြစ်အောင် အသက်မွေးပါက အာဇီဝဋ္ဌမက သီလလုံခြုံသည်ဟု ဆိုရပါမည်။ ဤသီလကို**ဆောက်တည်၍** ဝီရိယဖြင့် ကြိုးစားရပါမည်။

လူတို့အနေဖြင့် ဂရုဓမ္မနိစ္စသီလဟုခေါ်**သော** ငါးပါးသီလ၊ ဥပေါသထသီလဟုခေါ်သော ရှစ်ပါး၊ **ကိုးပါးသီလ**၊ သာမဏေသီလဟုခေါ်သော ဆယ်ပါးသီလတို့တွင် **သီလတစ်မျိုးမျိုးကို** မကျိုးမပေါက်အောင် ဆောက်တည်**ထိန်းသိမ်း**ပါက **သီလဝိသုဒ္ဓိ** ဖြစ်ပါသည်။

လူများမှာ **ရဟန်းသာမဏေတို့ကဲ့သို့** သီလမစင်**ကြယ်လျှင်** သဂ္ဂန္တရာယ်၊ **မဂ္ဂန္တရာယ်မဖြစ်ငြားသော်လည်း** ယုတ်**စွအဆုံး ငါးပါးသီလမှ မစင်ကြယ်လျှင် နှလုံးမသာယာ**ခြင်း နိုဝ်စက်ကာ **စိတ်မချမ်းသာ၍ ဝမ်းမြောက်ခြင်းစိတ်များ** မဖြစ်နိုင်သဖြင့် စိတ်**တည်ငြိမ်နိုင်မည် မဟုတ်ပါချေ။**

သတ္တဝါတို့သည် သေခါနီးအခါ၌လည်းကောင်း၊ တရားကို တကယ်အားထုတ်သောအခါ၌လည်းကောင်း မိမိတို့ ပြုအပ်

သောအမှု၊ အကျင့်သီလတို့ကို ပြန်၍စဉ်းစားဆင်ခြင်ကြသည်မှာ ဓမ္မတာဖြစ်ပါသည်။

ထိုသို့စဉ်းစားဆင်ခြင်သောအခါ ကောင်းသောအမှု စင်ကြယ်သောသီလအကျင့်တို့ကို မြင်ရလျှင် ဝမ်းမြောက်ခြင်း ပီတိဖြစ်ကာ တရားအားထုတ်လျှင် ရှေးကထက်ထင်မြင် ပေါက်ရောက်လွယ်သည်။

မကောင်းသောအမှု၊ မစင်ကြယ်သောသီလတို့ကို တွေ့မြင်ရသောအခါ ပူပန်မှုဖြစ်ကာ အလွန်တုန်လှုပ်ခြောက်ခြားမှုများဖြစ်ပေါ်၍ တရား၌မတည်နိုင်တော့ပေ။

## သီလပျက်စီးကြောင်းများ

မိမိတို့ဆောက်တည်ထားသော ငါးပါး၊ ရှစ်ပါး စသော သီလများသည် အောက်ပါအကြောင်းငါးရပ် တစ်ရပ်ရပ်နှင့် ကြုံလာလျှင် ပျက်စီးတတ်ပါသည်-

- လာဘ်လာဘနှင့်ကြုံလာလျှင်၊
- အခြွေအရံအသင်းအပင်းထိခိုက်လာလျှင်၊
- ဆွေမျိုးကိစ္စများကြုံတွေ့လာလျှင်၊
- မိမိကိုယ်လက်အင်္ဂါထိခိုက်လာလျှင်၊
- မိမိအသက်အန္တရာယ်ဖြစ်လာလျှင်

သီလပျက်စီးတတ်ပါသည်။

ဥပမာ- သူ့အသက်ကိုမသတ်ပါဟု သီလဆောက်တည်ထားသော်လည်း ရစရာမြက်မြက်ကလေးကြုံလာလျှင် သိက္ခာပုဒ်

ဖျက်ပြီး သတ်မိတတ်၊ ကျူးလွန်ဘတ်ပါသည်။ ထိုသို့ကျူးလွန်မိပါက မိမိဆောက်တည်ထားသော သီလပျက်စီးပါသည်။

တစ်ဖန် သီလကျိုး၊ ပေါက်၊ ပြောက်၊ ကျား ဖြစ်သည် ဆိုရာဝယ်-

-အစသိက္ခာပုဒ်-အဆုံးသိက္ခာပုဒ်ပျက်လျှင် သီလကျိုးသည်။
-အလယ်သိက္ခာပုဒ်တစ်ခုခုပျက်လျှင် သီလပေါက်သည်။
-သီလတစ်ခုကျော် စသည်ဖြင့် အကြားအကြား သိက္ခာပုဒ်ပျက်လျှင် သီလပြောက်ကြားသည်။ အပြောက်အကွက်ဖြစ်သည်။
-သိက္ခာပုဒ်အစဉ်လိုက် တန်းစီပျက်လျှင် သီလကျားသည်။

## သီလညစ်နွမ်းဖွယ်ရာများ

ရဟန်းသာမဏေ၊ ဥပါသကာတို့၏ သီလသည် မေထုန်ငယ်ခုနစ်ပါးကို မှီဝဲပြုကျင့်သောအားဖြင့် ညစ်နွမ်းယုတ်ညံ့တတ်ပါသည်။

၁။ မိန်းမ၏ ပန်းနံ့သာ စသည်တို့ဖြစ် လိမ်းကျံခြင်း၊ နင်းနှိပ်ခြင်း၊ ရေချိုးစေခြင်း၊ ကိုယ်ကိုပွတ်တိုက်ခြင်းတို့ကို ကိလေသာဖြင့် သာယာနှစ်သက်ခြင်း၊

၂။ မိန်းမနှင့်အတူရယ်မောခြင်း၊ ပြုံးရွှင်မြူးထူးပျော်ပါးခြင်း၊ ကစားခြင်း၊ ပြောင်လှောင်ခြင်းတို့ကိုပြုလုပ်၍ ကိလေသာဖြင့် သာယာနှစ်သက်ခြင်း၊

၃။ မိန်းမ၏မျက်စိကို စိမ်းစိမ်းစိုက်ကြည့်လျက် ကိလေသာဖြင့် သာယာနှစ်သက်ခြင်း၊

၄။ မိန်းမသီချင်းဆိုသံ၊ ရယ်မောသံကို နားထောင်ကာ ကိလေသာဖြင့် သာယာနှစ်သက်ခြင်း။

၅။ ရှေးက မိန်းမနှင့်အတူ စကားပြောခဲ့ဖူးခြင်း၊ ရယ်ရွှင်မြူးထူးခဲ့ခြင်း စသည်တို့ကို အောက်မေ့ကာ ကိလေသာဖြင့် သာယာနှစ်သက်ခြင်း၊

၆။ ကာမဂုဏ်ငါးပါးဖြင့် ခံစားပျော်ရွှင်ကြသူများကို ရှုကြည့်လျက် ကိလေသာဖြင့် သာယာနှစ်သက်ခြင်း၊

၇။ ဤသီလအကျင့်ဖြင့် နတ်ပြည်၌ဖြစ်လတ္တံ့၊ နတ်ချမ်းသာခံစားရလတ္တံ့ ဟု နတ်စည်းစိမ်ကိုခံစားလို၍ သီလဆောက်တည် တရားအားထုတ်မှုပြုသည်၊ ထိုနတ်ပြည်နတ်စည်းစိမ်ကို ကိလေသာဖြင့် သာယာနှစ်သက်ခြင်း။

ဤခုနစ်ပါးသော မေထုန်ငယ်မှုတို့ ဖြူစင်သန့်ရှင်းခြင်းမရှိသဖြင့် သီလစင်ကြယ်မှု မဖြစ်နိုင်ပါ။

တစ်ဖန် အောက်ပါတရားများသည် သီလညစ်နွမ်းမှုကိုဖြစ်စေသောတရားဖြစ်ကြောင်း ဘုရားရှင်က မူလပဏ္ဏာသပဠိသုတ်၌ ဟောကြားခဲ့ပါသည်-

**ကောဓ** - အမျက်ထွက်ခြင်း၊
**ဥပနာဟ** - ရန်ငြိုးဖွဲ့ခြင်း၊
**မက္ခ** - သူ့ဂုဏ်ကျေးဇူးကို ချေဖျက်ခြင်း၊
**ပဠာသ** - အပြိုင်ပြုခြင်း၊ ဖက်ပြိုင်တုပခြင်း၊
**ဣဿ** - သူတစ်ပါးကြီးပွားချမ်းသာသည်ကို မနာလိုခြင်း၊
**မစ္ဆရိယ** - မိမိစည်းစိမ်ကို နှမြောဝန်တိုခြင်း၊
**မာယာ** - မိမိ၌ရှိသောအပြစ်ကို ဖုံးကွယ်ထားခြင်း၊

**သာဌေယျ** - မိမိဥစ္စာထင်ရှားမရှိသောဂုဏ်ကို ရှိလေဟန်ဆောင်ခြင်း၊
**ထမ္ဘ** - ခက်ထန်ခြင်း၊
**သာရမ္ဘ** - ချူပ်ချယ်ခြင်း၊
**မာန** - ထောင်လွှားခြင်း၊
**အတိမာန** - အလွန်အကျူးထောင်လွှားခြင်း၊
**မဒ** - ယစ်မူးခြင်း၊
**ပမာဒ** - မေ့လျော့ခြင်း၊

သီလဟူသည် လူ၏ ကာယကံမှု၊ ဝစီကံမှုတို့ကို လုံခြုံအောင် ထိန်းသိမ်းရသော အကျင့်ဖြစ်သည်။ ကာယကံ၊ ဝစီကံ လုံလျှင် သီလလုံသည်။ သို့သော် ကာယကံ၊ ဝစီကံကို အတွင်းစိတ်က ပြုလုပ်ဖြစ်ပေါ်စေသောကြောင့် အတွင်းစိတ်မကောင်းလျှင်လည်း ကာယကံ၊ ဝစီကံပျက်ဖို့များသည်။

## သီလစင်ကြယ်မှု၏ ကောင်းကျိုးများ

သီလစင်ကြယ်မှုအကျိုးများနှင့်ပတ်သက်၍ အင်္ဂုတ္တရနိကာယ် ကောဒသကကိမတ္ထိယသုတ်၌-

- သီလစောင့်ထိန်းခြင်းသည် စိတ်နှလုံးချမ်းမြေ့ခြင်း အကျိုးရှိ၏၊ (အဝိပ္ပဋိသာရ)
- စိတ်နှလုံးချမ်းမြေ့လျှင် ဝမ်းမြောက်မှုဖြစ်ပေါ် ခံစားရသည်။ (ပါမောဇ္ဇ)
- ဝမ်းမြောက်မှုဖြစ်ပေါ်ခံစားရလျှင် နှစ်သက်မှု ဖြစ်လာ၏။ (ပီတိ)
- နှစ်သက်မှုရှိလာလျှင် ကိုယ်စိတ်ငြိမ်းချမ်းမှု ရလာ၏။ (ပဿဒ္ဓိ)

-ကိုယ်စိတ်ငြိမ်းချမ်းမှုရလာလျှင် ချမ်းသာမှု ဖြစ်လာ၏။ (သုခ)
-စိတ်ငြိမ်းချမ်းနေလျှင် စိတ်တည်ကြည်မှု ဖြစ်လာ၏။ (သမာဓိ)
-စိတ်တည်ကြည်နေလျှင် ဟုတ်တိုင်းမှန်စွာ သိမြင်လာ၏။ (ယထာဘူတဉာဒဿန)
-ဘဝကို အမှန်အတိုင်းသိလာလျှင် ဘဝ၌ ငြီးငွေ့လာ၏။ (နိဗ္ဗိဒါ)
-ငြီးငွေ့မှုဖြစ်လာလျှင် တပ်နှစ်သက်ခြင်း ကင်းလာ၏။ (ဝိရာဂ)
-တပ်နှစ်သက်ခြင်းကင်းလာလျှင် လွတ်မြောက်မှုကို သိလာ၏။ (ဝိမုတ္တိဉာဏဒဿန)ဟူ၍ အဆင့်ဆင့်သော အကျိုးကျေးဇူးများကို ရရှိပါသည်။

သီလစောင့်မှုအကျိုးနှင့်ပတ်သက်၍လည်း မဟာပရိနိဗ္ဗာန်သုတ်၌-

၁။ မမေ့မလျော့ခြင်းကြောင့် များစွာသောစည်းစိမ်ဥစ္စာတို့ကို ရရှိခြင်း၊
၂။ ကောင်းသောသတင်းကျော်စောခြင်း၊ ဂုဏ်ရရှိခြင်း၊
၃။ ပရိသတ်လေးပါးအလယ်၌ တင့်တယ်ရဲရင့်ရွှင်ရွှင်လန်းလန်း နေရခြင်း၊
၄။ မတွေဝေဘဲ သေရခြင်း၊
၅။ သေပြီးနောက် နတ်ရွာ၌ဖြစ်ရခြင်း
ဟူသော အကျိုးငါးပါးရကြောင်း ဟောကြားထားခဲ့ပါသည်။

## (ခ) ဗုဒ္ဓဝါဒ ရှုထောင့် စိတ်စင်ကြယ်မှု(စိတ္တဝိသုဒ္ဓိ)

### စိတ်၏ယေဘုယျသဘောများ

စိတ်-ဟူသည် အာရုံကိုသိတတ်သော သဘောရှိပါသည်။ စိတ်ဟူသော သဘာဝသည် ရုပ်ပါရုံစသော အာရုံတစ်မျိုးမျိုးကို အာရုံပြု၍ သဘောဆောင်ခြင်း ဖြစ်ပါသည်။

စိတ်၏သဘောအရင်းသည် ပြိုးပြိုးပြက်ဖြစ်လျက်ရှိသည်။ အလွန်အလွန်ကြည်လင်သန့်ရှင်းသောကြောင့်သာ ပြိုးပြိုးပြက် သဘောဆောင်ခြင်း ဖြစ်ပါသည်။

-စိတ်သည် ငြိမ်သက်နေသော ဓမ္မမဟုတ်၊ သူသိသော အာရုံကြောင့် တုန်လှုပ်နေသောသဘော၊ လှုပ်ရှားနေသောသဘောရှိသည်။

-စိတ်သည် မည်မျှဝေးဝေး သိစရာအာရုံရှိရာသို့ ရောက်တတ်သည်။

-စိတ်သဘာဝသည်ဖြစ်ခြင်း၊ တည်ခြင်း၊ ပျက်ခြင်း သဘာဝ ခဏသုံးမျိုးရှိသည်။ တည်မြဲနေသော သဘာဝ မဟုတ်။

-စိတ်လောက်ကျယ်ပြန့်သောတရားသဘောကို ငါ ဘုရား သဗ္ဗညုတဉာဏ်တော်ဖြင့် ဖွေရှာကြည့်သော်မှ မမြင် မတွေ့ရဟူ၍ အင်္ဂုတ္တိုရ်၌ ဘုရားရှင်ဟောကြားခဲ့ပါသည်။

-ခန္ဓသံယုတ်၊ ခန္ဓဝိဘင်္ဂအဋ္ဌကထာ၌ စိတ်သည် လက်ဖျောက်တစ်ချက်တီးခန့်မျှ အလွန်တိုတောင်းသော ကာလ၌ ကုဋေပေါင်းတစ်သိန်းခန့် ဖြစ်ပျက်ကြောင်း ဟောကြားထားခဲ့သည်။

-မျက်တောင်တစ်ခတ်အချိန်သည် တစ်စက္ကန့်ထက်ပင် ကိုတောင်းလျှင်မြန်သည်။ ထိုမျက်တောင်းလွှန်းသော ခဏကလေးအတွင်း ကုဋေတစ်သိန်းခန့် ဖြစ်ပျက်သည် ဟု ဆိုထားရာ စိတ်လျှင်မြန်နှုန်းကို သိရန် အလွန် ခဲယဉ်းလှသည်။

-စိတ်သဘောသဘာဝသည် တစ်ချိန်တည်း နှစ်စိတ် ပြိုင်တူဖြစ်ရိုး မရှိပေ။ တစ်စိတ်ချုပ်ပျက်ပြီးမှ နောက် တစ်စိတ်ဖြစ်ပေါ်တတ်ပါသည်။

-ပဋ္ဌာန်းဒေသနာတွင် ရှေးရှေးကုသိုလ်စိတ်တို့က နောက်နောက်ကုသိုလ်စိတ်တို့ ဖြစ်လာစေရန် အနန္တရ သတ္တိဖြင့် ကျေးဇူးပြုသည်။

နတ္ထိပစ္စည်း -ရှေးစိတ်မရှိမှ နောက်စိတ်ပေါ်လာခြင်း။

ဝိဂတပစ္စည်း-ရှေးစိတ်ကင်းသွားမှ နောက်စိတ်ဖြစ်လာခြင်း။

ထို့ကြောင့် အာရုံတစ်ခုကိုသိသော စိတ်တို့သည် တစ်ချိန် တည်း နှစ်စိတ်ပြိုင်၍ မဖြစ်ပါ။ တစ်စိတ်ပြီးမှ တစ်စိတ်ဖြစ်သည် ကို သိရပါမည်။

စိတ်၏သဘောသည် -

(၁) ဝေးသောအရပ်သို့သွားနိုင်သည်။

ရန်ကုန်တွင်ရှိသော လူသည် စိတ်ဖြင့် မန္တလေးသို့ တစ်ခဏချင်း သွားနိုင်သည်။ နီးသောအရပ်၊ ဝေးသောအရပ်သို့ ချက်ချင်းသွားနိုင်သည်။

(၂) **စိတ်သည်အကောင်အထည်မရှိ။**

စိတ်ကိုမမြင်နိုင်ပါ။ တွေ့ထိကိုင်တွယ်၍ မရပါ။ သို့သော် သက်ရှိသတ္တဝါတို့သည် စိတ်ကြောင့်ပင် ပြုမူပြောဆို ကြံစည်ရကြသည်။

(၄) **စိတ်သည်ကိုယ်ထဲမှာရှိသည်။**

သစ်စေ့သည် သစ်သီးထဲတွင်ရှိသကဲ့သို့ စိတ်သည် ကိုယ်ခန္ဓာထဲတွင်သာရှိသည်။ စိတ်ကဆွဲဆောင်လျှင် ကိုယ်ခန္ဓာသည် စိတ်အလိုတိုင်း ပါသွားရသည်။

(၄) **စိတ်သည်လောကကိုဆွဲဆောင်နိုင်သောအားရှိသည်။**

စိတ်သည် သက်ရှိသတ္တဝါတို့ပါဝင်သော သတ္တလောက၊ သက်မဲ့အရာများပါဝင်သော ဩကာသလောကကြီးဟူသော ဩကာသလောက၊ ရုပ်တတ်နာမ်တတ်တို့သာဖြစ်သော သင်္ခါရလောကကို ဆွဲဆောင်နိုင်သောအားရှိသည် လောကသုံးပါးထက် စိတ်သည် အားကောင်း၏။ ပြင်းထန်သည်။ စိတ်သည် သတ္တဝါတို့အား အမျိုးမျိုးဖန်တီးပေးနိုင်သည်။ ပညာတတ်တစ်ယောက်ဖြစ်လာသည်မှာ စိတ်ဓာတ်ဖြစ်သည်။ စိတ်ဓာတ်အားကြောင့် ကောင်းမှုဖြစ်စေ၊ မကောင်းမှုဖြစ်စေ ဖြစ်စေနိုင်သည်။

-စိတ်သည် ကာမဂုဏ်နှင့်ပျော်တတ်သည်။ အပြောင်းမဲ့ သက်သက် အလကားနေလိုသည်။ ကြိုက်သလို မနေရပါက စိတ်ဆိုးနေ၏။ ဖောက်ပြန်နေတတ်၏။ စိတ်ကို ယဉ်းသဘောအလျောက် နေချင်သောဌာနများတွင် လွှတ်ထားပါက အကျိုးမဲ့ ဖြစ်တတ်သည်။

-စိတ်ကို ထိန်းချုပ်၍ ကောင်းသောနေရာတွင် ထားပါက ထိုစိတ်ကြောင့် နတ်ရွာသုဂတိနှင့်တကွ နောက်ဆုံးနိဗ္ဗာန် အထိ ရောက်နိုင်သည်။

စိတ်သဘာဝတစ်ခဏမှာ ဖြစ်-တည်-ပျက်ဟူသော အလွန်တိုတောင်းသော သဘာဝခဏသုံးမျိုးရှိသည်။ ဘည်မြဲနေသော သဘာဝမဟုတ်ပါ။

ဖြစ်-တည်-ပျက်-တစ်စိတ်၊ နောက်ဖြစ်-တည်-ပျက် တစ်စိတ် ဤသို့ စသည်ဖြင့် စိတ်သဘာဝတို့ နိယာမသဘောအရ ဖြစ်နေကြသည်။

စိတ်၏သဘောအရင်းသည် ပြိုးပြိုးပြက်ဖြစ်ပျက်ရှိသည်။ အလွန့်အလွန် သန့်ရှင်းသောကြောင့်သာ ပြိုးပြိုးပြက်သော သဘောကို ဆောင်ခြင်းဖြစ်သည်။ လောကသဘာဝတွင် အညစ် အကြေးကင်းစင်သော အရာဝတ္ထုသည် အရောင်ထွက်သည့် သဘောဖြစ်သည်။

## ရုပ်ကိုအမှီပြုဖြစ်နေသောစိတ်

ပုဂ္ဂိုလ်သတ္တဝါတစ်ဦးတွင် ပထဝီဓာတ်၊ အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ်၊ အာကာသဓာတ်ဟူသော ရုပ်ဓာတ် ငါးပါး၊ မနောဝိညာဏဓာတ်ဟူသော နာမ်ဓာတ်တစ်ပါး ပေါင်း ခြောက်ပါးသာရှိသည်ဟု ဘုရားရှင်က ဟောကြားထားခဲ့သည်။

ဤတရားဒေသနာအရ ပုဂ္ဂိုလ်သတ္တဝါတစ်ဦးတွင် ရုပ်နှင့် နာမ်နှစ်မျိုးသာရှိသည်။

ပဋ္ဌာန်းပါဠိတော်အရ မနောဓာတ်၊ မနောဝိညာဏဓာတ်၊ စက္ခုဝိညာဏဓာတ်ဟူသော စိတ်ဓာတ်အမည်ထူးများသည် ရုပ်သဘာဝခန္ဓာကို အမှီပြု၍ဖြစ်နေကြောင်း သိရပါသည်။

## စိတ်ကိုခြယ်လှယ်နေသူများ

စိတ်သည် သဘောရင်းအားဖြင့် တစ်ခုသာဖြစ်သည်။ အာရုံကိုသိခြင်းလက္ခဏာရှိသည်။ နာမ်တရားတို့၏ ရှေ့သွားဖြစ်၏။ တစ်ခုဖြစ်-တစ်ခုပျက်အားဖြင့် အစဉ်မပြတ်စပ်ခြင်းရှိသည်။

ထိုစိတ်ကိုခြယ်လှယ်နေသည်မှာ စေတသိက်ဖြစ်သည်။ ဟင်းသီးတွင် ချို-ဆိမ့်-ဖန် စသော အရသာမျိုးစုံရှိသကဲ့သို့ စိတ်ထဲတွင်လည်း စေတသိက်မျိုးစုံပါဝင်ပြီး ခြယ်လှယ်နေသည်။ လူ၏ခန္ဓာကိုယ်ကား ဟင်းသီးထည့်သောခြင်းနှင့် တူပါသည်။

ဖန်ခါးသီးတွင်ပါသော အရသာများနှင့် သရက်သီးတွင်ပါသော အရသာများ မတူညီသကဲ့သို့ စိတ်ထဲတွင်ရှိသော စေတသိက်များ မတူညီကြပေ၊ စိတ်နှင့်စေတသိက်သဘောကို ကြည့်လျှင် မြင်းနှင့်မြင်းစီးသူကဲ့သို့ သဘောရှိသည်။

မြင်းစီးသူသည် မြင်း၏ကျောပေါ်တွင် ထိုင်နေ၏။ မြင်းကို အမျိုးမျိုးခြယ်လှယ်နိုင်၏။ မည်ကဲ့သို့ပြေးလျှင် မြင်းပြေးမည်ကို သိ၏။ မြင်းကိုမောင်းနှင်ပြုလုပ်သည်။ မြင်းသည်ကား ပြေးရုံသာ ပြေးတတ်သည်။ ကျောပေါ်မှလူညွှန်ပြရာကိုသာ ဆောင်ရွက်တတ်၏။ ပြေးတတ်၏။ ထို့အတူပင် မြင်းဟူသည်ကား စိတ်နှင့်တူသည်။ စေတသိက်ကား မြင်းစီးသူနှင့်တူသည်။

## စိတ်ကိုဖြည်ရှယ်သော စေတသိက်များ

### စိတ်အားလုံးနှင့်ယှဉ်ဆိုင်သော စေတသိက်(၇)မျိုး

၁။ ဖဿ -အာရုံကိုတွေ့ထိခြင်း၊
၂။ ဝေဒနာ -အာရုံ၏ အရသာကိုခံစားခြင်း၊
၃။ သညာ -အာရုံ၌ သဘောကိုမှတ်သားခြင်း၊
၄။ စေတနာ -အာရုံ၌ယှဉ်သောတရားတို့ကို စေ့ဆော်ပေးခြင်း၊
၅။ ဧကဂ္ဂတာ -အာရုံတစ်ခုတည်း၌ စူးစိုက်စွာတည်ရှိနေခြင်း၊
၆။ ဇီဝိတိန္ဒြေ -အတူဖြစ်သော ရုပ်-နာမ်တို့ကို စောင့်ရှောက်ခြင်း၊
၇။ မနသိကာရ -အာရုံ၌ နှလုံးသွင်းခြင်း၊

### အချို့သောစိတ်တို့နှင့်မရောနှောယှဉ်တွဲဆက်ပြီး အချို့သော စိတ်တို့နှင့် ရောနှောယှဉ်တွဲသော ပကိဏ္ဏကစေတသိက်(၆)မျိုး

၁။ ဝိတက် - အာရုံတို့ကို ကြံစည်ခြင်း၊
၂။ ဝိစာရ - အာရုံ၌ ကြံစည်လာသော တရားတို့ကို သုံးသပ်ခြင်း၊
၃။ အဓိမောက္ခ - အာရုံကို ဆုံးဖြတ်ခြင်း၊
၄။ ဝီရိယ - ဖြစ်လာသောအာရုံကို ကြိုးစားခြင်း၊
၅။ ပီတိ - အာရုံ၌နှစ်သက်ခြင်း၊
၆။ ဆန္ဒ - ပြုလုပ်လိုကာမျှသဘောရှိခြင်း။

## စိတ်ထို မကောင်းမှု(အကုသိုလ်)အာရုံတတ်သို့ ပို့ဆောင်ပေးသော စေတသိက်(၁၄)မျိုး

၁။ မောဟ - အာရုံ၌ အမှန်သဘောကို ဖုံးလွှမ်းခြင်း၊
၂။ အဟိရိက - မကောင်းမှုပြုလုပ်ရာ၌ မရှက်ခြင်း၊
၃။ အနောတ္တပ္ပ - မကောင်းမှုပြုရာ၌ မကြောက်ခြင်း၊
၄။ ဥဒ္ဓစ္စ - စိတ်မငြိမ်မသက် ပျံ့လွင့်ခြင်း၊
၅။ လောဘ - အလိုကြီးခြင်း၊
၆။ ဒိဋ္ဌိ - အယူမှားခြင်း၊
၇။ မာန - ထောင်လွှားခြင်း၊
၈။ ဒေါသ - ကြမ်းတမ်းခြင်း၊ ပြစ်မှားခြင်း၊
၉။ ဣဿာ - သူတစ်ပါးစည်းစိမ်ကိုငြူစူခြင်း၊
၁၀။ မစ္ဆရိယ - မိမိစည်းစိမ်ကို ဝန်တိုခြင်း၊ လှို့ဝှက်ခြင်း၊
၁၁။ ကုက္ကုစ္စ - စိုးရိမ်သောက ဖြစ်ပွားခြင်း၊
၁၂။ ထိန - စိတ်ထိုင်းမှိုင်းခြင်း၊
၁၃။ မိဒ္ဓ - စေတသိက်တို့ထိုင်းမှိုင်းခြင်း၊
၁၄။ ဝိစိကိစ္ဆာ - အာရုံကိုမဆုံးဖြတ်နိုင်ခြင်း၊

## စိတ်ထို ကောင်းမှု(ကုသိုလ်)ဖြစ်စေရန် ပို့ဆောင်ပေးသော စေတသိက် (၁၉)မျိုး

၁။ သဒ္ဓါ - ကောင်းသောအာရုံ၌ ယုံကြည်မှုရှိခြင်း၊
၂။ သတိ - ကောင်းသောအာရုံ၌ အောက်မေ့ခြင်း၊
၃။ ဟိရီ - မကောင်းမှုပြုရမှာကို ရှက်ခြင်း၊
၄။ ဩတ္တပ္ပ - မကောင်းမှုပြုရမှာကို ကြောက်ခြင်း၊

| | | |
|---|---|---|
| ၅။ | **အလောဘ** | - အလိုရမ္မက်မကြီးခြင်း၊ |
| ၆။ | **အဒေါသ** | - မကြမ်းတမ်း မပြစ်မှားခြင်း၊ |
| ၇။ | **တတြမဇ္ဈတ္တတာ** | - အာရုံတို့၌ လျစ်လျူရှုထားခြင်း၊ |
| ၈။ | **ကာယပဿဒ္ဓိ** | - ကုသိုလ်မှုတို့၌ စေတသိက်တို့ ငြိမ်းခြင်း၊ |
| ၉။ | **စိတ္တပဿဒ္ဓိ** | - ကုသိုလ်မှုတို့၌ စိတ်၏ငြိမ်းခြင်း၊ |
| ၁၀။ | **ကာယလဟုတာ** | - ကုသိုလ်မှုတို့၌ စေတသိက်တို့ ပေါ့ပါးခြင်း၊ |
| ၁၁။ | **စိတ္တလဟုတာ** | - ကုသိုလ်မှုတို့၌ စိတ်၏ပေါ့ပါးခြင်း၊ |
| ၁၂။ | **ကာယမုဒုတာ** | - ကုသိုလ်မှုတို့၌ စေတသိက်တို့နူးညံ့ခြင်း၊ |
| ၁၃။ | **စိတ္တမုဒုတာ** | - ကုသိုလ်မှုတို့၌ စိတ်၏နူးညံ့ခြင်း၊ |
| ၁၄။ | **ကာယကမ္မညတာ** | - ကုသိုလ်မှုတို့၌ စေတသိက်တို့ကောင်းခြင်း၊ ခန့်ကျန်းခြင်း၊ |
| ၁၅။ | **စိတ္တကမ္မညတာ** | - ကုသိုလ်မှုတို့၌ စိတ်၏ကောင်းခြင်း၊ ခန့်ကျန်းခြင်း၊ |
| ၁၆။ | **ကာယပါဂုညတာ** | - ကုသိုလ်မှုတို့၌ စေတသိက်တို့လေ့လာခြင်း၊ ကျေပွန်ခြင်း၊ |
| ၁၇။ | **စိတ္တပါဂုညတာ** | - ကုသိုလ်မှုတို့၌ စိတ်၏လေ့လာခြင်း၊ ကျေပွန်ခြင်း၊ |
| ၁၈။ | **ကာယုဇုကတာ** | - ကုသိုလ်မှုတို့၌ စေတသိက်တို့ဖြောင့်ခြင်း၊ |
| ၁၉။ | **စိတ္တုဇုကတာ** | - ကုသိုလ်မှုတို့၌ စိတ်၏ဖြောင့်ခြင်း၊ |

## ကာယဒုစရိုက်(၃)ပါး၊ ဝစီဒုစရိုက်(၄)ပါးတို့ ရှောင်ကြဉ်သော စေတသိက်(၃)မျိုး

၁။ သမ္မာဝါစာ - ဝစီဒုစရိုက်(၄)ပါးမှ ရှောင်ကြဉ်ခြင်း၊

၂။ သမ္မာကမ္မန္တ - ကာယဒုစရိုက်(၃)ပါးမှ ရှောင်ကြဉ်ခြင်း၊

၃။ သမ္မာအာဇီဝ - ကာယဒုစရိုက်-ဝစီဒုစရိုက်တို့နှင့် မယှဉ်သော မှန်ကန်သော အသက်မွေးမှုရှိခြင်း၊

## အဆုံးအပိုင်းအခြားမရှိသော သတ္တဝါတို့၌ ဖြစ္စာအာရုံပြုသော ခစေတသိက်(၂)မျိုး

၁။ ကရုဏာ - ဆင်းရဲသောသတ္တဝါတို့ကို အာရုံပြု၍ သနားခြင်း၊

၂။ မုဒိတာ - ချမ်းသာသောသတ္တဝါတို့ကို အာရုံပြု၍ ဝမ်းမြောက်ခြင်း၊

## အထူးထူးအပြားပြားတို့၌ သိခြင်းစေတသိက်(၁)မျိုး

**၁။ ပညိန္ဒြေ - အထူးထူးအပြားပြားကိုသိခြင်း၊ အစိုးရခြင်း၊**

ဤစေတသိက်များသည် ပကတိဖြူစင်စွာ တည်ရှိနေသော စိတ်ကလေးကို အရောင်မျိုးစုံဆေးခြယ်ပေးနေသော ဆေးကဲ့သို့ ခြယ်လှယ်ပေးနေသော သဘောသဘာဝများ ဖြစ်ကြပါသည်။

မူလရေကို ဆေးရောင်စုံဆိုးလိုက်သောအခါ ဖြူ၊ နီ၊ ညို၊ ပြာ၊ ဝါ စသည့် အရောင်များပေါ်လာသလို စိတ်ကလေးကို ဤကောင်း၊ မကောင်းစေတသိက်များက ခြယ်လှယ်လိုက်သောအခါ စိတ်အမျိုးမျိုး ဖြစ်ပေါ်လာရပါတော့သည်။

# စိတ်အညစ်အကြေးများ

သန့်ရှင်းနေသောစိတ်ကို ညစ်နွမ်းစေခြင်း၊ ကုသိုလ်မဖြစ်အောင် တားမြစ်တတ်ခြင်း၊ အကုသိုလ်စေတသိက်(၁၄)မျိုးရှိသော်လည်း သမထ၊ ဝိပဿနာတရားအားထုတ်ရာ၌ အဓိကကျသော စိတ်အညစ်အကြေး(၅)မျိုးရှိကြောင်း ဘုရားရှင်က လမ်းညွှန်ဟောကြားခဲ့ပါသည်။

သံ၊ ကြေး၊ ခဲမဖြူ၊ ခဲပုပ်၊ ငွေတို့သည် ရွှေ၏အညစ်အကြေးများဖြစ်ကြသည်။ ဤငါးမျိုးပါဝင်သော ရွှေသည် မနူးညံ့၊ အရောင်မထွက်၊ ကြွပ်ဆတ်သည်၊ လက်ကောက်၊ နားတောင်းစသည် ပြုလုပ်၍မဖြစ်၊ ထိုအညစ်အကြေးကင်းပါက နူးညံ့၏၊ အရောင်ထွက်၏၊ မကြွပ်ဆတ်တန်ဆာအမျိုးမျိုး ပြုလုပ်၍ဖြစ်၏၊ အလိုရှိရာ အကျိုးပြီး၏။

အလားတူ စိတ်အညစ်အကြေး(၅)မျိုးရှိပါသည်-

**၁။ ဘောဂဝတ်ကိုလိုလားမှု၊ ကြွေးစည်ရှု(ကာမစ္ဆန္ဒ)**

ယင်းသည် ကြွေးမြီးနှင့်တူသည်။ ကြွေးတင်နေသော သူသည် မလွတ်လပ်သကဲ့သို့ ကာမဆန္ဒဖြစ်နေသော တရားအားထုတ်သူ၏ စိတ်သည် မလွတ်လပ်ပေ။

**၂။ ယူတစ်ဝါးထို့ ချည်စီးနေလို့ရှု၊ ဖြစ်မှားရှု(ဗျာပါဒ)**

ယင်းသည် အနာရောဂါနှင့်တူသည်။ ရောဂါတစ်ခုခု စွဲကပ်ခံနေရသူသည် ဆင်းရဲပင်ပန်းသကဲ့သို့ ဗျာပါဒဖြစ်နေသော တရားအားထုတ်သူစိတ်သည် မရွှင်လန်းချေ။

## ၃။ တိုက်စိတ်လေးလံထိုင်းမှိုင်းခြင်း(ထိနမိဒ္ဓ)

ယင်းသည် နှောင်အိမ်နှင့်တူသည်။ အချုပ်ထောင်ကျနေသူသည် ဆင်းရဲပင်ပန်းနေသကဲ့သို့ ထိနမိဒ္ဓဖြစ်နေသော တရားအားထုတ်သူ၏စိတ်သည် အကျဉ်းကျနေသကဲ့သို့ ရှင်းသည်။

## ၄။ ပျံ့လွင့်မှု၊ နောင်တပူပင်မှု(ဥဒ္ဓစ္စ၊ကုက္ကုစ္စ)

ယင်းသည် သူကျွန်နှင့်တူသည်။ ကျွန်ဖြစ်နေသောသူသည် သူတစ်ပါး၏စိတ်ဖြင့် အသက်ရှည်၍ နေရသည်။ ကိုယ်ပိုင်စိုးပိုင်ခွင့်မရှိ၊ ဥဒ္ဓစ္စ၊ကုက္ကုစ္စဖြစ်နေသော တရားအားထုတ်သူ၏စိတ်သည် ကျွန်သဖွယ်ဖြစ်နေရ၏။

## ၅။ မဝေခွဲနိုင်မှု၊ ယုံမှားသံသယဖြစ်မှု(ဝိစိကိစ္ဆာ)

ယင်းသည် ခရီးခဲနှင့်တူသည်။ ကန္တာရခရီးခဲကြီးသည် ကူးမြောက်ရန် ခဲယဉ်းသကဲ့သို့ ဝိစိကိစ္ဆာဖြစ်နေသော တရားအားထုတ်သူ၏စိတ်သည် တရားခရီးရောက်သို့ ခဲယဉ်းပါးသည်။

ဤအညစ်အကြေးများ တစ်နေ့လျှင်စိတ်သည် မနူးညံ့၊ အရောင်မထွက်၊ ကြွပ်ဆတ်သောသဘောရှိသည်။ လိုသလိုပြုလုပ်၍မဖြစ် အာသဝေါတရားကုန်ခန်းရန် ကောင်းစွာမတည်ပေ။

ထိုကာမစ္ဆန္ဒ စသော အညစ်အကြေးကင်းစင်သော စိတ်သည်ကား နူးညံ့သည်၊ အရောင်ထွက်သည်။ မကြွတ်ဆတ်၊ လိုသလိုဖြစ်သည်၊ အာသဝေါတို့ကုန်ခန်းရန် ကောင်းစွာတည်သည် တစ်စုံတစ်ရာကို ထူးသောဉာဏ်ဖြင့်သိရန် စိတ်ကိုညွတ်၍ ရသည်။

တရားအားထုတ်သော ပုဂ္ဂိုလ်အတွက် ထိုအညစ်အကြေး (၅)ပါးသည် -

-လုံ့လဝီရိယ၊ ခွဲသန်သန်ဖြင့် တရားအားမထုတ်ဖြစ်အောင်(သမ္မာဝါယမ)မဖြစ်အောင် တားမြစ် ဖျက်ဆီးတတ်သည်။
-တရားအာရုံ၌ သတိစိုက်၍မရအောင် (သမ္မာသတိ) မဖြစ်အောင် နှောင့်ယှက်တတ်သည်။
-တရားအာရုံ၌ စိတ်မတည်အောင် (သမ္မာသမာဓိ) မရအောင် စိတ်ကို ဖျက်ဆီးတတ်သည်။
-သမာဓိကိုမရသဖြင့်သမ္မဒိဋ္ဌိဉာဏ်အမြင်မှန် ဖြစ်ပေါ်လာမည့်လမ်းကို ပိတ်ဆီးကာကွယ်ထားတော့သည်။

စိတ်အညစ်အကြေး(၅)မျိုး အပူးကပ်ခံနေရသောစိတ်သည် ပင်ကိုယ်သဘောရင်းပျောက်၍ မသန့်ရှင်းမစင်ကြယ်တော့ပေ။

သီလစင်ကြယ်ပါသော်လည်း စိတ်ကမသန့်ရှင်းညစ်နွမ်းနေပါလျှင် အထက်တန်းစားသမထဝိပဿနာ တရားထူးကို မရနိုင်တော့ပေ။

သို့အတွက် အထက်တန်းစားတရားထူးကိုရလိုလျှင် ဤစိတ်အညစ်အကြေးငါးပါးကို စင်ကြယ်သန့်ရှင်းအောင် ပြုလုပ်ရပါမည်။

လူ့သဘာဝလူ့စိတ်ကို လေ့လာကြည့်လျှင် နေ့စဉ်နှင့်အမျှ လူတိုင်းသည် ဤစိတ်အညစ်အကြေးငါးပါးနှင့် ပေကျံနေသည်ကို တွေ့ကြရပါမည်။

လူတိုင်း၏စိတ်သည် -
-ကာမဂုဏ်တွေကိုပင် ကြံစည်စိတ်ကူးနေကြလေ့ရှိသည်။
-သူတစ်ပါးကို စိတ်ပြစ်မှားမှု၊ မကျေနပ်မှုတွေသာ များနေလေ့ရှိသည်။

-သူတို့၏စိတ်သည် လှုပ်ရှားရေး စသည်ဖြင့် ပျံ့လွင့်နေတတ်သည်။ ပူပန်နေတတ်လေ့ရှိသည်။

-အမှန်တရားဆိုတာ ဒါပါဘဲဟု မဝေခွဲနိုင်ကြ၊ မသိနိုင်ကြပါ။

ထိုအထဲမှ စိတ်ကောင်းဝင်ပြီး တရားအားထုတ်လာသူများမှာ နေ့ဟိုင်းစိတ်အညစ်အကြေးတွင် ပါလာပါသည်။ ထိုစိတ်အညစ်အကြေးကို မသန့်စင်မရှင်းပစ်ဘဲ တရားအားထုတ်ပါက ထိုအညစ်အကြေးများက တရားအလုပ်ပျက်အောင် ဖျက်ဆီးကြမည်သာဖြစ်သည်။

ထို့ကြောင့် သီလကိုစင်ကြယ်သောနည်းဖြင့် မိမိ၏ ကိုယ်၊ နှုတ်သန့်စင်အောင် ပြုလုပ်ပြီးနောက် စိတ်အညစ်အကြေးသန့်စင်အောင် ဆက်လက်လုပ်ရပါမည်။

ဘုရားရှင်က သံယုတ်(၂)၌-

**"ချစ်သားတို့...သတ္တဝါတို့သည် စိတ်ညစ်ညူး၍ ညစ်နွမ်းကြကုန်၏၊ စိတ်သန့်ရှင်းသောကြောင့် သန့်ရှင်းကြကုန်၏"** ဟူ၍ ဟောတော်မူခဲ့ပါသည်။

## စိတ်စင်ကြယ်စေမှု-အာနာပါနရှု

တရားအားထုတ်လိုသော ယောဂီပုဂ္ဂိုလ်၏ စိတ်သန္တာန်ဝယ် စိတ်အညစ်အကြေးတွေ သန့်စင်သွားအောင်ပြုလုပ်ရန်နည်းမှာ ဘုရားရှင်ဟောကြားခဲ့သော မဟာသတိပဋ္ဌာနသုတ်လာ အာနာပါနကျင့်စဉ်သည် အကောင်းဆုံးနည်းလမ်း ဖြစ်ပါသည်။

ဘုရားရှင်က မဟာသတိပဋ္ဌာနကျင့်စဉ်သည်-

- သတ္တဝါတို့ ကိလေသာမှစင်ကြယ်စေရန်၊
- စိုးရိမ်ငိုကြွေးမှုတို့ ချုပ်ငြိမ်းစေရန်၊
- ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲချုပ်စဲပျောက်ကင်းစေရန်၊
- မဂ်ဉာဏ်ရရှိစေရန်၊
- နိဗ္ဗာန်ကို မျက်မှောက်ပြုစေရန် တစ်ခုတည်းသော ကျင့်စဉ်ဖြစ်ကြောင်း ဟောကြားခဲ့ပါသည်။

ဤကျင့်စဉ်လာကျင့်စဉ်အတိုင်း အားထုတ်သောသူသည် အနည်းဆုံး(၇)ရက်၊ အများဆုံး(၇)နှစ် အားထုတ်လျှင် အနာဂါမ် ရဟန္တာဖြစ်ရခြင်းအကျိုးရှိကြောင်း ဟောပြတော်မူထားပါသည်။

တစ်ဂါထာဟောရုံမျှဖြင့် တရားထူးမရနိုင်၊ ကျင့်ကြံအားထုတ်မှ တရားထူးရနိုင်သော ဝေနေယျပုဂ္ဂိုလ်မျိုးအတွက် လမ်းညွှန်ဟောထားသော တရားကျင့်စဉ်ဖြစ် ကာမစ္ဆန္ဒ စသော စိတ်အညစ်အကြေးများလှသော ယနေ့ခေတ်အခါမျိုးဝယ် မိမိစိတ် စင်ကြယ်မှုရအောင် ဤအာနပါနကျင့်စဉ်ကို အထူးအားထုတ်အပ် လှပါသည်။

## အာနာပါနအားထုတ်နည်း

ကမ္မဋ္ဌာန်းအားထုတ်တော့မည်ဆိုလျှင် ဦးစွာဥတု သပ္ပါယ ဖြစ်ဖို့နေရာ၊ ဘောဇနသပ္ပါယဖြစ်ဖို့နေရာ၊ ပုဂ္ဂလသပ္ပါယဖြစ်ဖို့ နေရာ အလွန်အရေးကြီးပါသည်။

ပူလွန်း၊ အေးလွန်းသောနေရာဖြစ်က ခန္ဓာကိုယ်သည် ခံကျန်းအီသာမဖြစ်နိုင်၍ သမာဓိရဖို့မလွယ်ပါ။

အစားအစာ ရှားပါးသောနေရာဖြစ်က အစားအစာ မျှတမှုမရှိ၍ တရားအားမထုတ်နိုင်ပါ။

မိမိနှင့်မသင့်မြတ်သူနှင့်အတူတကွနေပြီး တရားအားထုတ်ပါကလည်း စိတ်ထဲကြည်လင်မှုမဖြစ်နိုင်၍ သမာဓိ မရနိုင်ပါ။

တရားအားထုတ်သူသည် ကြောင့်ကြမှု(၁၀)ပါးကို ဖြတ်တောက်နိုင်ရပါမည်။

- အိမ်ကိစ္စကြောင့်ကြမှုများ၊
- အမျိုးသားရေး၊ နိုင်ငံရေးကိစ္စများ၊
- အသင်းအဖွဲ့ကိစ္စများ၊
- ရစရာရှိသော မျှော်လင့်ချက်ကိစ္စများ၊
- အလုပ်တာဝန်ကိစ္စများ၊
- ခရီးသွားရန်ကိစ္စများ၊
- ဆွေမျိုးကိစ္စများ၊
- သားသမီးကိစ္စများ၊
- ရောဂါကိစ္စများ၊
- စာပေသင်ကြားမှု၊ စာမေးပွဲကိစ္စများ။

ဤပလိဗောဓများကို ကြိုတင်ဖြတ်ထားမှ တရားကို ဖြောင့်ဖြောင့်တန်းတန်း အားထုတ်နိုင်ပါမည်။ တရားအာရုံ၌ စိတ်ဝင်စားနိုင်ပါမည်။

တစ်ဖန် တရားအားထုတ်တော့မည်ဆိုလျှင်-

- မိမိ၏ခန္ဓာကိုယ် သန့်ရှင်းစေရပါမည်။
- အဝတ်အစား သန့်ရှင်းစေရပါမည်။
- အိပ်ရာနေရာ သန့်ရှင်းစေရပါမည်။

တရားအားထုတ်သောအလုပ်သည် စိတ်အလုပ်ဖြစ်သောကြောင့် စိတ်သန့်ရှင်းအောင် ရုပ်ပတ်ဝန်းကျင်ကို ပြုပြင်ပေးရပါသည်။

တရားအားထုတ်တော့မည်ဆိုလျှင် တောသို့ဖြစ်စေ၊ သစ်ပင်ရင်း၌ဖြစ်စေ သို့မဟုတ် ဆိတ်ငြိမ်ရာအရပ်သို့ဖြစ်စေ ကပ်ရောက်ပြီး ကိုယ်ကိုတင်ပလ္လင်ခွေထိုင်ပြီးကာ ကိုယ်ကို မတ်မတ်ထားလျက် သတိကို တရားအာရုံသို့ ရှေးရှုထားပြီး-

- သတိရှိလျက်သာလျှင် ဝင်သက်ကိုရှု၏။
- သတိရှိလျက်သာလျှင် ထွက်သက်ကိုရှု၏။
- ရှည်စွာရှုသည်ရှိသော် ရှည်ရှည်ရှိုက်သည်ကိုသိရမည်။
- ရှည်ရှည်ရှိုက်သည်ရှိသော် ရှည်ရှည်ရှိုက်သည်ကို သိရမည်။
- တိုတိုရှုသည်ရှိသော် တိုတိုရှုသည်ကို သိရမည်။
- တိုတိုရှိုက်သည်ရှိသော် တိုတိုရှိုက်သည်ကို သိရမည်။

အစ၊အလယ်၊အဆုံး အလုံးစုံသောဝင်သက်ကို ကောင်းစွာ ဉာဏ်ဖြင့်သိအောင် ထင်စွာပြု၍ ဝင်သက်၊ ထွက်သက်ကို ရှုအံ့ဟု ကျင့်၏-အား ထုတ်ရ၏။

ရှန်းရင့်သော ဝင်သက်၊ ထွက်သက်လေကို ငြိမ်းစေလျက် ရှုအံ့ဟု ကျင့်၏-အားထုတ်၏။

ဤသို့လျှင် မိမိခန္ဓာကိုယ်၏ ဝင်လေ၊ ထွက်လေ ရုပ်အပေါင်းကို အဖန်ဖန်ရှုလျက်နေသည်။

ဝင်လေ၊ ထွက်လေဟူသော ရုပ်အပေါင်း၌ ဖြစ်ခြင်းသဘောနှင့် ဖြစ်ကြောင်းတရားကို အဖန်ဖန် ရှုလျက်နေသည်။

ဝင်လေ၊ ထွက်လေဟူသော ရုပ်အပေါင်း၌ ပျက်ခြင်းသဘောနှင့် ပျက်ကြောင်းတရားကို အဖန်ဖန် ရှုလျက်နေသည်။

ထိုပြင် ဝင်လေ၊ ထွက်လေတည်းဟူသော ရုပ်အပေါင်း သာလျှင်ရှိ၏ဟု ထိုယောဂီအား သတိသည် ရှေးရှုထပ်လာ၏။

ထိုသို့ ထင်လာသောသတိသည် အဆင့်ဆင့်ဉာဏ်ပညာ တိုးပွားခြင်းငှါသာဖြစ်၏။ အဆင့်ဆင့် သတိ တစ်ဖန်တိုးပွားခြင်း သာငှါဖြစ်၏။

ထိုယောဂီသည် တဏှာ-ဒိဋ္ဌိတို့ဖြင့် မမှီမတွယ်မူ၍လည်း နေ၏။

မိမိခန္ဓာကိုယ်၌ တစ်စုံတစ်ခုသော ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်ကိုမျှ ငါ-ငါ၏ဥစ္စာဟူ၍ မစွဲလမ်းတော့။

လူဟူသည် မွေးလာကတည်းက အသက်ရှုလာသည်၊ သို့သော် သတိနှင့်ရှုကြသည် မဟုတ်ပါ၊ အလုပ်ကိစ္စများ၊ အာရုံ ကာမဂုဏ်များကြားမှာ စိတ်ရောက်နေကြသောသဘောရှိပါသည်။ ငါအသက်ရှုနေပါကလားဟုသတိထားမည့်သူမရှိဟု ဆိုရပါမည်။

ဤသို့ ရိုင်းနေသူအား တရားအားထုတ်သောအခါ အလွယ်ဆုံး အသက်ရှုတာ၊ ရှိုက်တာကိုပင် ဘုရားရှင်က သာယာ ညင်းပျောင်းသောနည်းဖြင့် သင်ပေးထားပါသည်။

**အာနာပါနပထမအဆင့်**

ဤပထမအဆင့်တွင် နှာသီးများ စသည့်နေရာကို မမှတ် ခိုင်းသေးပါ။ အသက်ရှူတာ၊ ရှိုက်တာကိုပင် သတိပြုနိုင်ရန် သင်ကြားပြသပါသည်။

ရှူသည်၊ ရှိုက်သည်ဆိုရာဝယ် အသက်ရှူသွင်းသည့်အခါ ဝမ်းဗိုက်ဖောင်းထလာသည်။ ထွက်သက်လေကို ပြန်ထုတ်လိုက်

သောအခါ ဝမ်းဗိုက်ပိန်သွားသည်။ နိမ့်သွားသည်။ ရှိုင်းသွားသည်။ ရှိုက်သွားသည်ဟု မြန်မာစကားဝေါဟာရအရ ဆိုပါသည်။

ထို့ကြောင့် ရှူသည်ဆိုသောစကားသည် နှာခေါင်းက နေပြီး ပြောသောစကား ဖြစ်ပါသည်။

လောကဥပမာတွင် ကျွမ်းကျင်သောပွတ်သမားသည် ပွတ်ကြိုးကို ရှည်ရှည်ဆွဲလျှင် ရှည်ရှည်ဆွဲသည်ဟု သိ၏။ တိုတို ဆွဲလျှင် တိုတိုဆွဲသည်ဟု သိသကဲ့သို့ အသက်ရှူသွင်းတိုင်းရှည်မှုကို သိရပါသည်။

ဤပထမအဆင့်ကျင့်စဉ်တွင် အစဦးယောဂီစိမ်းသက်သက်ကို တရားအလုပ် စလုပ်စေရသည်ဖြစ်သောကြောင့် သတိနှင့်ရှူပါ၊ ရှိုက်ပါလျှက် သတိလက်လွှတ်ပြီး သတိမထားမိဘဲ အကြိမ်များစွာ ရှူမိ၊ ရှိုက်မိသည်များ ရှိတတ်ပါသည်။

သို့တွက် ဝိသုဒ္ဓိမဂ်တွင် ယောဂီပုဂ္ဂိုလ်များအတွက် ဂဏနာ နည်း(ရေတွက်နည်း)ဖြင့် ရှူရှိုက်လမ်းညွှန်ပြသထားပါသည်။

| | | |
|---|---|---|
| အစပိုင်းတွင် | ရှူသတိ-ထွက်သတိ တစ်စုံကို | တစ် |
| | နောက်တစ်စုံကို | နှစ် |
| | နောက်တစ်စုံကို | သုံး |
| | နောက်တစ်စုံကို | လေး |
| | နောက်တစ်စုံကို | ငါး |

ဟူ၍ ရေတွက်မှတ်သားပါ။

ငါးပြည့်လျှင် တစ်ကပြန်စပါ။ ခြောက်အထိဆက်ပါ။
ခြောက်ပြည့်လျှင် တစ်ကပြန်စပါ။ ခုနစ်အထိဆက်ပါ။
ခုနစ်ပြည့်လျှင် တစ်ကပြန်စပါ။ ရှစ်အထိဆက်ပါ။

ရှစ်ပြည့်လျှင် တစ်ကပြန်စပါ။ ကိုးအထိဆက်ပါ။
ကိုးပြည့်လျှင် တစ်ကပြန်စပါ။ တစ်ဆယ်အထိဆက်ပါ။
တစ်ဆယ်ရောက်လျှင် ဂဏနာ-ရေတွက်နည်းမပြုလုပ်ရတော့ပါ။ သတိနှင့်ဝင်လေထွက်လေရှူသွားပါ။ စိတ်တည်မြဲပြီး ဖြစ်သွားပါမည်။

သတိထားရန်မှာ ရှိုက်ထုတ်ပြီးတစ်အောင့်ကြာမှ ပြန်ရှူသွင်းမပြုလုပ်ရပါ။ မရပ်မနားဘဲ ဆက်လက်ရှူမှတ်ရပါမည်။ ရပ်နေလျှင်ကြာက ဝိတက်ဟူသောအကြံအစည်များပေါ်လာတတ်ပါသည်။

## အာနာပါနဒုတိယအဆင့်

အာနာပါနဒုတိယအဆင့်တွင် ဂဏနာ(ရေတွက်နည်း)ကို မသုံးရတော့ပါ။ အသက်ရှူသွင်းထုတ်ရာ၌ ဝင်လေထိရာ ထွက်လေထိရာ နေရာကလေးကို ရှုစိုက်ထားရပါသည်။

ရှည်ရှည်ရှူရာ၌ ဆုံးအောင်ရှူသွင်း၊ ဆုံးအောင်ရှိုက်ထုတ်ပြီး သတိကို လေထိရာနေရာကလေး၌ ကပ်ထားရပါမည်။

အတွင်းထဲသို့လည်း ဝင်မလိုက်ရပါ၊ နှာခေါင်းပြင်ပသို့လည်း ထွက်မလိုက်ရပါ။ လေထိရာနေရာကလေးကို သတိချုပ်၍ အသိကပ်နေရပါမည်။

တစ်ခါတစ်ရံ နှာခေါင်းနှစ်ပေါက်စလုံး အသက်မရှူဘဲ တစ်ပေါက်တည်းဖြင့်သာ ရှူရှိုက်နေတတ်ပါသည်။ တစ်ပေါက်တည်းသာ ရှူရှိုက်လေ ဝင်ထွက်နေလျှင်လည်း ဝင်လေ၊ ထွက်လေ ထိရာ နှာသီးဖျားကို သတိကပ်ထားရပါမည်။

အသက်ရှည်ရှည်ရှူရှိုက်နေရာမှ တိုဟိုရှူရှိုက်လာတတ်ပါသည်။ ထိုအခါ အတိုသို့ပြောင်းပြီး နှာသီးဖျားလေထိရာကိုသာ သတိပြုပြီး တိုတိုရှူသွင်း၊ တိုတိုရှိုက်ထုတ်ပါ။ တိုလျှင် မြန်တတ်သည်။ မြန်မြန်ရှူ၊ မြန်မြန်ရှိုက်၊ သွက်သွက်ကလေးရှူ၊ ရှိုက်ဟု ဆိုလိုပါသည်။

အရှည်ရှူရှိုက်မှုသည် အဆုတ်ကို လေပြည့်စေ၏။ အဆုတ်အားရှိစေ၏။

အတိုရှူရှိုက်မှုကား အိပ်ငိုက်မှု၊ စိတ်ဂဏာမငြိမ်မှု၊ ထိုင်းမှိုင်းမှု(ထိနမိဒ္ဓ) ဖြစ်နိုင်ပါသည်။

ရှူရှိုက်ရာတွင် သူ့သဘောဆောင်ပါစေ၊ အောင့်ထားခြင်း၊ ညှစ်ထားခြင်း၊ ဝင်လေကိုနှစ်ဆင့်၊ သုံးဆင့်တွန်းထုတ်ခြင်း မပြုလုပ်ရပါ။

အချုပ်မှာ ဝင်လေထွက်လေထိရာ နှာသီးဝ၌ စိတ်ကို သတိထားစိုက်ထားပါ။

- ဆုံးအောင်ရှူသွင်း၊ ဆုံးအောင်ရှိုက်ထုတ် (ရှည်ရှည်)
- မြန်မြန်သွက်သွက် ရှူသွင်း၊ ရှိုက်ထုတ် (တိုတို)

## အာနာပါနတတိယအဆင့်

ဒုတိယအဆင့်၌ အရှည်၊ အတိုပြောင်းကာ ပြောင်းကာ အားထုတ်၍ သမာဓိရပြီးဆိုလျှင် ဤတတိယအဆင့်ကို ကူးရပါသည်။

သမာဓိရလာလျှင် ရှူသွင်းသောလေ၊ ရှိုက်ထုတ်သောလေတစ်ခုလုံးကို ထင်လင်းစွာသိလာပါသည်။ သမာဓိအရေးကြီးပါသည်။

လေထိရာဌာနအသီးများ၌ သတိကိုကပ်ထားပြီး ရှုသွင်းသောအခါ ဝင်လေစ၍ ဝင်လာသည်။ ဆက်၍ ဝင်သွားသည်။ ဝင်၍ ဆုံးသွားသည် စသည် လေထိရာအရပ်ကိုပင် စိတ်စိုက်ထားပြီး သိအောင်လုပ်ရပါသည်။

ထွက်စ၊ ထွက်လယ်၊ ထွက်ဆုံး လေထိရာနေရာကိုပင် သတိထားရန် ဖြစ်ပါသည်။

တံခါးစောင့်သည် မိမိကံခါးပေါက်ရောက်လာသူကိုသာ ဂရုပြုရမည်။ ဝင်မလာသေးသောသူ၊ ထွက်သွားသူများကို လိုက်ကြည့်ရန်မလိုသကဲ့သို့ လေထိရာနေရာကို နှာသီးဖျား၊ နှာသီးဝ၌သာ စိတ်ကိုသတိအားကာ တစ်နေရာတည်း၌ အာရုံမိအောင် (ဧကဂ္ဂတာကျအောင်) အားထုတ်ရပါသည်။

ဝင်မလာသေးသောလေ၊ ဝင်သွားပြီးလေ၊ ထွက်မလာသေးသောလေ၊ ထွက်သွားပြီးသောလေ နောက်သို့ မလိုက်ရပါ။

အသက်ရှူသည်မှာ ရှည်ရှည်၊ တိုတို မည်သို့ပင်ဖြစ်စေ၊ ဝင်လေတစ်ခုလုံး၊ ထွက်လေတစ်ခုလုံးသိနေရန်သာ အရေးကြီးပါသည်။

ဉာဏ်ရှိဖို့လိုပါသည်။ ဉာဏ်ပေါ်လုပ်ရန် လိုပါသည်။

- ဒုတိယအဆင့်ကို ပဇာနာတိ-သိပါ။
- တတိယအဆင့်ကို သိက္ခတိ-ကျင့်ပါ

ဟူ၍ ဘုရားရှင်က ခွဲခြားဟောထားပါသည်။

တတိယအဆင့်သည် ဒုတိယအဆင့်ထက် မိုခက်သာသည်။ သိရုံသာမက ထင်ထင်ရှားရှားဖြစ်လာအောင် အားထုတ်စေလိုသည်။ ဉာဏ်ဖြစ်စေလိုသည်။

## အာနာပါန စတုတ္ထအဆင့်

တတိယအဆင့်မှာ သမာဓိခိုင်မြဲမာမာရလာလျှင် စတုတ္ထအဆင့်မှာ အခက်အခဲမရှိတော့ပါ။

ငါ၏ ရှူရှိုက်မှုကို ချုပ်သွားစေရမည်ဟု စိတ်နှလုံးသွင်းပြီး ညင်ညင်သာသာ ရှူရှိုက်ရပါသည်။

ထိုသို့ရှူရှိုက်သည့်အခါ နှာသီးဝ၊ နှာသီးဖျားလေထိရာအရပ်၌ လှုပ်တုတ် လှုပ်တုတ်၊ ဖတ်လတ် ဖတ်လတ်လေးမျှသာ ထင်လာတတ်ပါသည်။ အသက်မရှူတော့ပါ၊ မရှိုက်တော့ပါ။ ဝမ်းဗိုက်ကလည်း ဖဖောင်းတော့၊ မပိန့်တော့ပါ၊ ငြိမ်ငြိမ်နေပါတော့သည်။

တရားအားထုတ်သူ၏ သတိ၊ သမာဓိ၊ ပညာမှုကားထိုနေရာလေး၌သာ တအားစိုက်ထားရပါမည်။ သတိချပ်၍အသိကပ်ထားရသည်။

ဤအခြေအနေတွင် ဘေးပတ်ဝန်းကျင်က အသံများတိတ်ဆိတ်ရန်လိုအပ်ပါသည်။ အလွန်သိမ်မွေ့နေပြီးဖြစ်၍ဘေးပတ် ဝန်းကျင်က အသံများဝင်လာလျှင် သမာဓိပျက်သွားပါတော့သည်။

အောင့်ထားသည်မဟုတ်ဘဲ သူ့အလိုလိုငြိမ်သွားမှ မှန်ပါသည်။ အောင့်ထားမှရသည်ဟုဆိုလျှင် တတိယအဆင့်ပြန်ဆင်းပြီး ပြန်အားထုတ်ပြီး သမာဓိရမှပြန်တက်ရပါသည်။

ယောဂီသည်-

“ငါသည် ပင်လေကို ငြိမ်အောင်ရှူမည်။ ထွက်လေကိုငြိမ်အောင်ရှူမည်ဟု နှလုံးသွင်းပြီး ညင်ညင်သာသာ ရှူသွင်း

**စိုက်ထုတ်ရပါသည်။ ငြိမ်သွားလျှင် အားထုတ်ပြီးရှုရှိုက်ရန် မလိုတော့ပါ။ သူ့သဘောအတိုင်းမှေးထားလိုက်ရန် ဖြစ်ပါသည်။**

ကိုယ်နှင့်စိတ်ငြိမ်းလာလျှင် ဝင်လေထွက်လေသည် သိမ်မွေ့သွားပါတော့သည်။

တတိယအဆင့်၊ စတုတ္ထအဆင့်ကို အဋ္ဌကထာဆရာများက ဥပမာပေးကြသည်မှာ-

-တတိယအဆင့်သည် အလေးအပင်ထမ်းလာသည်နှင့် တူသည်။

-စတုတ္ထအဆင့်သည် ဝန်ကိုချပြီး နားသည်နှင့်တူသည်။

-တတိယအဆင့်သည် ပြေးလာသည်နှင့်တူသည်။

-စတုတ္ထအဆင့်သည် ပန်းတိုင်ရောက်၍ နားသည်နှင့် တူသည်။

-တတိယအဆင့်သည် တောင်မြင့်ပေါ်မှ ပြေးဆင်းလာ သည်နှင့်တူသည်။

-စတုတ္ထအဆင့်သည် တောင်အောက်ရောက်၍ အေးအေး ဆေးဆေးနားသည်နှင့်တူသည်။

ဟူ၍ ဖွင့်ဆို ရေးထားပါသည်။

## အာနာပါနသတိ၏ ဥပစာရသမာဓိအဆင့်

ဝင်လေထွက်လေကို ငြိမ်အောင်ထားနိုင်ပြီဆိုလျှင် နှာသီးဝ၌ လှုပ်တုတ်လှုပ်တုတ်၊ ဖက်လတ်ဖတ်လတ်ကလေးမျှသာ ဖြစ်နေသည်။ ယင်းသည် မူလအသက်ရှုရှိုက်လေမဟုတ်တော့ပါ။ မူလလေတို့၏ အတုကလေးမျှသာ ဖြစ်သည်။

ထိုအတုကို ပါဠိဘာသာအားဖြင့် -ပဋိဘာဂ
သိမှတ်စရာကို ပါဠိဘာသာအားဖြင့်-နိမိတ္တ

ဟု ဆိုပါသည်။

ထို့ကြောင့် စတုတ္ထအဆင့်၌ အောင်မြင်ရရှိနေသော လေနုကလေးကို ပဋိဘာဂနိမိတ်ရသည်ဟု ဆိုပါသည်။

ထိုပဋိဘာဂနိမိတ်ရလာပြီဆိုလျှင် ကာမစ္ဆန္ဒ စသောနီဝရဏတရားငါးပါး ကွာတော့သည်။

ဤအခိုက်တွင်
- ကာမအကြံအစည်မလာ၊
- စိတ်ပျက်မှုမရှိ၊
- ထိုင်းမှိုင်းငိုက်မြည်းခြင်းကင်း၏၊
- စိတ်မပျံ့လွင့်၊
- လုပ်မှား၊ မမှားစဉ်းစားခန်းမဝင်တော့၊
- အကျင့်အပေါ်မှာ သံသယဖြစ်မှုမရှိတော့။

ငါ၏စိတ်သည် အလွန်တည်နေပါကလားဟု ပညာအဆင်အခြင်ဖြင့် တရားအားထုတ်သူကိုယ်တိုင် သိနေတော့သည်။

ဤကဲ့သို့ နီဝရဏများကွာသောအခါ တရားအားထုတ်သူ၌ဖြစ်ပေါ်နေသော သမာဓိသည် အတော်အားကောင်းနေပါပြီ၊ ဈာန်ရလုနီးပါးဖြစ်နေပါသည်။ ဆက်ပြီး ဤအတိုင်းအားထုတ်သွားပါလျှင် ပထမဈာန်ရပါသည်။

ဤကဲ့သို့ ပထမဈာန်၏အနီးသို့ ဥပစာသို့ရောက်သွားသော သမာဓိဖြစ်၍ ဤသမာဓိကို ဥပစာရသမာဓိဟု ခေါ်ပါသည်။

ဝင်လေထွက်လေငြိမ်း--➤ ပဋိဘာဂနိမိတ်ပေါ်--➤
နီဝရဏကွာ--➤ ဥပစာရသမာဓိရ--➤ စိတ်အလွန်

ချမ်းသာနေပါသည်--➢ တရားအားထုတ်သူ၏ကိုယ်သည် အရုပ်ကဲ့သို့ တည်ငြိမ်နေပါတော့သည်။

ယခုအာနာပါနပဋိဘာဂနိမိတ်ရ၍ ရှန့်ရှင်းသောဝင်လေ ထွက်လေငြိမ်နေခိုက်ကို စတုတ္ထဈာန်ရသည်ဟု ထင်မှတ်တတ်ပါသည်။ လမ်းမှားရောက်သွားတတ်ပါသည်။

## သတိပြုဖွယ် နိမိတ်အာရုံနယ်

ဤအာနာပါနအားထုတ်သူတို့တွင် ပုဂ္ဂိုလ်အချို့သည် မည်သည့်အာရုံနိမိတ်မျှ ဆိုးဆိုးဝါးဝါး မပေါ်လာဘဲ ပထမဆင့်မှ စတုတ္ထဆင့်ထိ ချောမောစွာ ရောက်သွားတတ်ပါသည်။

အာနာပါနအားထုတ်ခြင်းသည် ဥပစာရသမာဓိရရှိရေး အတွက်သာဖြစ်သောကြောင့် ရသင့်ရထိုက်သော အာရုံနိမိတ်ရပြီး မည်သို့မျှ ပြဿနာမဖြစ်ဘဲ တန်းမတ်စွာရောက်သွားပါက ကောင်းလှပါသည်။

တရားအားထုတ်သူအချို့သည် သတိနှင့်ရှုရှိက်သော ပထမအဆင့်တွင်ပင် နိမိတ်အာရုံတွေ ပေါ်လာတတ်ပါသည်-

- အလင်းရောင်များ၊
- တိမ်တောင်များ၊
- အမျှင်အတန်းများ၊
- နှစ်သက်စရာရုပ်အဆင်းများ၊
- ကြောက်စရာရုပ်အဆင်းများ စသည်ဖြင့် ကမ္မဋ္ဌာန်းနှင့်ပတ်သက်သော နိမိတ်များပေါ်လာတတ်ပါသည်။ ထိုအခါ

တရားအားထုတ်သူသည် အာနာပါနကိုလွှတ်ပြီး နိမိတ်အာရုံသို့ လိုက်သွားတတ်ပါသည်။

နိမိတ်အာရုံလိုက်သွားလျှင် မိမိ၏မူရင်းကမ္မဋ္ဌာန်းအလုပ် လွှတ်သွားပြီး လမ်းလွဲသွားတတ်ပါသည်။

အချို့တရားအားထုတ်သူများမှာ ကောင်းမွန်းသော နိမိတ် ကလေးတစ်ခါမြင်လိုက်လျှင် နောက်ထပ်ပေါ်လာစေရန် တောင့်တ တတ်ကြပါသည်။

ဤသည်မှာ အဘိဇ္ဈာဖြစ်ပါသည်။

ထပ်ပေါ်မလာလျှင် ဝမ်းနည်းတတ်၏။ ဒေါမနဿဖြစ် တတ်သည်။ ကြောက်စရာတွေ့လာပါက လန့်တတ်သည်။ ဒေါသ ဖြစ်တတ်သည်။ ဤကိစ္စအားလုံးသည် လမ်းလွဲချည်းသာဖြစ်သည် ကို သတိရှိရပါမည်။

အချို့တရားအားထုတ်သူများသည် အာနာပါနအားထုတ်ခါစ စိတ်ရောကိုယ်ပါလှုပ်လှုပ်ရှားရှား ဖြစ်တတ်ကြပါသည်။

တုန်ဘုန်ခိုက်ခိုက်ဖြစ်တတ်ကြသည်-

ဤသည်မှာ စိတ်ရိုင်းကို ဖမ်းထိန်းလိုက်သည့်အတွက် သဘာဝတွန်းကန်မှုကြောင့် ပေါ်ထွက်လာသော ဖောက်ပြန်မှု ဖြစ်ပါသည်။

ဤသည်တို့ကို နိမိတ်အားထုတ်နေသော တရားမှမလွှတ် အောင် အားတင်းအားထုတ်ရပါမည်။ နောက်တော့ ငြိမ်သွားပါ မည်။

အာနာပါနအားထုတ်၍ ခရီးအတော်ရောက်လျှင် ကိုယ်ရော စိတ်ပါ မတုန်လှုပ်တော့ပါ။

မိမိအားထုတ်နေသော ကမ္မဋ္ဌာန်းအပေါ် သတိမြဲသွားသောအခါ နိမိတ်များပေါ်လာလျှင် ဝင်သိ၊ ထွက်သိ၊ နိမိတ်သိ သုံးမျိုးနှင့် ဆက်လက်သတိကပ်မှတ်ပြီး ပဋိဘာဂနိမိတ်ရသည် အထိ ဆက်အားထုတ်ရပါမည်။

သမာဓိများလွန်နေ၍ ပျံ့လွင့်လျှင်(ဥဒ္ဓစ္စဖြစ်လျှင်) မျက်စိကို ပြန်ဖွင့်ပြီး ခေတ္တခဏနေရာမှ ထပါ။ ပြီးမှပြန်ထိုင်ပါ။

သို့သော် အထိုင်မပြောင်းဘဲ အားထုတ်နိုင်ပါက ပိုကောင်းပါသည်။ ဣရိယာပုတ်ပြောင်းလျှင် အသစ်အသစ်ဖြစ်သွား၍ သမာဓိ ပျက်သွားတတ်ပါသည်။

မိမိအားထုတ်နေသော စိတ်အလုပ်ခွင်မှတစ်ခြားသို့ စိတ်မထွက်စေရပါ။ ဆန်စင်ရာကျည်ပွေ့မလိုက်ရသကဲ့သို့ စိတ်သွားရာ နောက်သို့မလိုက်ပါနှင့် ဆုံထဲရှိဆန်ကို ဂရုစိုက်ထောင်းမှ ဆန်ဖြစ်ရထွက်သလို စိတ်ကိုသတိကပ်ထိန်းနိုင်မှ သမာဓိရပါမည်။

အာနာပါနကမ္မဋ္ဌာန်းကို သေချာစွာထိုင်လာသောအခါ ဣရိယာပုတ်မပြောင်းရသည်အတွက် ခန္ဓာကိုယ်ထဲမှ ညောင်းညာ ကိုက်ခဲမှုဝေဒနာများက ဓာတ်ပြလာပါသည်။

ထိုသို့ ဝေဒနာပေါ်လာပါက ဝေဒနာကိုလိုက်သိနေလျှင် အာနာပါနလွတ်သွားတတ်ပါသည်။ အာနာပါနတကယ်သမာဓိ ရနေပါက ဝေဒနာပေါ်နေသည်ကို မသိပါ။ သမာဓိအားနည်းက ဆင်းရဲဝေဒနာကို များများမိများများခံစားရတတ်သည်။

ဆင်းရဲဝေဒနာပေါ်လာက ဝေဒနာဘက်မလိုက်ဘဲ အာနာပါနကိုသာ နာနာလိုက်ပြီး ဖိရှုရှိုက်ရပါမည်။

အာနာပါသမာဓိဘက်က နိုင်လာလျှင် ဝေဒနာပျောက်သွားပါမည်။

အာနာပါနစတုတ္ထအဆင့်အောင်မြင်၍ ဥပစာရသမာဓိခိုင်ခိုင်မာမာရပြီးဆိုလျှင် နီဝရဏတရားများ ကင်းကွာသွားသောကြောင့် စိတ္တဝိသုဒ္ဓိဖြစ်လေပြီ စိတ်သန့်ရှင်းမှုရလေပြီး ဖြစ်ပါသည်။

ဤစိတ္တဝိသုဒ္ဓိဖြစ်ပြီးဆိုလျှင် မိမိသည်-

- သမထယာနိက၊
- ဝိပဿနာနိက ကြိုက်ရာလမ်းကိုလိုက်နိုင်ပါသည်။
- ဈာန်ရလိုက အာနာပါနပဋိဘာဂနိမိတ်ကို ဆက်လက်ပွားများအားထုတ်က ဈာန်ရပါမည်။
- ဝိပဿနာဘက်သို့ကူးလိုပါက ဤဥပစာရသမာဓိကို အခြေခံပြု၍ ရုပ်-နာမ်သဘာဝကို ရှုမှတ်ပွားများရေးလမ်းသို့ လိုက်ရပါမည်။

(ဈာရန်ပြီးမှလည်း ဝိပဿနာကူးနိုင်ပါသည်)

ဥပစာရသမာဓိ (ဝါ) စိတ္တဝိသုဒ္ဓိမဖြစ်ဘဲ ဝိပဿနာဘက်သို့ လုံးဝကူး၍ မရပါ။

သမာဓိရအောင် အားထုတ်သောအဆင့်ကို ပဋိပဒါအဆင့်ဟု ခေါ်သည်။ ဝိပဿနာပညာဖြစ်အောင် အားထုတ်သောအဆင့်ကို အဘိညာအဆင့်ဟု ခေါ်ပါသည်။

ဤအာနာပါနကမ္မဋ္ဌာန်း အာထုတ်သောယောဂီသည် မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ မလုပ်ရပါ။

ဉာဏ်မသုံးဘဲ တုံးတိုက်ကြီးလည်း မလုပ်ရပါ။

သတိရှိရပါမည်။ ဉာဏ်လည်းရှိရပါမည်။

ထိုသည်ကို ဘုရားရှင်က ဥပရိပဏ္ဏာသ-အာနပါနသုတ်တွင်-

"ချစ်သားတို့....ငါဘုရားသည် သတိမဲ့သော ပညာအဆင်အခြင်မရှိသောသူအတွက် အာနာပါနသတ်ကို မဟောပေ"

ဟူ၍ ဟောတော်မူပါသည်။

**အာနာပါနအကျိုး**

အာနာပါနအကျိုးနှင့်ပတ်သက်၍

"ရဟန်းတို့...ဤဆိုခဲ့သည့်အတိုင်း ပွားများအားထုတ်သော၊ ကြိမ်ဖန်များစွာပြုလုပ်သော အာနာပါနသမာဓိသည် ငြိမ်လည်းငြိမ်သက်၏။ မွန်လည်းမွန်မြတ်၏။ အခြားတစ်ပါးအရာဖြင့် ထပ်မံဖြည့်စွက်ဖွယ်ရာမရှိ၊ သူ့အလိုလိုသာလျှင်ကောင်းလှပါသည်။ ချမ်းသာစွာလည်းနေရပါ၏။ ဖြစ်ပေါ်-ဖြစ်ပေါ်လာသော အကုသိုလ်တရားတို့ကိုလည်း တစ်ခဏချင်းပျောက်ကွယ်သွားစေ၏။ ငြိမ်းအေးသွားစေ၏"

ဟူ၍ ဟောတော်မူသည်။

အာနာပါနကမ္မဋ္ဌာန်းကိုအားထုတ်လျှင် သတိပဋ္ဌာန်လေးပါးအားထုတ်ရာရောက်ကြောင်းကို အာနာပါနသံယုတ် ပဌမအာနန္ဒာသုတ်တွင်-

"ချစ်သား-အာနန္ဒာ... အာနာပါနသမာဓိဟူသည် တစ်ခုသောတရားကို ပွားများအပ်သည်ရှိသော်၊ ကြိမ်ဖန်များစွာပြုအပ်သည်ရှိသော် သတိပဋ္ဌာန်းလေးပါးတို့ကို ပြည့်စုံစေ၏။ သတိပဋ္ဌာန်လေးပါးတို့ကို ပွားများအပ်သည်ရှိသော်၊ ကြိမ်ဖန်များစွာပြုအပ်သည်ရှိသော် ဗောဇ္ဈင်ခုနစ်ပါးကို ပြည့်စုံစေ၏။

ဗောဇ္ဈင်ခုနစ်ပါးကို ပွားများအပ်သည်ရှိသော်၊ ကြိမ်ဖန်များစွာပြုအပ်သည်ရှိသော်၊ ဝိဇ္ဇာ(အသိဉာဏ်) ဝိမုတ္တိ(လွတ်မြောက်မှု)တို့ကို ပြည့်စုံစေ၏''

ဟူ၍ ဟောတော်မူသည်။

ဘုရားရှင်၏ ဤတရားတော်အရ အာနာပါနကမ္မဋ္ဌာန်းကို ဆက်လက်အားထုတ်သွားလျှင်-

- ကာယာနုပဿနာ၊
- ဝေဒနာနုပဿနာ၊
- စိတ္တာနုပဿနာ၊
- ဓမ္မာနုပဿနာ

ဟူသော သတိပဋ္ဌာန်လေးပါး ပြည့်စုံလာသည်။ သတိပဋ္ဌာန်လေးပါးကို ဆက်လက်အားထုတ်သွားလျှင်-

- သတိသမ္ဗောဇ္ဈင်၊
- ဓမ္မဝိစယသမ္ဗောဇ္ဈင်၊
- ဝီရိယသမ္ဗောဇ္ဈင်၊
- ပီတိသမ္ဗောဇ္ဈင်၊
- ပဿဒ္ဓိသမ္ဗောဇ္ဈင်၊
- သမာဓိသမ္ဗောဇ္ဈင်၊
- ဥပေက္ခာသမ္ဗောဇ္ဈင်

ဟူသော ဗောဇ္ဈင်ခုနစ်ပါးတို့ ပြည့်စုံလာစေပါသည်။ ဗောဇ္ဈင်ခုနစ်ပါးကို ဆက်လက်ပွားက ဝိဇ္ဇာဉာဏ်ရပြီး ကိလေသာတို့မှ လွတ်မြောက်ပါသည်။

ဤသို့လျှင် တရားအားထုတ်သူသည် စိတ္တဝိသုဒ္ဓိစိတ်စင်ကြယ်ရေးကို အာနာပါနသတိကမ္မဋ္ဌာန်းဖြင့် ကြိုးစားအားထုတ်၍ စင်ကြယ်သန့်ရှင်းစေရပါမည်။

# (၀) တတိယလေ့တား–အမြင်စင်ကြယ်မှု(ဒိဋ္ဌိဝိသုဒ္ဓိ)

## အမြင်စင်ကြယ်မှုတူသည်

တရားအားထုတ်သူအဖို့ သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိဖြစ်ပြီဆိုလျှင် ဝိပဿနာအားထုတ်ရန် အခြေခိုင်ပြီး အမြစ်စွဲသွားပြီဟု ဆိုရပါမည်။

ထိုဝိသုဒ္ဓိနှစ်ပါးသည် မူလဝိသုဒ္ဓိများဖြစ်သည်။ ဒိဋ္ဌိဝိသုဒ္ဓိမှစ၍ ကျန်ဝိသုဒ္ဓိများကား ကိုယ်ထည်နှင့်တူသော ဝိသုဒ္ဓိများ ဖြစ်ကြပါသည်။

ဒိဋ္ဌိဝိသုဒ္ဓိဖြစ်စေရန် နာမရူပပရိစ္ဆေဒဉာဏ်ရရန် လိုအပ်ပါသည်။ ထိုဉာဏ်ရမှ ဒိဋ္ဌိစင်ကြယ်ပြီး ထိုဉာဏ်သည် ဝိပဿနာနယ်ပယ်အစ ဖြစ်သည်။

သီလဝိသုဒ္ဓိကား-သီလ၊

စိတ္တဝိသုဒ္ဓိကား- သမာဓိ၊

နာမရူပပရိစ္ဆေဒဉာဏ်ကား-ပညာ ဖြစ်ပါသည်။

တစ်ဖန် - သီလသည် သမာဓိ-ပညာ၏အခြေခံ ဖြစ်ပါသည်။
- သမာဓိသည် သမထ၊
- ပညာသည် ဝိပဿနာဖြစ်ပါသည်။

ဒိဋ္ဌိဝိသုဒ္ဓိဟူသည် အဘာယ်နည်း။

ဒိဋ္ဌိသည်-အမြင်၊ ဝိသုဒ္ဓိ-အထူးစင်ကြယ်ခြင်း ဖြစ်ပါသည်။ မစင်ကြယ်သောအမြင်၊ မကောင်းသောအမြင်၊ မှားနေသောအမြင်တို့ကို စင်ကြယ်အောင် ပြုလုပ်ရမည်ဟု ဆိုလိုပါသည်။

သီလက္ခန္ဓဝဂ်-ဗြဟ္မဇာလသုတ်တွင် များယွင်းသော အမြင် (၆၂)မျိုးကို ဘုရားရှင်က ပြည့်စုံစွာဟောကြားထားပါသည်။

ဤနေရာတွင် စင်ကြယ်အောင်ပြုလုပ်ရမည့်အမြင် (၂)မျိုးသာရှိပါသည်-

(၁) ခန္ဓာကိုယ်ထဲ၌ အတ္တ၊ လိပ်ပြာ စသည်ရှိသည် ဟူသော အတ္တဒိဋ္ဌိ၊

(၂) အလွန်ရှန့်ရင်းသော ခန္ဓာငါးပါးကို ငါဟုထင်နေသော အတိသြဥ္စာရိကာသက္ကာယဒိဋ္ဌိ၊

-အတ္တဒိဋ္ဌိကို လုံးဝစင်ကြယ်အောင် ပြုလုပ်ရပါမည်။

-အလွန်ရှန့်ရင်းသော သက္ကာယဒိဋ္ဌိကို ပယ်ခွာပစ်နိုင်ရပါမည်။

လူ၏ ခန္ဓာကိုယ်ထဲ၌ အတ္တရှိနေသည်။ ထိုအတ္တသည်-

- လူ့အလုပ်အားလုံးကို အတ္တကလုပ်နေသည်၊
- ခံစားမှုမှန်သမျှ အတ္တကသာ ခံစားခြင်းဖြစ်ပါသည်။
- အတ္တသည် လူ၏ခန္ဓာအိမ်ပိုင်ရှင်ဖြစ်သည်။
- အတ္တသည် ခန္ဓာထဲမှာအမြဲရှိသည်၊
- ဘာမဆိုအတ္တ၏ အလိုဆန္ဒအတိုင်း ဖြစ်နေရသည်။

ထိုအတ္တကို 'ပရမတ္တမ'မည်သော အနုဗ္ဗာတန်ခိုးရှင်က ဖန်ဆင်းပြီး လူကိုယ်ထဲထည့်ထားခြင်းဖြစ်သည်။

- ထိုအတ္တသည် မြဲသည်၊
- ခန္ဓာတစ်ခုပျက်လျှင် နောက်ခန္ဓာတစ်ခုပြောင်းသွားသည်။

- ခန္ဓာကိုယ်သာပျက်သည်။ အတ္တသည်ကား မည်သည့်အခါမျှ မပျက်စီး ဤသို့သောအယူကို အတ္တဒိဋ္ဌိဟု ခေါ်ပါသည်။

ဤသည်မှာ ရှေးဗြဟ္မဏတို့၏ အယူဖြစ်ပြီး ယခု ဟိန္ဒူဘာသာတို့ လက်ခံထားကြသည်။

အခြားဘာသာတို့က ဤအတ္တကိုပင် ထာဝရတန်ခိုးရှင်က ဖန်ဆင်းသောလူအဖြစ် လက်ခံထားသည်။

လူသေသောအခါ အတ္တမသေ၊ နောက်ဘဝလည်း မဖြစ်၊ သင်္ချိုင်းထဲမှာပင်နေရသည်။ နောင်ကမ္ဘာပျက်သောအခါကျမှ အတ္တက အသက်ပြန်ရှင်လာပြီး ထာဝရဘုရားရှင်၏ တရားစီရင်မှုကို ခံယူရမည်ဟု ယုံကြည်ထားကြသည်။ အတ္တဝါဒီများက ထိုအတ္တကို 'ဝိညာဉ်'ဟူ၍ ခေါ်ကြသည်။ သူတို့အဖို့သံသရာမရှိ၊ သေသည်ကိုပင် ထာဝရဘုရားရှင်၏ အလိုတော်အတိုင်း ဖြစ်ရသည်။ ဘုရားရှင်ထံ အနားယူ အိပ်စက်သွားသည်ဟု ယုံကြည်ထားကြသည်။

သို့အတွက် ထိုအတ္တဝါဒီတို့အတွက် အိုဘေး၊ နာဘေး၊ သေဘေး၊ ကင်းဝေးရန် ဝိပဿနာတရားအားထုတ်ရန်မလို၊ သံသရာမှ လွတ်မြောက်အောင် ကျင့်ကြံအားထုတ်ရန် ပေါ့

လောကကြီးပွားရေး၊ စီးပွားရေး၊ တန်ခိုးအာဏာရရှိရေးတို့ကိုသာ မသေမချင်းလုပ်သွားပြီး ထာဝရဘုရားရှင် နှစ်ခြိုက်အောင် ဘာသာရေးပြုလုပ်သွားလျှင် ပြီးတော့သည်။

ဗုဒ္ဓဘာသာတရားတော်အရ သတ္တဝါသည် လောကကြီးပွားရေးကို မတားမြစ်ပါ။ လူချမ်းသာ၊ နတ်ချမ်းသာဖြစ်နိုင်၏။

ရှာန်ရအောင် အားထုတ်လျှင် ဖြူဟွာပင်ဖြစ်နိုင်ပါသည်။

သို့သော် မဂ်လမ်းကိုကား တားမြစ်ပါသည်။

သို့သော် အလျူ၏အကျိုးမရှိ ဟုသည့်ဖြင့် ဒိဋ္ဌိဥပါဒါန် ဖြစ်နေက နတ်ရွာသုဂတိပင် မရနိုင်ပါ။

## သက္ကာယဒိဋ္ဌိ

သက္ကာယဟူသည် ထင်ရှားသောကာယ(ခန္ဓာငါးပါး) ဖြစ်ပါသည်။ မိမိခန္ဓာအပေါ်မှာ 'ငါ'ဟု ထင်မှတ်မှု အလွန်ပြင်း ထန်နေပြန်လျှင်လည်း ဝိပဿနာအားထုတ်ရန် မလွယ်ကူပါ။

ထို့ကြောင့် အကြမ်းစား 'ငါ'ကို ဖြုတ်ပယ်ရပါမည်။

သို့သော် သက္ကာယဒိဋ္ဌိကို သောတာပတ္တိမဂ်ဖြင့်သာ အပြီးသတ် ပယ်သတ်နိုင်ပါသည်၊

ဤဒိဋ္ဌိပိသုဒ္ဓိအဆင့်၌မူ သက္ကာယဒိဋ္ဌိလျော့ပါးရုံသာ ပြုလုပ်နိုင်ပါသည်။

ဒိဋ္ဌိဟူသည် အမြင်မှားမှုဖြစ်၍ သက္ကာယဒိဋ္ဌိဆိုသည်မှာ မိမိခန္ဓာငါးပါးအပေါ်၌ အမြင်မှားမှုပင် ဖြစ်ပါသည်။

ဓမ္မသင်္ဂဏီပါဠိတော်၌ သက္ကာယဒိဋ္ဌိ(၂၀)ကို ဟောထား ပါသည်။

(၁) ရုပ်ကိုငါဟု ရှု၏-(မီးနှင့်မီးရောင်ကို တစ်ခုတည်းဟူ သကဲ့သို့ ရုပ်သည် ငါ-ငါသည်ရုပ်ဟု ရုပ်နှင့်ငါကို တစ်သားတည်းရှုသည်)

(၂) ရုပ်ရှိသောငါဟု ရှု၏-(အရိပ်ရှိသော သစ်ပင်ဟူသကဲ့သို့ ဤ၌ ငါကို နာမ်ဟုယူသည်)

(၃) ငါ၌ရုပ်ကို ရှု၏-(ပန်း၌ အနံ့ရှိသည်ဟူ သကဲ့သို့ ငါကို နာမ်ဟုပင် ယူ၏။)

(၄) ရုပ်၌ငါကို ရှု၏-(ကြုတ်ထဲ၌ ပတ္တမြားကဲ့သို့ ငါကိုနာမ် ဟုပင် ယူ၏)

အလားတူ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့ကို လည်း ရုပ်နည်းတူစွဲယူ၍ သက္ကာယဒိဋ္ဌိ(၅×၄=၂၀)ဖြစ်သည်။

ရုပ်ကို-ငါ=ဟု ရှု၏ဟူသော ပထမအချက်ဖြင့် မြတ်သော အယူဉစ္ဆေဒဒိဋ္ဌိကို ညွှန်းပါသည်၊ ကျန်သောအချက်ကိုကား မြဲသောအယူ(သဿတဒိဋ္ဌိ)ကို ညွှန်းပါသည်။

ထိုသက္ကာယဒိဋ္ဌိအားလုံးသည် မဂ်ကိုတားမြစ်ပါသည်။ နတ်ရွာသုဂတိသို့ကား မတားမြစ်ပါ။ ယင်းကိုသောတာပတ္တိမဂ် ကသာ ပယ်သတ်နိုင်ပါသည်။

သက္ကာယဒိဋ္ဌိသမားသည် မဂ် ဖိုလ် နိဗ္ဗာန်မရနိုင်ပါ။ မဂ်ဉာဏ်ရောက်သော် ဝိပဿနာတရားကို အားထုတ်လိုလျှင် ထိုသက္ကာယဒိဋ္ဌိကို လျှော့ပါးအောင် အရင်လုပ်ရပါမည်၊ နောက်ဆုံး မဂ်ရမှ သတ်နိုင်ပါမည်။

## ငါလို့ထင်သော(အတ္တမည၁ဒိဋ္ဌိ)ဖြုတ်နည်း

ယောကျ်ား - တင်ပျဉ်ခွေထိုင်

မိန်းမ - ပုဆစ်ဒူးတုပ်၍ထိုင်

ဣရိယာပုတ်မျှတအောင်ထိုင်ပါ၊ ကိုယ်ကိုဖြောင့်ဖြောင့် ထား၊ ခါးမကုန်းပါစေနဲ့၊ လက်ပြင်မကုန်းစေနဲ့၊ ခေါင်းစိုက်စိုက် ကြီးလည်း မဖြစ်ပါစေနဲ့။

သတိကိုဖြစ်စေ၍ ထိုင်ပါ၊ ကာယကံငြိမ်ပါစေ၊ ခေါင်းလှုပ်လက်လှုပ်ခြေလှုပ် မလှုပ်ပါနဲ့။

ယားလို့ကုတ်ချင်ရင်ကုတ်၊ ညောင်းလို့ပြင်ချင်ရင်ပြင်ပါ၊ အကြောင်းမရှိဘဲနဲ့ မလှုပ်ရပါ။

## မြင်မှုစိတ်နှင့်အားထုတ်နည်း

ပြီးလျှင် ခတ္တခဏမျက်စိပွင့်လိုက်၊ မျက်စိပွင့်ရုံသာ ဖွင့်ပါ။ မကြည့်ပါနဲ့၊ ရှေ့တစ်ခေါ်ကိုလည်း မကြည့်ရ၊ လက်ဝဲ လက်ျာ စောင်းမကြည့်ရပါ။

ရှေ့တည့်တည့်မှာရှိသော အဆင်းအာရုံသည် မျက်နက် ဝန်း၏ အလယ်တည့်တည့် မျက်လွှာ(၇)လွှာအတွင်း၌ရှိသော မျက်စိအကြည်ရုပ်ကို လာတိုက်ဆိုင်မိသည်။

မျက်စိအကြည်ရုပ်ကို အဆင်းအာရုံတိုက်သောအခါ မြင်သော စိတ်ပေါ်လာသည်။

မြင်တဲ့စိတ်ကို ငါလို့ထင်တယ်၊ အဆင်းအာရုံကို ငါက မြင်တယ်လို့ထင်တယ်။

မြင်တဲ့စိတ်ဟာ ငါ့ဟုတ်၊ ဝိညာဏက္ခန္ဓာသာ ဖြစ်တယ်။

ဤကဲ့သို့ ငါထင်မှု(အတ္တမညဒိဋ္ဌိ)ကို ဖြိုခွဲရပါမည်၊ ခြေဖျက်ရပါမည်၊ ခန်းခြောက်စေရပါမည်၊

မြင်မှုစပ်ကာစ်ခုတည်းကို ဉာဏ်အမြင်ပေါက်သွားလျှင် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာအထိ ဖြစ်နိုင်ပါ သည်။

- မြင်မှုစိတ်ဟာ ငါမဟုတ်ပါတကား၊
- ငါပိုင်ဥစ္စာမဟုတ်ပါတကား၊
- ငါကောင်၊ အသက်ကောင်၊ လိပ်ပြာကောင် မဟုတ်ပါ
  တကား၊

ယင်းကို ထင်လင်းစွာ မြင်သွားခဲ့လျှင် မဟာသောတာပန် ဖြစ်ပါတော့သည်။

သောတာပန်ဖြစ်လျှင် ဒိဋ္ဌိ-ဝိစိကိစ္ဆာပြုတ်တော့သည်။

**၂။ သကဒါဂါမ်ဆက်ဖြစ်လိုလျှင်–**

မြင်မှုစိတ်သည် ငါ-ငါ့ဥစ္စာ-ငါကောင်မဟုတ်ဟု အဖန် တလဲလဲ ရှုမှတ်ပါ။ ထိုအခါ အနုလောမဉာဏ်ထင်လာပါလိမ့်မည်။ ထိုသို့ထင်လာလျှင် သကဒါဂါမ်ပုဂ္ဂိုလ်ဖြစ်ပြီး သကဒါဂါမ်ဖြစ် လာလျှင် ရာဂ၊ ဒေါသ ခေါင်းပါးသွားတော့မည်။

**၃။ အနာဂါမ်ဆက်ဖြစ်လိုလျှင်–**

မြင်မှုစိတ်သည် ငါ-ငါ့ဥစ္စာ-ငါကောင်မဟုတ်ဟု အဖန် တလဲလဲ ထပ်မံရှုပါ၊ အနုလောမဉာဏ်ထင်လာပါမည်။ ထိုသို့ ထင်လာလျှင် အနာဂါမ်ပုဂ္ဂိုလ်ဖြစ်ပြီ။ အနာဂါမ်ဖြစ်လျှင် ရာဂ၊ ဒေါသအကြွင်းမဲ့ကုန်ပြီ။

**၄။ ရဟန္တာဖြစ်လိုလျှင်–**

မြင်မှုစိတ်သည် ငါ-ငါ့ဥစ္စာ-ငါကောင်မဟုတ်ဟု အဖန် တလဲလဲ ထပ်မံရှုပါ၊ အနုလောမဉာဏ်ထင်လာပါမည်။ ထိုသို့ လေးကြိမ်လေးခါထင်ပြန်ပြီးသောအခါ အာသဝေါတရားလေးပါး လုံးကင်းပြီး ရဟန္တာဖြစ်ပါတော့သည်။

မြင်စိတ်တစ်ခုတည်းနှင့်ပင် ရဟန္တာဖြစ်နိုင်သည်ကိုသိပါ။

ပုထုဇဉ်အသိမျိုးနှင့် ပုထုဇဉ်များလည်း တရားအားထုတ်သောအခါ မြင်လိုသောစိတ်ဟာ ငါမဟုတ်၊ ငါ့ပိုင်ဥစ္စာမဟုတ်၊ ငါကောင် အသက်ကောင်မဟုတ် သာမန်သိသည်။

- ပုထုဇဉ်ပုဂ္ဂိုလ်အသိထက် သောတာပန်ပုဂ္ဂိုလ်အသိက နက်နဲသည်။
- သောတာပန်ပုဂ္ဂိုလ်အသိထက် သကဒါဂါမိပုဂ္ဂိုလ်အသိက နက်နဲသည်။
- အနာဂါမိပုဂ္ဂိုလ်အသိထက် ရဟန္တာပုဂ္ဂိုလ်အသိက နက်နဲသည်။
- အနတ္တဉာဏ်သည် တရားအားထုတ်သူတိုင်းမှာ

ရှိသည်။ သို့သော် ပုဂ္ဂိုလ်အလိုက် အသိဉာဏ်နက်ပုံကွာပါသည်။

အလားတူ ကြားမှုနှင့်ကြားစိတ်နှင့်အားထုတ်ရပါသည်။ အလုံးစုံ အာရုံယူပြောသော မြို့ထဲ၊ ရွာထဲ၊ လမ်းဆုံလမ်းခွ၊ ကားဂိတ်၊ ရထားဆိပ်၊ သင်္ဘောဆိပ်တွေမှာ မျက်စိကိုမှိတ်နားတွင်းသို့ ရေးရှုဝင်လာသော အသံကို သတိပြုပြီး ရှုမှတ်ပါ။

- ဒေါက်ခနဲအသံတိုက်လိုက်-ကြားလိုက်-ချုပ်ဆုံးသွားလိုက်၊
- ဒက်ခနဲအသံတိုက်လိုက် ကြားလိုက်-ချုပ်ဆုံးသွားလိုက်၊
- စိခနဲအသံတိုက်လိုက်-ကြားလိုက်-ချုပ်ဆုံးသွားလိုက်၊

ထိုကြားသောစိတ်ကို ငါလို့ထင်တယ်၊ ငါကြားတယ်လို့ထင်တယ်၊ ကြားတဲ့စိတ်ဟာ ငါမဟုတ်၊ မိညာဏကျွန္တာနှာမ်တရား၊

ထိုကဲ့သို့ အားထုတ်ပြီး ငါလို့ထင်မှုကိုဖြုန်ခွဲရပါမည်။ ချေဖျက်ရပါမည်။ ခြောက်ခန်းစေရပါမည်။ ဝိပဿနာတရားသည် တောထဲတောင်ထဲမှာသာ အားထုတ်ရသည်မဟုတ်ပါ။ ရပ်ထဲရွာထဲမှာလည်း ဖြစ်နိုင်ပါသည်။

## အလားတူ နံတဲ့စိတ်နှင့်လည်း အားထုတ်၍ရပါသည်–

ဘုရားရှင်ရှေ့မှာ အမွှေးတိုင်နှင့်မွှေးသောပန်းကိုလှူထားသည်။ ထိုအမွှေးနံ့ နှာခေါင်းထဲသို့ ရှေ့ရှုဝင်လာသည်ကို သတိပြုပါ၊ ဝင်လေထဲပါလာသော အနံ့အာရုံသည် နှာခေါင်း အကြည်ရုပ်ကို တိုက်သည်။ နံသောစိတ်အသိဖြစ်လာသည်။

ထိုနံသောစိတ်အပေါ် ငါနံသည်ဟုထင်မှတ်သည်။ နံသောစိတ်ကို ငါဟုထင်သည်။ နံတဲ့စိတ်ဟာ ငါမဟုတ်၊ ဝိညာဏက္ခန္ဓာ နာမ်တရားက နံတာဟုရှုမှတ်ပြီး ငါလို့ထင်မှုကို ဖြုန်ခွဲရပါမည်။ ချေဖျက်ရပါမည်၊ ခန်းခြောက်စေရပါမည်။

## လျက်မှုစိတ်နှင့်လည်း အားထုတ်၍ရပါသည်–

လျှာအထက်မျက်နှာပြင်မှာ လျှာအကြည်ရုပ်ရှိသည်။ လျှာအကြည်ရုပ်မှာ အရသာအာရုံတိုက်သည် လျက်စိတ်ဖြစ်ပေါ်လာသည်။

ဘာမှမစားမသောက်ဘဲနှင့် ခံတွင်းပါးစပ်ကိုပိတ်ထားသောအခါ ပါးစောင်းမှာရှိသော အရသာရုပ်တွေက လျှာအကြည်ရုပ်ကိုတိုက်သည်။ ထိုအခါ လျက်လိုစိတ်ပေါ်လာသည်။ ထိုလျက်စိတ်ကို ငါလို့ထင်သည်။ ငါလျက်သည်ဟု ထင်သည်။

လျက်မှုစိတ်သည် ငါမဟုတ်၊ ငါပိုင်ဥစ္စာမဟုတ်၊ ငါ၏ ကိုယ်မဟုတ် ဝိညာဏက္ခန္ဓာနာမ်တရားက လျက်တာဟု ဆင်ခြင် ရှုမှတ်ပြီး ငါလို့ထင်မှုကို ဖြုတ်ခွဲရပါမည်။ ချေဖျက်ရပါမည်၊ ခန်း ခြောက်စေရပါမည်။

**တွေ့မှု၊တွေ့စိတ်၊တွေ့ထိစိတ်နှင့်လည်းအားထုတ်၍ရပါသည်–**

တစ်ကိုယ်လုံးမှာ ကာယအကြည်ရုပ်တွေ ရှိပါသည်။ အတွေ့အာရုံများတိုက်သည်။ တွေ့သိစိတ်တွေဖြစ်ပေါ်သည်။

မာသဘော၊ နူးညံ့သောသဘော၊ ပူသဘော၊ အေး သဘော၊ ထောက်ကန်သဘော၊ လှုပ်ရှားသဘောတို့ကို တွေ့သော စိတ်ဖြစ်သည်။

ထိုတွေ့သိစိတ်ကို ငါလို့ထင်သည်။ ငါကတွေ့သိသည်ဟု ထင်သည်။ တွေ့သိစိတ်သည် ငါမဟုတ်၊ ငါပိုင်ဥစ္စာမဟုတ်၊ ငါ၏ ကိုယ်မဟုတ်၊ ဝိညာဏက္ခန္ဓာနာမ်တရားက တွေ့ထိတာဟု ဆင်ခြင်ရှုမှတ်ပြီး ငါလို့ထင်မှုကို ဖြုတ်ခွဲရပါမည်။ ချေဖျက်ရပါမည်၊ ခန်းခြောက်စေရပါမည်။

**ကြံမှုစိတ်နှင့်လည်း အားထုတ်လို့ရပါသည်–**

မိမိ၏ ရင်ချိုင့်အတွင်းဝယ် ၎က်ပျောဖူးသဏ္ဌာန်ရှိသော နှလုံးအိမ်ရှိသည်။ နှလုံးအိမ်အတွင်း၌ အခေါင်းရှိသည်။ အခေါင်း တွင် နှလုံးသွေးရှိသည်။ နှလုံးသွေးအောက်တွင် ဟဒယဝတ္ထုရုပ် ရှိသည်။

ဟဒယဝတ္ထုရုပ်ပေါ်မှာ ဖွေးကနဲ၊ ရိပ်ကနဲတစ်ခုပေါ်ဟာစ်ခု ချုပ်၊ တစ်ခုပေါ် ဘဝင်စိတ်တွေပေါ်နေသည်။ စိတ်ခြောက်ပါး အလျင်းသင့်သလိုပေါ်နေသည်။

ထိုကဲ့သို့ ပေါ်နေသောစိတ်ကို ငါလို့ထင်သည်။ ငါကြံ သိတယ်လို့ထင်သည်။ သိစိတ်တွေက ငါမဟုတ်၊ ဝိညာဏက္ခန္ဓက သိနေတာဟု ဆင်ခြင်ရှုမှတ်ပြီး ငါလို့ထင်မှုကို ဖြိုခွဲရပါမည်။ ချေဖျက်ရပါမည်။ ခန်းခြောက်စေရပါမည်။

ဤသို့ အနတ္တလက္ခဏာထင်အောင် အားထုတ်ရှုနိုင်ပါလျှင် အရိယာအမြင်ပေါက်နိုင်ပါသည်။

ဒိဋ္ဌိဝိသုဒ္ဓိစင်ကြယ်ရန်မှု နာမရူပပရိစ္ဆေဒဉာဏ်ရရန် လိုအပ်ပါသည်။ မိမိခန္ဓာ၌ နာမ်နှင့်ရုပ်ကို ပိုင်းခြားထင်ထင် သိမြင်ပါမှ 'အတ္တ'(ငါ)ကို ရှာမရ၊ ငါမရှိ (အတ္တမရှိ)ဟု အသိအမြင် ထင်လင်းစွာ ရပေမည်။

သက်ရှိလူ၏ကိုယ်ခန္ဓာ၌ အာရုံကိုသိတတ်သော စိတ် ဟူသော သဘာဝတရားရှိသည်။ ထိုစိတ်သဘာဝကို မှီတွယ်ပြီး ခြယ်လှယ်နေသော စီမံနေသော စေတသိက်ဟူသော သဘာဝများ လည်း ရှိပါသည်။

(ထိုစိတ်စေတသိက်တို့ကို ကုသိုလ်စိတ်စေတသိက်၊ အကုသိုလ်စိတ်စေတသိက်ဟူ၍ အဘိဓမ္မာ၌ ခွဲခြားပြထားပါသည်)

အာရုံကိုသိတတ်သောစိတ်၊ စေတသိက်တို့သည် သိစရာ အာရုံဆီ ညွတ်၍ညွတ်၍ ဖြစ်တတ်သောကြောင့် နာမ်(နာမ) ဟူသောအမည်ကို ရပါသည်။

အာရုံကို ရှေ့ရှု၍ ညွတ်တတ်သောကြောင့် စိတ်၊ စေတသိက်တို့ကို နာမ်ဟုခေါ်ကြောင်း ဝိသုဒ္ဓိမဂ်က ဖွင့်ဆိုပြထား ပါသည်။

## ရုပ်ဟူသည်အတယ်နည်း

ဘုရားရှင်က ခန္ဓဝဂ်သုတ်၌-

“အကြင်သဘာဝသည် အအေးကြောင့်လည်း ဖောက်ပြန်၏။ ပူလောင်၍လည်း ဖောက်ပြန်၏။ ဆာလောင်မွတ်သိပ်၍လည်း ဖောက်ပြန်၏။ မှက်၊ ခြင်၊ ယင်၊ နေပူ၊ မြွေ၊ ပျား၊ ကင်း၊ သန်း တို့၏ အကိုက်အခဲအတွေ့အထိကြောင့်လည်း ဖောက်ပြန်၏။ ထိုသဘာဝကို ရုပ်ဟုခေါ်၏”

ဟူ၍ ဟောထားပါသည်။

(ထိုရုပ်အမျိုးအစားတို့ကိုလည်း အဘိဓမ္မရုပ်ပိုင်း၌ ခွဲခြားပြထားပါသည်)

လူ၏ ခန္ဓာကိုယ်တွင် တကယ်အမှန်ရှိသည်မှာ-

- စိတ်ဖြစ်စဉ်(စိတ္တသန္တာတိ)
- ရုပ်ဖြစ်စဉ်(ရူပကလာပသန္တတိ)

ဤနှစ်ခုသာရှိသည်။ အတ္တဆိုတာမရှိ၊ ကျား-မ၊ မဟုတ် သဘာဝအဖွဲ့အစည်းသာ ဖြစ်သည်။

ဤသည်ကို ပဋိပတ္တိအားထုတ်မှသေချာစွာ ခွဲခြားသိနိုင်ပါသည်။

### ပညတ်နှင့်ပရမတ်ထိုးထားရန်

ပညတ်ဆိုသည်မှာ-

သိအပ်သောအရာ၊ သိစေသောအရာဖြစ်၍ လောကလူတို့ သမုတ်ထားကြသည်၊ မှ[illegible]ထားကြသည်။

ဥပမာ-လူ၊ နွား၊ ခွေး၊ မြို့၊ ကျောင်း၊ သရက်သီး စသည်များ၊ နွားဟူသော အမည်ပညတ်ကြောင့် ဉှိခြေလေး ချောင်းရှိ သတ္တဝါကို နွားဟု သိစေခြင်း။

ထိုပညတ်ကို လူတို့က သမုတ်ထားခြင်း ဖြစ်သည်။ ပရမတ်ဆိုသည်မှာ-

သဘာဝမှုသာဖြစ်သည်၊ သဘာဝမှုသာဖြစ်၍ ပြောင်းလဲ ဖောက်ပြန်ခြင်း မရှိသည့်အတွက် ပရမတ္ထ (မြတ်သောအနက်)ဟု ဆိုပါသည်။

ဥပမာ-ခက်မာသော ပထဝီဓာတ်သည် လူ၌ဖြစ်စေ၊ နွား၌ဖြစ်စေ၊ အားလုံးရှိသည်၊ နွား၏ ပထဝီဓာတ်က ပျော့သည်။ လူ၏ ပထဝီဓာတ်က မာသည်ဟူ၍ မရှိပါချေ။ အမာဟူသော သဘာဝသည် အားလုံး၌မာသောသဘော မဖောက်မပြန်တည်ရှိ ပါသည်။

စိတ်ဟူသော အမည်သည့် လူတို့သတ်မှတ်ထားသော ပညတ်အာရုံကို သိတတ်သောသဘာဝသည် ပရမတ်စေတသိက် ဟူသော အမည်သည် ပညတ်စိတ်ကို ခြယ်လှယ်နေသော သဘာဝက ပရမတ်၊ ရုပ်ဟူသောအမည်ကား ပညတ်၊ ဖောက်ပြန် သော သဘာဝကား ပရမတ်၊ နိဗ္ဗာန်ကား ပညတ်၊ ခက်မာမှု- နူးညံ့မှုသဘာဝကား ပရမတ်၊

ပညတ်-ပရမတ်ကို ဤသို့ဦးစွာခွဲခြားသိထားရန် လိုအပ် ပါသည်။

သမထ-ဝိပဿနာတို့တွင် သမာဓိသည် ပညတ်ကိုသာ အာရုံပြုသည်၊ ပညတ်ကိုရှုမှတ်နေလျှင် သမထဖြစ်သည်၊

ဝိပဿနာ မဖြစ်ပါ။

ရုပ်-နာမ်သဘာဝဓာတ်ပရမတ်ကို ရှုမှတ်မှသာ ဝိပဿနာ ဖြစ်ပါသည်။

## စိတ်နှင့်ပညာ

လောကီရေးရာ (သမထ)ပိုင်းတွင် စိတ်သည်အဓိက ဖြစ်သည်၊ စိတ်သည် အကြီးအကဲ ရှေ့သွားခေါင်းဆောင် ဖြစ်သည်၊ သမထကျင့်စဉ်ဖြင့် စိတ်စွမ်းအားကို ထိပ်ထိအောင် မြှင့်တင်နိုင်ပါသည်။

ဈာန်အဘိညာဉ်တန်ခိုးဆိုသည်မှာ အလွန်အစွမ်းထက်သော စိတ်၏ စွမ်းဆောင်ချက်ဖြစ်သည်။

စိတ်၏စွမ်းအားဖြင့် ကာမသုဂတိဘာမက အရူပဗြဟ္မာအထိ တက်ရောက်နိုင်သည် ဖြစ်နိုင်သည်။

လောကုတ္တရာနယ်ပယ်တွင် ပညာက ဦးဆောင်ပါသည်။ (၃၁)ဘုံလွတ်မြောက်ရေးသည် ပညာ၏ အလုပ်ဖြစ်သည်။ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဆိုသည်မှာ ပညာပင် ဖြစ်ပါသည်။

ဝိပဿနာပညာနယ်၌ သမာဓိပါရသည်၊ သမာဓိအခြေခံသော ပညာကသာ အမှန်ကိုသိနိုင်ပါသည်။

## နာမရူပဝရိစ္ဆေဒဉာဏ်ရအောင် ပြုလုပ်နည်း

(၁) တရားအားထုတ်သူသည် အာနာပါနကမ္မဋ္ဌာန်းဖြင့် ဥပစာရသမာဓိရအောင် အရင်အားထုတ်ပါ၊ စိတ်ကြံစည်မှုတွေ ငြိမ်းနေပါစေ။

အသက်ကို မှန်မှန်ရှူရှိုက်ပါ၊ နှာခေါင်း-၌ အသက်ရှူရှိုက်လေသည် ဝင်လိုက်-ထွက်လိုက်ဖြင့် လှုပ်ရှားနေသည်၊ လှုပ်ရှားမှုသဘောကို သတိချပ်၍ အသိကပ်ပါ။

ထိုကဲ့သို့ လှုပ်ရှားသောသဘော၊ ထောက်ကန်သောသဘောများသည် လေဓါတ်လက္ခဏာပင် ဖြစ်ပါသည်။

ဝိပဿနာသမာဓိရ၍ လေဓါတ်လက္ခဏာဉာဏ်မှာပေါ်ပြီးလျှင် အရှုခံဖြစ်သော လေသည်ကား ရုပ် ဟူ၍ သိပါ။

ထိုလေကို အားထုတ်ရှူရှိုက်နေသော ဝီရိယ၊ ဆင်ခြင်သော ပညာမပြတ်မှတ်နေသော သတိ၊ ထိုလေ၌ အာရုံစိုက်မိနေသော သမာဓိကား နာမ် ဟု သိပါ။

(၂) အသက်ကို မှန်မှန်ရှူပါ၊ လေးနက်စွာ ရှူရှိုက်ပါ။

ထိုအခါ လေသည်နှာခေါင်းပေါက်မှဝင်သွားပြီး နှာခေါင်းအရိုးဖုနှစ်ပေါက်ကိုဖြတ်၍ ဝမ်းဗိုက်ထဲသို့ ဝင်သွားသည်ကို သိပါ။ ဆင်ခြင်သတိကပ်ပါ။

လေ၊ နှာသီးဖု၊ ဝမ်းဗိုက် ဤသုံးချက်ကို သတိကပ်ပါ။ ထိုမှတစ်ဆင့်တက်သော် ရှုလိုသောစိတ်ကို သိပါ။ ရှုလိုစိတ်မပါဘဲ အသက်ရှူရှိုက်ချင်၍ မရပါ။

အမှတ်တမဲ့နေလျှင် ရှူချင်လို့ရှူတာဟု မထင်၊ သူ့အလိုလိုဘဲ ရှူနေသည်ဟု ထင်တတ်ပါသည်။

- ဤသို့ ဆင်ခြင်ပြီးက
- အသက်ရှူသော ဝင်လေထွက်လေ
- နှာသီးဖုအပေါက်
- ဝမ်းဗိုက်

- အသက်ရှူချင်သောစိတ်

ဤလေးချက် မိမိဉာဏ်ထဲပေါ်လာအောင် အချိန်များစွာယူပြီး အားထုတ်ပါ။

ဤလေးချက်ရှင်းလာလျှင် ရှေ့သို့တစ်ဆင့်တက်၍-

- လေဆိုတာ ရုပ်
- နှာသီးဖုဆိုတာ ရုပ်
- ဝမ်းဗိုက်ဆိုတာ ရုပ်
- ရှုလိုသောစိတ်ဆိုတာ ရုပ်

ဤကဲ့သို့ ဉာဏ်ဖြင့် နာမ်နှင့်ရုပ်ကို ပိုင်းခြားသိအောင် ပြုလုပ်မှု လုံ့လ၊ ဆင်ခြင်မှုပညာ သတိ၊ သမာဓိ ထဲင်းတို့သည်ပင် နာမ်ဖြစ်သည်ကို သတိချပ်ထားပါ။

(၃) အာနာပါနဖြင့် ဥပစာရသမာဓိရအောင် တည်ဆောက်ပြီးလျှင် ရှူလေသည်၊ နှာသီးဝကိုထိပြီး ဝင်သည်၊ ထွက်သည်။

သတိထား၍ ထိတာကိုသိရမည်။ ထိတာကိုလည်းကောင်း၊ သိတာကိုလည်းကောင်း၊ သတိနှင့်ရှုမှတ်ရပါမည်၊ အချိန်များစွာ အားထုတ်ပါ၊ ထိ၊ သိ ထင်ရှားစွာဖြစ်လာပြီးဆိုလျှင် ရှေ့တစ်ဆင့် တက်ပါ၊ ထိတာက ရုပ်၊ (ရုပ်-ရုပ်ချင်းထိသည်ကရုပ်၊ ထိလို့ ပေါ်လာသောသိစိတ်သဘာဝကား နာမ်)

ဤထိ၊ သိကို ဝီရိယ၊ ပညာ၊ သတိ၊ သမာဓိတို့ဖြင့် အားထုတ်ရသည်။

ခြေဖဝါးချသောအခါ ကြမ်းပြင်နှင့်ခြေဖဝါး ထိသည်၊ ထိသည်ကို သိသည်။

ကြမ်းပြင်က ဖောဋ္ဌဗ္ဗရုပ်၊ ခြေဖဝါးက ကာယပသာဒရုပ်၊ ရုပ်-ရုပ်ချင်းထိသည်။ ထိ၍ အသိပေါ်လာသည်။

(၄) တရားအားထုတ်သော ပုဂ္ဂိုလ်တစ်ကိုယ်လုံးသည်

ပထဝီ - ခက်မာ

အာပေါ - ဖွဲ့စည်း

တေဇော - ပူနွေး

ဝါယော - လှုပ်ရှား

အကာသဓာတ်ဟူသော ရုက်ဓာတ်(၅)ပါး

ဝိညာဏဓာတ်ဟူသော နာမ်(၁)ပါး

ပေါင်း ဓာတ်(၆)ပါး၏ အစုအဝေးသာ ဖြစ်သည်။

အာကာသဓာတ်ကို ဝိပဿနာရှု၍ မရပါ။ မဟာဘုတ် ဓာတ်ကြီးလေးပါးနှင့်ဝိညာဏဓာတ်ကို ဝိပဿနာရှုရပါသည်။

- ဓာတ်ကြီးလေးပါးက အရှုခံရုပ်တရား၊

- ရှု၍-ရှု၍ နေသော ဝီရိယ၊ ပညာ၊ သတိ၊ သမာဓိ တို့ကား နာမ်တရား၊

## ဓာတ်ကြီးလေးပါးတွင် ပထဝီဓာတ်ကား(၂၀)ရှိသည်-

| | | | | |
|---|---|---|---|---|
| ၁။ | ဆံပင် | - | ကေသာ | တစပဉ္စက ဟုခေါ်သည် |
| ၂။ | အမွေး | - | လောမာ | |
| ၃။ | ခြေသည်း လက်သည်း | - | နခါ | |
| ၄။ | သွား | - | ဒန္တာ | |
| ၅။ | အရေ | - | တစော | |

| | | |
|---|---|---|
| ၆။ အသား - မံသ | | |
| ၇။ အကြော - နှာရု | | |
| ၈။ အရိုး - အဋ္ဌိ | ဝက္ကပဉ္စက ဟုခေါ်သည် | |
| ၉။ ရိုးတွင်းချဉ်ဆီ - အဋ္ဌိမိဉ္ဇံ | | |
| ၁၀။ အညို့ - ဝက္ကံ | | |
| ၁၁။ နှလုံး - ဟဒယ | | |
| ၁၂။ အသည်း - ယကနံ | | |
| ၁၃။ အမြှေး - ကိလောမကံ | ပပ္ဖာသပဉ္စက ဟုခေါ်သည် | |
| ၁၄။ အဖျင်း - ပိဟကံ (ကျောက်ကပ်) | | |
| ၁၅။ အဆုတ် - ပပ္ဖာသံ | | |
| ၁၆။ အူမ - အန္တံ | | |
| ၁၇။ အူသိမ် - အန္တဂုဏံ | | |
| ၁၈။ အစာသစ် - ဥဒရိယံ | မတ္ထလုင်္ဂပဉ္စက ဟုခေါ်သည် | |
| ၁၉။ အစာဟောင်း - ကရီသံ | | |
| ၂၀။ ဦးနှောက် - မတ္ထလုင်္ဂ | | |

**အာပေါဓာတ်ကား(၁၂)မျိုး ရှိပါသည်-**

| | | |
|---|---|---|
| ၁။ သည်းခြေ | - ပိတ္တံ | |
| ၂။ သလိပ် | - သေမှံ | |
| ၃။ ပြည် | - ပုဗ္ဗော | ဝေဒဆက္က ဟုခေါ်သည် |
| ၄။ သွေး | - လောဟိတံ | |
| ၅။ ချွေး | - သေဒေါ | |
| ၆။ အဆီ | - မေဒေါ | |

| | | | |
|---|---|---|---|
| ၇။ မျက်ရည် | - | အဿု | မုတ္တဆက္က ဟုခေါ်သည် |
| ၈။ ဆီကြည် | - | ဝသာ | |
| ၉။ တံတွေး | - | ခေဠော | |
| ၁၀။ နှပ် | - | သိင်္ဃာဏိကာ | |
| ၁၁။ အစေး | - | လသိကာ | |
| ၁၂။ ကျင်ငယ် | - | လသိကာ | |

## တေဇော(၄)မျိုးရှိသည်-

၁။ ဝမ်းမီး - ပါစကတေဇော

၂။ အိုစေသောမီး - ဇိရဏတေဇော

၃။ အဖျားပူ - သန္တပ္ပနတေဇော

၄။ အပူပြင်း - ဒဟတေဇော

## ဝါယော(၆)မျိုးရှိသည်-

၁။ အထက်သို့ဆန်တက်သောလေ - ဥဒ္ဓင်္ဂမဝါတာ

၂။ အောက်သို့ဆုန်ဆင်းသောလေ - အဓောဂမဝါတာ

၃။ အူထဲ၌ရှိသောလေ - ကောဋ္ဌာသယဝါတာ

၄။ ဝမ်းဗိုက်ထဲ၌ရှိသောလေ - ကုစ္ဆိသယဝါတာ

၅။ ကိုယ်အင်္ဂါကြီးငယ်တစ်ကိုယ်လုံး- အင်္ဂမင်္ဂါနုသာရီ ၌ရှိသောလေ ဝါတာ

၆။ ထွက်သက်ဝင်သက်လေ - အဿာသပဿာသဝါတာ

တရားအားထုတ်သူသည် ဦးစွာ အာနာပါနဖြင့် ဥပစာရ သမာဓိရအောင်ပြုလုပ်ပြီးလျှင် မိမိကိုအာရုံပြုလျက်-

ဆံပင်-ပထဝီဓာတ်(ခက်မာမှုသဘော) လွန်ကဲသော ကောဋ္ဌာသပါတကားဟု နှလုံးသွင်းဆင်ခြင်ပါ။

ဤကဲ့သို့ ကျန်သော မွေးညင်း၊ သွား စသော ပထဝီမာတ်(၂၀)တို့ကိုလည်း အစဉ်အလိုက်သွင်းဆင်ခြင်ပါ။

ထို့နောက်-

သည်းခြေ -အာပေါဓာတ်လွန်ကဲသော ကောဋ္ဌာသပါတကား၊
ဝမ်းမီး -တေဇောဓာတ်လွန်ကဲသော ကောဋ္ဌာသပါတကား၊
အထက်သို့ဆန် -ဝါယောဓာတ်လွန်ကဲသော ကောဋ္ဌာသပါတက်သောလေတကား၊

ဤသို့ စသည်ဖြင့် အာပေါ(၁၂)ပါး၊ တေဇော(၄)ပါး၊ ဝါယော(၆)ပါးတို့ကို အစဉ်အလိုက်ဆင်ခြင်ရပါမည်။

၄၅ကောဋ္ဌာသ(၄၂)မျိုးကို အဖန်ဖန်ရှုမှတ်၍ ရုပ်ကောဋ္ဌာသတွေ ထင်လင်းလာပြီဆိုလျှင်-

(၄၂)ပါးသော ကောဋ္ဌာသများက - ရုပ်

ရှုသောဝိရိယ-ပညာ-သတိ-သမာဓိက-နာမ်

ဤသို့သော နည်းဖြင့်ခွဲ၍ နာမရူပပရိစ္ဆေဒဉာဏ်ရအောင် ပြုလုပ်လျှင် ဒိဋ္ဌိဝိသုဒ္ဓိစင်ကြယ်ပါတော့သည်။

မှတ်ချက်။ ကောဋ္ဌာသဆင်ခြင်ရာ၌ (၄)မျိုးစလုံးဆင်ခြင်ရမည်ဟု မဆိုလိုပါ။ တစ်မျိုးဆင်ခြင်က လည်း ရပါသည်။

မိမိကိုယ်၌ ကံကိုပြုလုပ်သော အတ္တမရှိ၊ ကံ၏အကျိုးကို ခံစားတတ်သော အတ္တမရှိ၊ နာမ်နှင့်ရုပ်သဘာဝတရား (၂)မျိုးသာ ဖြစ်နေကြသည်။

ဤကဲ့သို့မြင်က အပြင်မှန်ကန်သော (ယထာဘူတအမြင်) ဟူ၍ ဆိုရပါမည်။

ဤနာမ်နှင့်ရုပ်တွင်-

နာမ်သည် သူချည်းသက်သက် စွမ်းရည်မရှိ၊ မိမိဘာသာ ရုပ်တည်၍ မရ၊ စားမရ၊ သွားမရ၊ လုပ်မရပါ။

ရုပ်သည်လည်း နာမ်နည်းတူ သူ့ချည်းရပ်တည်၍ မရပါ။

လောကဥပမာအားဖြင့် မိုးကုတ်ဆရာတော်ဘုရားကြီးက ရုပ်သည်-အကန်း၊ နာမ်သည်-အကျိုးဟု ဥပမာပြုထားပါသည်။

အကျိုးနှင့်အကန်းသည် တစ်ဦးစီးအလုပ်မဖြစ်၊ အကန်း အပေါ်အကျိုးက ဂုတ်ခွစီးပြီး အကျိုးလမ်းညွှန်ရာကို အကန်းက သွားရသကဲ့သို့ ရုပ်အကန်းကို နာမ်အကျိုးက ဂုတ်ခွစီးပြီး လိုရာ ခိုင်းသည်။ နှစ်ယောက်ပေါင်းမှ အလုပ်ဖြစ်ကြသည်။

အလားတူ နာမ်နှင့်ရုပ်သည် အချင်းချင်းမှီ၍ ဖြစ်နေကြရ သည်။ အကြောင်းချို့တဲ့၍ တစ်ခုပျက်လျှင် ကျန်တစ်ခုလည်း ပျက်သည်။ ဋီကာကျော်ဆရာက-

**''မိမိကိုယ်၌ နာမ်နှင့်ရုပ်မှတစ်ပါး အတ္တဆိုသောအရာ မရှိဟူ၍ မြင်သောကြောင့် <u>ဒိဋ္ဌိသည်လည်းမည်၏</u>၊ အတ္တဒိဋ္ဌိ ဟူသော အညစ်အကြေးကို သုတ်သင်သန့်စင်ပြီးသောကြောင့် ဝိသုဒ္ဓိလည်း မည်၏။ ထို့ကြောင့် ဒိဋ္ဌိဝိသုဒ္ဓိမည်၏''**

ဟု ဖွင့်ဆိုထားပါသည်။

ဝိသုဒ္ဓိမဂ်၌-

**''နည်းအမျိုးမျိုးဖြင့် အားထုတ်၍ နာမ်နှင့်ရုပ်ကိုပိုင်းခြား သိမြင်သောသူအား သတ္တဝါဟူသော အမှတ်သညာကို လွှန်မြောက် ပြီး မတွေမဝေသောအရာ၌တည်လျက် နာမ်-ရုပ်ကို မဖောက်မပြန်**

အမှန်အတိုင်းမြင်သော အမြင်ကို ဒိဋ္ဌိဝိသုဒ္ဓိဟူ၍ သိအပ်၏''ဟု ဖွင့်ဆိုပြထားပါသည်။

မဟာသတိပဋ္ဌာနသုတ်၌-

''ယောဂီသည် မိမိခန္ဓာ၌ နာမည်သာရှိသည်၊ နာမည်မှတစ်ပါး အခြားမရှိ၊ နာမ်နှင့်ရုပ်သဘာဝတရားသက်သက်တို့သာ ဖြစ်နေကြကုန်၏။ ဟု မြင်သောအခါ ငါပဲ၊ သတ္တဝါပဲ၊ ယောကျ်ားပဲ၊ မိန်းမပဲဟူသော ပညတ်အထင်တွေ ပျောက်ကွယ်သွားသည်။ ပုဂ္ဂိုလ်သတ္တဝါ၊ ငါသူတစ်ပါးယောကျ်ားမိန်းမ ဟူ၍မရှိ၊ နာမ်ရုပ်တို့သာ ဖြစ်နေကြကုန်၏ဟု မတွေမဝေသိမြင်ကြသည်''ဟု ဖွင့်ဆိုရေးသားထားပါသည်။

သတိပဋ္ဌာန်အဋ္ဌကထာအဖွင့်၌-

''ကာယာနုပဿနာကို အဖန်ဖန်ပွားများသောအခါ ရုပ်ကာယ၊ နာမ်ကာယသာရှိသည်၊ သတ္တဝါ မရှိ၊ ပုဂ္ဂိုလ် မရှိ၊ မိန်းမ မရှိ၊ ယောကျ်ား မရှိ၊ အတ္တ မရှိ၊ အတ္တဟာ မရှိ၊ ငါ မရှိ၊ ငါ့မိန်းမ မရှိ၊ တစ်စုံတစ်ယောက်လည်း မရှိဟူသော ဆယ်ချက်ကို မြင်သည်ဟု ဆိုထားပါသည်။

ဒိဋ္ဌိဝိသုဒ္ဓိဖြစ်ပြီးဆိုလျှင် သတ္တဝါဟူသော အမှတ်သညာကို လွှမ်းမိုးနိုင်ပြီး သတ္တဝါဟူ၍ မမှတ်တော့ပါ။

လောကဥပမာအားဖြင့် ရုပ်သေးရုပ်ကို မင်းသား မင်းသမီးဟု ခေါ်သော်လည်း သစ်သားမှန်းသိသလို ယောကျ်ား မိန်းမ စသည်ဖြင့် လူကိုခေါ်သော်လည်း ရုပ်နှင့်နာမ်မှန်း သိလာသည်။

ဤသို့သော အမြင်ရလျှင် အတ္တဒိဋ္ဌိပြုတ်တော့သည်။ သက္ကာယဒိဋ္ဌိအကြမ်းစားလည်း ပျောက်တော့သည်။

ဤကဲ့သို့ နာမ်နှင့်ရုပ်ကိုပိုင်းခြားပြီး သိသောဉာဏ်ကို နာမရူပပရိစ္ဆေဒဉာဏ်ဟု ခေါ်ပါသည်။

ဤဉာဏ်ရလျှင် အမြင်စင်ကြယ်ခြင်းဟူသော ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ်ပါတော့သည်။

## (ဃ) စတုတ္ထလျှောကား–ထုံးမှားမှုထင်းစင်ကြယ်မှု
## (ကင်္ခါဝိတရဏဝိသုဒ္ဓိ)

### ထုံးမှားမှုတူသည်

တရားအားထုတ်သူယောဂီသည် နာမရူပပရိစ္ဆေဒဉာဏ်ရ၍ မိမိကိုယ်၌ အတ္တမရှိဟု သိမြင်သောအခါ အတ္တဒိဋ္ဌိ ကင်းစင်သွားလေပြီ။

မိမိခန္ဓာ၌ နာမ်သဘာဝ၊ ရုပ်သဘာဝသက်သက်သာ ရှိသည်ဟု အမြင်မှန်ရလေပြီ။

ထိုနာမ်သဘာဝ၊ ရုပ်သဘာဝတို့သည်ကား မည်သည့်အကြောင်းကြောင့် မရပ်မနားမပြတ်မစဲဖြစ်နေကြပါသလဲ၊ ထိုဖြစ်ပျက်နေမှုကို သိဖို့လိုလာပါမည်။

လူတစ်ယောက်၌ ဖြစ်ပေါ်နေသောရောဂါကို ဆေးဆရာသည် ထိုရောဂါဖြစ်ပေါ်ခြင်းအကြောင်းရင်းကို ရှာရပါသည်။ ရောဂါအကြောင်းရင်းကို ရှာဖွေတွေ့ရှိမှသာ ပျောက်အောင်ကုသနိုင်ပါမည်။

အလားတူ နာမ်သဘာဝ၊ ရုပ်သဘာဝဖြစ်ပေါ်မှု အကြောင်းကို ဆက်လက်ရှာဖွေရန် လိုအပ်ပါသည်။

နာမ်သဘာဝ၊ ရုပ်သဘာဝကား အလွန်နက်နဲသိမ်မွေ့လှန်းလှပါသည်။ ၎င်းနာမ်ရုပ်သဘာဝကို ပုထုဇဉ်တို့သိနိုင်ဖို့ အလွန်ခဲယဉ်းလှပါသည်။

ရှေးကတည်းက အတွေးအခေါ်ပညာရှင်တို့က လူ၏ဖြစ်ပေါ်မှုကို အမျိုးမျိုးတွေးဆကြံစည်ခဲ့ကြသည်။ နောက်ဆုံး

ရှာမရတော့၊ ဗိုး မ စပ်ယှက်၍ သူ့သဘာဝအတိုင်း ဖြစ်လာသည်ဟု ကောက်ချက်ချကာ အကြောင်းမဲ့ဝါဒ(အဟေတုကဝါဒ)ကို ခွဲယူလိုက်ကြသည်။

ဇာစ်ချို့ကလည်း အနန္တတန်ခိုးရှင် ထာဝရဘုရားရှင်က ဖန်ဆင်းထား၍ ဤရုပ်၊ နာမ်ပါသော လူဖြစ်လာရသည်ဟု ဖန်ဆင်းမှု(ဣဿရနိမ္မာနဝါဒ)ကို ခွဲယူလိုက်ကြပါသည်။

လူအကြောင်း၊ နာမ်အကြောင်း အထက်ပါအယူအဆကို လည်း လက်မခံ၊ မိမိလည်း မဆုံးဖြတ်နိုင်ပါ။ အဖြေမပေါ်နိုင် သောအခါ -

-လူသည် အတိတ်ဘဝကဖြစ်ခဲ့သလော-မဖြစ်ခဲ့သလော၊

-ဖြစ်ခဲ့လျှင်လည်း ဘယ်လိုအမျိုးဇာတ်၌ ဖြစ်ခဲ့ပါသလဲ၊

-တတိယဘဝမှ ဒုတိယဘဝသို့ ဘယ်လိုကူးခဲ့ပါသလဲ ဟူ၍ လွန်ခဲ့သောအတိတ်ဘဝနှင့်ပတ်သက်၍ ယုံမှားမှုငါးမျိုး ဖြစ်လာပါသည်။

- ယခုဘဝသေပြီး နောက်ဘဝဖြစ်ဦးမည်လော၊
- မဖြစ်တော့ပြီလော၊
- ဖြစ်လျှင် ဘယ်အမျိုးဇာတ်၌ ဖြစ်မည်လဲ၊
- ဘယ်ပုံသဏ္ဍာန်မျိုးဖြစ်မည်လဲ၊
- ဒုတိယဘဝ၊ တတိယဘဝ စသည် ဘဝအဆက်ဆက် ဖြစ်ဦးမည်လောဟူ၍ အနာဂတ်အတွက်လည်း ယုံမှားစိတ်ဝင် လာကြပြန်သည်။

- ငါဖြစ်သလော၊
- ငါမဖြစ်သလော၊

- ဘယ်ဇာတ်မျိုးဖြစ်သနည်း၊
- ဘယ်သဏ္ဌာန်ဖြစ်သနည်း၊
- ဤသတ္တဝါဆိုသူသည် အဘယ်မှလာသနည်း၊
- အဘယ်ကို ဆက်သွားမည်နည်း။

ဤပစ္စုပ္ပန်ဘဝ၌ပင် ယုံမှားခြင်းစိတ်များ ဖြစ်ပေါ်လာရပြန်သည်။ ဤယုံမှားမှု (၁၆)မျိုးသည် ဘုရားမပွင့်မီကလည်း ဖြစ်ပေါ်ခဲ့သည်။ ဘုရားရှင်၏ သာသနာပြင်ပ၌လည်း ဖြစ်ပေါ်ခဲ့ကြသည်။

ဤကဲ့သို့ ရုပ်နာမ်သဘာဝ ဖြစ်ပေါ်မှုအပေါ် အမြင်မရှင်းပါက မဂ်ဖိုလ်ရရေးတရားအားထုတ်ရာ၌ အဟန့်အတား ဖြစ်ပါတော့သည်။

ယနေ့အချိန်ကာလသည် ဗုဒ္ဓသာသနာတော်နှင့်တွေ့ကြုံနေရသည်၊ တရားအားထုတ်ဖို့ အခွင့်အရေးလည်း ကြုံနေရပါသည်၊ သို့သော် မိမိက-

- ဘုရားအစစ်မှဟုတ်ရဲ့လား၊
- တရားအစစ်မှဟုတ်ရဲ့လား၊
- သံဃာအစစ်မှဟုတ်ရဲ့လား၊
- ယခုအားထုတ်ရမည့် တရားသည် သံသရာမှလွတ်မြောက်ကြောင်းမှန်ရဲ့လား၊
- ရှေးအတိတ်က ဘယ်လိုဖြစ်ခဲ့ပါသလဲ၊
- နောက်အနာဂတ်ဘဝကော သေချာရဲ့လား၊

အကြောင်းတရားအစွဲပြုပြီး အကျိုးတရားဖြစ်တယ်ဆိုတာကော တကယ်လား စသည်ဖြင့် ယုံမှားမှုတွေဖြစ်လာပါကလည်း စိတ်သမာဓိတည်ကြည်ပြီး တရားအားထုတ်နိုင်မည်မဟုတ်ပါချေ။

## ရုပ်နာမ်သဘာဝဖြစ်လာမှု

ဤရုပ်၊ နာမ်သဘာဝတို့သည် ဘယ်ကဘယ်လိုဖြစ်လာပါသနည်း၊ မိမိ၏ ယခုပစ္စုပ္ပန်ရုပ်ကိုကြည့်ပါ-

ကံကြောင့် ဤရုပ်-ဤပုံသဏ္ဌာန်ဖြစ်လာရသည်၊

စိတ်ကြောင့် ကြည်လင်သောရုပ်-မကြည်လင်သောရုပ်ဖြစ်နေရသည်။

ဥတုကြောင့် ဖြူသောရုပ်၊ မဲသောရုပ် စသည်ဖြစ်နေရသည်။

အာဟာရကြောင့် ပြည့်ဖြိုးသောရုပ်-ပိန်သောရုပ်ဖြစ်နေရသည်။

ရုပ်သည် ကံ၊ စိတ်၊ ဥတု၊ အာဟာရလေးပါးကြောင့် ဖြစ်နေရသည်ကို သိပါ။

**နာမ်ဖြစ်ပုံမှာ** - အာရုံနှင့်ဝတ္ထုတိုက်ဆိုင်လာလျှင် နာမ်ဖြစ်ပေါ်လာရသည်၊

**အာရုံဆိုသည်မှာ** - စိတ်ဖြစ်ပေါ်လာစေဖို့ အကြောင်းသဘာဝတစ်ရပ်ဖြစ်သည်၊ စိတ်၏ပျော်မွေ့ရာ စိတ်ဆွဲဆောင်စရာ သဘာဝ တစ်မျိုးဖြစ်ပါသည်၊ အာရုံသည် များသောအားဖြင့် ရုပ်များပင် ဖြစ်ပါသည်။

**ထိုအာရုံသည်** - မျက်စိဖြင့် မြင်စရာအာရုံ၊
- နားဖြင့် ကြားစရာအာရုံ၊
- နှာခေါင်းဖြင့် အနံ့ရစရာအာရုံ၊

- လျှာဖြင့် အရသာသိစရာအာရုံ၊
- အတွေ့ဖြင့် ထိတွေ့စရာအာရုံ၊
- စိတ်ဖြင့်သိစရာ သဘာဝဓမ္မအာရုံ၊ ဤအာရုံ ခြောက်ပါးသည် လူ၏ပြင်ပရှိ အာရုံများဖြစ်ကြသည်။ ထိုအာရုံကို မြင်ဖို့ လူ့ခန္ဓာ၌ကား-
- မျက်စိအကြည်ဓာတ်၊
- နားအကြည်ဓာတ်၊
- လျှာအကြည်ဓာတ်၊
- ကိုယ်အကြည်ဓာတ်၊
- နှလုံးဟဒယဝတ္ထုဟူသော အကြည်ဝတ္ထုရုပ် (၆)မျိုး ရှိပါသည်။

အဆင်းအာရုံနှင့် မျက်စိအကြည်ဓာတ် တွေ့ဆုံမိသော အခါ မြင်သိစိတ် ဖြစ်ပေါ်လာရသည်။

အလားတူကြားသိစိတ်၊ နံ့သိစိတ်၊ အရသာသိစိတ်၊ အတွေ့အထိသိစိတ်၊ သဘာဝဓမ္မသိစိတ်များ ဖြစ်ပေါ်လာရပါသည်။

ဘုရားရှင်က-

"**စက္ခုပသာဒရုပ်ကိုလည်းကောင်း၊ အဆင်းရူပါရုံကို လည်းကောင်း ယင်းတို့၏ တိုက်ဆိုင်မှုကို အစွဲပြု၍ စက္ခုဝိညာဉ် မြင်သိစိတ် ဖြစ်ရ၏**"

ဟူ၍ ဟောတော်မူပါသည်။

ဖဿဟူသော တွေ့ထိမှုသည် နာမ်ဖြစ်ကြောင်းတရား ဖြစ်သည်။ မြင်စိတ်၊ ကြားစိတ် စသော နာမ်တရားများဖြစ်ရန်

အနီးကပ်အကြောင်းသည်ကား အာရုံနှင့်ဝတ္ထုတို့ တိုက်ဆိုင်ထိတွေ့မှုကြောင့်ပင်ဖြစ်သည်ကို သိထားရပါမည်။

ကံ၊စိတ်၊ဥတု၊အာဟာရ ဟူသောအကြောင်းတရားတို့ကြောင့် ရုပ်တရားတို့ မပြတ်ဖြစ်နေရသလို-

အာရုံနှင့်ဝတ္ထုတိုက်ဆိုင်မှုကြောင့် နာမ်တရားတို့ မပြတ်ဖြစ်နေရသည်။

အဘယ်ကြောင့် ကံ၊ စိတ်၊ ဥတု၊ အာဟာရတို့ မပြတ်ဖြစ်နေရပါသနည်း။

အဘယ်ကြောင့် အာရုံနှင့်ဝတ္ထုတို့ မပြတ်တိုက်ဆိုင်နေရပါသနည်း။

ထိုအဖြေကို ဘုရားရှင်က သံယုတ်အနမတဂ္ဂသုတ်နှင့် မဟာပရိနိဗ္ဗာနသုတ်တွင် အဖြေပေးခဲ့ပါသည်။

"ချစ်သားတို့…အရိယာသစ္စာလေးပါးကို လျော်စွာမသိသောကြောင့်၊ ထိုးထွင်း၍ မသိခြင်းကြောင့် ငါဘုရားသည်လည်းကောင်း၊ သင်ချစ်သားတို့သည်လည်းကောင်း ဤမျှရှည်လျားသော သံသရာကာလကြီးတစ်လျှောက်လုံး ကျင်လည်ပြေးသွားခဲ့ကြရပြီ"

"ချစ်သားတို့…သံသရာ၏ အစကို မသိနိုင်၊ အမှန်သစ္စာကို မသိမှု(အဝိဇ္ဇာ)ဖြင့် စိတ်ဖုံးအပ်သည်ဖြစ်၍ တပ်မက်တတ်သော (တဏှာ)နှောင်ကြိုးဖြင့် ဖွဲ့စည်းအပ်ကုန်သည်ဖြစ်၍ ဤဘဝမှ ထိုဘဝသို့ ထိုဘဝမှ ဤဘဝသို့ ပြေးလွှားကျင်လည်ကြရကုန်သော သတ္တဝါတို့၏ ရှေးအစွန်းသည်မထင်သေး"

"ဤသို့ ရှည်လျားလှသော နေ့ညဥ့်တို့ပတ်လုံး ပင်ပန်းဆင်းရဲကို ခံစားရဖူးလေပြီ၊ ပြင်းထန်သော ဆင်းရဲကို ခံစားရလှလေပြီ၊ ပျက်စီးခြင်းကို ခံစားရဖူးလေပြီ၊ သင်္ချိုင်းမြေပုံတို့သည်လည်း တိုးပွားခဲ့ရလေပြီ"

ဟူ၍ ဘုရားရှင်က ဟောကြားအဖြေ ပေးခဲ့ပါသည်။

ဘုရားရှင်၏ ဤစကားတော်အရ အဝိဇ္ဇာ(မသိမှု) တဏှာ(လိုချင်မှု)တို့ကြောင့် ဘဝများစွာသံသရာ၌ ရုပ်နာမ်ဖြစ်ကာ ကျင်လည်ခဲ့ကြရသည်။

အဝိဇ္ဇာကား အမှန်တရားကိုမသိအောင် မမြင်အောင် ဖုံးကွယ်သော သဘာဝဆိုးကြီး ဖြစ်သည်။

အမှန်ကို မသိသောကြောင့် တပ်မက်မှု(တဏှာ)ဖြစ်လာရသည်။

ရုပ်နာမ်ဘဝဟူသည် အို၊ နာ၊ သေဘေးတို့ကြောင့် စင်စစ်ဆင်းရဲ(ဒုက္ခ)အမှန် ဖြစ်သည်။

ယင်းဆင်းရဲအမှန်ကို အဝိဇ္ဇာအမှောင်ဖုံးထား၍ မသိ၊ ဘဝ၏ဆင်းရဲအမှန်ကိုမသိသောကြောင့် ဘဝကို တွယ်တာတပ်မက်လေသည်။

လောကသဘာဝတွင် ကောင်းသောအာရုံတွေ့လျှင် တွယ်တာရုံမျှမက စွဲလမ်းမှုဥပါဒါန်ဖြစ်လာသည်။

ဥပါဒါန်ဖြစ်လာပြီဆိုလျှင် မရ၊ ရအောင်ပြုလုပ်မှု(ကမ္မ)ကံဖြစ်လာတော့သည်။

တန်းစီကြည့်လိုက်ပါက အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ကံ ဤသို့သော သဘာဝကွင်းဆက်များ ဖြစ်ပေါ်လာပါသည်။

ကံ,ကား ဘဝကိုဖြစ်ပေါ်စေသော ရုပ်နာမ်မျိုးစေ့ (ဘဝမျိုးစေ့) ဖြစ်သည်။

## ဘဝမျိုးစေ့ဖြစ်ပေါ်မှုတရားခံ

ကံ၏ အဓိကသည် စေတနာဖြစ်သည်။ ထိုစေတနာသည် ဘဝမျိုးစေ့ ဖြစ်သည်။

ဘဝမျိုးစေ့သည် -စေတနာ၏ပြည့်စုံမှု၊
-ကမ္မသတ္တိကျန်ရှိမှု(ကံပြည့်စုံမှု)၊
-နိမိတ်ထင်လာမှု၊
-အကျိုးပေးမှု ဟူသော အင်္ဂါလေးပါး

ပြည့်စုံမှုတို့နှင့်လည်း သက်ဆိုင်ပါသည်။ တစ်ဘဝ၊ တစ်ခန္ဓာ ပျက်၍ နောက်တစ်ဘဝ၊ နောက်တစ်ခန္ဓာ ဖြစ်ရသည်မှာ အဝိဇ္ဇာက ခြံရံ၊ တဏှာအရင်းခံရှိသော အင်္ဂါလေးချက်ညီသော စေတနာကံ၏ လက်ချက်ဖြစ်ပါသည်။

ဘဝသစ်သန္ဓေသစ်ဖြစ်ရာ၌-

-အဝိဇ္ဇာ-တဏှာကား - အမိနှင့်တူသည်၊
-ကံကား ..... - အဖနှင့်တူသည်၊
-ဘဝသစ်ဖြစ်ပေါ်ခြင်းကား- ဝိပါကဝဋ်အကျိုးဆက် ဖြစ်ပါသည်။

အဝိဇ္ဇာဖုံးနေ၍ ဘဝသစ်၏ အပြစ်ကိုမမြင်၊ အပြစ်မမြင်၍ ဘဝသစ်ကို နှစ်သက်တွယ်တာသော တဏှာဖြစ်သည်။

ထို့ကြောင့် မိမိပြုထားသော ကံတစ်ခုက ဘဝသစ်၌ သန္ဓေမျိုးစေ့ ကျစေပါတော့သည်။

ယခု လက်ရှိဘဝနှင့်ကပ်နေသော ဘဝဟောင်းက သေပြီး ဤဘဝသစ်ဖြစ်လာသည်။ ဤတွင် ဘဝဟောင်းက ရုပ်၊ နာမ် တစ်စုတစ်ရာမျှ ဤဘဝသစ်သို့ လိုက်ပါမလာပါချေ။ ပြီးခဲ့သော အတိတ်ဘဝမှာပင် ချုပ်ဆုံးသွားပေပြီ။

သို့သော် အတိတ်ဘဝ၌ရှိသော အဝိဇ္ဇာ၊ တဏှာတို့၏ အကူအညီဖြင့် ကံတစ်ခုက ဤဘဝသစ်ဖြစ်ဖို့ အမိသစ်၏ဝမ်း၌ ပဋိသန္ဓေစွဲယူတည်လာစေသည်။ ဘဝဟောင်းက စိတ်က ကူးပြောင်းလာခြင်းမဟုတ်၊ ကမ္မသတ္တိ(ကံ)က ကူးပြောင်းလာခြင်း ဖြစ်သည်။

ကျမ်းဂန်တို့၌ ပဲ့တင်သံ တံဆိပ်တုံးတို့ကို နမူနာပေးထားပါသည်။ နံရံကြီးတစ်ခုအနီးတွင်ရပ်၍ ဟေးဆိုသောအသံကို အော်ဟစ်လိုက်လျှင် ပဲ့တင်သံပြန်လာသည်။ ထိုပဲ့တင်သံသည် မူလအော်လိုက်သော အသံလည်းမဟုတ်၊ မူလအော်လိုက်သော အသံနှင့်လည်း အကြောင်းမကင်း၊ မူလအသံမဟစ်ဘဲ အလိုလို ပေါ်လာသော အသံမဟုတ်သကဲ့သို့ ပဋိသန္ဓေဘဝသစ်ဖြစ်မှုသည် လည်း အလားတူသဘောမျိုးဖြစ်သည်။

အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံဟူသော အခြေခံ အကြောင်းတရားလေးပါးတို့ကြောင့် ဘဝသစ်ပဋိသန္ဓေဖြစ်လာ သောအခါ ထိုပဋိသန္ဓေသည် အမေသစ်ဝမ်းမှ အပူအအေး (ဥတု) တစ်ခုခုရလာသည်၊ အမေသစ်ဝမ်းမှ အာဟာရ ရလာသည်။ အဟာရက ကိုယ်ခန္ဓာဖြစ်ထွန်းလာစေ၏။

-သန္ဓေသားကလေး၏အမေအစစ်ကား အဝိဇ္ဇာနှင့်တဏှာ

-အဖေအစစ်ကား ကံ

အာဟာရကား သန္တာနလေး ကြီးထွားလာအောင် စောင့်ရှောက်သော အထိန်းတော်နှင့် တူပေသည်။

ထို့ကြောင့် အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံ၊ အာဟာရ ဤငါးပါးသည်ကား ရုပ်ဖြစ်ကြောင်း အကြောင်းခံတရား၊ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံ၊ ဖဿ ဤငါးပါးသည်ကာ- နာမ်ဖြစ်စေသော အကြောင်းခံတရားဖြစ်သည်။ ဝိသုဒ္ဓိမဂ်ဆရာက-

**"ဤလောက၌ သံသရာကို ပြုလုပ်ဖန်ဆင်းတတ်သော နတ်လည်းမရှိ၊ ဗြဟ္မာလည်းမရှိ၊ အနန္တတန်ခိုးရှင် ထာဝရသခင်မရှိ၊ အခြေခံဟေတုအကြောင်း အတောက်အပံ့တို့ကြောင့် နာမ်ရုပ်တရားသက်သက်တို့သည် ဖြစ်ပေါ်လာရသည်"** ဟု ဖွင့်ဆိုထားပါသည်။

လောကလူသားဖြစ်ရခြင်း၏ ဇာစ်မြစ်မူလသည် အဝိဇ္ဇာ တဏှာနှစ်ပါးဖြစ်သည်။ ဤတရားနှစ်ပါးသည် အဓိက ပဋိစ္စသမုပ္ပါဒ်တရားများ ဖြစ်ကြသည်။

ပဋိစ္စ - အစွဲပြု၍၊

သမုပ္ပါဒ - ဖြစ်ပေါ်လာခြင်း၊

ပဋိစ္စသမုပ္ပါဒ၏ မူရင်းအချုပ်မှာ-

- ဤအရာရှိသော် ဤအရာဖြစ်၏၊
- ဤအရာမရှိသော် ဤအရာမဖြစ်ဟူ၍ ဖြစ်ပါသည်။

ဝိဇ္ဇာဉာဏ်ထင်ရှားလာပြီး အလင်းရောင်အသိဉာဏ် ဖြစ်ပေါ်လာသောအခါ ဝိဇ္ဇာဖြစ်လာသည်။

အဝိဇ္ဇာကင်းသောအခါ တဏှာတွယ်တာမှုမဖြစ်တော့ပါ၊ တဏှာမဖြစ်လျှင် စွဲလမ်းမှု ဥပါဒါန်မဖြစ်တော့ပါ၊ ဥပါဒါန်မဖြစ်လျှင် ကံမလုပ်တော့ပါ။

ကံမလုပ်တော့ပါက ဇာတိဟူသော ဘဝဖြစ်တော့ပါ၊

ပဋ္ဌာန်းပါဠိတော်၌-

“ကုသိုလ်ကံ-အကုသိုလ်ကံသည် အကျိုး(ဝိပါက်) နာမ်ရုပ်ခန္ဓာ(ဘဝ)ကို ကမ္မသတ္တိဖြင့် ကျေးဇူးပြုသည်” ဟု ဟောထားပါသည်။

အတိတ်ဘဝက ပဋိသန္ဓေအကျိုးပေးမည့်ကံက ယခုဘဝ ပဋိသန္ဓေဝိပါက်ကမ္မဇရုပ်ကို ကမ္မသတ္တိဖြင့် ဖြစ်ပေါ်စေရန် ကျေးဇူးပြုသည်ဟု ဆိုလိုပါသည်။

ကမ္မသတ္တိဖြင့် ကျေးဇူးပြုသည်ဟုဆိုရာ၌ ကံအကြောင်းကြောင့် ဘဝတည်းဟူသောအကျိုးကို ဖြစ်ပေါ်လာစေခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ဘဝမျိုးစေ့ဖြစ်ပေါ်မှုတွင် စေတနာ ဆိုသော ကံတရားက အဓိကဖြစ်ကြောင်း သိရပါသည်။

## ပစ္စယပရိဂ္ဂဟဉာဏ်

ပစ္စယ -နာမ်ရုပ်တို့၏အကြောင်းတရား၊

ပရိဂ္ဂဟ -အကြောင်းတရားကို ရှာဖွေတွေ့ရှိ မှတ်သားပွားများ သိမ်းဆည်းခြင်း၊

ဉာဏ -အကြောင်းတရားမှန်ကို တွေ့ရှိသိမ်းဆည်းနိုင်သော အရည်အသွေး၊

ပဋိစ္စသမုပ္ပါဒ်နည်းအရ နာမ်ရုပ်အကြောင်းတရားတို့၏ အကြောင်းအကျိုးဆက်သွယ်မှုကွင်းဆက်ကို ဖော်ယူသိရှိသော ဉာဏ်ကို ပစ္စယပရိဂ္ဂဟဉာဏ်ဟုခေါ်သည်။

ပုဂ္ဂိုလ်သတ္တဝါဟူသမျှတို့သည် ဤနာမ်ရုပ်အကြောင်း အထောက်အပံ့ကြောင့်သာ ဖြစ်ကြသည်။ နာမ်၊ ရုပ်အကြောင်း အထောက်အပံ့မပါဘဲမဖြစ်ပါ။

ယင်းအကြောင်း အထောက်အပံ့(ဟေတုပစ္စယ)ဟူသည် အဘယ်နည်း။

- အဝိဇ္ဇာတည်းဟူသောအကြောင်း
- တဏှာတည်းဟူသောအကြောင်း
- ကံတည်းဟူသောအကြောင်း
- အာဟာရတည်းဟူသောအကြောင်း

ဤအကြောင်းလေးပါးကို ဉာဏ်ဖြင့်တွေ့ရှိပြီး မှတ်သား နိုင်သည်။ ထိုအခါလွန်ခဲ့သော အတိတ်ကာလ၌လည်း အကြောင်း တရားနှင့်အကြောင်းကြောင့်ဖြစ်သော အကျိုးတရားတို့ ဖြစ်ခဲ့ကြ ကုန်၏။

- နောင်အနာဂါတ်၌လည်း ထိုနည်းတူဆက်၍ ဖြစ်ပေလိမ့်မည်။
- ယခုပစ္စုပ္ပန်လက်ရှိဘဝမှာလည်း ဤအတူအကြောင်းနှင့် အကြောင်းကြောင့်ဖြစ်သော အကျိုးတရားတို့သည် ဖြစ်ပေါ် နေခြင်း ဖြစ်သည်။
- ထိုအကြောင်းအကျိုးမှ လွတ်သောသတ္တဝါဟူ၍ မရှိ၊ ပုဂ္ဂိုလ် ဟူ၍ မရှိ၊
- ရုပ်နာမ်သင်္ခါရတရားအစုသက်သက်သာ ဖြစ်နေပါတကား

ဤသို့လျှင် ကာလသုံးပါး၌ ယုံမှားသံသယကင်းတော့ သည်။

ဤကဲ့သို့ ယုံမှားသံသယကင်းရှင်းစွာ သိရှိခြင်းသည်ကား ဝိပဿနာဖြင့် ရုပ်နာမ်သင်္ခါရတရားတို့ကို ကောင်းစွာမှတ်သား သော ဉာဏ်ပရိညာမည်ပါတော့သည်။

နာမ်ရုပ်တို့၏အကြောင်းမှန်ကိုသိရှိသော ပစ္စယပရိဂ္ဂဟ ဉာဏ်ကိုရရှိသောအခါ ယုံမှားမှုဟူသမျှ ကင်းစင်သွားပြီး ဖြစ်ပါ သည်။

အထွေထွေယုံမှားမှု(၁၆)မျိုး၊ ရတနာသုံးပါးနှင့်စပ်သော ယုံမှားမှု(၈)မျိုး ကင်းစင်သွားပြီးဖြစ်၍ ကင်္ခါဝိတရဏ ဝိသုဒ္ဓိဖြစ်ပါတော့သည်။

ကင်္ခါ၊ ယုံမှားမှုကင်းစင်သွားလျှင် နာမ်ရုပ်ရှိသောသူသည် အကြောင်းမရှိဘဲဖြစ်သည် ဟုယူသော အဟေတုကဒိဋ္ဌိလည်း ပြုတ်တော့သည်။

လူကို အနန္တတန်ခိုးရှင် ထာဝရဘုရားရှင်က ဖန်ဆင်းသည်ဟု ယူသော ဝိသမဟေတုဒိဋ္ဌိလည်း ပြုတ်တော့သည်။

ယင်းကို ဋီကာကျော်ဆရာက-

"တစ်ဆယ့်ခြောက်ပါး အပြားရှိသော ယုံမှားခြင်း၊ ရှစ်ပါးအပြားရှိသော ယုံမှားခြင်းတို့ကို လွန်မြောက်သောကြောင့် ကင်္ခါဝိတရဏမည်၏။ အဟေတုကဒိဋ္ဌိ၊ ဝိသမဟေတုဒိဋ္ဌိတည်း ဟူသော အညစ်အကြေးတို့ကို သုတ်သင်ရှင်းလင်းပစ်သော ကြောင့် ဝိသုဒ္ဓိလည်းမည်၏။ ထို့ကြောင့် ကင်္ခါဝိတရဏဝိသုဒ္ဓိ မည်၏"

ဟူ၍ ဖွင့်ဆိုရေးပြခဲ့ပါသည်။

အို-ယောဂီတို့ ....

သင်သည် ပဋိပတ်အကျင့်မြတ်ကိုကျင့်၍ ဤမည်သော နာမရူပပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်ကို ရရှိပြီး ဆိုပါလျှင် (ဝါ) ထိုးထွင်းသိမြင်ပြီးဆိုပါလျှင် သင်သည် ပဋိဝေဓဉာဏ်ကို ရသည်မည်ပါပြီ။

မိမိသည် ပရိယတ္တိ-ပဋိပတ္တိ-ပဋိဝေဓ ဟူသော သာသနာသုံးရပ်တည်ပြီးဟူ၍ ဝမ်းမြောက်ပါလော့။

## (င) ပဉ္စမလျှောကား–လမ်းမှန်လမ်းမှားဉာဏ်အမြင် မဂ္ဂါ–မဂ္ဂဉာဏ်ဒဿနဝိသုဒ္ဓိ

### လမ်းမှန်သိရန်နည်းလမ်းများ

"သိ–စိတ်–ဒိဋ္ဌိ–ကင်–ဤလေးအင် ဉာဏ်စဉ်မဆိုသင့်" ဆိုသည့်အတိုင်း သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ၊ ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏ ဝိသုဒ္ဓိအဆင့်တို့သည် ဝိပဿနာဉာဏ်စဉ်နှင့် မသက်ဆိုင်သေးပါ။

ဤမဂ္ဂါ မဂ္ဂဉာဏဒဿနဝိသုဒ္ဓိရောက်မှသာ ဝိပဿနာ ဉာဏ်စဉ်များ အဆင့်ဆင့်တက်လာပါသည်။

ရှုချင်စဖွယ်၊ နေချင်စဖွယ်ကောင်းသော ဥယျာဉ်ကြီး တစ်ခုဆီသို့ လမ်းရှိလျက်မသွားသူသည် ရောက်နိုင်မည် မဟုတ်ပေ။ သွားသူကလည်း လမ်းမှားသို့လိုက်သွားမိပါက ဥယျာဉ်သို့ ရောက်မည် မဟုတ်ပေ၊ လမ်းမှန်လိုက်မှ ရောက်နိုင်မည်။

ထိုကဲ့သို့ပင် ချမ်းသာမှုအလွန်ပြည့်ဝသော မဂ်ဖိုလ် နိဗ္ဗာန်အဆင့်အတန်းသို့ ကိုယ်ကျင့်တရားဖြင့်မသွားဘဲ နေကြသူ များသည် ရောက်နိုင်ကြမည်မဟုတ်ပေ၊ ကိုယ်ကျင့်တရားဖြင့် သွားပါသော်လည်း လမ်းမှန်လမ်းမှားအဆုံတွင် လမ်းမှားသို့ လိုက်သွားမိပါကလည်း မရောက်နိုင်ဘဲ ဆင်းရဲသာဆက်လက် တွေ့ကြုံကြရပါမည်။

အထက်ဝိသုဒ္ဓိလေးပါး စင်ကြယ်ပြီးသောပုဂ္ဂိုလ်သည် မဂ် ဖိုလ် နိဗ္ဗာန်သွားရန် လမ်းဆုံသို့ရောက်ခဲ့သူဖြစ်ပြီး ဆက်သွား ရန် လိုအပ်ပါသည်။

ဤပိဿုဒ္ဓိစခန်းဟွင် လက္ခဏာရေး(၃)ပါး၊ အနုပဿနာ (၃)ပါး၊ ဉာဏ်စဉ်(၁၀)ပါး သိထားရန် အရေးကြီးပါသည်။

**လက္ခဏာရေး(၃)ပါး**

(၁) အနိစ္စလက္ခဏာ - ရုပ်နာမ်တရားတို့၏ မတည်မြဲခြင်း၊ ပျက်စီးခြင်းအမှတ်အသား၊

အနိစ္စာနုပဿနာ - ရုပ်နာမ်တို့၏ မတည်မြဲမှု၊ ပျက်စီးမှုတို့ကို အဖန်ဖန်ရှုသောဉာဏ်၊

(၂) ဒုက္ခလက္ခဏာ - ရုပ်နာမ်တရားတိုင်း အဆက်မပြတ်ဖြစ်ပျက်ပြောင်းလဲ ပျက်စီးခြင်းကိုဖြင့် နှိပ်စက်ညှင်းပန်းအပ်သော ဆင်းရဲအမှတ်အသား၊

ဒုက္ခာနုပဿနာ - ရုပ်နာမ်တရားတို့၏ ဆင်းရဲမှုကို အဖန်ဖန်ရှုသောဉာဏ်၊

(၃) အနတ္တလက္ခဏာ - ရုပ်နာမ်တရားတို့သည် ဖြစ်ပျက်မြဲဓမ္မတာအတိုင်း ဖြစ်ပျက်သွားကြသည်။ မိမိအလိုသို့ မလိုက်ပါ၊ အနှစ်သာရမရှိ၊ ငါဟု မှတ်အပ်သော အတ္တမရှိခြင်းအမှတ်အသား၊

အနတ္တာနုပဿနာ - ရုပ်နာမ်တရားတို့ကို မမြဲ-အစိုးမရဟု အဖန်ဖန်ရှုသောဉာဏ်၊

ယင်းအနုပဿနာဉာဏ်တို့ကို ဝိပဿနာဉာဏ်(၁၀)ပါး ဖြင့် ခွဲခြားသိရပါသည်။

၁။ **သမ္မသနဉာဏ်**

- ရုပ်နာမ်တို့ကိုမမြဲ ဆင်းရဲ-အစိုးမရဟူသော လက္ခဏာတို့ဖြင့် ဆင်ခြင်သုံးသပ်သောဉာဏ်၊

၂။ **ဥဒယဗ္ဗယဉာဏ်**

- ရုပ်နာမ်တို့၏ ဖြစ်မှုပျက်မှုကိုရှုသောဉာဏ်၊

၃။ **ဘင်္ဂဉာဏ်**

- ရုပ်နာမ်တို့၏ ပျက်ခြင်းကိုရှုသောဉာဏ်၊

၄။ **ဘယဉာဏ်**

- ရုပ်နာမ်တို့ကို ကြောက်လန့်ဖွယ်ရာ ဘေးဆိုးကြီးဟု မြင်သိသောဉာဏ်၊

၅။ **အာဒီနဝဉာဏ်**

- ရုပ်နာမ်တို့၏ အပြစ်ကိုမြင်သောဉာဏ်၊

၆။ **နိဗ္ဗိဒါဉာဏ်**

- ရုပ်နာမ်တို့ကို ငြီးငွေ့ဖွယ်ရာရှုဖြစ်သောဉာဏ်၊

၇။ **မုဉ္စိတုကမျတာဉာဏ်**

- ရုပ်နာမ်တို့၏ အနှောင်အဖွဲ့မှ လွတ်လိုသောဉာဏ်၊

၈။ **ပဋိသင်္ခါဉာဏ်**

- ရုပ်နာမ်အနှောင်အဖွဲ့မှ လွတ်နိုင်ရန် ဘာဝနာပွားမှုကို အားကိုက်ပွားသောဉာဏ်၊

၉။ **သင်္ခါရုပေက္ခာဉာဏ်**

- ခန္ဓာငါးပါးသင်္ခါရတရားတို့ကို ကြောက်လန့်နှစ်သက်ခြင်းမဖြစ်ဘဲ လျစ်လျူရှုနေသောဉာဏ်၊

## ၁၀။ အနုလောမဉာဏ်

- မဂ်ဖြစ်စေရန် လျော်သောဉာဏ်၊

ဝိသုဒ္ဓိစခန်းတွင် ဉာဏ်စဉ်(၁၀)ပါးအနက် သမ္မသနဉာဏ်နှင့်ဥဒယဗ္ဗယဉာဏ်သည် ရှေ့ပိုင်း၌ ပါဝင်ပါသည်။

ယင်းဉာဏ်ဖြင့်အမြင်နှစ်မျိုးပေါက်အောင် ရှုမြင်သုံးသပ်ခြင်းဖြင့် မဂ်ဟုတ်၊ မဟုတ်သည်ကို သိသောဉာဏ်အဖြစ်စင်ကြယ်ခြင်းဖြစ်ပါသည်။

ကခ်ါဝိတရဏဝိသုဒ္ဓိဖြင့် ရုပ်၊ နာမ်တရားတို့၏ဖြစ်ကြောင်းကုန်စင်ကို ထင်လင်စွာသိပြီးသော ယောဂီပုဂ္ဂိုလ်သည် မိမိသိဖြစ်သော ရုပ်နာမ်တရားတို့ကို မိမိနှစ်သက်ရာ-

- ခန္ဓာတစ်ပါးစီဖြင့်လည်းကောင်း၊
- အာယတနတစ်ပါးစီဖြင့်လည်းကောင်း၊
- ဓာတ်တစ်ပါးစီဖြင့်လည်းကောင်း၊

သဲသဲမဲမဲဖိ၍ လက္ခဏာရေးသုံးချက်တင်ကာ သုံးသပ်ရပါမည်။ သုံးသပ်ရာတွင် သုံးသပ်ပုံ (၃)နည်း-(၄)နည်းတွင် တစ်နည်းနည်းဖြင့် သုံးသပ်နိုင်ပါသည်။

## သုံးသပ်ဆင်ခြင်နည်းများ

### (၁) ကလာပသမ္မသနနည်း

-အပေါင်းအစုတစ်ခုအနေဖြင့် သုံးသပ်ခြင်း ဖြစ်သည်။
-ရူပက္ခန္ဓာအားလုံးဝေဒနက္ခန္ဓအားလုံး စသည်ဖြင့် ခန္ဓာတစ်ပါးစီကို အလုံးစုံသိမ်းကျုံးယူပြီး ရုပ်ခန္ဓာသည်-

-ကုန်ခန်းပျက်စီးခြင်းသဘောရှိ၍ အနိစ္စ၊
-ကြောက်ဖွယ်ဖြစ်၍ ဒုက္ခ၊
-အနှစ်သာရကင်းမဲ့၍-အနတ္တ၊
ဟူ၍ အဖန်ဖန်သုံးသပ်ဆင်ခြင်ရပါမည်။

ဤခန္ဓာ၊ အာယတန၊ ဓာတ်တို့ကိုလည်း ကျန်နည်းအရ သုံးသပ်ရပါမည်။

## (၂) အဒ္ဓါနသမ္မသနနည်း

ရုပ်နာမ်တရားတို့ကို အတိတ်ဘဝ၊ ပစ္စုပ္ပန်ဘဝ၊ အနာဂတ်ဘဝဖြင့်ပိုင်းခြား၍ သုံးသပ်ပွားများနည်းဖြစ်သည်။

ပွားများပုံမှာ-အတိတ်ဘဝ၌ဖြစ်သော ရုပ်ခန္ဓာသည် ထိုအတိတ်ဘဝ၌ပင် ချုပ်ခဲ့လေပြီ။ ဤပစ္စုပ္ပန်ဘဝသို့ မရောက်နိုင်။

ဤသို့ကုန်ခမ်းခြင်းသဘောရှိ၍- အနိစ္စ၊
ကြောက်မက်ဖွယ်ဖြစ်၍ - ဒုက္ခ၊
အနှစ်သာရမရှိ၍ - အနတ္တ၊

## (၃) သန္တတိသမ္မသနနည်း

အအေးရုပ်အစဉ်၊ အပူရုပ်အစဉ် စသည်ဖြင့် တစ်ဘဝတည်း၌ပင် အစဉ်အမျိုးမျိုးခွဲခြား၍ သုံးသပ်သောနည်းဖြစ်သည်။

ပွားများပုံမှာ-အပူရုပ်အစဉ်သည် အအေးရုပ်အစဉ်သို့ မရောက်မီ ချုပ်ပျောက်လေပြီ။

ဤသို့ ကုန်ခမ်းခြင်းသဘောရှိ၍ - အနိစ္စ၊
ကြောက်မက်ဖွယ်ဖြစ်၍ - ဒုက္ခ၊
အနှစ်သာရမရှိ၍ - အနတ္တ
စသည်ဖြင့် သုံးသပ်ဆင်ခြင်ရပါသည်။

အလားတူအဆင်းကို အာရုံပြုသောစိတ်အစဉ်သည် အသံကို အာရုံပြုသောစိတ်အစဉ်သို့မရောက်။

အနိဋ္ဌာရုံကို အာရုံပြုသောဆင်းရဲဝေဒနာသည် ဣဋ္ဌာရုံကို အာရုံပြုသော ချမ်းသာဝေဒနာသို့ မရောက်၊ ရူပါရုံကို မှတ်သားသော သညာက္ခန္ဓာအစဉ်သို့ မရောက် စသည်ဖြင့် ကျယ်ဝန်းစွာ ချဲ့ထွင်၍ သုံးသပ်ရပါသည်။

## (၄) ခဏသမ္မသနနည်း

ရုပ်နာမ်တို့၏ ခဏအားဖြင့် သုံးသပ်ပွားများမှု

ပွားများပုံမှာ-အတိတ်ခဏ၌ဖြစ်သော ရုပ်သည် ပစ္စုပ္ပန်သို့ မရောက်မီ ချုပ်ပျောက်ခဲ့လေပြီ။

ဤသို့ ကုန်ခမ်းခြင်းသဘောရှိ၍- အနိစ္စ

ကြောက်မက်ဖွယ်ဖြစ်၍ - ဒုက္ခ

အနှစ်သာရမရှိ၍ - အနတ္တ

စသည်ဖြင့် သုံးသပ်ဆင်ခြင်ရပါသည်။

## ခန္ဓာဝါးဝါးတို့ လက္ခဏာသုံးပါးဖြင့်ရှုနည်း

မိမိခန္ဓာကိုယ်ထဲ၌ စိတ်ကိုအမြဲတည်အောင်အာရုံပြု၍ ခန္ဓာငါးပါးရုပ်နာမ်သင်္ခါရတရားတို့၏ အပိုင်းပိုင်းအတစ်တစ် ပြတ်၍-ပြတ်၍ လျင်မြန်စွာ ဖြစ်-တည်-ပျက်ပြီး ပျက်စီးနေကြောင်းကို အာရုံပြု၍ မမြဲ-မမြဲ ဟု ရှုမှတ်ရပါသည်။

သူတစ်ပါးတို့၏ ခန္ဓာကိုယ်၊ တော၊ တောင်၊ ရေ၊ မြေ အထွေထွေသော ပြင်ပဝတ္ထုသင်္ခါရအစုတို့၏ တလှုပ်လှုပ် တရွရွ

ကြေမွလျက် ဖြစ်-တည်-ပျက် ပျက်စီးနေပုံကို အာရုံပြု၍ မမြဲ-မမြဲဟု ရှုမှတ်နေရပါမည်။

သင်္ခါရတရားတို့သည် အဖြစ်-အပျက်တို့ဖြင့် မပြတ်နှိပ်စက်ခြင်းကြောင့် ဆင်းရဲဖြစ်ကုန်၏၊ ဆင်းရဲ(၃)မျိုးရှိပါသည်။

(၁) နာကျင်ကိုက်ခဲသောကိုယ်ဆင်းရဲခံစားရမှု
(ကာယိကဒုက္ခဝေဒနာ)
(စိတ်ထဲ၌ ပူပန်ဆင်းရဲခံစားမှု
(စေတသိကဒုက္ခဝေဒနာ)

ဤဆင်းရဲခံစားမှုနှစ်ပါးသည် သဘောအားဖြင့်လည်း ဆင်းရဲ၊ အမည်အားဖြင့်လည်း ဆင်းရဲဖြစ်သောကြောင့် ဆင်းရဲ-ဆင်းရဲ(ဒုက္ခ-ဒုက္ခ)

(၂) ချမ်းသာခံစားမှုသည် ဖြစ်ဆဲအခိုက်မှာ ချမ်းသာသည်ကို စွဲ၍ ချမ်းသာဟူသောအမည်ကို ရငြားသော်လည်း ယင်းချမ်းသာမှု ဖောက်ပြန်ပျက်စီးသွားသောအခါ မနေနိုင်၊ မထိုင်နိုင်အောင် ပူလောင်ဆင်းရဲမှုကို ခံစားရသည်။

ယင်းသည်ကား ဖောက်ပြန်သောဆင်းရဲ(ဝိပရိဏာမဒုက္ခ)

(၃) သုံးဆယ့်တစ်ဘုံ၌ရှိသမျှ ရုပ်-နာမ်သင်္ခါရတရားတို့သည် ဖြစ်-တည်-ပျက်အဖြစ်အပျက်တို့ဖြင့် မပြတ်နှိပ်စက်နေသောကြောင့် ဖြစ်ပျက်မှုဆင်းရဲ(သင်္ခါရဒုက္ခ)

ဤဆင်းရဲ(၃)မျိုးတွင်

ဆင်းရဲ၏ဆင်းရဲသည် ဆင်းရဲခံစားမှုနှင့်သာ ရှိသည်။

ဖောက်ပြန်သောဆင်းရဲသည် ချမ်းသာခံစားမှုနှင့်သာ ရှိသည်။

ဖြစ်-ပျက်မှုဆင်းရဲသည်ကား ယင်းခံစားမှုနှစ်ပါးနှင့်တကွ ခပ်သိမ်းသောဖြစ်ပျက်မှုတို့၌ ရှိပါသည်။

စီးဖြန်းသုံးသပ်သောအခါ ဤဖြစ်-ပျက်-မှု(သင်္ခါရ) ဆင်းရဲကို စီးဖြန်းသုံးသပ်သင့်ပါသည်။

အလုံးစုံသော ဖြစ်-ပျက်မှုတို့၏ လျင်မြန်စွာ ဖြစ်ချုပ် ပျက်စီးနေပုံကို အာရုံပြု၍ မမြဲ-မမြဲ ဟု ရှေးဦးစွာရှုမှတ်ပြီးသော အခါ ဖြစ်-ပျက်မှုတို့၏ လျင်မြန်စွာဖြစ်ချုပ်ပျက်စီးနေပုံကို ထင်မြင် လာပါလိမ့်မည်။

**''ဖြစ်-ပျက်မှုသင်္ခါရတို့၏ ဖြစ်ချုပ်ပျက်စီးနေပုံသည် အလွန်ကြောက်စရာကောင်းပါတကား။ အလွန်ဆင်းရဲလှပါတကား''** ဟု အာရုံပြု၍ ဆင်းရဲ-ဆင်းရဲ ဟု အကြိမ်များစွာ ရှုမှတ်ရပါမည်။ (ပါဠိလို-သင်္ခါရဒုက္ခ-ဒုက္ခ ဟု ရှုမှတ်ကလည်း ရပါသည်)

အနိစ္စ(မမြဲ)လက္ခဏာထင်မှ ဒုက္ခ(ဆင်းရဲ)လက္ခဏာကို ရှုရပါမည်၊ အနိစ္စမမြင်ဘဲ ဒုက္ခကို မရှုရပါ။

ဆင်းရဲဝေဒနာကိုရှုလျှင် ကျင်နာကိုက်ခဲဆင်းရဲသော ဒုက္ခ-ဒုက္ခသဘောကို ရှေးဦးစွာရှုပြီးမှ တဖြည်းဖြည်းသင်္ခါရ ဒုက္ခကို ပြောင်း၍ ရှုရပါမည်။

ချမ်းသာဝေဒနာကိုရှုလျှင် ဖောက်ပြန်မှု(ဝိပရိဏာမ) ဒုက္ခသဘောကို ရှေးဦးစွာရှုပြီးမှ တဖြည်းဖြည်းသင်္ခါရဒုက္ခကို ပြောင်း၍ ရှုမှတ်ရပါမည်။

- ရံခါ ခန္ဓာတစ်ပါးစီခွဲ၍ အနိစ္စတစ်လှည့်- ဒုက္ခ တစ်လှည့်စီရှုပါ၊

- ရုံခါ အလုံးစုံသော သင်္ခါရကိုအာရုံပြု၍ အနိစ္စ တစ်လှည့်-ဒုက္ခတစ်လှည့်စီရှုပါ၊
- ရုံခါ အဇ္ဈတ္တဗဟိဒ္ဓကိုအာရုံပြု၍ အနိစ္စတစ်လှည့်-ဒုက္ခတစ်လှည့်စီရှုပါ။

အထူးသဖြင့် အဇ္ဈတ္တသင်္ခါရ (အတွင်း၌ဖြစ်ပျက်မှု)ကို အာရုံပြု၍ များများရှုမှတ်ရပါသည်။

အစိုးမရသောသဘော၊ အလိုသို့မလိုက်သောသဘော၊ ပြုတတ်ခံစားတတ်သော ငါကောင်၊ သတ္တဝါကောင်ဟူသော အနှစ်သာရမရှိသောသဘောကို အနတ္တဟုခေါ်သည်။

ခန္ဓာငါးပါး ရုပ်နာမ်ဖြစ်ပျက်မှုတို့သည် ဖြစ်-တည်-ပျက် (ဥပါဒ်-ဌီ-ဘင်)အားဖြင့် နေ့ညမစဲ အမြဲဖြစ်ပျက်၍သာ နေကြသည်၊ မဖြစ်ပါနဲ့-ဟု တားမြစ်၍မရ၊ မပျက်နှင့်ဟု တားမြစ်၍မရ သူ့သဘောသဘာဝအတိုင်း အကြောင်းအားလျော်စွာ ဖြစ်-ချုပ်ပျက်စီး၍သာနေပါသည်။

ကောင်းသောအာရုံနှင့်တွေ့လျှင် ချမ်းသာခံစားမှု ဖြစ်၏။

မကောင်းသောအာရုံနှင့်တွေ့လျှင် ဆင်းရဲခံစားမှု ဖြစ်ရ၏။ ချမ်းသာအမြဲဖြစ်နေပါဟု ပြောမရ-ဆင်းရဲမဖြစ်ပါနဲ့ဟု ပြောမရ အကြောင်းမရှိလျှင် မဖြစ်ကြ-ရှိလျှင်ဖြစ်ကြသည်။

မအိုနဲ့-မကြီးနဲ့-မနာနှင့်မသေနဲ့ဟု ပြောမရ၊ တားမရ၊ အစိုးမရ အလိုမလိုက်၍ အနတ္တ၊

၃၂-ကောဋ္ဌာသတို့တွင် ဆံပင်၊ အမွေး၊ ခြေသည်းလက်သည်း စသည်တို့သည် ငါမဟုတ်၊ သတ္တဝါမဟုတ်၊ ငါကောင် သတ္တဝါကောင်ဟူသော အတ္တမာနမရှိသောကြောင့် အနတ္တ၊

ဤကဲ့သို့ အစိုးမရ အလိုသို့မလိုက်-ငါမဟုတ်၊ သတ္တဝါမဟုတ်ဟု မှတ်ထင်သော အနတ္တသညာဖြစ်လာသောအခါ သမ္မသနဉာဏ်ရသည်ဟု မည်ပါသည်။

## ဥဒယဗ္ဗယဉာဏ်အားထုတ်နည်း

သမ္မသနဉာဏ်သည် ရုပ်နာမ်သင်္ခါရတိုင်း အဖြစ်အပျက်ကို ရှုပ်ထွေးလျက် အကြမ်းစားအားဖြင့်သာမြင်၏။

ဥဒယဗ္ဗယဉာဏ်ကား သင်္ခါရဟူသော ရုပ်နာမ်တရားတို့၏ ဘဝသစ်ဖြစ်ပေါ်လာပုံ(ဥဒယ)နှင့် အသီးသီးချုပ်ပျက်သွားပုံ (ဝယ) ကိုကို သီးသန့်ပိုင်းခြား၍ အနုစားအားဖြင့် မြင်ခြင်းဖြစ်ပါသည်။

## လောကအားဖြင့် ရှုနည်း

ရုပ်-နာမ်သင်္ခါရတရားတို့သည် မဖြစ်မီရှေးအခါက တစ်စုံတစ်ခုသောနေရာ၌ပေါင်း၍ တည်နေကြသည်မဟုတ်။

ဖြစ်သောအခါ၌လည်း တစ်စုံတစ်ခုသော အစုအပုံထဲမှ သွား၍ ပေါင်းစုတည်နေကြသည်မဟုတ်။

အမှန်အားဖြင့် အကြောင်းတရားကိုစွဲ၍ ယခုအသစ်အသစ် ဖြစ်ပေါ်လာကြပြီးလျှင် တစ်ခါတည်းရှာမရအောင် အပြီးအဆုံး ချုပ်ပျောက်၍သွားကြသည်။

ဥပမာ-စောင်းကိုတီး၍ ဖြစ်ပေါ်လာသောအသံတို့သည် အသံမဖြစ်မီ ရှေးအခါကတည်းက တစ်စုံတစ်ခုသောနေရာ၌ စုပေါင်းတည်နေကြသည် မဟုတ်၊ အသံဖြစ်ပေါ်လာသောအခါ၌လည်း တစ်စုံတစ်ခုသော အစုအပုံထဲမှ ထွက်လာသည်မဟုတ်ပါ၊

ဖြစ်ပြီးသောအခါ၌လည်း တစ်နေရာသို့သွားရောက် စုပေါင်းနေကြသည်မဟုတ်ပါ၊ လက်ဖြင့် တီးခတ်သောအခါမှ စောင်းသံတို့သည် အသစ်အသစ်ဖြစ်ပေါ်လာကြပြီးလျှင် တစ်ခါတည်းရှာမရလောက်အောင် အပြီးဆုံးချုပ်ပျောက်၍ သွားပါသည်။ နောက်တစ်ဖန် တီးခတ်ကအသံများထွက်ပေါ်လာသည်။ သို့သော် ပထမအသံနှင့် ယခုအသံသည် တစ်ခုနှင့်တစ်ခု မရောစပ်ဘဲ တစ်ခြားစီသာ ဖြစ်ပါသည်။

မျက်စိတစ်မှိတ် လျှပ်တစ်ပျက်အတွင်း၌ စိတ်သည့် ကုဋေတစ်သိန်းချုပ်၍ စိတ်သည်အလွန်လျင်မြန်လှသည်။

ရုပ်နာမ်သင်္ခါရတို့သည် ဖြစ်တည်ပျက်ဖြစ်ကာချုပ်ပျောက်နေသည်မှာ မြစ်ရေအလျဉ်စီးနေသကဲ့သို့ပင် ရှိပါသည်။

ဤကဲ့သို့ ရုပ်-နာမ်တို့၏ စဉ်ဆက်မပြတ်ဖြစ်ပျက်မှုကို သေချာစွာအာရုံပြု၍ မပြဲဟု ရှုမှတ်ရပါသည်။

## ပစ္စယအားဖြင့်ရှုနည်း

ခန္ဓာငါးပါးကို ပစ္စယအားဖြင့် ဥပဒယဗ္ဗယဉာဏ်ရှုနည်းဖြင့် ရှုနိုင်ပါသည်။

ရုပ်ကိုဖြစ်ပျက်အနေဖြင့် ရှုမည်ဆိုပါက သတ္တဝါတို့၏ ရူပကာယ ရုပ်ခန္ဓာကို ရုပ်အစုကြီးသည် ရှေးဘဝက အဝိဇ္ဇာ-တဏှာ-ဥပါဒါန်-ကံဟူသော အကြောင်းတရားလေးပါးကြောင့် ကလလရေကြည်စတင်ဖြစ်ပေါ်လာပြီးလျှင် ယခုဘဝ၌ စားသောက်အပ်သောအာဟာရကြောင့် အစဉ်မပြတ်ဆက်စပ်ကြီးပွားကာ ရှည်ကြာစွာတည်တံ့နေပါသည်။

ဤသည့်ကို အာရုံပြု၍ အဝိဇ္ဇာ-တဏှာ-ဥပါဒါန်-ကံ အာဟာရကြောင့် ရုပ်များဖြစ်နေသည်ဟု အကြိမ်များစွာရှုမှတ်ရသည်။

အရဟတ္တမဂ်ဖြင့် ပယ်သတ်နိုင်သောအခါ အဝိဇ္ဇာ-တဏှာ-ဥပါဒါန်တို့သည် အကြွင်းမရှိချုပ်ပျက်ကုန်၏။

ထိုသို့ချုပ်ပျက်သောအခါ ကံသည် အဝိဇ္ဇာ-တဏှာ-ဥပါဒါန်တို့၏ အထောက်အပံ့ကိုမရသဖြင့် နောင်ဘဝသစ်၌ ပဋိသန္ဓေယူသောအကျိုးကို မပေးနိုင်တော့ချေ။ အဟောသိကံဖြစ်ရတော့သည်။ ယင်းကို ချုပ်သည် ငြိမ်းသည်ဟု ဆိုရပါသည်။

ဤကြောင်းတရားလေးပါးကြောင့် ပဋိသန္ဓေဖြစ်ပေါ်လာငြားသော်လည်း အာဟာရမရှိက ရုပ်သည် ကြာမြင့်စွာ မတည်နိုင်ပဲ ချုပ်ပျက်ရသည်။ ထိုသည်ကို အာရုံပြု၍ အဝိဇ္ဇာ-တဏှာ-ဥပါဒါန်-ကံ-အာဟာရချုပ်ခြင်းကြောင့် ရုပ်များချုပ်ရသည်။ အကြိမ်များစွာ ရှုမှတ်ရပါသည်။

## နာမ်ခန္ဓာများရှုပုံ

ရှေးဘဝက အဝိဇ္ဇာ-တဏှာ-ဥပါဒါန်-ကံကြောင့် ကလလရေကြည်ရုပ်အစုနှင့်အတူ ပဋိသန္ဓေစိတ်၊ စေတသိက်များ ဖြစ်ကြသည်။

ယခုပစ္စုပ္ပန်ဘဝလက်ရှိဝယ် အာရုံကိုတွေ့ခြင်း ဖဿကြောင့် -

- အာရုံ၏ အရသာကိုခံစားခြင်း ဖြစ်ပေါ်ရသည်။
- အာရုံကို မှတ်သားခြင်း ဖြစ်ပေါ်ရသည်။

- စေ့ဆော်မှုစေတနာဖြစ်ရခြင်း ဖြစ်ပေါ်ရသည်။
- ဝိညာဉ်အသိစိတ်ဖြစ်ပေါ်ခြင်း ဖြစ်ပေါ်ရသည်ကို အာရုံပြု၍ အဝိဇ္ဇာ-တဏှာ-ဥပါဒါန်-ကံ-ဖဿကြောင့် ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်ဖြစ်ရသည်ဟု အကြိမ်ကြိမ်ရှုမှတ်ရသည်။

အရဟတ္တမဂ်ကိုရ၍ အဝိဇ္ဇာ-တဏှာ-ဥပါဒါန်-ကံ ချုပ်ပျက်ခြင်းကြောင့် ပဋိသန္ဓေမဖြစ်တော့ဘဲ ချုပ်ပျက်ရသည်၊ ယခုပစ္စုပ္ပန်ဘဝဝယ်လည်း အာရုံကိုတွေ့ခြင်း၊ ဖဿမဖြစ်ခြင်းကြောင့် ဝေဒနာ၊ သညာ၊ သင်္ခါရဝိညာဉ်များ မဖြစ်လာတော့ဘဲ ချုပ်ပျက်ရသည်ကို အာရုံပြု၍ အဝိဇ္ဇာ-တဏှာ-ဥပါဒါန်-ကံ-ဖဿချုပ်ခြင်းကြောင့် ဝေဒနာ- သညာ- သင်္ခါရ-ဝိညာဉ်များ ချုပ်ကြောင်း အကြိမ်များစွာ ရှုမှတ်ရပါမည်။

(ခန္ဓာတစ်ပါးလျှင် ဖြစ်ခြင်းလက္ခဏာ(၅)ပါး၊ ပျက်ခြင်း လက္ခဏာ(၅)ပါးရှိ၍ ခန္ဓာငါးပါးပေါင်းသော် ဖြစ်ခြင်း(၂၅)ပါး၊ ပျက်ခြင်း(၂၅)ပါး၊ စုစုပေါင်း(၅၀)ရှိပါသည်။)

ဤသို့ စီးဖြန်းအားယူဘာဖန်များ၍ ခန္ဓာငါးပါးတို့၏ ဖြစ်ခြင်းပျက်ခြင်းလက္ခဏာကို ကောင်းစွာထင်မြင်လာသော ကြောင့် ဥဒယဗ္ဗယဉာဏ်ရှုနည်း အောင်မြင်ပြီးစီးပါသည်။

## ဝိပဿနာညစ်ညူးကြောင်းဖြစ်ပေါ်လာပုံ

ခန္ဓာငါးပါးတို့၏ ဖြစ်ခြင်း၊ ပျက်ခြင်းလက္ခဏာတို့ကို ကောင်းစွာထင်မြင်လာသောအခါ ရုပ်-နာမ်သင်္ခါရတို့၏ အကြောင်းတရားကိုစွဲ၍ ယခုအသစ်အသစ်ဖြစ်ပေါ်လာကြပုံနှင့် အပြီးပိုင် ချုပ်ပျက်သွားကြပုံတို့ကို သေချာစွာစေ့စပ်စွာကြည့်ရှု၍ မမြဲ-မမြဲဟု အနေးမမြန် ခပ်မြန်မြန်ရှုမှတ်ရပါမည်။

ဖြစ်-ပျက်နေသော ရုပ်နာမ်အစဉ်မှတစ်ပါး ငါဟူ၍၊ သူနတ်ဗြဟ္မာဟူ၍ မရှိကြောင်းကို ဉာဏ်ဖြင့်အဖန်ဖန်ဆင်ခြင် ရှုမှတ်ရပါသည်။

ဤသို့ မနားမနေကြိုးစား၍ ရှုမှတ်သောယောဂီပုဂ္ဂိုလ်အား ရုပ်နာမ်သင်္ခါရတို့သည် ရှေးကဲ့သို့များမရှိဘဲ အကြောင်းတရားကို စွဲ၍ ယခုမှ အသစ်-အသစ်ဖြစ်ပေါ်လာကြဘိသကဲ့သို့ ဖြစ်ပြီးလျှင်လည်း တစ်ခါတည်းရှာမရလောက်အောင် အပြီးပိုင်ချုပ်ပျက်သွားကြသည်မှာ ကောင်းကင်၌ တဝင်းဝင်းတလက်လက် လျှပ်စီးများ ပျက်နေသကဲ့သို့ ရုပ်-နာမ်သင်္ခါရတို့၏ လျှင်မြန်စွာဖြစ်ပျက်နေပုံကို ပိုင်းခြားထင်မြင်စွာ သိမြင်လာပါသည်။

ဤသို့ ရုပ်-နာမ်သင်္ခါရတို့ကို ခဏနည်းအားဖြင့်လည်းကောင်း၊ ပစ္စနည်းအားဖြင့်လည်းကောင်း ကောင်းစွာထင်မြင်မှုရသော ယောဂီပုဂ္ဂိုလ်သည် ဥဒယဗ္ဗယဉာဏ်အနုကို ရသည်မည်ပါသည်။

ဥဒယဗ္ဗယဉာဏ်ဖြင့် ရုပ်-နာမ်သင်္ခါရတို့၏ အဖြစ်အပျက်ကို မမြင်ရဘဲ အသက်တစ်ရာနေရခြင်းထက် ရုပ်-နာမ်သင်္ခါရတို့ကိုမြင်၍ တစ်ရက်မျှအသက်ရှင်ရခြင်းက ပို၍မြတ်သည်ဟု ဘုရားရှင်က ဟောကြားထားခဲ့ပါသည်။

ဥဒယဗ္ဗယဉာဏ်သို့ရောက်ခါစ ယောဂီပုဂ္ဂိုလ်၏ စိတ်ထဲတွင် နီးနီးစပ်စပ် စိတ်၏အတွင်းခေတ်မှာ ကပ်၍နှိပ်စက်တတ်သော အန္တရာယ်(၁၀)ပါးရှိပါသည်။ (ယင်းကို ဥပက္ကိလေသ(၁၀)ပါးဟု ပါဠိလိုခေါ်၍ ဝိပဿနာညစ်ညူးကြောင်းဟူ၍လည်း မြန်မာလိုခေါ်ပါသည်)

ဝိပဿနာညစ်ညှုးခြင်းဆိုသည်မှာ ဝိပဿနာ အလင်းရောင်ကို မသိမှု(မောဟ) အမှောင်ထုက ဝင်ရောက် ရောယှက်သဖြင့် ညစ်ညှုးခြင်းကို ဆိုလိုပါသည်။

ပရမတ္ထသဘာအားဖြင့် အမှန်ထင်ရှားရှိနေသော ရုပ်အစစ်၊ နာမ်အစစ်သဘာဝများကို ဝိပဿနာဉာဏ်အလင်းရောင်ဖြင့် ထွန်းလင်းပြနေစဉ် ပညတ်အာရုံများဖြစ်ကြသော အန္တရာယ်(၁၀)ပါး တိုးဝင်လာတတ်သည်။

ထိုအန္တရာယ်(၁၀)ပါးတွင် တစ်ပါးပါးကို အာရုံပြုသော စိတ်အစဉ်၌ ပရမတ္ထသဘာကို မမြင်နိုင်အောင် မောဟအမှောင် ထုက ဖုံးအုပ်လာသောကြောင့် ယင်းမောဟနှင့်တွဲဖက်လျက်

- အလွန်နှစ်သက်မှုလွှမ်းသော လောဘအမှောင်၊
- ကြောက်လန့်ခြင်း၊ စိတ်တိုခြင်းဖြစ်သော ဒေါသ

အမှောင်တို့က ဖုံးလွှမ်းသောအားဖြင့် ညစ်ညှုးစေပါသည်။

## (၁) ဩဘာသ - အလင်းရောင်

ဥဒယဗ္ဗယဉာဏ်အဆင့်သို့ရောက်နေသော ယောဂီသည် နေဝန်းသဏ္ဌာန်၊ လဝန်းသဏ္ဌာန် အလင်းရောင်ကြီးများကို လည်းကောင်း၊ မီးရောင်နေရောင်ကဲ့သို့သော အလင်းရောင်များ ဝင်လာသည်ကို တွေ့ရတတ်ပါသည်။

မိမိမျက်စိက အကာအရံများကို ဖောက်ထွင်း၍ အလင်းရောင် မိုးကောင်းကင်နှင့် ကြယ်နက္ခတ်များကိုလည်း မြင်ရတတ်သည်။

ထိုသို့ အစရှိသောဖြစ်ခြင်းသည် ဩဘာသအန္တရာယ် ဝင်ခြင်းဖြစ်ပါသည်။

## (၂) ပီတိ-နှစ်သက်ခြင်း

ဥဒယဗ္ဗယဉာဏ်အနုပိုင်းသို့ရောက်နေသော ယောဂီပုဂ္ဂိုလ်သည် အချို့ချို့သော ဝေဒနာအကြမ်းစားများကို ကျော်လွှန်ခဲ့ပြီးဖြစ်၍ သက်သာသောအပိုင်းသို့ ရောက်ရှိကာ မိမိအားထုတ်နေရသောအခြင်းအရာကိုပင် နှစ်သက်မြတ်နိုးလာတတ်သည်။

အားထုတ်မှုကို နှစ်သက်မြတ်နိုးလာရာမှ နှစ်သက်မှု ပီတိများ ဆင့်ကာ-ဆင့်ကာတိုးပြီး-

- တရားပြဆရာကို ကျေးဇူးတင်ခြင်း၊
- တရားကို ထိန်းသိမ်းသယ်ဆောင်လာသော သံဃာတော်များကို ကျေးဇူးတင်ခြင်း၊
- တရားကို ထုတ်ဖော်ဟောခဲ့သော ဘုရားရှင်ကို ကျေးဇူးတင်ခြင်း၊
- တရားအားထုတ်ရန် တိုက်တွန်းနှိုးဆော်သော မိတ်ဆွေများကို ကျေးဇူးတင်ခြင်း

စသည်ဖြင့် နှစ်သက်မှုအရင်းခံနှင့် ကျေးဇူးတင်စရာများကို တွေးတောနေ၍ ဝိပဿနာအလုပ်ပျက်တတ်သောကြောင့် ပီတိသည် အန္တရာယ်တစ်ပါး ဖြစ်လာရပါသည်။

## (၃) ပဿဒ္ဓိ-အေးချမ်းခြင်း

စိတ်အစဉ်ရှိသော စိတ်ပူစိတ်အိုက်များ၊ ပပျောက်ရုံမျှ အေးချမ်းခြင်းတွင် ရပ်တည်မနေဘဲ လွန်ကဲသောအေးချမ်းခြင်းများကို အန္တရာယ်ဖြစ်စေနိုင်သော အေးချမ်းခြင်းကို ပဿဒ္ဓိဟု ခေါ်ပါသည်။

အေးချမ်းမှုဝင်လာသော ယောဂီ၏စိတ်ထဲတွင် အလွန်အေးသော အချက်အလက်များကို တွေ့ရသည်။

ကိုယ်အင်္ဂါအစိတ်အပိုင်းများသည် အအေးလွန်ကဲလာသကဲ့သို့ တွေ့ရသည်။ အအေးများလွန်းသည့်အတွက် ဖြောင့်မတ်စွာထိုင်နေသော ကိုယ်ကာယကို အထက်မှဖိလိုက်သကဲ့သို့လည်းကောင်း၊ ရှေ့မှနောက်မှ တွန်းလိုက်သကဲ့သို့လည်းကောင်း ထင်ရတတ်သည်။

အချို့သော ကိုယ်အင်္ဂါအစိတ်အပိုင်းများကို အအေးမိ၍ တစ်စုံတစ်ရာရောဂါဖြစ်တော့မည်ကဲ့သို့ ထင်ရကတ်သည်။

အမှန်မှာ ကိုယ်အင်္ဂါအစိတ်အပိုင်းတွင် မည်သည့်ရောဂါမျှ ကျရောက်သည်မဟုတ်၊ အေးချမ်းခြင်းလွန်ကဲလာသည့်အတွက် စိတ်တွင်ထင်ရသော အချက်အလက်များဖြစ်သည်။

အေးချမ်းခြင်းသည် ယောဂီ၏စတိတ်ကို ထူးခြားစွာ အထင်အမြင်မှားစေနိုင်သောကြောင့် အန္တရာယ်တစ်ပါးပင် ဖြစ်ပါသည်။

## (၄) အဓိမောက္ခ–ဆုံးဖြတ်ခြင်း၊ အလွန်ယုံကြည်ခြင်း

ဆုံးဖြတ်ချက်လုစေရန် အလွန်ယုံကြည်ခြင်းသည် အန္တရာယ်တစ်ပါးပင် ဖြစ်သည်။

ဝိပဿနာတရားကို အားမထုတ်မီက မတွေ့ဖူးသော ထူးဆန်းသေ ာတွေ့များကို တွေ့ရာတွင်–

“ယခု ငါတွေ့သောအရာသည် မှန်မြတ်သောတရားသဘောဖြစ်သည်”

ဟု ဆုံးဖြတ်ချက်ချပြီး အလွန်ယုံကြည်ခြင်း၊ အလွန်ကြည်ညိုခြင်း များ ဖြစ်နေတတ်ပါသည်။

ဥပမာ-ဩဘာသအလင်းရောင်အန္တရာယ်ဝင်လာလျှင် ထိုအလင်းရောင်ကြီးကို ယခုမှမြင်ဖူးသည်အတွက်-

"ငါတရားအားထုတ်ခြင်းကြောင့် ရရှိလာသော မဂ်တရားထူးဆိုသည်မှာ ဤအလင်းရောင်ကြီးဖြစ်သည်"

ဟု ယုံကြည်ချက်ပြင်းထန်၍ နေတတ်သည်။

တရားစစ်မှန်မဟုတ်သော ပီတိ၊ ပဿဒ္ဓိ အစရှိသော အန္တရာယ်များကို တရားအစစ်အမှန်ဖြစ်သည်ဟု ယုံကြည်ချက် ဆုံးဖြတ်ချက် ချနေသည့်အတွက် အဓိမောက္ခသည် အန္တရာယ် ဖြစ်ရသည်။

## (၅) ဝဋ္ဋတ – ချိုးဖြောက်ခြင်း အလွန်အားထုတ်ခြင်း

မိမိကိုယ်တိုင် အလွန်အားထုတ်လိုသော လုံ့လဓာတ်များ ပြင်းထန်လာခြင်းဖြစ်သည်။

လုံ့လဓာတ် ပြင်းထန်လွန်းသောအခါ မျှတအောင် အားထုတ်မှုကိုကျော်လွန်၍ အလွန်အကျွံအားထုတ်ခြင်းများကို ပြုလုပ်တတ်သည်။

လျောင်း-ထိုင်-ရပ်-သွားဟူသော ဣရိယာပုထ်လေးပါး ဖြင့် ညီမျှစွာအားထုတ်မည့်အစား ထိုင်ခြင်းတစ်ခုကိုသာ ဖွဲကောင်း ကောင်းဖြင့် အလွန်အကျွံအသုံးပြုခြင်း၊ ကျန်ဣရိယာပုထ်(၃)ပါး တို့တွင် တစ်ပါးပါးကို အလွန်အကျွံအသုံးပြုခြင်းများကို ပြုလုပ် ခြင်းမျိုးဖြစ်သည်။

ယခုအားထုတ်ဆဲတွင် ယုံ့လက်ကိုအသုံးပြုရုံမျှဖြင့် အားမရ သေးဘဲ နောင်အခါအသုံးပြုရန် အစီအစဉ်ကိုပါ ချမှတ်နေမိတတ် သည်။ နောင်ရေးကို အစီအစဉ်ချနေသည်နှင့်တစ်ပြိုင်နက် ယခု လက်ငင်း ပစ္စုပ္ပန်ကျကျ ရှုမှတ်မှုလုပ်ငန်းပျက်ရတော့သည်။

ထို့ကြောင့် လွန်ကဲသောလုံ့လဝီရိယသည် အန္တရာယ် တစ်ပါးဖြစ်ရသည်။

## (၆) သုခ – ချမ်းသာခြင်း

ချမ်းသာခြင်းဆိုသည်မှာ ရိုးရိုးနေစဉ်ကဲ့သို့မဟုတ်၊ မကြုံ စဖူး အလွန်ထူးဆန်းသော ချမ်းသာမှုကို ခံစားနေရခြင်းမျိုး ဖြစ်သည်။

ကိုယ်ကာယ၌ ဒေါင်းညာကိုက်ခဲခြင်းများကို ရှုမှတ်၍ နေစဉ် ကိုက်ခဲနာကျင်သောဆင်းရဲကိုကျော်လွန်၍ ကိုယ်ကာယ လည်း ချမ်းသာမှု လွန်ကဲလာတတ်သည်။ ရှုမှတ်နေသော စိတ်၌ လည်း လွယ်ကူသွက်လက်စွာရှုမှတ်နိုင်ခြင်းကို အမှီပြု၍ ချမ်းသာမှုလွန်ကဲ လာကတတ်သည်။

## (၇) ဉာဏ – ဝေပန်ဉာဏ်များသောခြင်း

ရှေးကနှင့်မတူ၊ အလွန်ထူးဆန်းသော ဝေဖန်နိုင်စွမ်းရှိ သည့် ဉာဏ်များရရှိလာခြင်း ဖြစ်သည်။

ဝိပဿနာရှုယောဂီသည် အခိုက်အတန့်အားဖြင့် -

- မေးဖြေနိုင်သူကို ဝိပဿနာက ပယ်ရှားထားသော ကြောင့်လည်းကောင်း၊
- ဥဒ္ဒေသ ရန်ဘူကို ဝိပဿနာဉာဏ်နှင့်တွဲသော ခဏိက သမာဓိက ပယ်ရှားထားသောကြောင့်လည်းကောင်း

မောဟရန်သူနှင့်ဥဒ္ဓစ္စရန်သူတို့ ခေါင်းပါးနေချိန်တွင် ကွန့်မြူးနိုင်သော အသိဉာဏ်ဝင်လာခွင့်ရလာသည်။ ထိုအသိဉာဏ်က မိမိ၏ဖြစ်ရပ်အမျိုးမျိုးကိုလည်း ဝေဖန်၍နေတတ်သည်။ ထိုဝေဖန်ချက်များသည် တိကျမှန်ကန်သော ဝေဖန်ချက်များသာ အများအားဖြင့် ဖြစ်နေသည်။

ဤဝေဖန်နိုင်သည်ကို အားရကျေနပ်ပြီး ရှုမှတ်ခြင်းလုပ်ငန်းကို မလုပ်ဖြစ်တော့ဘဲ တွေးတောဝေဖန်ခြင်း၊ ဝေဖန်နိုင်သော အချက်များကို သူတစ်ပါးအားဟောပြောခြင်း စသော အလုပ်ပိုများကို ဆောင်ရွက်နေသဖြင့် ဝိပဿနာလုပ်ငန်းပျက်သည့်အတွက် ထိုဉာဏ်သည် ဝိပဿနာညစ်ညူးကြောင်းတစ်ပါး ဖြစ်နေရပါတော့သည်။

## (၈) ဥပဋ္ဌာန-အာရုံအမျိုးမျိုးစိတ်ထဲတွင်ထင်လာခြင်း

တရားအားထုတ်နေသော ယောဂီသည် မိမိရှုမှတ်နေသော ဝိပဿနာအာရုံများကို စိတ်ထဲတွင်ထင်လာနေစဉ် လွယ်လွယ်ဖြင့် မဖြစ်ပေ။ အထူးမွေးမြူထားသော သတိတရားဖြင့် အလွန်ကြိုးစားမှသာ ဖြစ်နိုင်သည်။

သူ၏ကြိုးစားချက်အရ သတိအားကောင်း၍ ရှေးကတွေ့ကြုံခဲ့ဖူးသော အဖြစ်အပျက်အဟောင်းအမြင်းတို့သည် စိတ်ထဲတွင် ထင်လင်းစွာပေါ်လာတတ်သည်၊ တရားအားထုတ်နေစဉ်ပင် သုံးလေးနှစ်အရွယ်ငယ်စဉ်က အတွေ့အကြုံများကို ယခုဖြစ်နေရဘိသကဲ့သို့ ထင်ရှားစွာတွေ့မြင်ရသည်။

ထိုကဲ့သို့ ပတ်ဝန်းကျင်အာရုံများသည် စိတ်ထဲတွင် လွယ်ကူစွာ ထင်၍-ထင်၍လာသောအခါ ထိုအာရုံများနောက်သို့ လိုက်၍နေရသည့်အတွက် ဝိပဿနာရှုမှတ်မှုလုပ်ငန်း ပျက်ရသည်။

သို့အတွက် အာရုံအမျိုးမျိုး စိတ်ထဲဖြစ်ပေါ်လာခြင်းသည် ဝိပဿနာညစ်ညူးကြောင်း အန္တရာယ်တစ်ပါး ဖြစ်နေရပါတော့သည်။

## (၉) ဥပေက္ခာ–ထိရောက်စွာအားမထုတ်ဘဲလျစ်လျူရှု၍နေတတ်ခြင်း

လွန်စွာအားထုတ်ခြင်းလည်းမရှိ၊ လုံးဝအားမထုတ်ဘဲနေသည်လည်းမဟုတ်၊ အလယ်အလတ်အားဖြင့် အားထုတ်၍နေခြင်းဖြစ်သည်။

အလယ်အလတ်အားထုတ်ခြင်းကို ပါဠိလို တတြမဇ္ဈတ္တတာဟုခေါ်ပါသည်။

တရားအားထုတ်စ ယောဂီပုဂ္ဂိုလ်မှာ ကိုယ်ကာယတွင် နာကျင်ခံစားမှုကို တွေ့ရတတ်သည်။

ရှုမှတ်မှုအားကောင်းလာသောအခါ ကိုယ်ကာယတွင် နာကျင်သောခံစားချက်များ ပျောက်ကွယ်ရုံမက ချမ်းသာသော ခံစားမှုများပါ တွေ့ရှိတတ်သည်။

ထိုထက်ပို၍- ရှုမှတ်ချက်အားကောင်းလာသောအခါ ချမ်းသာသော ခံစားမှုပျောက်ကွယ်၍ အလယ်အလတ်ခံစားမှုနှင့် တွေ့ကြုံနေတတ်သည်။

အလယ်အလတ်ခံစားမှုဟူသည် ဆင်းရဲသောခံစားမှုလည်း မဟုတ်၊ ချမ်းသာသောခံစားမှုလည်းမဟုတ်၊ ထိုခံစားမှုသည် ဥပေက္ခာဝေဒနာဖြစ်သည်။

ထိုဉပေက္ခာသည် အားထုတ်လျက်ရင့်သန်ရာမှ ပေါ်ပေါက်လာသည်ဖြစ်၍ ငြိမ်သက်အေးချမ်းသောသဘောရှိသည်။

"**ဤအရာသည် တရားထူးဖြစ်သည်**" ဟု ထင်မှတ်ကာ ရှေ့သို့ဆက်၍ အားမထုတ်ဘဲ ရပ်စဲနေတတ်သည်။ သို့အတွက် ဉပေက္ခာသည် ဝိပဿနာညစ်ညူးကြောင်းတစ်ပါး ဖြစ်နေရပါတော့သည်။

ဩဘာသမှ ဉပေက္ခာအထိ (၉)ပါးသော အတွေ့အကြုံများကို ယခင်ကမကြုံဖူးသည့်အတွက် "**ငါသည် တရားထူးရလေပြီ**" ဟူ၍လည်းကောင်း၊ "**တစ်စုံတစ်ရာအမှောင့်ပယောဂအနှောင့်အယှက်များဝင်လာသည်**" ဟူ၍လည်းကောင်း ထင်မှတ်ပြီး လက်ရှိအားထုတ်မှုလုပ်ငန်းသည် ပျက်ကွက်နေတတ်သည်။

## (၁၀) နိကန္တိ–နှစ်သက်စွဲလမ်းခြင်း

အထက်ဖော်ပြပါ (၉)ပါးတွင် နှစ်သက်ဖွယ်ကောင်းသော အချက်အလက်များကို တွေ့ရှိသောအခါ နှစ်သက်စွဲလမ်း၍နေခြင်းမျိုးဖြစ်သည်။

တစ်စုံတစ်ရာကို နှစ်သက်စွဲလမ်းနေလျှင် ဝိပဿနာရှုမှုအမှတ်မှတ်မှုပျက်နိုင်သည်။

နိကန္တိနှင့်ပီတိမှာ တူသလိုရှိပါသည်။

ပီတိ - တွေ့ကြုံရသော အာရုံများအပေါ်၌ နှစ်သက်ရွှင်လန်းရုံမျှသာဖြစ်သည်။ တရားကိုယ်မှာ ပီတိစေတသိက်ဖြစ်သည်။

နိကန္တိမှာ - ထိုအာရုံများကို နှစ်သက်ရုံမက တစိမ့်စိမ့် စွဲလန်းနေခြင်းမျိုးဖြစ်သည်။ တရားကိုယ်မှာ လောဘစေတသိက်ဖြစ်သည်။

ဤညစ်ညှူးကြောင်း(၁၀)ပါးတို့တွင်-

ဩဘာသအလင်းရောင်က - ရုပ်တရား

ကျန်(၉)ပါးက - နာမ်တရား-ဟူ၍လည်းကောင်း၊

ဩဘာသက -ရူပက္ခန္ဓာ

သုခကား - ဝေဒနာက္ခန္ဓာ

ကျန်(၈)ပါးကား သင်္ခါရက္ခန္ဓာဟူ၍လည်းကောင်း ပိုင်းခြားမှတ်သားပြီးလျှင် အရောင်အလင်းဩဘာသသည် ငါ မဟုတ်၊ သတ္တဝါမဟုတ်၊ အမြဲမရှိ ဖေါက်ပြန်ပျက်စီးတတ်သော ကြောင့် သင်္ခါရသာဖြစ်၏ဟူ၍ ညစ်ညှူးကြောင်း(၁၀)ပါးကို တစ်ပါးစီ အသီးသီးရှုမှတ်ရပါသည်။

တစ်ဖန် ဩဘာသသည် ဝဏ္ဏ-အဆင်းဖြစ်၍-မကောင်း သော ပထဝီ,တေဇော,အာပေါ,ဝါယော,ဝဏ္ဏ,ဂန္ဓ,ရသ,ဩဇာ တို့သည် ယင်းဝဏ္ဏနှင့်အတူတကွ ပါရှိကြကုန်၏။

ထိုအရောင်အလင်းဩဘာသ၌ရှိသော ပထဝီဓာတ်မှုန်နှင့် တကွ အဋ္ဌကလာပ်ရုပ်(၈)ခုတို့၏ ဖြစ်ချုပ်နေသည်ကို အာရုံပြု၍ ဩဘာသ-အနိစ္စ-အနိစ္စ ရှုမှတ်ရပါသည်။

(ထိုနည်းတူ ကျန်ညစ်ညှူးကြောင်းတို့ကိုလည်း တစ်ပါးစီ အသီးသီးရှုမှတ်ရပါမည်)

ယင်းဩဘာသစသော ဝိပဿနာညစ်ညှူးကြောင်း (၁၀)ပါးကို တစ်ခါတစ်ရံ ဩဘာသ-ဒုက္ခ-ဒုက္ခဟူ၍

လည်းကောင်း၊ တစ်ခါတစ်ရံ သြဘာသ-အနုတ္တ-အနုတ္တဟူ၍ လည်းကောင်း လက္ခဏာတင်၍ ရှုမှတ်ရသည်။

ဤသို့ ရှုဖန်များ၍ သြဘာသ စသည်တို့က မဂ်မဟုတ်ကုန်၊ သင်္ခါရကို လက္ခဏာသုံးပါးဖြင့် ရှုသောဝိပဿနာအစဉ်သည်သာ နိဗ္ဗာန်ရောက်ကြောင်း၊ မဂ်လမ်းကောင်းဖြစ်သည်-ဟူ၍ မဂ်ဟုတ်သည်၊ မဟုတ်သည်ကို ပိုင်းခြားထင်မြင်သိမြင်လာသောအခါ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိဖြစ်ပါတော့သည်။

## (စ) ဆဋ္ဌမလျှောကား – အကျင့်ဉာဏ်တိုးပါးစင်ကြယ်ခြင်း (ဝဋ္ဋဝဒါဉာဏဒဿနဝိသုဒ္ဓိ)

## ဉာဏ်အမြင်ရရန်

အကျင့်မှန်ဖြင့် ဉာဏ်အမြင်စင်ကြယ်ခြင်းဆိုသည်မှာ မည်သူမဆို အကျင့်မှန်ကို ဆောင်ရွက်သော်ဉာဏ်အမြင်ရလာနိုင်သည်။ ဉာဏ်အမြင်ရလာသော် ကိစ္စလုပ်ငန်းများကို မှန်ကန်ချောမွေ့စွာ ဆောင်ရွက်အောင်မြင်နိုင်သည်၊ ထို့ကြောင့် အကျင့်မှန်ဉာဏ်အမြင်မှန်စင်ကြယ်ရန် လိုအပ်သည်ဟုဆိုလိုပါသည်။

အကျင့်မှန်-ဉာဏ်အမြင်မှန်ရရှိလိုသော ယောဂီသည် ဝီရိယကိုအထူးဂရုပြု ဆောင်ရွက်ရန်လိုအပ်လှပါသည်၊ စင်ကြယ်သည်ထက် စင်ကြယ်၏၊ မြင့်သည်ထက်မြင့်သောအဆင့်သို့ ရောက်ရန် တစ်လမ်းသာ ရှိပါသည်။

သီလဝိသုဒ္ဓိစင်ကြယ်သောသူသည် အထက်သို့တက်နိုင်သည်ဆိုသော်လည်း အကျင့်မှန်ဉာဏ်အမြင်မှန်ရသူကဲ့သို့ သေချာသည်မဟုတ်ပေ၊ သူ၏သီလပျက်စီးသွားပါက အောက်သို့ပြန်၍ကျဆင်းသွားနိုင်သည်။

အလားတူ စိတ္တဝိသုဒ္ဓိ၊ ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ ဉာဏ်အမြင်ရသူတို့သည်လည်း တက်လမ်း-ကျလမ်းနှစ်လမ်းသာ ရှိသည်။

အကြောင်းမှာ ဝိပဿနာညစ်ညူးကြောင်း ကန္တာရခရီးခဲကို မကျော်လွှန်ရသေးသောကြောင့် ဖြစ်ပါသည်။

မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိကို ရရှိထားသူသည် ဝိပဿနာ ညစ်ညူးကြောင်း ခရီးခဲကို ကျော်လွှန်မိသော်လည်း ပဋိပဒါ ကိုယ်ကျင့်တရားမရင့်သန်လှသေးသည်အတွက် ဉာဏ်တိုးတက်မှု အရှိန် အားမသန်သေးပေ။

ဥဒယဗ္ဗယဉာဏ်သည် အနုပိုင်း–အရင့်ပိုင်းနှစ်ပိုင်း ရှိသည်။ အနုပိုင်းသည် ဝိပဿနာညစ်ညူးကြောင်းနှင့်ရောထွေး လျက်နေသေးသဖြင့် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ မပါဝင်သေးပါ။ ဥဒယဗ္ဗယဉာဏ်အရင့်ပိုင်းသည် ညစ်ညူးကြောင်း(၁၀)ပါးမှ လွတ်ပြီးဖြစ်၍ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိသို့ ပါဝင်နိုင်ပြီးဖြစ် ပါသည်။

## ဉာဏ်စဉ်(၉)ပါး

ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိရရန် ဉာဏ်စဉ်(၉)ပါးကို အစဉ်အတိုင်း အားထုတ်ရပါမည်။

၁။ ဥဒယဗ္ဗယဉာဏ် - ရုပ်–နာမ်တို့၏ဖြစ်ပျက်မှုကို ရှုသောဉာဏ်၊

၂။ ဘင်္ဂဉာဏ် - ရုပ်နာမ်တို့ပျက်ခြင်းကို ရှုသော ဉာဏ်၊

၃။ ဘယဉာဏ် - ရုပ်–နာမ်တို့၏ ကြောက်လန့်ဖွယ် ရာကို ရှုသောဉာဏ်၊

၄။ အာဒီနဝဉာဏ် - ရုပ်–နာမ်တို့၏ အပြစ်ကိုမြင်သော ဉာဏ်၊

၅။ နိဗ္ဗိဒါဉာဏ် - ရုပ်–နာမ်တို့၏ ငြီးငွေ့ဖွယ်ရာဟု မြင်သောဉာဏ်၊

၆။ မုစ္စိတုကမျတာဉာဏ် - ရုပ်-နာမ်အနှောင်အဖွဲ့မှ လွတ်သောဉာဏ်၊
၇။ ပဋိသင်္ခါဉာဏ် - ရုပ်-နာမ်အနှောင်အဖွဲ့မှ လွတ်လို၍ ဘာဝနာပွားမှုကို အားတိုက်ကြိုးစားသောဉာဏ်၊
၈။ သင်္ခါရုပေက္ခာဉာဏ် - ခန္ဓာငါးပါးသင်္ခါရတရားတို့ကို ကြောက်လန့်ခြင်း၊ နှစ်သက်ခြင်း မဖြစ်ဘဲ လျစ်လျူရှုသောဉာဏ်၊
၉။ အနုလောမဉာဏ် - မဂ်ဖြစ်စေရန် လျော်သောဉာဏ်။

## ဥဒယဗ္ဗယဉာဏ်ဖြင့်ရှုနည်း

ဥဒယဗ္ဗယဉာဏ်သည် ရှေးအခါက ဩဘာသ စသော ဝိပဿနာညစ်ညူးကြောင်းဖြင့် ဖုံးလွှမ်းမြှေးယှက်၍နေသဖြင့် လက္ခဏာရေးသုံးပါးတို့၏သဘောကို ကောင်းစွာမမြင်နိုင်ပါ။

ယခုတစ်ဖန်ထပ်မံ၍ ရှုသော် ကိလေသာများဆုတ်ယုတ်သွားသဖြင့် လက္ခဏာရေးသုံးပါးတို့၏သဘောကို ကောင်းစွာထင်မြင်လာနိုင်သည်။

အစဉ်(သန္တတိ)ဖုံးလွှမ်းနေသောကြောင့် သင်္ခါရတို့၏ မပြတ် ဖြစ်ပျက်နေသောအဖြစ်ကို နှလုံးမသွင်းဘဲနေသဖြင့် အနိစ္စလက္ခဏာကို ကောင်းစွာမထင်မြင်နိုင်ဘဲ ဖြစ်နေကြသည်။

မြစ်ကမ်းနဖူး၌ ထိုင်ကြည့်နေပါက ပထမစီးသွားသော ရေနှင့်နောက်ထပ်စီးသွားသောရေတို့သည် အသွင်ပုံသဏ္ဌာန်ချင်း တူနေသဖြင့် တစ်ခုထဲဟု ထင်မှတ်နေဘိသကဲ့သို့ ရှေ့ဖြစ်ပျက်

နေသော ရုပ်နာမ်နှင့်နောက်ထပ်ဖြစ်ပျက်နေသော ရုပ်နာမ်သည် သဘောလက္ခဏာချင်းတူညီနေသဖြင့် တစ်ခုတည်းကဲ့သို့ ထင်မှတ်နေသည်ကိုပင် အနိစ္စလက္ခဏာအစဉ်(သန္တတိ) ဖုံးလွှမ်းနေသည်ဟု ဆိုပါသည်။

နေ့စဉ်မပြတ် ဖြစ်ချုပ်ပျက်စီးနေသည်ကို နှလုံးသွင်းလျက် အစဉ်(သန္တတိ)ကို ဖြတ်၍ ဖြတ်၍ရှုလျှင် အနိစ္စလက္ခဏာ ထင်မြင်၍လာပါသည်။

အဖြစ်အပျက်တို့ဖြင့် မပြတ်နှိပ်စက်နေသည်ကို နှလုံးမသွင်းမိသဖြင့် ဣရိယာပုတ်လှုပ်ရှားမှုဖြင့် ဖုံးလွှမ်းနေသောကြောင့် ဒုက္ခလက္ခဏာကောင်းစွာ မထင်နိုင်ဖြစ်နေရပါသည်။

ကျင်နာကိုက်ခဲခြင်းကို သည်းမခံနိုင်ဘဲ ခဏခဏ ပြောင်းရွှေ့လှုပ်ရှားခြင်း၊ လျောင်း၊ ထိုင်၊ ရပ်၊ သွားလေးပါးသော ဣရိယာပုတ်ဖြင့် ခဏခဏပြောင်းလဲနေခြင်းကိုပင် ဒုက္ခလက္ခဏာကို ဣရိယာပုတ်လှုပ်ရှားဖြင့် ဖုံးလွှမ်းသည်ဟုဆိုပါသည်။

ခဏခဏပြောင်းရွှေ့လှုပ်ရှားခြင်းမပြုဘဲ တစ်ခုတည်းသော ဣရိယာပုတ်ဖြင့် ကြာရှည်စွာနေသောအခါ အပ်နှင့်ထိုးဘိသကဲ့သို့ ညောင်းညာကိုက်ခဲခြင်း ဒုက္ခဝေဒနာတို့သည် ပြင်ထန်စွာ ဖြစ်ပေါ်လာကြသည်။

ထိုကဲ့သို့ ပြင်းထန်သော ကျင်နာကိုက်ခဲဆင်းရဲခြင်း ဒုက္ခဝေဒနာတို့ကို တွေ့ကြုံရသောအခါ

**"ငါသည် ဤကဲ့သို့သော ဆင်းရဲဒုက္ခကို တွေ့ကြုံခံစားရသည်ကား ရုပ်-နာမ်ခန္ဓာအစဉ်ကြီး ဖြစ်ပေါ်နေခြင်းကြောင့်သာ ဖြစ်သည်။ ဤရုပ်-နာမ်ခန္ဓာအစဉ်ကြီး မငြိမ်းအေးခဲ့လျှင် နောင်**

**ဒီခါမှာလည်း ဤကဲ့သို့သော ဆင်းရဲမျိုးထက် အဆတစ်ရာမက ပြင်းထန်သော ငရဲ၊ ပြိတ္တာ စသော ဆင်းရဲများတွေ့ကြုံခံစား ရလတံ့"**

ဟု ယခုတွေ့ကြုံခံစားရသောဆင်းရဲကို အမှီပြုပြီး နောင်တွေ့ရမည့် သံသရာဝဋ်ဆင်းရဲကြီးကို ထင်မြင်လာလိမ့်မည်။

ထိုသို့ ကျင်နာကိုက်ခဲဆင်းရဲခြင်းသဘောမှဆက်၍ အဖြစ်အပျက်တို့ဖြင့် မပြတ်နှိပ်စက်အပ်သော သင်္ခါရဆင်းရဲ သဘောကို ထင်မြင်လာပါသည်။

ဤသို့ ထင်မြင်လာသည်ကိုပင် ဣရိယာပုတ်လှုပ်ရှားမှုကို ဖြတ်ခြင်းကြောင့် ဆင်းရဲလက္ခဏာထင်မြင်လာသည်ဟု ဆိုပါသည်။

ဓာတ်လေးပါးကို ခွဲခြားဝေဖန်၍ မရှုခြင်းကြောင့် အတုံးအခဲ ဟူသော (ဃနသညာ)ဖုံးလွှမ်းနေသောကြောင့် အနတ္တလက္ခဏာကို ကောင်းစွာမမြင်ဖြစ်နေရသည်။

သဲမှုန့်အများစုပေါင်းနေသည်ကို ကျောက်တုံးကျောက်ခဲ ကြီးဟု ထင်မှတ်နေဘိသကဲ့သို့ ပထဝီဓာတ်အမှုန့်အစုဖြစ်သော အရေ၊ အသား၊ အရိုး စသည်တို့ကို တစ်လုံးတစ်ခဲတည်း ကိုယ် လုံးကြီး၊ ကိုယ်ကောင်ကြီးဟု ထင်မှတ်နေသည်ကိုပင် အနတ္တ လက္ခဏာကို အတုံးအခဲမှတ်(ဃနသညာ)က ဖုံးလွှမ်းနေ၍ မထင် မြင်နိုင်ခြင်း ဖြစ်နေရပါသည်။

- မိမိ၏ခန္ဓာကိုယ်တွင် ပရမာဏုမြူခန်းမျှသေးငယ်လှ သော တစ်စိတ်သားခန့်ရှိသော အမှုန့်သည် ပထဝီဓာတ်၊
- သွေး၊ ချွေး၊ တံတွေး၊ နပ် စသော **နှစ်ပြီးသားခန့်** ရှိသောအရည်သည် အာပေါ၊

- ပူနွေးသောသဘောသည် တေဇော၊
- လှည့်ပတ်နေသောသဘောသည် ဝါယော၊

ဤသို့ ဓာတ်လေးပါးကို ခွဲခြားဝေဖန်၍ ရှုသဖြင့် အတုံးအခဲ(ဃနသညာ)ကို ပယ်ဖျောက်သည်ရှိသော် အနတ္တသဘော လက္ခဏာကို ကောင်းစွာထင်မြင်လာပါမည်။

ဤသို့လက္ခဏာရေး(၃)ပါး ထင်ရှားလာသောအခါ ညောင်းညာကိုက်ခဲခြင်းဆင်းရဲကို သည်းခံ၍ ခဏခဏ ပြောင်းရွှေ့ လှုပ်ရှားခြင်းကိုမပြုဘဲ ငြိမ်သက်စွာနေပြီးလျှင် အနိစ္စာနုပဿနာ ကို ရှုမှတ်ရပါသည်။

အားထုတ်နေဆဲဖြစ်ပေါ်လာသော ဆင်းရဲနေရာကို စိတ်ဖြင့်မှတ်၍ ကျင်နာကိုက်ခဲသောဆင်းရဲ၏ လျင်မြန်စွာဖြစ်ချုပ် ပျက်စီးနေပုံကို အာရုံပြုလျက် အနိစ္စ-အနိစ္စဟု အဖန်ဖန်ရှုပါ။

ဤကဲ့သို့ ရှုဖန်များ၍ ယခုပစ္စုပ္ပန်သင်္ခါရတို့၏ လျင်မြန် စွာဖြစ်ပျက်နေပုံကို ထင်မြင်ရသောအခါ -

ရှေးအတိတ်က သင်္ခါရတို့သည် ဤကဲ့သို့ပင် ဖြစ်ပျက် ကုန်လေပြီ၊ နောင်အနာဂါတ်သင်္ခါရတို့သည် ဤကဲ့သို့ပင် ဖြစ်ပျက် ကုန်လတ္တံ့ဟု အသိဉာဏ်ဖြစ်ပေါ်လာပါသည်။

## ၂။ ထင်ဉာဏ်ရှုကွက်

တရားအားထုတ်သော ယောဂီပုဂ္ဂိုလ်သည် ရှုဖန်များ လတ်သော် ရုပ်-နာမ်နှစ်ပါးသင်္ခါရတို့၏ အဖြစ်အပျက်ကို တစ်စ ထက် တစ်စ တိုးတက်လျင်မြန်စွာ ထင်မြင်လာသဖြင့် နောက်ဆုံး ဝယ် အဖြစ်ကို မမြင်ရတော့ဘဲ - အပျက်ကိုသာမြင်နေရသည်။

လောကဥပမာ-ရေကန်ထဲသို့ မိုးရွာချရာတွင် ရေပွက်ကလေးများလျှင်မြန်စွာ ပျက်စီးနေပုံကို မြင်ရသကဲ့သို့ သင်္ခါရတရားများ၏ လျှင်မြန်စွာပျက်စီးနေပုံကို မြင်ရသည်။

ရှေးအတိတ်ကိုကြည့်လျှင်လည်း ပျက်စီးနေသည်ကို မြင်ရသည်။

နောင်အနာဂတ်လှမ်းကြည့်တော့လည်း ပျက်စီးနေသည်ကို မြင်ရသည်၊ ဤသို့မြင်သော် ဘင်္ဂဉာဏ်ဖြစ်သည်ဟု ဆိုရပါမည်။

## ၃။ ဘယဉာဏ်ရှုကွက်

ဘင်္ဂဉာဏ်ဖြင့် သင်္ခါရတို့၏ ကာလသုံးပါး၌ ချုပ်ပျက်နေပုံကို အမြင်ကောင်းလောက်အောင် ထင်မြင်မှုရလာသောအခါ မျက်စိ စသော ဒွါရခြောက်ပါး၌ ကျရောက်လာသမျှ အာရုံတို့ကို-

**“ဩော်…သင်္ခါရတရားတို့၏ ပျက်စီးနေပုံသည် အလွန်ကြောက်မက်ဖွယ်ရာကောင်းပါတကား”**

ဟု ပိုင်းခြားသိမြင်တတ်သော ဘယဉာဏ်ဖြစ်ပေါ်လာသည်။

လောကဥပမာဆိုရသော် သားမွေးတိုင်းသေသော မိန်းမတစ်ဦးသည် သား(၁၀)ယောက်မွေးဖွားခဲ့ရာတွင်-

- ရှေးက သား(၉)ယောက်သေခဲ့ပြီ၊
- ယခုလက်ထဲက သားကလည်း သေနေပြီ၊
- နောက်မွေးလာမည့် သားကလည်း ဤကဲ့သို့သေလိမ့်မည်မှာ အမှန်သိ၍ နောက်မွေးလာမည့်သားအပေါ် သာယာနှစ်သက်ခြင်းမရှိတော့ဘဲ ဖွားသောသားတိုင်းသေသည်ကို စဉ်းစားမိပြီး ကြောက်မက်ဖွယ်သဘော ယင်နေသကဲ့သို့ ဖြစ်သည်။

- လက်ထဲသားသေသည်ကား ပစ္စုပ္ပန်သင်္ခါရတို့ ပျက်စီးနေပုံနှင့်တူပါသည်။
- နောက်မွေးမည့်သားကို မနှစ်သက်ခြင်းသည်ကား နောင်အနာဂတ်၌ ပျက်စီးလတ္တံမည်ကို သိမြင်သည်နှင့်တူပါသည်။

ကြောက်ခြင်းသဘောတွင် -

- ဒေါသဖြင့်ကြောက်ခြင်း၊
- ဉာဏ်ဖြင့်ကြောက်ခြင်း

ဟူ၍ရှိရာ တကယ်ကျားကြီး-ဆင်ကြီးတွေ့ရ၍ ခေါင်းကြီးအောင်၊ မျက်စိပြာလောက်အောင်၊ ဇောချွေးပြန်အောင်၊ ကြက်သီးမွေးညင်းထလောက်အောင် ထိတ်လန့်ကြောက်ရွံ့ခြင်းသည် ဒေါသကြောက်ဖြစ်ပါသည်။

ငရဲဘေး၊ ပြိတ္တာဘေး၊ သံသရာဝဋ်ဆင်းရဲဘေး စသည်တို့ကို တရားဟောသံကြား၍ အလွန်ကြောက်မက်ဖွယ်ကောင်းပါတကားဟု ပိုင်းခြားသိမြင် သံဝေဂဉာဏ်ဖြစ်ခြင်းသည် ဉာဏ်ကြောက်ဖြစ်သည်။

ဘယဉာဏ်ကြောက်သည်ကား ဒေါသကြောက်မျိုးမဟုတ်ပါ။ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကာလသုံးပါး၌ ချုပ်ပျက်နေပုံသည် ကြောက်မက်ဖွယ်ကြီးပါတကားဟု ပိုင်းခြားသိမြင်သော ဉာဏ်ကြောက်မျိုး ဖြစ်ပါသည်။

ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိတို့ကို တကယ်ပေါက်ရောက်အောင် အားထုတ်သောပုဂ္ဂိုလ်သည် သင်္ကာယဒိဋ္ဌိ ကင်းကွာပြီးဖြစ်၍ သင်္ခါရတို့ချုပ်ပျက်နေပုံကို မြင်သောအခါ -

"ကြောက်လန့်စရာ ငါဟူ၍သည်းမရှိ၊
ငါချုပ်ပျက်သည်လည်းမဟုတ်၊
ငါ၏ဥစ္စာချုပ်ပျက်သည်လည်းမဟုတ်၊
ခန္ဓာငါးပါးသင်္ခါရတရားတို့ ချုပ်ပျက်ခြင်းမျှသာ ဖြစ်၏။
ဤခန္ဓာငါးပါးချုပ်ပျက်သည်ကိုပင် သေသည်ဟု
ခေါ်၏။
ခန္ဓာငါးပါးမှတစ်ပါးသေစရာ ငါဟူ၍လည်းကောင်း၊
သတ္တဝါဟူ၍လည်းကောင်း မရှိချေ"

ဟူသော အသိဉာဏ်ဖြစ်ပေးလာပါသည်။

ဤသို့ အသိဉာဏ်ဖြစ်ပေါ်လာသဖြင့် ဒေါသစိတ် တကယ်ကြောက်လန့်ပူပန်ခြင်းမရှိဘဲ သင်္ခါရတို့၏ ပျက်စီးနေပုံတို့သည် အလွန်ကြောက်မက်ဖွယ်ကောင်းပါတကားဟု ဉာဏ်ဖြင့်ပိုင်းခြားသိမြင်ခြင်းသည်က ဘယဉာဏ်အစစ်ဖြစ်ပါတော့သည်။

## ၄။ အာဒီနဝဉာဏ်ရှုကွက်

ဘယဉာဏ်ဖြင့် သင်္ခါရတို့၏ ချုပ်ပျက်ပုံ၊ ဒွါရခြောက်ပါး၌ ကျရောက်သမျှသော အာရုံတို့ကို အဖန်ဖန်ရှုသောပုဂ္ဂိုလ်အား ဘုံသုံးပါး၌ သင်္ခါရတို့သည် သာယာနှစ်သက်ဖွယ်အနည်းငယ်မျှ မရှိ၊ အပြစ်ဘေးအတိသာဖြစ်သည်ဟု အသိဉာဏ်ဖြစ်ပေါ်လာပါသည်။

ဥပမာအားဖြင့် ကျား၊ ဆင်၊ ဘီလူးတို့ပေါသော တောကြီးအတွင်းသို့ ဝင်ရောက်သောသူအား ကြက်သီးမွေးညင်းထခြင်း၊ ကြောက်လန့်ခြင်းဖြစ်၍ တောကြီးတစ်ခုလုံးသည် သာယာဖွယ်မရှိ၊ အပြစ်ဘေးအတိသာ ဖြစ်သည်ဟု စိတ်ထဲ၌ထင်မြင်သကဲ့သို့-

သင်္ခါရတို့၏ မြင်ကောင်းသောက်အောင် ချုပ်-ပျက်နေပုံကိုမြင်၍ ကြောက်မက်ဖွယ်ထင်လာသောအခါ ဘုံသုံးပါး၌ သင်္ခါရတို့သည် သာယာနှစ်သက်ဖွယ်အနည်းငယ်မျှမရှိ၊ အပြစ်ဘေးအတိသာဖြစ်တော့သည်ဟု သိမြင်လာ၍ အာဒီနဝဉာဏ်ဖြစ်ပေါ်လာပါတော့သည်။

ဘုံသုံးပါးတို့မှထွက်မြောက်ရာ သင်္ခါရတို့ငြိမ်းအေးချုပ်ပျောက်ရာ နိဗ္ဗာန်သည် ကြောက်မက်ဖွယ်ရာ၊ အပြစ်ဘေးမရှိ၊ ငြိမ်းချမ်းသာယာသောဘုံကြီးပါတကား ဟု အလိုလိုသိမြင်လာပါသည်။

## ၅။ နိဗ္ဗိဒါဉာဏ်ရှုနည်း

အလုံးစုံသော ရုပ်-နာမ်သင်္ခါရတို့၏ ခဏမစဲ၊ အမြဲပျက်၍နေခြင်း၏ ဘေးအဖြစ်ကို မြင်တွေ့ရသောပုဂ္ဂိုလ်သည် ဘုံသုံးပါးသင်္ခါရတို့၌ ပျင်းရိငြီးငွေ့ပြီး မပျော်ပိုက်ဖြစ်လာပါတော့သည်။

ဥပမာ- သားရဲပေါ်သော တောအတွင်းသို့ရောက်နေသောသူသည် ထိုတောကြီးအတွင်း၌ အနည်းငယ်မျှ မပျော်ပိုက်ဘဲ၊ ထောင်ထဲအကျဉ်းချခံထားရသူသည် ထောင်ထဲ၌ လုံးဝမပျော်ပိုက်ဘဲ ငြီးငွေ့နေပြီး ထိုတောထဲ၊ ထောင်ထဲမှ ဘေးကင်းရာ၌သာ ပျော်မွေ့နေချင်သလို သင်္ခါရသုံးပါး၌ ပျင်းရိငြီးငွေ့မပျော်မွေ့ခြင်း (နိဗ္ဗိဒါဉာဏ်)ဖြစ်နေသော ယောဂီပုဂ္ဂိုလ်သည် ဘုံသုံးပါးတို့မှ လွတ်ရာသင်္ခါရတရားတို့ ငြိမ်းအေးရာ မြတ်သောနိဗ္ဗာန်သို့သာ ပျော်မွေ့နေလိုသည်။

## ၆။ မုဉ္စိတုကမျတာဉာဏ်ရှုနည်း

- ဉာဏ်ဖြင့်ကြောက်ခြင်းသဘောကိုသိသော - ဘယဉာဏ်၊
- အပြစ်ဒေါသအတိကိုသိသော - အာဒီနဝဉာဏ်၊
- ပျော်မွေ့ခြင်းမရှိသော - နိဗ္ဗိဒါဉာဏ်၊

ဤဉာဏ်သုံးပါးသည် အနှ၊ အလတ်၊ အရင့်သာ ကွာခြား၍ သဘောအားဖြင့် အတူတူသာဖြစ်ပါသည်။ ဤဉာဏ်သုံးပါးသည် တစ်ခုပြီးတစ်ခု ဆက်ကာ ဆက်ကာ ဖြစ်ပေါ်လာကြ၍ သဒ္ဒါမျှသာ ထူး၍ အနက်မထူးပါ။

နိဗ္ဗိဒါဉာဏ်ကို အဖန်ဖန်ရှုသောယောဂီသည် ရန်သူဝိုင်းနံ့ရသော သမင်သည် ရန်သူလက်မှ အမြန်လွတ်ချင်သလို၊ ပိုက်ကွန်အတွင်းမှ ငါးသည် ပိုက်ကွန်မှ အမြန်လွတ်ချင်သလို၊ မြွေခံတွင်း၌ အဖမ်းခံရသော ဖားသူငယ်သည် မြွေခံတွင်းမှ အမြန်လွတ်ချင်သလို သင်္ခါရတရားတို့၏ စက်ဆုပ်ငြီးငွေ့ မပျော်မွေ့ခြင်း၊ ပျင်းရိခြင်းအားကြီးလာသောအခါ ထိုသင်္ခါရတရားတို့မှ အမြန်လွတ်လိုသော အကြံစိတ်ဖြစ်ပေါ်လာသည်။

အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောရှိသော ရုပ်-နာမ်သင်္ခါရတို့မှ ကျွတ်လွတ်ရန် အလိုရှိသောဉာဏ်ကို မုဉ္စိတုကမျတာဉာဏ်ဟု ခေါ်သည်။

## ၇။ ပဋိသင်္ခါဉာဏ်ရှုနည်း

သင်္ခါရတို့မှ အမြန်လွတ်လိုသော ယောဂီပုဂ္ဂိုလ်အား-

“ငါသည် အဘယ်နည်းဖြင့် ဤသင်္ခါရတို့မှလွတ်ပါအံ့နည်း”

ဟု သင်္ခါရတို့မှ လွတ်ခြင်း၏အကြောင်းကိုရှာသည်ရှိသော် သင်္ခါရတို့ကို လက္ခဏာ(၃)ပါးဖြင့် ကြိုးစားပြီး ရှုမှတ်မှသာ လွတ်ရ လိမ့်မည်ဟုသိ၍ ရုပ်-နာမ်၌ အနိစ္စ-ဒုက္ခ-အနတ္တဟူ၍ ထပ် တလဲလဲ ရှုမှတ်သောဉာဏ်ကို ပဋိသင်္ခါရဉာဏ်ဟု ခေါ်ပါသည်။

ဥပမာ-ငါးဖမ်းသောသူသည် ရေထဲ၌ မြွေကြီးကိုလက် ဖြင့် ဆုပ်ကိုင်မိလျှင် ငါးကြီးကိုမိသည်ဟုထင်မှတ်၍ အားရဝမ်းသာ ရေထဲမှထုတ်ယူလိုက်သည်။ မြွေကြီးမှန်းသိသောအခါ အလွန် ကြောက်လန့်ခြင်းဖြစ်ပြီး ဤမြွေကိုက်က သေတတ်သည်ဟု မြွေကြီး၏ အပြစ်ဘေးကိုမြင်သည့်အတွက် မြွေကြီးကို ကိုင်ထား ရခြင်း၌ စက်ဆုပ်ငြီးငွေ့ကာ မြွေကြီးကိုလက်မှလွတ်လိုသော စိတ်ရှိသည်ဖြစ်၍ မြွေကြီးကို နာနာဆုပ်နယ်လျက် အားနည်း အောင် မလှုပ်နိုင်အောင်ပြုလုပ်ပြီး အဝေးသို့လွှင့်ပစ်လိုက်သည်။

ဤဥပမာတွင်-

-ငါးဖမ်းသူသည့်ယောဂီပုဂ္ဂိုလ်နှင့်တူပါသည်။

-မြွေကြီးကား ခန္ဓာငါးပါးနှင့်တူပါသည်။

-ငါးမိသည်ထင်ပြီး ဝမ်းသာသည်ကား ခန္ဓာငါးပါးကို ဟု ထင်မှတ်သာယာနေခြင်း ဖြစ်ပါသည်။

-မြွေကိုပြန်၍ကြောက်လန့်သည်ကား ရုပ်-နာမ်ခန္ဓာ ငါးပါး ချုပ်ပျက်နေပုံကိုမြင်၍ ဘယဉာဏ်ဖြင့်ပုံနှင့် တူပါသည်။

-မြွေကြီးကိုအပြစ်ဘေး ဟုမြင်ခြင်းကား အာဒီနဝဉာဏ် နှင့် တူပါသည်။

-မြွေကြီးကိုလက်နှင့်ဆုပ်ထားသည်ကိုငြီးငွေ့မှုကား နိဗ္ဗိဒါဉာဏ်နှင့်တူသည်။
-မြွေကြီးကိုလွှင့်ပစ်လိုသည်ကား မုစ္စိတုကမျတာဉာဏ် နှင့် တူသည်။
-မြွေကြီးကို အားနည်းအောင် ဆုပ်နယ်ပစ်သည်ကား ပဋိသင်္ခါဉာဏ်နှင့်တူသည်။

မြွေကြီးကိုလက်ဖြင့် နာနာဆုပ်ကိုင်၍ မကိုက်နိုင်အောင် အားနည်းအောင် ညှင်းဆဲပြုလုပ်သကဲ့သို့ သင်္ခါရတို့ကို-
-မြဲသည်ဟုမှတ်ထင်နေသော -နိစ္စသညာ၊
-ချမ်းသာသည်ဟုမှတ်ထင်နေသော -သုခသညာ
အစိုးရသည်၊ အလိုလိုက်သည်ဟုမှတ်ထင်နေသော-အတ္တသုခ၊

ထို့နောက် ထပ်ဖြစ်မပေါ်လာအောင် အားနည်းပျက်စီးအောင် အနိစ္စ၊ ဒုက္ခ၊ အနတ္တတို့ကို မနားမနေကြိုးစားအားထုတ်ရပါသည်။

## ၈။ သင်္ခါရုပေက္ခာဉာဏ်ရှုနည်း

သင်္ခါရတို့ကို အာရုံပြု၍ ဝိပဿနာရှုသော်လည်း ယင်း သင်္ခါရတို့၌ အနည်းငယ်မျှ·သာယာနှစ်သက်ခြင်း၊ ငဲ့ကွက်ခြင်း မရှိဘဲ ကြောက်စရာ ရွံစရာအဖြစ် မရှုတော့ဘဲ လျစ်လျူရှုသည့် အနေဖြင့် ရှုမှတ်သည်။

ဥပမာ-ရှေးက ချစ်ကျွမ်းဝင်ခဲ့သော မိတ်ဆွေအပေါင်း အသင်းကို မခေါ်မပြော လျစ်လျူရှုနေသကဲ့သို့ ဘယဉာဏ်၊ အာဒီနဝဉာဏ်တို့ဖြင့် သင်္ခါရတို့၏ဘေးအဖြစ်ကို သိမြင်ပြီး၍

ပဋိသန္ဓိဉာဏ်ဖြင့် သင်္ခါရတို့ကို တစ်ဖန်သုံးသပ်ကာ ဝိပဿနာ ရှုပွားသော်လည်း ယင်းသင်္ခါရတို့ကို အနည်းငယ်မျှ သာယာ နှစ်သက်ခြင်းမရှိတော့ဘဲ လျစ်လျူရှု၍သာနေသည်။

ဤသင်္ခါရတို့ကို သာယာနှစ်သက်ခြင်းမရှိဘဲ လျစ်လျူရှု သောအားဖြင့် အနိစ္စ-ဒုက္ခ-အနတ္တဟု ရှုသောဉာဏ်ကို သင်္ခါ ရုပေက္ခာဉာဏ် ဟုခေါ်သည်။

သင်္ခါရုပေက္ခာဉာဏ်ရင့်သန်စေရန် အောက်ပါ(၂)နည်း ဖြင့်လည်း ရှုမှတ်ရပါသည်-

ပထမနည်းမှာ-**ဒွိကောဋိသုညတရှုနည်း** ဖြစ်သည်-

(က) ခန္ဓာငါးပါးသင်္ခါရတရားတို့သည် အစိုးရခြင်း၊ အလိုသို့ မလိုက်ခြင်း၊ တစ်လုံးတစ်ခဲတည်းဖြစ်၍ မပျက်မစီးဘဲ အမြဲတည်နေခြင်းဟူသော ငါ-ဟုဆိုအပ်သော အတ္တ သဘောအဏုမြူခန့်မျှ မရှိသဖြင့် ငါ-ဟူသော အတ္တမှ ဆိတ်၏။

(ခ) ထို-ငါ ဟူသော အတ္တမရှိခြင်းကြောင့် ငါ၏ဥစ္စာဟူသော အတ္တနိယမှဆိတ်၏။

ဤနှစ်မျိုးကို အာရုံပြု၍ ရပ်သည် ငါမဟုတ်၊ ငါ့ဥစ္စာ တို့ကိုလည်း အကြိမ်များစွာ ရှုမှတ်စီးဖြန်းရသည်။

(အလားတူ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏတို့ကို လည်း အကြိမ်များစွာ ရှုမှတ်စီးဖြန်းရသည်)

(က) တစ်လောကလုံးရှိ အတွင်း-အပြင်သင်္ခါရတို့ကို သေချာ စွာကြည့်သည့်ရှိသော် ငါဟုဆိုအပ်သောဝတ္ထုသည် အဏုမြူမျှမရှိ။

(ခ) မိဘ၊ သားသမီး၊ ညီအစ်ကို၊ မောင်နှမ အပေါင်းအသင်း ဟု ထင်မှတ်၍ သူတစ်ပါးက အကြောင်းပြုအပ်သော ငါဟူ၍ အထူးမြှုမရှိ၊

(ဂ) သူတစ်ပါးဆိုသောဝတ္ထုသည်လည်း အထူးမြှုမရှိ။

(ဃ) မိဘ၊ သားသမီး၊ ညီအစ်ကို၊ မောင်နှမ အပေါင်းအသင်း ဟု ထင်မှတ်၍ ငါက အကြောင်းပြုအပ်သော သူတစ်ပါး ဟူ၍ အထူးမြှုမရှိ။

ဤသို့ ဆင်ခြင်ကြည့်ရှုအာရုံပြု၍ ခန္ဓာငါးပါးသင်္ခါရ တရားအစုသာဖြစ်သည်ဟု အကြိမ်များစွာ စီးဖြန်းရပါသည်။

ခန္ဓာငါးပါးတို့ကို ငါမဟုတ်၊ ငါ့ဥစ္စာမဟုတ်၊ အသုံးမကျ အနှစ်သာရမရှိ၊ မြက်သစ်ရွက်ခြောက်ပမာသာ ရှိသည်ဟု အကြိမ်ကြိမ်ရှုပါက အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာတို့ ထင်မြင် လွယ်ပါသည်။

ထိုသို့ ထင်မြင်လာသဖြင့် စိုးရိမ်ပူပန်ကြောက်လန့်ခြင်း၊ သာယာစုံမက်ခြင်း၊ နှစ်သက်ခြင်းကင်းပျောက်လျက် သင်္ခါရတို့၌ ငဲ့ကွက်မပြု၊ လျစ်လျူရှုသော သင်္ခါရုပေက္ခာဉာဏ်ရင့်သန်၍ လာပါ တော့သည်။

ဤသင်္ခါရတို့ကို လျစ်လျူရှုသည်ဆိုရာ၌ သင်္ခါရတို့ကို အာရုံမပြုဘဲနေသည်မဟုတ်ပါ။

သင်္ခါရတို့ပျက်စီးခြင်းကိုဖြစ်၍ ပူပန်စိုးရိမ်ခြင်း၊ ကြောက် လန့်ခြင်းမဖြစ်၊ သင်္ခါရတို့ ပြည့်စုံခြင်းကိုမြင်၍ နှစ်သက်ခြင်း ဝမ်းမြောက်ခြင်းမဖြစ်ဘဲ အနိစ္စ စသည်ဖြင့် ရှုမှတ်၍နေခြင်းသာ ဖြစ်သည်။

ဤသင်္ခါရုပေက္ခာဉာဏ်ဖြစ်သောအခါ ဘုံသုံးပါး၌ ခံစားလိုစိတ်မရှိတော့ဘဲ လွတ်ကြောင်းကိုသာရှာလျက် နိဗ္ဗာန်ကိုသာ အမြဲညွတ်သောစိတ်ရှိနေတော့သည်။

ဥပမာ-သမုဒ္ဒရာကူးသူတို့သည် ကျီးတစ်ကောင်ကို ဖမ်းယူလာသည်။ ရေလယ်ခေါင်ရောက်၍ လမ်းရှာမတွေ့သောအခါ ကျီးကိုလွှတ်ကြသည်။ ကျီးသည် အရပ်လေးမျက်နှာသို့ လှည့်လည်ပျံသန်း၍ ကမ်းကိုမတွေ့သော် လှေသို့ပြန်လာ၏။ ကမ်းကိုတွေ့သော် ပြန်မလာတော့သကဲ့သို့ တရားအားထုတ်သော ပုဂ္ဂိုလ်သည် နိဗ္ဗာန်ချမ်းသာသန္တိသုခသဘောကိုမြင်လျှင် နိဗ္ဗာန်သို့သာ အမြဲညွတ်ကိုင်း ရှေးရှုအာရုံပြုနေသည်။ မမြင်ရသေးလျှင် သင်္ခါရကိုသာ တစ်ဖန်အာရုံပြုပြီး ဝိပဿနာရှုနေရသည်။

## နိဗ္ဗာန်မြင်ရန်ရှုနည်း(၂၆)တွက်

သင်္ခါရုပေက္ခာဉာဏ်ဖြင့် အေးချမ်းသောသန္တိသုခနိဗ္ဗာန်ကို အာရုံပြုနိုင်ရန်နည်း(၂၆)နည်းကို အဖန်ဖန်ရှုမှတ်အာရုံပြုရပါမည်။

၁။ **ဥပ္ပါဒေါ** - ရှေးဘဝအကြောင်းကံကြောင့် ယခုဘဝ ပဋိသန္ဓေဖြစ်ပေါ်ရခြင်းသည် အလွန်ဆင်းရဲ၏။ နိဗ္ဗာန်သည်ပဋိသန္ဓေတည်နေရခြင်းမရှိ၍ အလွန် ချမ်းသာ၏။

၂။ **ပဝတ္တိ** - ပဋိသန္ဓေမှသေသည်အထိ နေ့ညမပြတ် ဖြစ်ရခြင်းကား ဆင်းရဲ၏။ နိဗ္ဗာန်သည် ပဋိသန္ဓေနေရခြင်း၊ သေရခြင်းမရှိ၍ အလွန်ချမ်းအေး၏။

၃။ **နိမိတ္တ** - ဖြစ်ရ ပျက်ရသင်္ခါရသည် အလွန်ဆင်းရဲ၏။ နိဗ္ဗာန်သည် ဖြစ်ပျက်မရှိ၍ အလွန် ချမ်းအေး၏။

၄။ **အာယူဟနာ** - နောင်ဘဝဖြစ်ရန် အကြောင်းကံကို အားထုတ်ရခြင်းသည် အလွန်ဆင်းရဲ၏။ နိဗ္ဗာန်သည် အားထုတ်ရသော အကြောင်း ကံမရှိ၍ အလွန်ချမ်းအေး၏။

၅။ **ပဋိသန္ဓိ** - ယခုဘဝအကြောင်းကံကြောင့် နောင် ဘဝ တစ်ဖန် ပဋိသန္ဓေနေရခြင်းသည် အလွန် ဆင်းရဲ၏။ နိဗ္ဗာန်သည် နောင်ဘဝ ပဋိသန္ဓေ မရှိ၍ အလွန်ချမ်းအေး၏။

၆။ **ဂတိ** - လူ၊နတ်၊ပြဟ္မာစသော လားရာများ တဖွားဖွားပေါ်နေခြင်းသည် အလွန် ဆင်းရဲ၏။ နိဗ္ဗာန်သည် လားရာဂတိ ငါးပါးမရှိ၍ အလွန်ချမ်းအေး၏။

၇။ **နိဗ္ဗတ္တိ** - ခန္ဓာငါးပါးတဖွားဖွား ဖြစ်ပေါ်နေခြင်းသည် အလွန်ဆင်းရဲ၏။ နိဗ္ဗာန်သည် ခန္ဓာငါးပါး မရှိ၍ အလွန်ချမ်းသာ၏။

၈။ **ဥပပတ္တိ** - အကြောင်းကြောင့် အကျိုးအဆက်ဆက် ဖြစ်ရခြင်းသည် အလွန်ဆင်းရဲ၏။ နိဗ္ဗာန်သည် အကြောင်းအကျိုးဖြစ်ခြင်း မရှိ၍ အလွန်ချမ်းအေး၏။

၉။ ဓာတိ - ဘုံသုံးပါး၌ အထပ်ထပ်အခါခါဖြစ် နေရခြင်းသည် အလွန်ဆင်းရဲ၏။ နိဗ္ဗာန်သည် အထပ်ထပ်အခါခါဖြစ်ခြင်းမရှိ၍ အလွန်အေးချမ်း၏။

၁၀။ ဇရာ - အိုရခြင်းသည် အလွန်ဆင်းရဲ၏။ နိဗ္ဗာန်သည် အိုရခြင်းမရှိ၍ အလွန်ချမ်းအေး၏။

၁၁။ ဗျာဓိ - ကိုးဆယ့်ခြောက်ပါးဖြင့် ဖျားနာခြင်းသည် အလွန်ဆင်းရဲ၏။ နိဗ္ဗာန်သည် ဖျားနာခြင်းမရှိ၍ အလွန် ချမ်းအေး၏။

၁၂။ မရဏ - အဖန်ဖန်သေရခြင်းသည် အလွန်ဆင်းရဲ၏။ နိဗ္ဗာန်သည်သေရခြင်းမရှိ၍ အလွန်ချမ်းအေး၏။

၁၃။ သောက - ဆွေမျိုးပျက်ဆီးမှုကြောင့် စိုးရိမ်ရမှုသည် အလွန် ဆင်းရဲ၏။ နိဗ္ဗာန်သည် ဆွေမျိုးပျက်ဆီးမှု၊ ပူပန်မှုမရှိ၍ အလွန်ချမ်းအေး၏။

၁၄။ ပရိဒေဝ - ဆွေမျိုးစသည် ပျက်စီးခြင်းကြောင့်ဝမ်းနည်းပူဆွေးရခြင်းသည် အလွန်ဆင်းရဲ၏။ နိဗ္ဗာန်သည် ဆွေမျိုးပျက်ဆီးမှု၊ ပူပန်မှု မရှိ၍ အလွန်ချမ်းအေး၏။

၁၅။ ဥပါယာသ - ဆွေးမျိုးပျက်ဆီးမှုကြောင့် လွန်စွာပူပန်ရခြင်းသည် အလွန်းဆင်းရဲ၏။ နိဗ္ဗာန်သည် ဆွေမျိုးပျက်ဆီးမှု၊ ပူပန်မှု မရှိ၍ အလွန်ချမ်းအေး၏။

ဤ(၁၅)ပါးသည် ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ လာသော နိဗ္ဗာန်၏ အေးချမ်းသာယာပုံကိုမြင်ရပုံ၊ အဖန်ဖန်အာရုံပြုနေပုံ ဖြစ်ပါသည်။

၁၆။ **ပဉ္စက္ခန္ဓာသမုဒယော** -ခန္ဓာငါးပါးသင်္ခါရတရားတို့ တဖွားဖွား ဖြစ်ပေါ်နေခြင်းသည် အလွန်ဆင်းရဲ၏။ ခန္ဓာငါးပါးချုပ်ရာ နိဗ္ဗာန်သည် အလွန် ချမ်းအေး၏။

၁၇။ **ကိလေသသမုဒယော** -ရာဂ၊ဒေါသ စသော ကိလေသာများ တဖွားဖွားဖြစ်နေခြင်းသည် အလွန် ဆင်းရဲ၏။ကိလေသာချုပ်ရာ နိဗ္ဗာန် သည် အလွန် ချမ်းအေး၏။

၁၈။ နိဗ္ဗာန်သည် ဖြစ်-ပျက်ဟူသော ဆူညံခြင်းမရှိ၍ အလွန် ဆိတ်၏။

၁၉။ နိဗ္ဗာန်သည် ဖြစ်-ပျက်ဟူသော ကြမ်းတမ်းခြင်းမရှိ၍ အလွန်ငြိမ်သက်၏။

၂၀။ နိဗ္ဗာန်သည် ကိလေသာအညစ်အကြေးမရှိ၍ အလွန် စင်ကြယ်၏။

၂၁။ နိဗ္ဗာန်သည် ကိလေသာအယုတ်တရားများမရှိ၍ အလွန် မွန်မြတ်၏။

၂၂။ နိဗ္ဗာန်သည် အဝိဇ္ဇာဟူသော အမိုက်အမှောင်မရှိ၍ အလွန် ထွန်းလင်းတောက်ပ၏။

၂၃။ နိဗ္ဗာန်သည် ကိလေသာအပူပင်း၍ အလွန်အေး၏။

၂၄။ နိဗ္ဗာန်သည် ရာဂ၊ ဒေါသ စသော မီး(၁၁)ပါး ငြိမ်း၍ အေး၏။

၂၅။ နိဗ္ဗာန်သည် ဖြစ်-ပျက်သင်္ခါရကင်း၍ သန့်ရှင်းစင်ကြယ်၏။

၂၆။ နိဗ္ဗာန်သည် သင်္ခါရတို့ချုပ်ငြိမ်း၍ ချမ်းသာ၏။

နိဗ္ဗာန်ကို အလိုရှိသောယောဂီပုဂ္ဂိုလ်သည် ဤနိဗ္ဗာန်ဂုဏ်ကို အမြဲဆင်ခြင်ရှုမှတ်ပွားများရသည်။

ဤနိဗ္ဗာန်ကို အာရုံပြုခြင်းသည် နိရောဓသစ္စာကို မျက်မှောက်ပြုရာရောက်ပါသည်။

သင်္ခါရတို့၏ ငြိမ်းအေးရာနိဗ္ဗာန်ကိုသိလျှင် သင်္ခါရတို့ ဆင်းရဲပူလောင်မှုကို သိသည်။ ထိုသို့သိခြင်းသည် ဒုက္ခသစ္စာကို ပိုင်းခြားသိခြင်းမည်ပါသည်။

သင်္ခါရတို့၏ ဆင်းရဲပူလောင်မှုကိုသိလျှင် သင်္ခါရတို့၌ သာယာနှစ်သက်ခြင်း တဏှာပျောက်ကင်း၏။ တဏှာကင်း၍ သမုဒယသစ္စာကိုပယ်သည် မည်ပါ၏။

တဏှာကို ပယ်ကြောင်းဉာဏ်ကို သိမြင်မှုဖြစ်ခြင်းသည် မဂ္ဂသစ္စာကို ပွားသည်မည်ပါသည်။

ဤသို့ လောကီဝိပဿနာဉာဏ်ဖြင့် သင်္ခါရတို့၏ ပူလောင်ကြောင်း၊ နိဗ္ဗာန်၏ချမ်းသာကြောင်းကို အာရုံပြုဖန်များ၍ သင်္ခါရုပေက္ခာဉာဏ်ရင့်သန်လာသောအခါ နိဗ္ဗာန်အစစ်ကို မျက်မှောက်ဒိဋ္ဌအာရုံပြုနိုင်သော လောကုတ္တရာဖြစ်သော မဂ်ဉာဏ် အစစ်ဖြစ်ပေါ်လာပါသည်။

ဤသင်္ခါရုပေက္ခာဉာဏ်ဖြစ်သောအခါ သင်္ခါရမှလွတ်လိုသော မုစ္စိတုကမျတာဉာဏ်၊ လက္ခဏာသုံးပါးဖြင့် အထပ်ထပ်

ပွားများအားထုတ်သော ပဋ္ဌာနသင်္ခါရုပေက္ခာဉာဏ်သဘောတို့သည် အမြဲပါရှိပါသည်။

သင်္ခါရုပေက္ခာဉာဏ်ရင့်သန်လာသောအခါ ယောဂီပုဂ္ဂိုလ်၏ စိတ်သည်-

- အလွန်ကြည်လင်၏၊
- ငြိမ်သက်တည်ကြည်၏၊
- ဉာဏ်ထက်မြက်စူးရှ၏၊
- သတိ၊ ဝီရိယ အလွန်အားကောင်း၏၊
- ကိုယ်အမူအရာ အလွန်နူးညံ့သိမ်မွေ့၏၊
- ဣန္ဒြေအလွန်ငြိမ်သက်၏။
- အရိယာပုဂ္ဂိုလ်နှင့်ခွဲခြားမရလောက်အောင်ရှိ၏၊

ထိုပုဂ္ဂိုလ်၏ သန္တာန်၌ဖြစ်နေသော သင်္ခါရုပေက္ခာဉာဏ်သည် ဆန်မှုန့်၊ မုန့်မှုန့်များကို ဆန်ကောဖြင့် ဝိုင်းနေသကဲ့သို့လည်းကောင်း၊ အစေ့ထုတ်ရှိကြိတ်ပြီးသော ဝါဂွမ်းကို အကြိမ်ကြိမ်ကြိတ်ချေသကဲ့သို့လည်းကောင်း၊ သင်္ခါရကို အထူးပိုင်နိုင်စွာ သိမ်းဆည်းဆင်ခြင်လျက် ကြောက်ခြင်းနှစ်သက်ခြင်းကို ပယ်စွန့်ကာ လျစ်လျူရှုပြီးလျှင် လက္ခဏာ(၃)ပါးဖြင့် အဖန်ဖန်ရှုလျက်တည်နေသည်။

သမ္မာသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ်ဖြစ်စဉ်က-ပမ်းမြောက်ခြင်း၊ နှစ်သက်ခြင်းပီတိအားကြီးနေသောကြောင့်လည်းကောင်း ဘယဉာဏ် စသည်တို့ဖြစ်စဉ်အခါက ကြောက်မက်ဖွယ်ထင်ရှားအားကြီးနေသောကြောင့်လည်းကောင်း၊ သင်္ခါရတို့၏သဘောကိုကောင်းစွာမမြင်ပေ။

ဤသင်္ခါရုပေက္ခာဉာဏ်သည်ကား ဝမ်းမြောက်ခြင်းပီတိ၊ ကြောက်ခြင်းဘယကင်းသဖြင့် ဉာဏ်အမြင်အလွန်သန့်ရှင်းသော ကြောင့် လက်ပေါ်၌ထားအပ်သော ပတ္တမြားကဲ့သို့ သင်္ခါရတို့ကို အနိစ္စ-ဒုက္ခ-အနတ္တ ဟူ၍ မပြတ် ရှုမှတ်နေရပါသည်။

ထမင်းအိုးကို မီးမှန်မှန်ထိုးက အချိန်ကျရောက်လာသော အခါ အလိုလိုကျက်၍လာသကဲ့သို့ သင်္ခါရတို့ကို လက္ခဏာရေး သုံးပါးဖြင့် မဖြန့်မန်ရှုမှတ်နေလျှင် သင်္ခါရုပေက္ခာဉာဏ် ရင့်သန် လာပြီး အနုလောမဉာဏ်၊ ဂေါတြဘူဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် တို့ အလိုလိုဖြစ်ပေါ်လာရပါတော့သည်။

၉။ အနုလောမဉာဏ်ရှုကွက်

လက္ခဏာရေးသုံးပါးဖြင့် ကြိုးစားရှုသော ယောဂီအား သင်္ခါရုပေက္ခာဉာဏ်ရင့်သန်လာ၍ မဂ်ဖြစ်ကာနီးသောအချိန်ဝယ် သင်္ခါရကို အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု အာရုံပြုလျက် ဝိပဿနာဇော ဝီထိဖြစ်လာပြီးလျှင် ဘဝင်ကျသည်။

ထို့နောက် သင်္ခါရတို့ကို လက္ခဏာတစ်ပါးပါးဖြင့် အာရုံ ပြု၍ ပရိကံဇောဖြစ်လာသည်၊ ထို့နောက် ဥပစာဇော၊ ထို့နောက် အနုလုံဇောတို့ ဖြစ်လာသည်။

ဤပရိကံဥပစာ အနုလုံဟူသော ဇောသုံးတန့်သည် အနုလောမဉာဏ်ဖြစ်သည်။

ဤဇောသုံးတန့်နှင့်ပတ်သက်၍ မဂ်ဇောစိတ်အစဉ်ကို သိထားရန် လိုပါသည်။

မဂ်ဇောစိတ်အစဉ်မှာ-

နှ - ဒ - မ - ပ - ဥ - နု - ဂေါ - မ - ဖ - ဘ

နှ - ဘဝင်္ဂစလန - လှုပ်ရှားနေသော ဘဝင်စိတ်၊

ဒ - ဘဝင်္ဂုပစ္ဆေဒ - ပြတ်သောဘဝင်စိတ်၊

မ - မနောဒွါရာဝဇ္ဇန်း - စိတ်တံခါးပေါက်၌ဖြစ်သောစိတ်၊

ပ - ပရိကမ္မ - မဂ်စိတ်ရရန်ရှေးဦးစွာပြင်ဆင်ခြင်း၊

ဥ - ဥပစာရ - နီးကပ်သောပြင်ဆင်ခြင်း၊

နု - အနုလောမ - အသင့်လျော်ဆုံးပြင်ဆင်ခြင်း၊

ဂေါ - ဂေါတြဘူ - ပုထုဇဉ်အနွယ်ကိုဖြတ်၍ မဂ်အနွယ်ရောက်စေခြင်း၊

မ - သောတာပတ္တိမဂ်ပုဂ္ဂိုလ်

ဖ - သောတာပတ္တိဖိုလ်ပုဂ္ဂိုလ်၊ (နှစ်ကြိမ်ကျသည်။)

ဘ - ဘဝင်စိတ်၊

ဤတွင် ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒစိတ်များသည် ပဋိသန္ဓေယူစဉ်က အာရုံပြုခဲ့သော ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်များကို အာရုံပြုသည်။

- မနောဒွါရာဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံစိတ်များသည် ရုပ်နာမ်သင်္ခါရကို အာရုံပြုသည်။
- ဂေါတြဘူ၊ သောတာပတ္တိမဂ်၊ သောတာပတ္တိဖိုလ်စိတ်များသည် နိဗ္ဗာန်ကို အာရုံပြုသည်။
- မဂ္ဂဝီထိစဉ်တွင် နှ - ဒ - မ - ပ - ဥ - နု - ဂေါအထိသည် ပုထုဇဉ်အနွယ်အဆင့်သာ ရှိသေးသည်။
- ဂေါတြဘူစိတ်သည် မဟာကုသိုလ်ဉာဏသမ္ပယုတ်သောမနသစိတ်၊

"ဉာဏ်နှင့်ယှဉ်သော ဝမ်းမြောက်သော မဟာကုသိုလ်စိတ်ဖြစ်၍ နိဗ္ဗာန်ကို အာရုံပြုသည်"

ပုထုဇဉ်အနွယ်ကို သတ်ဖြတ်နိမ်နင်းပြီး အရိယာအနွယ်ကို တိုးပွားစေ၍ ဖြစ်ပေါ်လာစေသည်။

ဤဇောသုံးတန်သည် သင်္ခါရတို့ကို လက္ခဏာတစ်ပါးပါးဖြင့် အာရုံပြုသည်ဖြစ်၍ အာရုံချင်းတူသောကြောင့် ဥဒယဗ္ဗယဉာဏ် စသော ရှေးဉာဏ်များနှင့်လျော်၏။ မဂ်ကိုရသည်ဖြစ်၍ အထက်မဂ်၌ရှိသော ဗောဓိပက္ခိယတရား(၃၇)ပါးနှင့်လည်း လျော်ပါသည်။

ဤသို့လျှင် အောက်ဝိပဿနာဉာဏ်ကိုလည်းကောင်း၊ အထက်မဂ်၌ရှိသော ဗောဓိပက္ခိယတရားများနှင့်လည်းကောင်း လျော်သောကြောင့် ဤဇောသုံးတန်၌ရှိသော ဉာဏ်ကို အနုလောမဉာဏ်ဟု ခေါ်ပါသည်။

အနုမတဂ္ဂသံသရာမှစ၍ ပုထုဇဉ်ဖြစ်လာသော ယောဂီပုဂ္ဂိုလ်အား ဤဂေါတြဘူစိတ်ဖြင့် နိဗ္ဗာန်ကိုအာရုံပြုစေပြီး ပုထုဇဉ်အနွယ်ပြတ်ရပါတော့သည်။

ရှေးဝိပဿနာဉာဏ်တို့သည်ကား အနုမာနအားဖြင့် မျှော်မှန်းရမ်းဆ၍သာ နိဗ္ဗာန်ကိုအာရုံပြုနိုင်ကြသည်" ဒိဋ္ဌမျက်မှောက် အာရုံမပြုနိုင်ကြပါ။

ဤဂေါတြဘူစိတ်ကား နိဗ္ဗာန်ကိုမျက်မှောက်အာရုံပြုနိုင်သည်။ သို့သော် ဂေါတြဘူသည် ရှေးဖြစ်သောပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ၌လည်း မပါ။ နောက်ဖြစ်သော ဉာဏဒဿနဝိသုဒ္ဓိ၌လည်း မပါဝင်သော ဝိသုဒ္ဓိခုနစ်ပါးမှလွတ်သော စိတ်ဖြစ်ပါသည်။

## (ဆ) သတ္တမလျှောကား = မင်ဉာဏ်လေးပါး (ဉာဏဒဿနဝိသုဒ္ဓိ)

### မဂ်ခရီးစဉ်စိတ်များ

ဂေါတြဘူစိတ်ချုပ်ငြိမ်းပြီးသည်နှင့်တစ်ပြိုင်နက် နိဗ္ဗာန်ကို အာရုံပြုလျက် မဂ်စိတ်ဖြစ်ပေါ်လာသည်။ မဂ်ဉာဏ်က နိဗ္ဗာန်ကို ဖြစ်သဖြင့် အကြွင်းမဲ့အားဖြင့် ကိလေသာများ ပျောက်ကွယ်သော ကြောင့် စင်ကြယ်ခြင်းဖြစ်ပါသည်။

ဆီမီးသည် - မီးစာကိုလောင်၏၊
- အမှောင်ကိုပယ်ခွင်း၏၊
- အလင်းရောင်ကိုဖြစ်ပေါ်စေ၏၊
- ဆီကိုလည်းကုန်ခန်းစေ၏၊

ဤကိစ္စတစ်ပြိုင်တည်းပြုနိုင်သကဲ့သို့ မဂ်တရားသည်လည်း
- ဒုက္ခသစ္စာကို ပိုင်းခြားသိခြင်း၊
- သမုဒယသစ္စာကိုပယ်ခြင်း၊
- နိရောဓသစ္စာကိုမျက်မှောက်ပြုခြင်း၊
- မဂ္ဂသစ္စာကိုဖြစ်ပေါ်လာစေခြင်း

ဟူသော ကိစ္စလေးချက်ကို တစ်ပြိုင်တည်း ပြီးစေပါသည်။

မဂ်စိတ်တစ်ကြိမ်ဖြစ်ပြီးနောက် မန္ဒပုဂ္ဂိုလ်ဖြစ်လျှင် ဖိုလ်စိတ်နှစ်ကြိမ်ဖြစ်၏၊ တိက္ခပုဂ္ဂိုလ်ဖြစ်လျှင် ဖိုလ်စိတ်သုံးကြိမ် ဖြစ်ပြီးနောက် ဘဝင်ကျသည်။

မန္ဒပုဂ္ဂိုလ်မဂ္ဂဝီထိ

န-ဒ-မ-ပ-ဥ-နု-ဂေါ-မဂ်-ဖိုလ်-ဖိုလ်-ဘဝင်-ဘဝင်

တိက္ခပုဂ္ဂိုလ်မဂ္ဂဝီထိ

နု-ဒ-မ-ဥ-နု-ဂေါ-မင်-ဖိုလ်-ဖိုလ်-ဖိုလ်-ဘဝင်-
ဘဝင်

မဂ္ဂဝီထိနောက်ဘဝင်ကျ၍ ဘဝင်အစဉ်ပြတ်သောအခါ တစ်ဖန်ပြန်၍ စစ်ဆေးကြည့်ရှုခြင်းဟူသော ဉာဏ်(၅)မျိုး ဆင်ခြင် သည်။

၁။ ရပြီးသောမဂ်ကိုဆင်ခြင်ခြင်း၊
၂။ ရပြီးသောဖိုလ်ကိုဆင်ခြင်ခြင်း၊
၃။ မျက်မှောက်ပြုဖူးသော နိဗ္ဗာန်ကိုဆင်ခြင်ခြင်း၊
၄။ ပယ်ပြီးသော ကိလေသာကိုဆင်ခြင်ခြင်း၊
၅။ ကျန်သော ကိလေသာကိုဆင်ခြင်ခြင်း၊

ဤဆင်ခြင်ခြင်း (ပစ္စဝေက္ခဏာ) ၅-ပါးတွင် (၁)၊ (၂)၊ (၃)တို့သည် မဂ်ရဖူးသူတိုင်းဖြစ်ရမည့် ဓမ္မတာရှိပါသည်။

(၄)နှင့်(၅)သည် တစ်မဂ်နှင့်တစ်မဂ်အချိန်မကြာဘဲ ဆက်၍ တက်သွားသူများအတွက် မဖြစ်ဘဲလည်းရှိနိုင်သည်။ တစ်မဂ်နှင့်တစ်မဂ် မနီးစပ်ဘဲ ရက်၊ လ၊ နှစ်၊ ဘဝအားဖြင့် ကွာခြားနေသူများမှာမူကား ကိလေသာကိုဆင်ခြင်သော (၄)နှင့် (၅)ဉာဏ်တို့သည် ဖြစ်ရမြဲဓမ္မတာ ရှိလေသည်။

သီလဝိသုဒ္ဓိမှစ၍ အားထုတ်ခဲ့ရာ မဂ်ဖိုလ်ရှေ့နားရှိ အနုလုံ သို့ရောက်လျှင် လောကီအောက်ဝိသုဒ္ဓိ(၆)ပါး ပြည့်စုံစေသည်။

သောတာပတ္တိမဂ်၊ သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ်ဟူသော မဂ်လေးပါးသည် ကိလေသာမှာင်ကြွယ်၍ သစ္စာလေးပါးကို ဘိုက်ရိုက်သိသောကြောင့် ဉာဏ်ဒဿနဝိသုဒ္ဓိ မည်ပါသည်။

ပထမအကြိမ်မဂ်ဆိုက်သူကို - သောတာပန်၊
ဒုတိယအကြိမ်မဂ်ဆိုက်သူကို - သကဒါဂါမ်၊
တတိယအကြိမ်မဂ်ဆိုက်သူကို - အနာဂါမ်၊
စတုတ္ထအကြိမ်မဂ်ဆိုက်သူကို - ရဟန္တာ၊

## ပထမမဂ်ဉာဏ် (သောတာပတ္တိ) စိတ်ဆိုက်ပုံ

နိဗ္ဗာန်ကိုအာရုံပြု၍ဖြစ်သော ဂေါတြဘူဇော အခြားမဲ့၌ ထိုနိဗ္ဗာန်ကိုအာရုံပြု၍ ကိလေသာတို့ကို ထိုက်သည့်အားလျော်စွာ ပယ်သတ်လျက် သောတာပတ္တိမဂ်တစ်ကြိမ် ဖြစ်ပါသည်။

ထို့နောက် နိဗ္ဗာန်ကိုပင် အာရုံပြု၍ ကိလေသာတို့ကို တစ်ဖန်ငြိမ်းစေပြီး သောတာပတ္တိဖိုလ်စိတ် နှစ်ကြိမ်-သုံးကြိမ် ဖြစ်ပါသည်။ ထို့နောက် ဝီထိဆုံးသဖြင့် ဘဝင်ကျပါသည်။

ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ၊ မဂ်၊ ဖိုလ်၊ ဇော တို့သည် ဝီထိတစ်ခုတည်းဖြစ်၍ ဆက်ကာဆက်ကာအစဉ်အတိုင်း ဖြစ်ပေါ်လာပါသည်။

ထိုစိတ်အစဉ်အတိုင်းဖြစ်ပေါ်လာပုံ၊ အာရုံပြုပုံမှာ-

| အာရုံ | စိတ် | ခဏ |
|---|---|---|
| ကံ၊ကမ္မ၊ဂတိနိမိတ် | ဘဝင် | ဖြစ်-တည်-ပျက် (ဥပါဒ်၊ ဋ္ဌီဘင်) |
| ။ | ဘဝင်္ဂစလန (လှုပ်သောဘဝင်) | ။ |
| ။ | ဘဝင်္ဂုပစ္ဆေဒ (ပြတ်သောဘဝင်) | ။ |

ဖြစ်ပျက်သင်္ခါရ မနောဒွါရဝဇ္ဇန်း ။
(ဆင်ခြင်သောစိတ်)
။ ပရိကံ ။
။ ဥပစာ ။
။ အနုလုံ ။
နိဗ္ဗာန် ဂေါတြဘူ ။
။ သောတာပတ္တိမဂ် ။
။ သောတာပတ္တိဖိုလ် ။
ကံ၊ကမ္မ၊ဂတိနိမိတ် ဘဝင် ။

ဤဝီထိပုံစံအတိုင်း ပရိကံကိုနှုတ်၍ ဖိုလ်တစ်ကြိမ်တိုးလျှင် သောတာပတ္တိဖိုလ်သုံးကြိမ်ဖြစ်သည်။

ဘဝင်ဟူသမျှသည် ပဋိသန္ဓေစိတ်နှင့်အာရုံတူရသည် ဖြစ်၍ ရှေးဘဝကသေခါနီးတွင် မြင်ရသော ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်တို့တွင် တစ်ပါးပါးကို အာရုံပြုပါသည်။

စိတ်ဟူသမျှသည် ဖြစ်-တည်-ပျက်(ဥပါဒ်၊ ဋ္ဌီ၊ ဘင်) ခဏငယ်သုံးပါးသာ အသက်ရှင်ပါသည်။

ပရိကံ ဥပစာ၊ အနုလုံဟုဆိုအပ်သော အနုလောမဉာဏ် သုံးပါးသည် သင်္ခါရကို အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာတစ်ပါးပါး ဖြင့် အာရုံပြု၍ ကိလေသာတည်းဟူသော အမိုက်မှောင်ကို အသီးသီးပယ်ဖောက်လျက် ဖြစ်ကုန်သည်။

ဂေါတြဘူဉာဏ်သည်ကား ကိလေသာတည်းဟူသော အမိုက်မှောင်ပျောက်ကင်းသဖြင့် ပေါ်လွင်ထင်ရှားလာသော နိဗ္ဗာန် ကို အာရုံပြုသည်။

ဥပမာ-လကိုမြင်လို၍ ကောင်းကင်မော့ကြည့်သည်၊ တိမ်တိုက်တွေက ဖုံးနေသဖြင့် လကိုမမြင်ရ၊ ခဏအကြာတွင် လေသုံးကြိမ်တိုက်ခတ်သဖြင့် အထူ၊ အလတ်၊ အပါးဟူသော တိမ်တိုက်ကြီးသုံးခု လွင့်ပျောက်သွားသဖြင့် လကိုထင်ရှားစွာ မြင်ရသကဲ့သို့ အနုလောမဉာဏ်သုံးပါးဖြင့် အထူ၊ အလတ်၊ အညံ့ ဖြစ်သော ကိလေသာသုံးပါးကို ပယ်ဖျောက်၍ ထင်ရှား ပေါ်လာသော နိဗ္ဗာန်ကို ဂေါတြဘူဉာဏ်က အာရုံပြုပါသည်။

ဤဥပမာတွင် ကိလေသာသုံးပါးသည် တိမ်တိုက်ကြီးသုံးခုနှင့်တူပါသည်။

- နိဗ္ဗာန်သည် လနှင့်တူသည်။
- အနုလောမဉာဏ်သုံးပါးသည် သုံးကြိမ်တိုက်သော လေနှင့်တူသည်။
- ဂေါတြဘူဉာဏ်သည် လကိုကြည့်သောသူနှင့် တူပါသည်။

သုံးကြိမ်တိုက်သောလေသည် တိမ်တိုက်ကိုသာပယ်ဖျက်နိုင်သည်။ လကိုမြင်နိုင်အောင် မတိုက်နိုင်သကဲ့သို့ အနုလောမဉာဏ်(၃)ပါးသည် ကိလေသာကို ပယ်သတ်နိုင်သည်။ နိဗ္ဗာန်ကို မမြင်နိုင်၊ အာရုံမပြုနိုင်ပါ။

လကိုကြည့်သောသူသည် - လ ကိုသာ မြင်နိုင်သည်၊ တိမ်ကိုကား မပယ်ဖျက်နိုင်သကဲ့သို့ ဂေါတြဘူဉာဏ်သည် နိဗ္ဗာန်ကို အာရုံပြုနိုင်သည်။ ကိလေသာကို မပယ်နိုင်ချေ၊ မဂ်၏ ရှေ့ပြေး အာဝဇ္ဇန်းအရာ၌သာ တည်သည်။

မဂ်ဉာဏ်သည်ကား ထိုဂေါ်တြဘူဉာဏ်အာရုံပြုသော နိဗ္ဗာန်ကိုပင် ဆက်လက်၍ အာရုံပြုပြီးလျှင် ကိလေသာတို့ကို ပယ်သတ်ပါသည်။ ဖိုလ်ဉာဏ်သည် ထိုမဂ်ပယ်သတ်ပြီးသော ကိလေသာတို့ကို တစ်ဖန်ငြိမ်းအေးစေပါသည်။

## သောတာပတ္တိမဂ်တောအကျိုး

သောတာပတ္တိမဂ်ရသူကို သောတာပန်ဟုခေါ်သည်၊ အရိယာမဂ်တည်းဟူသော ရေအလျှင်သို့ရောက်သူဟု အဓိပ္ပါယ်ရပါသည်။

အရိယာမဂ်ရေအလျဉ်သို့ရောက်ပြီးဖြစ်၍ ရှေ့တိုးလျှင် နိဗ္ဗာန်တည်းဟူသော သမုဒ္ဒရာသို့ ဝင်ရန်သာရှိပါသည်။

သောတာပတ္တိမဂ်ပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်ဖြစ်ပေါ်နေခိုက်မှုသာဖြစ်သည်။ ထိုမဂ်စိတ်ဖြစ်ပေါ်နေချိန်တွင် ကိလေသာ (၁၀)တွင် ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ကိလေသာကို အကြွင်းမဲ့ပယ်ပါသည်။

ဥဒ္ဓစ္စမှတစ်ပါး ကျန်ကိလေသာများကို အပါယ်ကျရောက်ဖို့ရန် ရန့်ရင်းကြမ်းတမ်းသော သတ္တိလောက်ကိုသာ ပယ်သေးသည်။

အကုသိုလ်စိတ်(၁၂)ပါးတွင် ဒိဋ္ဌိဂတသမ္ပယုတ်စိတ် (၄)ပါးနှင့် ဝိစိကိစ္ဆာ-၁ပါး၊ ပေါင်း-၅ပါးကို အကြွင်းမရှိပယ်ပါသည်။

ဥဒ္ဓစ္စသည် အပါယ်မကျနိုင်သဖြင့် ဥဒ္ဓစ္စသဟဂုတ်စိတ်ကို တို့ရုံမျှမတို့သေးပါ။

ကြွင်းသောအကုသိုလ်စိတ်(၆)ပါးတို့၏ အပါယ်ချနိုင်သော အစွမ်းသတ္တိကိုကား ပယ်ရှားနိုင်ပြီးဖြစ်သည်။

ထို့ကြောင့် သောတာပန်သည် အပါယ်ရောက်စေနိုင်သည့်အမှုများကို မပြုတော့၊ အကုသလကမ္မပထ ဆယ်ပါးတွင် သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်း၊ သူ့သားအိမ်ရာပြစ်မှားခြင်း၊ လိမ်ညာပြောဆိုခြင်း၊ မှားသောအယူရှိခြင်း၊ ဤငါးပါးအကြွင်းမဲ့ပယ်ပါသည်။

သေရက်သောက်ခြင်းသည် အပါယ်လားစေသောကြောင့် သောတာပန်ပုဂ္ဂိုလ်သည် ဘယ်သောအခါမျှ သေရည်မသောက်တော့ပါ၊ သေရည်ကို မသိအောင်ရောတိုက်ပါသော်လည်း ရေသာဝင်သည်၊ အရက်မဝင်ပါ။

## အထင်မှားမှု(၁၂)မျိုး

**ထင်မှတ်မှားမှု(သညာဝိပ္ပလ္လာသ) = ၄ မျိုး**

၁။ မတင့်တယ်သည်ကို တင့်တယ်သည် (အသုဘကိုသုဘ) ဟု ထင်မှတ်ခြင်း၊

၂။ မမြဲသည်ကိုမြဲသည် (အနိစ္စကိုနိစ္စ)ဟု ထင်မှတ်ခြင်း၊

၃။ ဆင်းရဲကိုချမ်းသာခြင်း(ဒုက္ခကိုဒုက္ခ)ဟု ထင်ခြင်း၊

၄။ အစိုးမရအလိုမလိုက်ကို အစိုးရအလိုက်လိုက် (အနတ္တကို အတ္တ)ဟု ထင်ခြင်း၊

**သိမြင်မှားမှု (စိတ္တဝိပ္ပလ္လာသ) ၄ မျိုး**

၁။ မတင့်တယ်သည်ကို တင့်တယ်သည်ဟု သိမြင်ခြင်း၊

၂။ မမြဲသည်ကို မြဲသည်ဟု သိမြင်ခြင်း၊

၃။ ဆင်းရဲကို ချမ်းသာသည်ဟု သိမြင်ခြင်း၊

၄။ အစိုးမရအလိုက်မလိုက်သည်ကို အစိုးရအလိုက်လိုက်သည်ဟု သိမြင်ခြင်း၊

**အယူစွဲမှားခြင်း (ဒိဋ္ဌိဝိပ္ပလ္လာသ) ၄ မျိုး**

၁။ မတင့်တယ်သည်ကို တင့်တယ်သည်ဟု အမြဲအစွဲအယူမှားခြင်း၊

၂။ မမြဲသည်ကို မြဲသည်ဟု အမြဲအစွဲအယူမှားခြင်း၊

၃။ ဆင်းရဲကို ချမ်းသာသည်ဟု အမြဲအစွဲအယူမှားခြင်း၊

၄။ အစိုးမရမလိုမလိုက်သည်ကို အစိုးရအလိုလိုက်သည်ဟု အမြဲအစွဲအယူမှားခြင်း

ဤသညာ၊ စိတ္တ၊ ဒိဋ္ဌိဟု ဆိုအပ်သော အထင်မှားမှုတို့သည် တစ်ခုထက်တစ်ခု ပိုမိုပြင်းထန်အားကြီးကြပါသည်။

ထို(၁၂)ပါးသော အထင်မှားမှုတို့တွင် သောတာပတ္တိမဂ်ရသောပုဂ္ဂိုလ်သည်-

၁။ အစွဲအယူမှားမှု(ဒိဋ္ဌိဝိပ္ပလ္လာပ) ၄-မျိုး

၂။ အစိုးရသည်၊ အလိုသို့လိုက်သည် (အတ္တ)ဟု သိမြင်ခြင်း၊

၃။ မြဲသည်ဟု မသိမြင်ခြင်း၊

၄။ မြဲသည်ဟု ထင်မှတ်မှားမှု၊

၅။ အစိုးရသည်၊ အလိုသို့လိုက်သည်ဟု ထင်မှတ်မှားမှု

ဟူသော(၈)မျိုးကို အကြွင်းမဲ့ပယ်သတ်ပါသည်။

သောတာပန်ပုဂ္ဂိုလ်သည်-

- ငါဟူ၍လည်းကောင်း၊
- သတ္တဝါဟူ၍လည်းကောင်း၊
- မြဲသည်ဟူ၍လည်းကောင်း၊

ဘယ်သောအခါမျှ မမှတ်တော့ချေ။

အကျင့်သီလ ဝိနည်းသိက္ခာပုဒ်များကို-

ရှက်သောကြောင့်လည်းကောင်း၊

ကြောက်သောကြောင့်လည်းကောင်း၊

အားနာသောကြောင့်လည်းကောင်း၊

ဥစ္စာအသက်ဟူသော အကြောင်းကြောင့်လည်းကောင်း၊

ယုတ်စွအဆုံး ဒုက္ကဋ်အာပတ်-ဒုဗ္ဘာသိအာပတ်ငယ်များပင် ဖြစ်သော်လည်း သီလျက်နှင့်မလွန်ကျူးကြပါချေ။

သောတာပန်ပုဂ္ဂိုလ်အား-

- တင့်တယ်ခြင်းဟူသော အထင်မှားမှု၊
- ချမ်းသာသည်ဟူသော စိတ်သိမြင်မှု၊

ဟူသော ဝိပ္ပလ္လာသတရားများ ရှိနေသေးသောကြောင့် လူတို့၏ စည်းစိမ်ချမ်းသာ၊ နတ်တို့၏စည်းစိမ်ချမ်းသာကို ခံစားကြသေးသည်။

သောတာပတ္တိမဂ်သည်-

- သံသရာဝဋ်ဒုက္ခဟူသော သမုဒ္ဒရာကြီးကို ခန်းခြောက်စေပါသည်။
- အပါယ်လေးပါးပိတ်သည်၊
- ခုနစ်ပါးသော အရိယာဥစ္စာကိုရသည်၊
- မိစ္ဆာမဂ် ရှစ်ပါးကို ပယ်သည်၊

- ခပ်သိမ်းသောဘေးရန်ကင်းငြိမ်းသည်၊
- ဘုရားရှင်၏ သားတော်အစစ်ဖြစ်ရတော့သည်၊
- သုဂတိဘဝဖြစ်သော သံသရာဒုက္ခမီးကြီးသည် ခုနစ်ဘဝထက်ပို၍ မတောက်လောင်နိုင်တော့ပြီ။ ခုနစ်ဘဝစေ့က ကောန်မုချ ဇာတ်သိမ်းမည်။

(ယခုရှိနေသော သိကြားမင်း၊ အနာထပိဏ်သူဌေး၊ ဝိသာခါ စသည့်ပုဂ္ဂိုလ်တို့သည် သောတာပန်များဖြစ်ကြ၍ အောက်အပါယ်သို့ မကျတော့ဘဲ တာဝတိံသာဘုံ၌ အနှစ်သုံးကုဋေခြောက်သန်းနေပြီးမှ အနာဂါမ်မဂ်ကိုရ၍ သုဒ္ဓါဝါသငါးဘုံ၌ ဘုံစဉ်စံ၍ ကမ္ဘာပေါင်းသုံးသောင်း တစ်ထောင့်စေ့သောအခါ နိဗ္ဗာန်ကို ရောက်ကြမည်)

သောတာပန်ပုဂ္ဂိုလ်ဖြစ်ရခြင်းသည်ကား အလွန်ကြီးမြတ်သော အကျိုးကျေးဇူးရှိပေသည်သာ။

## သောတာပန်ဖြစ်ကြောင်းအင်္ဂါ(၄)ပါး

၁။ မင်္ဂလိုလ်လမ်းပြသော သူတော်ကောင်းနှင့်ပေါင်းဖော်ရမှု (သပ္ပုရိသသံသေဝ)

၂။ ခန္ဓာနာမ်ရုပ်သူတော်ကောင်းတရားနာကြားရမှု (သဒ္ဓမ္မ သဝန)

၃။ မင်္ဂလိုလ်ရကြောင်းကျင့်မှု(ဓမ္မာနုဓမ္မ)

၄။ ရုပ်နာမ်၌ မှန်ကန်စွာ နှလုံးသွင်းမှု (ယောနိသောမန သိကာရ)၊

(နိဒါနဝဂ္ဂသံယုတ်)

## သောတာပန်ပုဂ္ဂိုလ်အင်္ဂါ(၄)ပါး

၁။ ဘုရား၌ မတုန်မလှုပ်ကြည်ညိုခြင်း၊

၂။ တရား၌ မတုန်မလှုပ်ကြည်ညိုခြင်း၊

၃။ သံဃာ၌ မတုန်မလှုပ်ကြည်ညိုခြင်း၊

၄။ အသက်သာသေပါစေ သီလမညစ်နွမ်းစေခြင်း၊
(မဟာဝဂ်သံယုတ်ပါဠိ)

## သောတာပန်ပုဂ္ဂိုလ်(၄)မျိုး

၁။ စူဠသောတာပန် - ကင်္ခါဝိတရဏဝိသုဒ္ဓိစခန်းသို့ ရောက်ပြီး ဒိဋ္ဌိ၊ ဝိစိကိစ္ဆာတို့ကို အစော်များစွာ ပယ်ပြီးသူ၊

၂။ သတ္တက္ခတ္တုပရမ သောတာပန် - သောတာပတ္တိမဂ်ရပြီးနောက် ကာမဘုံ၌ ခုနစ်ကြိမ်သာ ပဋိသန္ဓေ နေနိုင်သူ၊

၃။ ကောလံကောလ သောတာပန် - ကာမဘုံ၌ နှစ်ကြိမ်မှ ခြောက်ကြိမ် တိုင်အောင် အမျိုးကောင်းတစ်မျိုးမှ အမျိုးကောင်းတစ်မျိုးသို့ ပြောင်း၍ ပဋိသန္ဓေနေနိုင်သူ၊

၄။ ဧကဗီဇသောတာပန် - ကာမဘုံ၌ ပဋိသန္ဓေမျိုးစေ့ တစ်ကြိမ်သာရှိသူ

တစ်ဖန်သောတာပန်ပုဂ္ဂိုလ်ကို သတ္တက္ခတ္တုပရမသောတာပန်၊ ကောလံကောလသောတာပန်၊ ဧကဗီဇသောတာပန်(၃)မျိုးကို ပဋိသမ္ဘိဒါဉာဏ်လေးဖြာအမျိုးအစားနှင့် ခွဲပါက (၃×၄)=၁၂-

မျိုးရှိပါသည်။ ယင်း(၁၂)မျိုးကို သဒ္ဒါစုရ၊ ပညာစုရနှစ်ပါးနှင့် မြှောက်ပါက (၂×၁၂)=၂၄ မျိုးရပါသည်။

## ပဋိသမ္ဘိဒါ(၄)မျိုး

အရိယာသာဝကကြီးများ ခွဲခြားသိသော ဉာဏ်လေးမျိုးဟု ခေါ်သည်။

၁။ အတ္ထပဋိသမ္ဘိဒါ - အကြောင်းကြောင့် ဖြစ်ပေါ်လာသော အကျိုးတရားစု၊ နိဗ္ဗာန်၊ ပါဠိတော်၏ အနက်သဘော၊ ဝိပါက်စိတ်၊ ကြိယာစိတ် ဤငါးပါးတရားစုကို သိခြင်း၊

၂။ ဓမ္မပဋိသမ္ဘိဒါ - အကျိုးကိုဖြစ်စေသော အကြောင်းဟူသမျှ အရိယာမဂ်လေးပါး၊ ပါဠိတော် အစဉ်ကုသိုလ်၊ အကုသိုလ်၊ ယင်းငါးပါး တရားစုကို ရရှိသိခြင်း၊

၃။ နိရုတ္တိပဋိသမ္ဘိဒါ - ဆိုခဲ့သော အတ္ထငါးမျိုး၊ ဓမ္မငါးမျိုးတို့နှင့်ဆိုင်ရာ သဒ္ဒါ၊ ပုဒ်၊ ပါဠိ ဆယ်ပါးတို့ကို ကျွမ်းကျင်နားလည်မှု၊

၄။ ပဋိဘာနပဋိသမ္ဘိဒါ - ဆိုခဲ့ပြီးသော ပဋိသမ္ဘိဒါ ၃-ပါးလုံးကို ထူးထွေ(သဗ္ဗတ္ထကပဋိသမ္ဘိဒါ-) ကွဲပြားပိုင်းခြားဝေဖန်၍ သိသောဉာဏ်၊

## သံသရာဒုက္ခသမုဒ္ဒရာကြီးခန်းခြောက်လေပြီ

သောတာပတ္တိမဂ်ကိုရသောပုဂ္ဂိုလ်သည် သံသရာဒုက္ခမီးကြီး တစ်ခါတည်း အငြိမ်းငြိမ်းပါတော့သည်။

သံသရာဒုက္ခကြီးခန်းခြောက်ပုံမှာ- ယူဇနာပေါင်းနှစ်သိန်းလေးသောင်းအထုရှိသော ဤမဟာပထဝီမြေကြီးကို ဆီးစေ့ခန့်မျှအလုံးကလေးများပြုလုပ်၍-

- ဤကား ယခုဘဝ၌ ငါ၏အဖေ၊
- ဤကား ရှေးဘဝက ငါ၏အဖေတည်းဟု တစ်လုံးတစ်လုံး ပစ်ချလျက် ရှေးကဖြစ်ခဲ့ဖူးသော မိမိ၏ အဖေအစဉ်အဆက်ကို ရေတွက်လျှင် မြေကြီးသာကုန်သွားဖွယ်ရာရှိပါသည်။ အဖအစဉ်အဆက်ကား မကုန်နိုင်ပါ။ အလားတူ အမိအစဉ်အဆက်လည်း မကုန်နိုင်ရာ။

ထို့ပြင် အလျား၊ အထု၊ အကျယ်၊ အမြင့် တစ်ယူဇနာစီရှိသော ကျောက်တောင်ကြီးကို အနှစ်တရာရှိမှ တစ်ကြိမ်-တစ်ကြိမ်လာ၍ အလွန်နူးညံ့သော အဝတ်နှင့်ပွတ်တိုက်လျှင် ကာလရှည်ကြာသော် ဤကျောက်တော်ကြီးသာ ကွာကျကုန်ဆုံးဖွယ်ရာရှိပါသည်။ ကမ္ဘာကြီးတစ်ခုကား မကုန်နိုင်ရာ။

အမြင့်အကျယ်တစ်ယူဇနာစီရှိသော ထံတိုင်းကြီးအတွင်း၌ အပြည့်အသိပ် ရှိနေသော မုန်ညင်းစေ့များကို အနှစ်တစ်ရာမှ တစ်ကြိမ်-အနှစ်တစ်ရာမှာ တစ်ကြိမ်လာ၍ တစ်စေ့ချင်းယူပြီး ထုတ်ပစ်ရာ ကာလရှည်ကြာသော် မုန်ညင်းစေ့သာ ကုန်ဖွယ်ရာရှိပါသည်။

ကမ္ဘာမြေကြီးတစ်ခုတစ်ခုသည် ညှိမှုရှည်ကြာပါသည်။ သတ္တဝါတစ်ယောက်-တစ်ယောက်မှာ ညှိမှုလောက် ရှည်ကြာသော ကမ္ဘာကြီးပေါင်း မရေမတွက်နိုင်အောင် ကုန်လွန်ဖြစ်ပျက်ခဲ့ရလေပြီ။

ဂင်္ဂါမြစ်ကြီးတစ်ခုလုံး၌ရှိသော သဲမှုန်အစုတို့သည် ညှိရေ့ ညှိမှုရှိသည်ဟု မရေမတွက်နိုင်အောင် များပြားလှသော်လည်း သတ္တဝါတစ်ယောက်-တစ်ယောက် ကျင်လည်ခဲ့ရသော ကမ္ဘာကြီးများကား ညှိဂင်္ဂါမြစ်တစ်ခုလုံး၌ရှိသော သဲမှုန်တွေထက် အဆတစ်ရာမက များပြားလှပါသည်။

သတ္တဝါတစ်ယောက်-တစ်ယောက် ကျင်လည်ဖြစ်ပျက်ခဲ့ရသော သံသရာကြီးသည် ညှိသို့အဆုံးမရှိ ရှည်လျားလှပါသည်။

ညှိမှုရှည်လျားသော သံသရာကြီးဝယ် ကျင်လည်ခဲ့ရသော သတ္တဝါတို့မှာ အန္တရာယ်အမျိုးမျိုး၊ အနာရောဂါအမျိုးမျိုး ဘေးရန်အမျိုးမျိုး၊ ဆင်းရဲဒုက္ခအမျိုးမျိုး၊ အိုခြင်းအမျိုးမျိုး၊ နာခြင်းအမျိုးမျိုး၊ သေခြင်းအမျိုးမျိုး၊ တိရစ္ဆာန်အမျိုးမျိုး၊ အသူရကာယ်အမျိုးမျိုး၊ ပြိတ္တာအမျိုးမျိုး၊ ငရဲအမျိုးမျိုးတို့ကို ကြိမ်ဖန်များစွာ ခံစားတွေ့ကြုံခဲ့ရပါသည်။

ညှိမှုရှည်လျားလှသော သံသရာကြီးဝယ် ချစ်သောသူနှင့် ကွေကွင်းရခြင်း၊ မချစ်သောသူနှင့်ပေါင်းသင်းရခြင်း၊ ဝမ်းနည်းပူဆွေး ငိုကြွေးခဲ့ရသော တစ်ယောက်သောသူတို့၏ မျက်ရည်ပေါက်တို့သည် သမုဒ္ဒရာလေးစင်း၌ရှိသော ရေထက်များကုန်ပြီ။

ထိုမှတစ်ပါး အမိအဖ၊ ညီအစ်ကိုမောင်နှမ၊ ဆွေမျိုးသားချင်းများ စသည် သေချင် ငိုခဲ့ရသောမျက်ရည်တို့သည်လည်း သမုဒ္ဒရာလေးစင်းမက ရှိလေပြီ။

ဤမျှရှည်လျားသော သံသရာကြီးထဲဝယ် ဖြစ်ပျက်ခဲ့ရသော သတ္တဝါတစ်ယောက်၏ သူငယ်ကလေးဖြစ်၍ သောက်စို့ခဲ့ရသော နို့ရည်တို့သည် သမုဒ္ဒရာလေးစင်းမကရှိလေပြီ။

ထို့အတူ သတ္တဝါတစ်ယောက် လူဖြစ်၊ နွားဖြစ်၊ ကျွဲဖြစ်၊ သိုးဖြစ်၊ ဆိတ်ဖြစ်၊ ဝက်ဖြစ်၊ ကြွက်ဖြစ်၍ ဦးခေါင်းအဖြတ်ခံရသဖြင့် ယိုစီးထွက်သော သွေးပေါက်တို့သည် သမုဒ္ဒရာလေးစင်းမက များပြားလှသည်။

ကမ္ဘာကြီးတစ်ခု-တစ်ခုဖြစ်၍ သေခဲ့ရသဖြင့် ကြွင်းကျန်ရစ်ခဲ့သော အရိုးစု-အရိုးပုံကြီးသည် ဝေပုလ္လတောင်လောက်ပင် ရှိပါသည်။

အနမတဂ္ဂသံသရာဖြစ်ပျက်၍ ကျန်ရစ်ခဲ့သော အရိုးတွေကို စုပုံထားပါက သတ္တဝါတစ်ယောက်-တစ်ယောက်၏ အရိုးစုအပုံကြီးသည် အတိုင်းမသိအလွန်ကြီးကျယ်များပြားလှပါသည်။

သတ္တဝါအားလုံးတို့သည် အလွန်ရှည်လျားလှသော အနမတဂ္ဂသံသရာတစ်လျှောက်လုံး မရေတွက်နိုင်သော ဘဝတို့၏ အမျိုးမျိုးသော ဆင်းရဲတို့ကို ကြိမ်ဖန်များစွာ ခံစားတွေ့ကြုံခဲ့ရပါသည်။ မဂ်ဖိုလ်မရသေးသမျှ နောင်လည်းတွေ့ကြုံခံစားကြရဦးမည်သာ ဖြစ်ပါသည်။

သောတာပတ္တိမဂ်ကိုရသောအခါဝယ် အပါယ်လေးပါးဟူသော သံသရာဆင်းရဲမီးကြီး တစ်ခါတည်းအပြီးငြိမ်းရပါတော့သည်။

သုဂတိဘဝ၌ဖြစ်သော သံသရာဒုက္ခမီးကြီးသည်လည်း ခုနစ်ဘဝထက်ပိုလွန်၍ မတောက်လောင်နိုင်တော့ပြီ။

ထို့ကြောင့် သောတာပတ္တိမဂ်သို့ရောက်ခြင်းသည် အနာဂတ်သံသရာတည်းဟူသော သမုဒ္ဒရာကြီးကို ခန်းခြောက်ပျောက်စေရသည်သာ ဖြစ်ပါတော့သည်။

## ဒုတိယမဂ်ဉာဏ်(သကဒါဂါမိမဂ်ဉာဏ်)ဆိုက်ပုံ

မဂ်စိတ်ဟူသည် ဥပါဒ်၊ ဋ္ဌီ၊ ဘင်၊ အားဖြင့် တစ်ကြိမ်တည်းသာ ဖြစ်သည်။ အဖန်ဖန်ဖြစ်ခြင်းမရှိ၍ မဂ်စိတ်ဖြစ်ဆဲအခိုက်အတန့်ကိုပင် မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်ဟုခေါ်သည်။

သောတာပတ္တိဖိုလ်၌တည်သော သောတာပန်ပုဂ္ဂိုလ်သည်

- ယခုဘဝတွင် အထက်မဂ်ကို ရလတ့ံသောပုဂ္ဂိုလ်
- နောက်ဘဝမှ ရလတ့ံသောပုဂ္ဂိုလ်

ဟူ၍ရှိရာ ထိုအလုံးစုံသော သောတာပန်ပုဂ္ဂိုလ်တို့အား အထက်မဂ်ကိုရစေရန် သင်္ခါရုပေက္ခာဉာဏ်တိုင်အောင် အဖန်ဖန်အား‌ထုတ်ရသည်။

သကဒါဂါမိမဂ်ဖြစ်ကာနီးတွင် သင်္ခါရကိုလက္ခဏာတစ်ပါးပါးဖြင့် ရှုမှတ်လျက် ဝိပဿနာဇောဝီထိဖြစ်၍ ဘဝင်ကျလေသည်။

ထို့နောက် နိဗ္ဗာန်ကိုအာရုံပြုပြီး သခ်ါရကို အနိစ္စ, ဒုက္ခ, အနတ္တလက္ခဏာတစ်ပါးပါးဖြင့် အာရုံပြုလျက် မနောဒွါရဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံတို့သည် အစဉ်အတိုင်းဖြစ်ကြပါသည်။

ထို့နောက် နိဗ္ဗာန်ကိုအာရုံပြုပြီး ပုထုဇဉ်အနွယ်ကို သတ်ဖြတ်လျက် အရိယာအနွယ်ကို တိုးပွားကြီးပွားစေတတ်သော ကိစ္စမရှိတော့သည့်အတွက် ဂေါတြဘူအမည်မဖြစ်တော့ဘဲ ကိလေသာအညစ်အကြေးတို့ကို အထူးစင်ကြယ်ဖြူစင်တတ်သည် ဖြစ်၍ (ဝေါဒါန်)ဟူသော အမည်ဖြင့်သာ ဖြစ်လာပါသည်။

ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဝေါဒါန်၊ မဂ်၊ ဖိုလ်၊ ဖိုလ်ဟု သကဒါ ါမိဖိုလ်ဇောတစ်ကြိမ်ဖြစ်လျှင် ဘဝင်ကျသောအားဖြင့် အနား( )သည်။

ဖိုလ်ဇောဇောရာတွင် -

- ပညာနုံ့နည်းသူ(မန္ဒပုဂ္ဂိုလ်)နှစ်ကြိမ်
- ပညာထက်မြက်သူ(တိက္ခပုဂ္ဂိုလ်)သုံးကြိမ် အားဖြင့်

ထိုက်သလိုဇောကြပါသည်။

သကဒါဂါမိမဂ်ဝီထိတို့၏ ဖြစ်ပျက်ပုံ အာရုံပြုပုံမှာ-

| **အာရုံ** | **နိမိတ်** | **အကာ** |
|---|---|---|
| ကံ၊ကမ္မ-ဂတိနိမိတ် | ဘဝင် | ဥပါဒ်၊ ဌီ၊ ဘင် |
| ။ | ဘဝင်္ဂစလန | ။ |
| ။ | ဘဝင်္ဂုပစ္ဆေဒ | ။ |
| သခ်ါရ | မနောဒွါရဝဇ္ဇန်း | ။ |
| ။ | ပရိကံ | ။ |
| ။ | ဥပစာရ | ။ |
| ။ | အနုလုံ | ။ |

| | | |
|---|---|---|
| နိဗ္ဗာန် | ဝေါဒါန် | ॥ |
| ॥ | သကဒါဂါမိမဂ် | ॥ |
| ॥ | သကဒါဂါမိဖိုလ် | ॥ |
| ॥ | သကဒါဂါမိဖိုလ် | ॥ |
| နိမိတ် | ဘဝင် | ॥ |

## သကဒါဂါမ်ပုဂ္ဂိုလ်အမျိုးအစား

ကာမဘုံ၌တစ်ကြိမ်သာ ပဋိသန္ဓေနေသူ (သို့မဟုတ်) မိမိ မဂ်ရရာဘုံ၌ တစ်ကြိမ်သာ ပဋိသန္ဓေနေသူ(၆)ဦး ရှိသည်။

၁။ ဤလူ့ပြည်၌ သကဒါဂါမ်ဖြစ်ပြီး ဘဝမခြားဘဲ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်စံဝင်သူ၊

၂။ လူ့ပြည်မှာ သကဒါဂါမ်ဖြစ်ပြီး ဒုတိယနတ်ပြည်၌ ပဋိသန္ဓေနေပြီး ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်စံဝင်သူ၊

၃။ နတ်ပြည်၌ သကဒါဂါမ်ဖြစ်ပြီး ထိုနတ်ပြည်မှာပင် ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်စံဝင်သူ၊

၄။ နတ်ပြည်၌ သကဒါဂါမ်ဖြစ်ပြီး ဒုတိယလူ့ပြည်၌ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်စံဝင်သူ၊

၅။ လူ့ပြည်၌ သကဒါဂါမ်ဖြစ်၊ ဒုတိယနတ်ပြည်၌ဖြစ်၊ တတိယလူ့ပြည်ပြန်ဖြစ်ပြီး ရဟန္တာဖြစ်ကာ ပရိနိဗ္ဗာန်စံဝင်သူ၊

၆။ နတ်ပြည်၌ သကဒါဂါမ်ဖြစ်၊ ဒုတိယလူ့ပြည်၌ဖြစ်၊ တတိယနတ်ပြည်ပြန်ဖြစ်ပြီး ရဟန္တာဖြစ်ကာ ပရိနိဗ္ဗာန်စံဝင်သူ၊

## သက္ကာယဒိဋ္ဌိ(၃)မျိုး (၁၂)မျိုး

၁။ ဧကဗီဇသက္ကာယဒိဋ္ဌိ = တစ်ကြိမ်သာ ပဋိသန္ဓေနေပြီး ကျွတ်သော သက္ကာယဒိဋ္ဌိ၊

၂။ ဒွိဗီဇသက္ကာယဒိဋ္ဌိ = နှစ်ကြိမ် ပဋိသန္ဓေနေပြီး ကျွတ်သော သက္ကာယဒိဋ္ဌိ၊

၃။ ဘုံစဉ့်စံသက္ကာယဒိဋ္ဌိ = တစ်ဘဝပြီးတစ်ဘ နိဗ္ဗာန်ရသည်အထိ မြင့်မြတ်သော သက္ကာယဒိဋ္ဌိ၊

ဤသက္ကာယဒိဋ္ဌိမှ ပုဂ္ဂိုလ်(၃)မျိုးနှင့် ပဋိသမ္ဘိဒါ(၄)မျိုးနှင့် မြှောက်ပါက သက္ကာယဒိဋ္ဌိ(၃×၄×=၁၂)မျိုးရပါသည်။

## သက္ကာယဒိဋ္ဌိဝင်ဖြတ်ပေါ်သောသောအကျိုး

သက္ကာယဒိဋ္ဌိမဂ်ဓော်ဖြစ်ပေါ်လာသောအခါ -

- ကာမ၊ ပဋိဃ-ဟူသော ကိလေသာနှစ်ပါး တနုကရ အားဖြင့် ခေါင်းပါးအားလျော့သွားပေသည်။
- အများဆုံးတစ်ဘဝသာ ပဋိသန္ဓေ၏အခွင့်ဖြင့် ကာမ သုဂတိမနုဿဘုံ၌ဖြစ်ရပြီး အသက်ရူပ-အရူပဘုံ၌ သာ ဖြစ်သည်။
- အပါယ်လေးဘုံ၌ လုံးဝမဖြစ်ရတော့ချေ။
- ဤကိလေသာများ ချုပ်ပြတ်သည်နှင့်အမျှ ဆိုင်ရာ သင်းရဲတရားတို့ ဖြစ်ခြင်းဟူသော မကောင်းကျိုးများ ကုန်ဆုံး ချုပ်ပြတ်သွားပါတော့သည်။

## တတိယမဂ်ဉာဏ်(အနာဂါမိမဂ်ဉာဏ်)ဆိုက်ပုံ

သကဒါဂါမိဖိုလ်ကိုရပြီးသော သကဒါဂါမိပုဂ္ဂိုလ်သည် အထက်မဂ်ကိုရစေရန် သင်္ခါရုပေက္ခာဉာဏ်ဖြင့် သင်္ခါရတို့ကို အနိစ္စ, ဒုက္ခ, အနတ္တလက္ခဏာတစ်ပါးပါးဖြင့် ဝိပဿနာရှုသော် အနာဂါမိမဂ်ဝီထိ ဖြစ်ပေါ်လာပါသည်။

အနာဂါမိမဂ်ဝီထိဖြစ်ပုံမှာ-

| **အာရုံ** | **နိမိတ်** | **အကာ** |
|---|---|---|
| ကံ၊ကမ္မ-ဂတိနိမိတ် | ဘဝင် | ဥပါဒ်၊ ဌီ၊ ဘင် |
| ။ | ဘဝင်္ဂစလန | ။ |
| ။ | ဘဝင်္ဂုပစ္ဆေဒ | ။ |
| သင်္ခါရ | မနောဒွါရာဝဇ္ဇန်း | ။ |
| ။ | ပရိကံ | ။ |
| ။ | ဥပစာရ | ။ |
| ။ | အနုလုံ | ။ |
| နိဗ္ဗာန် | ဝေါဒါန်(ဂေါတြဘူ) | ။ |
| ။ | အနာဂါမိမဂ် | ။ |
| ။ | အနာဂါမိဖိုလ် | ။ |
| ။ | အနာဂါမိဖိုလ် | ။ |
| နိမိတ် | ဘဝင် | ။ |

## အနာဂါမိပုဂ္ဂိုလ်(၅)မျိုး

၁။ အသက်အပိုင်းအခြားအလယ်၌သာလျှင် ပရိနိဗ္ဗာန်ပြု သော အနာဂါမ်

၂။ အသက်အပိုင်းအခြားအလယ်ကိုလွန်၍ ပရိနိဗ္ဗာန်ပြုသော အနာဂါမ်

၃။ ချမ်းသာစွာ ပရိနိဗ္ဗာန်ပြုသော အနာဂါမ်

၄။ ပင်ပန်းဆင်းရဲစွာ ပရိနိဗ္ဗာန်ပြုသော အနာဂါမ်

၅။ အထက်ထက်သော ဘုံစဉ်၌တပ်သော အယာဉ်ဖြင့် အကနိဋ္ဌဘုံသို့ရောက်သော အနာဂါမ်

## အနာဂါမိဓင်ရသောအကျိုး

အနာဂါမိမဂ်ကိုရလာသောပုဂ္ဂိုလ်သည် ကာမတဏှာနှင့် ဒေါသတို့ကို အကြွင်းမဲ့ပယ်သတ်ပါသည်။

- အသုဘကို သုဘဟုထင်သော ဖောက်ပြန်သောအမှတ်များမှု၊ သညာဝိပ္ပလ္လာသစိတ်၊ အမြင်များမှု စိတ္တဝိပ္ပလ္လာသ နှစ်ပါးကို ပယ်ပါသည်။

- သို့အတွက် အနာဂါမ်ပုဂ္ဂိုလ်အား အမျက်ထွက်ခြင်း၊ စိုးရိမ်ပူဆွေးငိုကြွေးခြင်း၊ ကာမဂုဏ်တရားတို့ကို ခံစားခြင်း၊ ကာမဂုဏ်တရားတို့၌ ပျော်မွေ့ခြင်းမရှိတော့ချေ။

- ဒုက္ခကို သုခဟုထင်မှတ်မှု (သညာဝိပ္ပလ္လာသစိတ်)အမြင် (စိတ္တဝိပ္ပလ္လာသ)တရားများရှိနေသေး၍ သင်္ခါရကို ချမ်းသာသည်ဟု ထင်မြင်နေ၍ ရူပဘုံ-အရူပဘုံတို့၌ တပ်နှစ်သက်သော ရူပတဏှာ၊ အရူပတဏှာတို့သည် အနာဂါမ်ပုဂ္ဂိုလ်တို့၌ ဖြစ်ကြလေသည်။

- ဇျာပါဒ၊ ပိသုဏာဝါစာ၊ ဖရုသဝါစာ၊ ဤသုံးပါးကို ပယ်၍ ကမ္မပထမြောက် သိမ်မွေ့သော သမ္ဖပ္ပလာပ၊ အဘိဇ္ဈာတို့ ကား ရှိပါသေးသည်။
- ဆယ်ပါးသီလအလိုလိုမြဲပြီး သေယျှင်ကာမဘုံ၌ မဖြစ် ရတော့ဘဲ ဗြဟ္မာ့ဘုံသို့သာ ရောက်ရပါသည်။

## အနာဂါမ်ပုဂ္ဂိုလ်၌တည်ရှိသောအင်္ဂါ(၆)ပါး

အနာဂါမ်ပုဂ္ဂိုလ်ဟူသမျှသည်-

၁။ မဆုတ်မနစ်သော သဒ္ဓါတရားရှိခြင်း၊

၂။ မကောင်းမှုဒုစရိုက်တို့၌ လွန်စွာရှက်ခြင်း၊

၃။ မကောင်းမှုဒုစရိုက်တို့၌ လွန်စွာကြောက်ခြင်း၊

၄။ လွန်ကဲသော ဝီရိယရှိခြင်း၊

၅။ သတိတရား လွန်စွာကောင်းခြင်း၊

၆။ ပညာအဆင်အခြင် လွန်စွာရှိခြင်း

ဟူသော အင်္ဂါ(၆)ပါးနှင့် ပြည့်စုံကြပါသည်။

## စတုတ္ထမဂ်ဉာဏ်(အရဟတ္တမဂ်ဆိုက်ပုံ)

အနာဂါမိမဂ်ကို ရရှိပြီးသော အနာဂါမ်ပုဂ္ဂိုလ်သည် အထက်မဂ်ကိုရစေရန် သင်္ခါရုပေက္ခာဉာဏ်ဖြင့် သင်္ခါရကို အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာတစ်ပါးပါးဖြင့် ဝိပဿနာရှုပြန်သော် အရဟတ္တမဂ်ဝီထိ ဖြစ်ပေါ်လာပြန်ပါသည်။

အရဟတ္တမဂ်အသရုံဖြူပုံမှာ-

| အာရုံ | နိမိတ် | အကာ |
|---|---|---|
| ကံ၊ ကမ္မ-ဂတိနိမိတ် | ဘဝင် | ဥပါဒ်၊ ဌီ၊ ဘင် |
| ။ | ဘဝင်္ဂစလန | ။ |
| ။ | ဘဝင်္ဂုပစ္ဆေဒ | ။ |
| သင်္ခါရ | မနောဒွါရဝဇ္ဇန်း | ။ |
| ။ | ပရိကံ | ။ |
| ။ | ဥပစာရ | ။ |
| ။ | အနုလုံ | ။ |
| နိဗ္ဗာန် | ဝေါဒါန်(ဂေါတြဘူ) | ။ |
| ။ | အရဟတ္တမဂ် | ။ |
| ။ | အရဟတ္တဖိုလ် | ။ |
| ။ | အရဟတ္တဖိုလ် | ။ |
| နိမိတ် | ဘဝင် | ။ |

## ရဟန္တာနှင့် သန္တိသုခနိဗ္ဗာန်

အရဟတ္တမဂ်သို့ရောက်ပြီးသော ရဟန္တာပုဂ္ဂိုလ်တို့အား-

- ကိလေသာအကုသိုလ်တရားတို့သည် မည်သည့်အခါမျှ မဖြစ်ကြကုန်။
- သင်္ခါရကို ဒုက္ခဟု အမှန်သိသဖြင့် ဘုံသုံးပါး၊ အလုံးစုံသော သင်္ခါရတရားတို့၌ အနည်းငယ်မျှ သာယာနှစ်သက်ခြင်း မရှိကုန်၊
- ဘုံသုံးပါးမှထွက်မြောက်ရာ သင်္ခါရတို့ချုပ်ငြိမ်းရာ နိဗ္ဗာန်သို့သာ အမြဲညွှတ်ကိုင်းသောစိတ်ရှိကြသည်။

- အကျိုးစီးပွားနှင့်မစပ်သော သိမ်ဖျင်းသောစကားကို လည်း မပြောဆိုကြကုန်၊
- မည်သည့်ဝတ္ထုပစ္စည်း အစာအာဟာရကိုမျှ သာယာ နှစ်သက်ခြင်းမရှိကုန်။
- သံပုရာသီး၊ မန်ကျည်းသီး စသည်တို့ကို တွေ့မြင် သော်လည်း ခံတွင်းပါးစောင်းမှ သွားရည်ယိုခြင်း မရှိကုန်။
- ခြင်္သေ့၊ ဆင်၊ ကျား၊ သရဲ၊ ဘီလူး စသော ဘေးရန် တို့နှင့်တွေ့ကြုံသော်လည်း ကြောက်ရွံ့တုန်လှုပ်ခြင်း မရှိကုန်၊
- ရှေးကပြုခဲ့သော ကုသိုလ်ကံ-အကုသိုလ်ကံတို့သည် အဝိဇ္ဇာ-တဏှာတည်းဟူသော အထောက်အပံ့ကို မရသဖြင့် နောင်ဘဝသစ်၌ ပဋိသန္ဓေအကျိုးကို မပေးတော့ဘဲ အဟောသိကံဖြစ်ကုန်သည်။
- ရဟန္တာဖြစ်ပြီးမှ ပြုလုပ်သော ဒါန,သီလ,ဘာဝနာ တို့သည်လည်း အကျိုးမပေးတော့၍ ပြုကာမတ္တမျှ သာ ဖြစ်ကုန်သည်။
- အဝိဇ္ဇာ-တဏှာ အထောက်အပံ့မရတော့သည်ကိုပင် သင်္ခါရချုပ်သည်ဟု ထင်ပါသည်။
- သင်္ခါရချုပ်လျှင် စုတိစိတ်ကျပြီးနောက် နောင်ဘဝ သစ်၌ ပဋိသန္ဓေဝိညာဏ်စသည် မဖြစ်တော့၍ ပဋိစ္စသမုပ္ပါဒ်သံသရာဝဋ်ဆင်းရဲစက်ကြီး ချုပ်ပျက် ငြိမ်းအေးရပါတော့သည်။

- ထိုသို့ သံသရာစက်ကြီးချုပ်ပျက်ငြိမ်းသွားသဖြင့် အို-နာ-သေရေး အနည်းငယ်မျှမရှိသော အေးချမ်းလှသော အသင်္ခတမြတ်နိဗ္ဗာန်သို့ မုချမသွေ ရောက်ရပါတော့သည်။

ရဟန္တာပုဂ္ဂိုလ်တို့သည် သေပြီးသည်နောက် နိဗ္ဗာန်သို့ ရောက်သောအခါ သိမ်မွေ့လှသော ပရိနိဗ္ဗုတပုဂ္ဂိုလ်ဖြစ်ပေါ်၍ မပျက်မစီးဘဲ အမြဲတည်နေသည်ဟု ယူဆပါက သဿတဒိဋ္ဌိ ဖြစ်ပါသည်။

ရဟန္တာပုဂ္ဂိုလ်သေလျှင် ဘာမျှမဖြစ်တော့ဘဲ ပြတ်စဲသွားသည်ဟုဆိုလျှင် ဥစ္ဆေဒဒိဋ္ဌိ ဖြစ်ပါသည်။

ဤလောက၌ ခန္ဓာငါးပါးသည် အမှန်ရှိ၏၊ ယင်းကိုပင် ပုထုဇဉ်ဟူ၍လည်းကောင်း၊ ရဟန္တာ ဟူ၍လည်းကောင်း ခေါ်ဆိုပညတ်ကြသည်။

အမှန်စင်စစ် ပုထုဇဉ်ပုဂ္ဂိုလ်၊ ရဟန္တာပုဂ္ဂိုလ်ဟူ၍ မရှိပါချေ၊ သေသည်ဟူ၍လည်း မရှိပါချေ။

ခန္ဓာငါးပါးဟူသော မီးပုံကြီး၏ ချုပ်ငြိမ်ပျက်အေးခြင်းမျှသာ ဖြစ်ပါသည်။

သေစရာရဟန္တာဟူ၍ မရှိသဖြင့် ရဟန္တာသေသည် ပြတ်စဲသွားသည်မဟုတ်၊ မီးလောင်စာကုန်ခန်းသွားသဖြင့် မီးပုံကြီးငြိမ်းသွားသကဲ့သို့ အဝိဇ္ဇာ-တဏှာ စသော အကြောင်းသင်္ခါရချုပ်ခြင်းကြောင့် ပဋိသန္ဓေဝိညာဉ် စသော အကျိုးသင်္ခါရ ဒုက္ခအစု၏ ချုပ်ငြိမ်းအေးခြင်းမျှသာ ဖြစ်သည်ဟု ယူပါက သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိလွတ်ရာ မဇ္ဈိမပဋိပဒါ ဖြစ်ပါမည်။

ခန္ဓာငါးပါး၊ ရုပ်နာမ်တရားတို့၏ ဖြစ်ပေါ်ရခြင်းကြောင့် ဆင်းရဲများ ဖြစ်ပေါ်လာသည်။ ဘေးအန္တရာယ်များ ဖြစ်ပေါ်လာနေသည်။ အနာရောဂါများ ဖြစ်ပေါ်လာရသည်။ အို-နာ-သေများ ဖြစ်ပေါ်လာရသည်။

ရုပ်နာမ်တရားတို့ ချုပ်ပျက်အေးငြိမ်းသွားလျှင် ထင်ရှားမရှိတော့လျှင် ထိုဆင်းရဲများ၊ အန္တရာယ်များ၊ အို-နာ-သေများ ခံစားတွေ့ကြုံရတော့မည်မဟုတ်ချေ။ ထိုအရာအားလုံး ချုပ်ငြိမ်းသွားလျှင် အလွန်အေးချမ်းသော သန္တိသုခနိဗ္ဗာန်ဓာတ်ကို ရရှိပါတော့သည်။

## ယောဂီတို့အား တိုက်တွန်းနှိုးဆော်ချက်

သက္ကာယဒိဋ္ဌိစွဲလမ်းမှုရှိနေကြသဖြင့် အဝိဇ္ဇာတည်းဟူသော အမိုက်တိုက်ကြီး တားဆီးကာကွယ်နေကြသော ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် တွေ့ကြုံရလတ့်သော အနာဂတ်ဒုက္ခတွေကို မမြင်နိုင်ကြသည့်အတွက် ရူပါရုံစသော အာရုံခြောက်ပါးတို့ကို ချမ်းသာသည်ဟု ထင်မှတ်နေကြသည်။

သက္ကာယဒိဋ္ဌိကင်းကွာ၍ အဝိဇ္ဇာမှောင်ကင်းပျောက်ကြကုန်ပြီးသော အရိယာပုဂ္ဂိုလ်တို့သည်ကား ထိုအာရုံခြောက်ပါးတို့သည် ရာဂမီး စသော (၁၁)ပါးသော မီးတွေမပြတ် တောက်လောင်ရာဖြစ်သည်ကို ကောင်းစွာသိသလို နိဗ္ဗာန်သည် အေးငြိမ်းချမ်းသာရာဖြစ်သည်ကို သိမြင်ကြပါသည်။

အဝိဇ္ဇာအမှောင်ရှိသော ပုထုဇဉ်နှင့် အဝိဇ္ဇာအမှောင်မရှိသော အရိယာတို့၏ ဘဝနှင့်အထင်အမြင်သည် အလွန်ကွာခြားလှပါသည်။

သက္ကာယဒိဋ္ဌိဖိစီးပြီး အဝိဇ္ဇာမှောင်ကြီးက ဖုံးအုပ်ပိတ်ပင်ခံနေရသော ပုထုဇဉ်တို့သည် နိဗ္ဗာန်၏ သန္တိသုခသဘောကို မသိနိုင်ကြကုန်၊ အရိယာတို့သည်သာ ကောင်းစွာသိနိုင်ကြသည်။

ယင်ငယ်၏ အတောင်မျှသောက်သာရှိသော အပေါ်ယံအရေပါးဖြင့် ဖုံးလွှမ်းနေသော ခန္ဓာကိုယ်ရုပ်အကောင်ပုပ်ကြီးကို ရွှေရုပ်ကဲ့သို့ ထင်မှတ်ကာ သာယာနှစ်သက် စုံမက်နေကြသည်။

ထိုမျှလောက်သော ကာလပတ်လုံး နိဗ္ဗာန်၏ချမ်းသာသော သန္တိသုခသဘောကို မမြင်နိုင်ကြပေ။

အကြင်အခါဝယ် ဝိပဿနာဉာဏ်ပညာဖြင့် အပေါ်ယံအရေပါးကို ဖောက်ထွင်း၍ အတွင်း၌ရှိသော စက်ဆုပ်ဖွယ်ရာအိုင်းအမာကြီးနှင့်တူသော ကောဋ္ဌာသအပုပ်အသိုးကို သိမြင်ကုန်ကြသည်။

ခန္ဓာငါးပါးတို့၏ ရေမြှုပ် စသည့် လောင်စာ၊ အနာရောဂါတို့စွဲကပ်ရာ ဆင်းရဲတို့၏ တည်ရာဌာနအဖြစ်ကို သိမြင်ကုန်သည်။

ထိုအခါဝယ် သင်္ခါရတို့၏ ငြိမ်းအေးရာနိဗ္ဗာန်တရားတော်မြတ်၏ ချမ်းသာသောသန္တိသုခသို့ သိမြင်ကြသည်။

ဤသည်ကား အရဟတ္တမဂ်နှင့်စပ်၍ နိဗ္ဗာန်၏ အလွန်ချမ်းသာသော သန္တိသုခသဘောကို ဉာဏ်အမြင်မရှိသူ သာမညလူတို့မမြင်နိုင်ကြောင်းနှင့် ဝိပဿနာဉာဏ်ပညာရှိသူတို့သာ နိဗ္ဗာန်၏ အလွန်အေးချမ်းသော သန္တိသုခသဘောကို နေလအသွင်ကဲ့သို့

ထင်ရှားစွာ သိမြင်ကြောင်းကို မဂ်လေးပါးနှင့်ယှဉ်သော ဉာဏ ဒဿနဝိသုဒ္ဓိမည်ပုံဖြစ်ပါသည်။

မြတ်စွာဘုရားရှင်သည် သံသရာဝဲသြဃထဲဝယ် နစ်မျော နေကြသော ဝေနေယျသတ္တဝါအပေါင်းကို အလွန်သနားတော်မူ လှသဖြင့် ထိုသံသရာဝဋ်မှ လွတ်မြောက်ရန် နိဗ္ဗာန်ရောက်ကြောင်း ဖြစ်သော သမထဝိပဿနာတရားတော်များကို ကောင်းစွာ ဟောကြားတော်မူခဲ့ပါသည်။

ဘုရားရှင်သာသနာတော်နှင့် ကြုံကြိုက်တွေ့နေရသော ယခုအချိန်ဝယ် ရသမျှအချိန်ကလေးကို (ဝါ) သက်တမ်းတိုလှ သော လူ့ဘဝဝယ်အချိန်ကို အလဟဿမဖြုန်းကြဘဲ၊ ပေါ့ပေါ့ ဆဆမနေကြဘဲ မဂ်ဖိုလ်နိဗ္ဗာန်သို့ရောက်ကြောင်း ပါရမီမျိုးစေ့ ရကြစေရန် တရားကို ကြိုးစားအားထုတ်သင့်ပါသည်။

ထိုကဲ့သို့ သမထဝိပဿနာတရားအားထုတ်ခြင်း သည်-

-မိမိတို့အလိုရှိအပ်သော ဆုတောင်းများပြည့်စုံခြင်း၏ အကြောင်းတရား၊

-ယခု ဘုရားသာသနာတော်ဝယ် ပါရမီမရင့်သေး၍ မဂ်ကိုမရသေးလျှင် နောင်ဘုရားများ သာသနာတော် ဝယ် တရားကို ပင်ပန်းကြီးစွာ အားမထုတ်ရဘဲ လွယ်ကူ စွာ ချမ်းသာစွာဖြင့် မဂ်ဖိုလ်ရနိုင်သော အကြောင်းတရား၊

-နိဗ္ဗာန်မရောက်မီကာလ အတောအတွင်းဝယ် အပါယ် လေးပါးမှ ကင်းလွတ်ခြင်းအကြောင်းတရားများ ဖြစ်ပေါ် စေပါသည်။

ရာဂကုန်ရာ၊ ဒေါသကုန်ရာ၊ မောဟကုန်ရာကုန်ကြောင်း ဖြစ်သော သဘောတရားကို အသန်မာတော်မြတ်သော နိဗ္ဗာန်ဟု ဆိုပါသည်။

ထိုနိဗ္ဗာန်တရားတော်မြတ်ကြီးကို ကံ၊ စိတ်၊ ဥတု၊ အာဟာရ ဟူသော အကြောင်းတရားလေးပါးတို့သည် မပြုပြင်အပ်တော့၊ ထို့ကြောင့် ဘုရားရှင်က -

- ဆိတ်ငြိမ်ရာအရပ်တို့၌ ဘာဝနာဝိပဿနာတို့ကို ကြိုးစား၍ ရှုကြကုန်လော့၊
- မမေ့မလျော့မပေါ့မဆ မနေကြကုန်လင့်၊
- မိမိတို့သေခါနီးဝယ် နောင်တစ်ဖန်ပူပန်မှု မဖြစ်ကြစေလင့်

ဟု အကြိမ်ကြိမ် သတိပေးဆုံးမခဲ့ပါသည်။

ထို့ကြောင့် ယောဂီပုဂ္ဂိုလ်အပေါင်းတို့သည် သံသရာဒုက္ခသမုဒ္ဒရာကြီးခြောက်စေပြီး အေးငြိမ်းရာအမှန်မြတ်နိဗ္ဗာန်ဟူသော သန္တိသုခသို့ရောက်ကြစေရန်၊ ဤ "သန္တိသုခသို့ လှေကားခုနစ်သွယ်" ကို ဟစ်ထစ်ပြီးတစ်ထစ်တက်လှမ်းပြီး သန္တိသုခနိဗ္ဗာန်နန်းသို့ တက်လှမ်းနိုင်ကြပါစေသတည်း။

မဟာသဒ္ဓမ္မဇောတိကဓဇ
တက္ကသိုလ်သျှင်ညာဏိ (မဟာဂန္ဓာရုံဆရာ--တော)

# သန္တိသုခသို့
# လှေခါးခုနစ်သွယ်




မဟာသဒ္ဓမ္မဇောတိကဓဇ
တက္ကသိုလ် သျှင်သီရိ
(ဓမ္မာစရိယ ဘီ-အေ)